www.burmeseclassic.com

# အုန်းကြွယ်

ကောင်းဖုံး၏ထင်းကျန့်

# အထီးကျန်သူရဲကောင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သုနန်းကြွယ်

# အထီးကျန်သူရဲကောင်း

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၈၃၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၂၈၀၂၁၁

၂၀၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဦးကျော်ဟင်း၊ (ယုံကြည်ချက် စာပေ)
အမှတ် ၁၁၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## မြင်းလှည်းထဲမှအလောင်း

ညဉ့်နက်ပြီဖြစ်သည်။

သို့သော် လူပြတ်လှသော တောလမ်းတစ်နေရာ၌ မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာလေသည်။

မြင်းစီးသမားတစ်စုသည် ကြယ်ရောင်လရောင်ကို အားပြုကာ ခရီးနှင်လာနေကြခြင်းဖြစ်သည်။

အချိန်မတော် လူပြတ်သော တောလမ်းအတိုင်း ခရီးနှင်လာကြသည်မှာ လျှို့ဝှက်သော အကြောင်းတစ်ခုခုကြောင့် ဖြစ်ကြောင်း ထင်ရှားလေသည်။

မှန်ပေသည်။

မြင်းစီးသမားများအား ဦးဆောင်လာသူမှာ ရွှေပျံလွှား

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းမှ ဂိုဏ်းမှူးကြီးသန်းယုဖြစ်သည်။

ရွှေပုံလွှားဂိုဏ်းသည် သိုင်းလောက၌ ထင်ရှားကျော်ကြားနေသော ဂိုဏ်းတစ်ခုဖြစ်လေသည်။

အများအကျိုး ဆောင်ရွက်သော အဖြူရောင်သိုင်းဂိုဏ်းတစ်ခုအဖြစ် လက်ခံထားကြသည်။

သို့ပါလျှက်...

ဂိုဏ်းမှူးသန်းယုတို့လူစုသည် ထင်ထင်ပေါ်ပေါ် မဖြစ်စေဘဲ လျှို့ဝှက်စွာ လှုပ်ရှားနေကြသဖြင့် ထူးခြားမှုရှိနေသည်မှာ သေချာလှပေတော့သည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံ၊ မြင်းလှည်းဘီးသံများ မှန်မှန်ထွက်ပေါ်နေ၏။

တောလမ်းကလေး၏ အချိုးအကွေ့တစ်နေရာသို့ ရောက်ရှိလာသောအခါ ဂိုဏ်းမှူးကြီးသန်းယုက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

"တို့တတွေ သတိထားမှဖြစ်မယ်၊ သည်ပတ်ဝန်းကျင်မှာ ဝံပုလွေတွေ ကျက်စားနေကြတာ"

သူ၏လက်ထောက်တစ်ယောက်အား တီးတိုးမှာကြားလိုက်လေသည်။

"ဟုတ်ကဲ့ ဂိုဏ်းမှူးကြီး"



"မင်းက မြင်းလှည်းကိုသွားပြီး စစ်ဆေးလိုက်ပါဦး"

"ဟုတ်ကဲ့"

လက်ထောက်သည် ချက်ချင်းပင် မြင်းကို နောက်လှည့်ကာ ဆောင်းနှင်သွားလေသည်။

မြင်းလှည်းအနီးသို့ ရောက်သွားလျှင်....

"အခြေအနေ ဘယ်လိုလဲဟေ့"

မြင်းလှည်းသမားအား မေးလိုက်လေသည်။

မြင်းလှည်းသမားက...

"အားလုံးကောင်းပါတယ် ဆရာ"

လက်ထောက်က မြင်းလှည်းပြတင်းပေါက်၌ ကာရံထားသော ခန်းဆီးကို အသာလှစ်ဟကြည့်လိုက်သည်။

အမှောင်ထု အားကောင်းနေသော်လည်း ကြယ်ရောင် လရောင်ဖြင့်လည်းကောင်း၊ လက်ထောက်၏ အတွင်းအားကောင်းမွန်လှခြင်းကြောင့်လည်းကောင်း မြင်းလှည်းအိမ်ထဲမှ အခြေအနေကို ရှင်းလင်းထင်ရှားစွာ တွေ့မြင်နေရလေသည်။

မြင်းလှည်းအိမ်ထဲ၌ လူတစ်ယောက် လိုက်ပါလာသည်။

ထိုလူမှာ ထိုင်လျက်လိုက်ပါလာခြင်း မဟုတ်ပါ။

လဲလျောင်းပြီး လိုက်ပါလာခြင်း ဖြစ်လေသည်။

အဘယ်ကြောင့်ပါနည်း။

မည်သူမဆို မြင်းလှည်းဖြင့် ခရီးသွားမည်ဆိုလျှင် သက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တောင့်သက်သာ ထိုင်ကာလိုက်ပါသွားကြမည်သာ ဖြစ်ပါသည်။

လဲလျောင်းလိုက်ပါသွားခြင်းက အိပ်စက်လို၍လော။

ထိုလူက မထိုင်နိုင်၍ လဲလျောင်းနေခြင်းဖြစ်သည်။

အိပ်စက်ခြင်းလည်း မဟုတ်ဘဲ သေဆုံးနေခြင်းဖြစ်သည်။

ထိုလူမှာ အခေါင်းတစ်လုံးအတွင်း၌ လဲလျောင်းလိုက်ပါလာခြင်းဖြစ်သည်။

မြင်းလှည်းက လူသေအလောင်းထည့်ထားသော အခေါင်းတစ်လုံးကို သယ်ဆောင်လာခြင်းဖြစ်သည်။

ထို့ကြောင့်လည်း...

ဂိုဏ်းမှူးကြီးသန်းယုတို့လူစုက လျှို့ဝှက်စွာ ခရီးနှင်လာကြခြင်းဖြစ်လေတော့သည်။

BURMESE CLASSIC .com

* * *



မကြာသေးမီက...

ဝမ်းကျင်းက ဓားတစ်လက် ခိုးယူခဲ့သည်။

သူသည် ဘယ်တုန်းကမှ ဓားကိုင်လေ့ရှိသူ မဟုတ်ပါ။

သို့ပါလျက် ဓားတစ်လက် ခိုးယူခဲ့သည်မှာ ထူးခြားသောကိစ္စဖြစ်သည်။

ဝမ်းကျင်းက ထိုဓားကို အသုံးပြုလို၍၊ လိုချင်မက်မော၍မဟုတ်ပါ။

ဘယ်တုန်းကမှ ဓားကို စိတ်မဝင်စားခဲ့သူတစ်ယောက်သည် ဘယ်တော့မှလည်း စိတ်ဝင်စားလာမည် မဟုတ်ပါ။

သို့ပါလျက်...

ဝမ်းကျင်းက ဓားတစ်လက် ခိုးယူလိုက်သည့်ကိစ္စသည် အလွန်အံ့သြစရာကောင်းသော ကိစ္စတစ်ခု ဖြစ်လာခဲ့ရလေသည်။

သူက ဓားတစ်လက် ခိုးယူလိုက်သည့်ကိစ္စကို အများသူငါသိရှိသွားမှသာလျှင် အံ့သြစရာကိစ္စဟု ဆိုကြမည်ဖြစ်ပါသည်။

မည်သူကမျှ မသိလိုက်ကြလေသောအခါ...

ဝမ်းကျင်းက အဘယ်ကြောင့် ဓားတစ်လက် ခိုးယူလိုက်ပါသနည်း။

သူ့အား အခြားလူတစ်ယောက်က ခိုင်းစေခဲ့ခြင်းကြောင့်ဖြစ်သည်။

ဝမ်းကျင်းသည် ထိုလူအား မလွန်ဆန်နိုင်သဖြင့် ထိုလူ

www.burmeseclassic.com

www.burmeseclassic.com



စေခိုင်းသည့်အတိုင်း ဓားတစ်လက်ခိုးယူပေးရခြင်း ဖြစ်ပေသည်။

ဓားတစ်လက် အခိုးခံရသည်အထိ အရေးကြီးဦးမည် မဟုတ်ပါ။

သို့သော်...

ဝမ်းကျင်း ခိုးယူခဲ့သောဓားဖြင့် လူတစ်ယောက် သေဆုံးသွားသောအခါ အရေးကြီးသောကိစ္စတစ်ခု ဖြစ်လာခဲ့ရလေသည်။

သိုင်းလောကအတွက် အလွန်အရေးကြီးသောကိစ္စတစ်ခု ဖြစ်ပေါ်လာခဲ့ရလေတော့သည်။

* * *



ညက ပိုပြီးနက်ရှိုင်းလာသည်။

တိတ်ဆိတ်မှုက ပိုသည်းလာသည်။

ဂိုဏ်းမှူးကြီးသန်းယုနှင့် ရွှေပုံလွှားဂိုဏ်းမှ လက်ရွေးစင် သိုင်းသမားတစ်စုတို့မှာ လှို့ဝှက်စွာ ခရီးနှင်နေကြဆဲ။

ကွေ့ကွေ့ကောက်ကောက် ရှိနေသော လမ်းကွေ့တစ်နေရာသို့ ရောက်ရှိလာသောအခါ အားလုံးသည် ပြောစရာမလိုဘဲ ပိုပြီး သတိထားလိုက်ကြလေသည်။

ဤနေရာတွင် ဝံပုလွေများ သောင်းကျန်းနေသည် မဟုတ်ပါလား။

ဝံပုလွေ...။

ထိပ်တန်းသိုင်းပညာရှိသော သန်းယုတို့လူစုအတွက် သားရဲတိရစ္ဆာန်ဖြစ်သော ဝံပုလွေ အကောင်တစ်ထောင်နှင့် ရင်ဆိုင်ရသည်ဆိုလည်း ပြောပလောက်မည် မဟုတ်ပါ။

သူတို့သည် 'ဝံပုလွေညီနောင်'များဟု ဘွဲ့ထူးခံယူကာ ဆိုးသွမ်းသောင်းကျန်းနေသော သိုင်းသမားဆိုးခြောက်ယောက်အား ရည်ရွယ်နေကြခြင်းသာ ဖြစ်ပါသည်။

ဝံပုလွေညီနောင်ခြောက်ဖော်...။

သိုင်းပညာတော်သကဲ့သို့ အလွန်ရက်စက်ကြမ်းကြုတ်သော သိုင်းသမားဆိုး ခြောက်ယောက် ဖြစ်သည်။

သူတို့ ကျင်လည်ကျက်စားရာ အရပ်ဒေသအတွင်းသို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသူ မှန်သမျှ သူတို့၏လက်ချက်နှင့် လွတ်ကင်းသည် မရှိခဲ့ပါ။

ဂိုဏ်းမှူးကြီးသန်းယုတို့လူစုကော ဝံပုလွေခြောက်ယောက်၏ အန္တရာယ်မှ လွတ်ကင်းနိုင်ပါမည်လော။

"ဝှစ်…ဝှစ်"

အလွန်တိုးညင်းသော လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်။

လက်နက်ပုန်းလေးတစ်ခု တိတ်တဆိတ်ပျံ့လွင့်လာပြီး ဂိုဏ်းမှူးကြီးသန်းယု၏ ရင်ဝ၌စိုက်ဝင်သွား၏။

BURMESE CLASSIC .com

"အင့်"

"ဝုန်း"

ဂိုဏ်းမှူးကြီးသန်းယုမှာ မသဲမကွဲညည်းတွားရင်း မြင်းပေါ်မှ တလိမ့်ကောက်ကွေး ပြုတ်ကျသွားလေသည်။

ရုတ်တရက်မို့ ရွှေပျံလွှားဂိုဏ်းသားများ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ဂိုဏ်းမှူးကြီးသန်းယုသည် မြေပေါ်တွင် ဆန့်ဆန့်ကြီးလဲကျကာ မလှုပ်မယှက် ဖြစ်နေ၏။

ရွှေပျံလွှားဂိုဏ်းသားများ သတိဝင်လာကြသည်။

"ဂိုဏ်းမှူးကြီး…ဂိုဏ်းမှူးကြီး"

"သတိထား"



အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ဆူဆူညံညံ အသံများ ပွက်လောရိုက်သွားကြလေတော့သည်။

* * *

ရွှေပျံလွှားဂိုဏ်းသားများသည် ရုတ်တရက် အလစ်တိုက်ခိုက်ခံရပြီး ဂိုဏ်းမှူးကြီး သေဆုံးသွားခြင်းကြောင့် မယုံနိုင်အောင်ဖြစ်သွားကြလေသည်။

ဂိုဏ်းမှူးကြီး မရှိတော့သဖြင့် လက်ထောက်က ဦးဆောင်ရလေတော့သည်။

"ခြွမ်း"

လက်ထောက်က ဓားဆွဲထုတ်လိုက်သည်။

"အားလုံးလူစုလိုက်ကြ၊ တကွဲတပြားစီ မဖြစ်ကြစေနဲ့"

ဟု အမိန့်ပေးလိုက်လေသည်။

ရွှေပျံလွှားဂိုဏ်းသားများလည်း ချက်ချင်း လူစုလိုက်ကြသည်။

လက်နက်ကိုယ်စီ ဆွဲကိုင်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ကြလေသည်။

နောက်ထပ် လက်နက်ပုန်း ပစ်လွင့်လာခြင်းမရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ...

ကိုက်ခိုက်လာသည့် ရန်သူ၏အရိပ်အရောင်ကိုလည်း မတွေ့ရသေးချေ။

ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားသည်ဟုဆိုနိုင်လေသည်။

လက်ထောက်သည် သည်းမခံနိုင်အောင် ဒေါသဖြစ်လာလေသည်။

ဓားကို တစ်ချက်ဝှေ့ပြီး အော်ပြောလိုက်လေသည်။

"ခိုးကြောင်ခိုးဝှက် တိုက်ခိုက်ပြီး ထွက်လာဖို့သတ္တိမရှိတော့ဘူးလား"

တိတ်ဆိတ်နေသော ဝန်းကျင်တွင် သူ၏အသံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာလေသည်။

လူခြောက်ယောက် ရုတ်တရက် ထွက်ပေါ်လာလေသည်။

ထိုလူခြောက်ယောက်ကိုမြင်လျှင် လက်ထောက် မျက်နှာပျက်သွားတော့သည်။

မိမိတို့အားလုံး ဒုက္ခရောက်တော့မည်ဟုလည်း နားလည်လိုက်လေသည်။



အကြောင်းကား...

ထိုလူခြောက်ယောက်သည် အလွန်သတင်းကြီးနေသည့် ဝံပုလွေခြောက်ဖော် ဖြစ်နေသည် မဟုတ်ပါလား။

ဂိုဏ်းမှူးကြီးသန်းယုကိုယ်တိုင်က...

"သည်လမ်းက ဖြတ်သွားကြမယ်ဆိုရင် ဝံပုလွေတွေကို သတိထားရမယ်"

ဟုတဖွဖွ မှာကြားခဲ့သည် မဟုတ်ပါလား။

ဂိုဏ်းမှူးကြီးသန်းယု စိုးရိမ်နေသည့်အတိုင်း ဝံပုလွေများ ရုတ်တရက် ထွက်ပေါ်လာကာ နှောက်ယှက်နေကြပြီ ဖြစ်လေသည်။

ဝံပုလွေခြောက်ယောက်အနက် ပုပုဝဝ လူတစ်ယောက်က ရှေ့သို့လှမ်းထွက်လာလေသည်။

ထိုလူမှာ ဝံပုလွေခြောက်ဖော်၏ ခေါင်းဆောင်အမှတ်တစ် ဝံပုလွေဖြစ်လေသည်။

အမှတ်တစ်က လက်ထောက်ကို စိုက်ကြည့်လိုက်သည်။

"ငါတို့က သတ္တိမရှိဘူး၊ ခိုးကြောင်ခိုးဝှက်လုပ်တယ်လို့ မင်းပြောချင်တယ် ဟုတ်လား၊ ကောင်းပြီ ငါတို့ သတ္တိရှိတယ်ဆိုတာ မင်းသက်တွေ့သိရမယ်"

စကားဆုံးလျှင် ရှေ့သို့လျှပ်တပြက် ခုန်ထွက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူး"

ပုပုဝဝခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် လက်ထောက်အနီးသို့ ရိုပ်ခနဲ ရောက်ရှိသွားပြီး တိုက်ခိုက်လိုက်လေသည်။

သတိရှိနေသော လက်ထောက်ကလည်း ဓားဖြင့်ဆီးကြို တိုက်ခိုက်လိုက်လေသည်။

"ဝှစ်..ဝှစ်"

လရောင်ဖြင့် ဓားရောင်များ ဝင်းလက်သွားလေသည်။

လက်ထောက်သည်လည်း ထိပ်တန်းသိုင်းသမားတစ်ဦးဖြစ်ပြီး သတိရှိနေပြီဖြစ်ရာ သူ၏တိုက်ခိုက်မှုသည် ပြင်းထန်နေပြီး လွယ်လွယ်နှင့် အနိုင်ယူနိုင်တော့မည် မဟုတ်ပါ။

သို့သော်..

ဝပုလွေခြောက်ယောက်ကလည်း သတင်းကြီးနေသော လူဆိုးကြီးများ ဖြစ်လေသည်။

"ရွမ်း"

လေထဲ၌ ကြာပွတ်ဝှေ့ယမ်းသံ ထွက်ပေါ်လာလေသည်။

အမှတ်ခြောက်ဝပုလွေက ခါး၌ရစ်ပတ်ထားသော ကြာပွတ်ကို ဖြုတ်ယူဝှေ့ယမ်းလိုက်ခြင်း ဖြစ်လေသည်။

ကြာပွတ်သည် မြွေတစ်ကောင်ပမာ တွန့်လိမ်ကာ လက်ထောက်ထံသို့ တိုးဝင်သွားလေသည်။

"ဖျပ်"



လက်ထောက်၏လက်ထဲမှ ဓားကိုရစ်ပတ်ဆွဲယူသွားလေတော့သည်။

"ဟင်"

လက်ထောက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုအချိန်မှာပင်...

"ကဲကွာ"

အနီးသို့ ရောက်ရှိလာသည့် အမှတ်တစ်က လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့သည်။

လက်ထောက် ရှောင်တိမ်းရန် အချိန်မရလိုက်တော့ချေ။

"ဝုန်း"

"အား"

စူးရှစွာ အော်ဟစ်ရင်း အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေခြောက်ယောက် မထွက်ပေါ်မီမှာပင် ဂိုဏ်းမှူးကြီး သန်းယု သေဆုံးသွားခဲ့သည်။

ဝံပုလွေခြောက်ယောက် ထွက်ပေါ်လာသောအခါ လက်ထောက်သေဆုံးသွားလေသည်။

ရွှေပျံလွှားဂိုဏ်းသားများ အထိတ်တလန့် ဖြစ်သွားကြလေတော့သည်။

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

ဝံပုလွေခြောက်ယောက် ဟားတိုက်လှောင်ပြောင် ရယ်မောလိုက်ကြလေသည်။

"ရွှေပျံလွှားဂိုဏ်းက ဟုတ်မလိုလိုနဲ့ ဘာမှလည်း မဟုတ်ပါလား"

"သူတို့က ဘယ်လောက်ပဲ လှို့ဝှက်ခဲ့ပါစေ၊ ကျုပ်တို့လုယူရတာ ငှက်ပျောသီးအခွံနွှာစားရတာထက်တောင် လွယ်ပါသေးလားဗျာ"

ဝံပုလွေခြောက်ယောက်သည် ရွှေပျံလွှားဂိုဏ်းမှ သယ်ယူလာသည့်ပစ္စည်းကို ကြားဖြတ်လုယူရန် ကြိုးစားနေကြခြင်း ဖြစ်ပေတော့သည်။

အမှတ်တစ်က ရွှေပျံလွှားဂိုဏ်းသားများအား လှမ်းမေးလိုက်လေသည်။



"ကဲ..မင်းတို့ ဘာလုပ်နေကြတာလဲ"

ရွှေပျံလွှားဂိုဏ်းသားများကား ခေါင်းဆောင်နှစ်ယောက် သေဆုံးသွားသဖြင့် ကြောက်ရွံ့ထိတ်လန့်နေကြပြီ ဖြစ်သည်။

အမှတ်တစ်က မေးလိုက်လျှင်...

"ပြေးဟေ့..ပြေး..ပြေး"

ရွှေပျံလွှားဂိုဏ်းသားတစ်ယောက်က အော်ပြောလိုက်လျှင် ကျန်ဂိုဏ်းသားများသည်လည်း ဝံပုလွေခြောက်ယောက်အား ခုခံတိုက်ခိုက်ရန် မစဉ်းစားတော့ဘဲ ထွက်ပြေးသွားကြလေတော့သည်။

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

ဝံပုလွေခြောက်ယောက်သည် ဟားတိုက်ရယ်မောရင်း ထွက်ပြေးသွားသော ရွှေပျံလွှားဂိုဏ်းသားများအား လိုက်လံတိုက်ခိုက်လိုက်ကြလေသည်။

ရွှေပျံလွှားဂိုဏ်းသားများသည် သူတို့အား ချမ်းသာပေးမည် မဟုတ်ဘဲ နှုတ်ပိတ်သုတ်သင်ပစ်တော့မည်ဖြစ်ကြောင်း နားလည်သိရှိကာ အကြောက်အကန် ပြန်လည်ခုခံ တိုက်ခိုက်လိုက်ကြသည်။

သို့သော်...

ရက်စက်ကြမ်းကြုတ်ပြီး သိုင်းပညာထက်မြက်သော ဝံပုလွေခြောက်ယောက်ကို မည်သို့မျှ မယှဉ်နိုင်ကြပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမယ်လေး"

"သေပါပြီဗျ"

ရှုးရှသောအော်ဟစ်သံများနှင့်အတူ ရွှေပုံလွှားဂိုဏ်းသား
များတစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

* * *

ဂိုဏ်းမှူးကြီးသန်းယု ဦးဆောင်သော ရွှေပုံလွှားဂိုဏ်းသား
အားလုံး သေဆုံးသွားကြပြီ ဖြစ်လေသည်။

အမှတ်တစ်က...

"မင်းကော..."

မြင်းလှည်းသမားအား လှမ်းမေးလိုက်သည်။

မြင်းလှည်းပေါ်၌ မြင်းလှည်းသမားက ငုတ်တုတ်ထိုင်နေ
သည်။

ရွှေပုံလွှားဂိုဏ်းသားအားလုံး လုပ်ကြံခံလိုက်ရသဖြင့် ထိတ်
လန့်နေသည်။

"ကျုပ်က မြင်းလှည်းအငှားလိုက်လာတာပါဗျာ၊ ရွှေပုံလွှား
ဂိုဏ်းကလူတွေနဲ့ ဘာမှမဆိုင်ပါဘူး၊ ကျုပ်ကို ချမ်းသာပေးပါ"

မြင်းလှည်းပေါ်မှနှန်ဆင်းပြီး မြေပေါ်ဒူးထောက်



ောင်းပန်လိုက်လေသည်။

အမှတ်တစ်က...

"ကောင်းပြီ မြင်းလှည်းထဲမှာ ဘာပစ္စည်းတွေ သယ်လာ
ာလဲ၊ ပြောစမ်းပါဦး"

မြင်းလှည်းသမားက...

"အခေါင်းတစ်လုံးနဲ့ လူသေအလောင်းတစ်လောင်းပါဗျာ"

"ဘာ"

အမှတ်တစ် အံ့သြသွားလေသည်။

အမှတ်ခြောက်က ချက်ချင်း မြင်းရှေ့သို့သွားပြီး မြင်းလှည်း
ခါးကို ဆွဲဖွင့်လိုက်သည်။

မြင်းလှည်းပေါ်၌ အခေါင်းတစ်လုံးရှိနေသည်ကို တွေ့လိုက်
လေသည်။

စိတ်မြန်လက်မြန်ရှိသော အမှတ်နှစ်က အခေါင်းအဖုံးကို
ွင့်လိုက်လေသည်။

အခေါင်းထဲ၌ ဝမ်းကျင်း၏အလောင်းရှိနေသည်ကို တွေ့
ရလေသည်။

အမှတ်နှစ်က အမှတ်တစ်ကို လှည့်ကြည့်လိုက်သည်။

"ဘယ်လိုလုပ်မလဲ"

အမှတ်တစ် ပြုံးလိုက်သည်။

"ဂိုဏ်းမှူးကြီးသန်းယုကိုယ်တိုင် တာဝန်ယူပြီး လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



သယ်လာတာ၊ သည်အလောင်းက အရေးကြီးလို့ ဖြစ်မှာပေါ့။ ငါ
လုယူသွားမယ်၊ ကျန်တဲ့ကိစ္စ နောက်မှဆက်ပြီးဖြေရှင်းကြမယ်”

“ကောင်းပြီ”

အားလုံးက အမှတ်တစ်ဆုံးဖြတ်ချက်ကို လက်ခံလိုက်ကြ
လေသည်။

ထို့နောက် မြင်းလှည်းသမားကိုပင် မြင်းလှည်းမောင်း
လိုက်လာရန် မှာကြားကာ ထွက်သွားကြလေသည်။

မြင်းလှည်းသမားလည်း မလွန်ဆန်ဝံ့ဘဲ အလောင်း
ထားသော မြင်းလှည်းကိုမောင်းကာ ဝိုပုလွေခြောက်ယောက်နော
သို့ လိုက်သွားရလေတော့သည်။

* * *

## သူရဲကောင်းသုံးယောက်

သိုင်းလောကၗ ထင်ရှားသော သိုင်းသမား အများအပြားရှိ
ကြသကဲ့သို့ သူရဲကောင်းသုံးယောက်သည်လည်း ထင်ရှားကြလေ
သည်။

ထိုသူရဲကောင်းသုံးယောက်မှာ ကျင်းလုံ၊ ရှန်းစိုးနှင့် ဖန်စီ
လင်းတို့ဖြစ်လေသည်။

ကျင်းလုံ၊ ရှန်းစိုးနှင့်ဖန်စီလင်းတို့သည် အများအကျိုး၊ သိုင်း
လောကအကျိုး သည်ပိုးဆောင်ရွက်ကြသူများ ဖြစ်လေသည်။

သူတို့အား လူတိုင်းက ချစ်ခင်ကြည်ညိုလေးစားကြသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်သိုင်းသမားများ၊ ဒုစရိုက်သမားများကမူ ရွံ့မုန်းတီး ကြလေသည်။

အခွင့်အရေးရသည်နှင့် သုတ်သင်ရှင်းလင်းရန် ကြိုးစားကြသည်ချည်းဖြစ်လေသည်။

ဖန်ချီလင်းတို့ကလည်း ဒုစရိုက်သမားများ၊ အနက်ရောင်သိုင်းသမားများဆိုလျှင် ပြတ်ပြတ်သားသားဆုံးမ တတ်ကြလေသည်။

ထို့ကြောင့်....

သူရဲကောင်းသုံးယောက်သည် သိုင်းလောက၏ ထူးခြားသော ဖြစ်ရပ်တစ်ခုတွင် ပါဝင်ပတ်သက်ခဲ့မိကြသည်မှာ မဆန်းတော့ပါချေ။

* * *

အမိုးကုပ်ကုပ်နှင့် အရက်ဆိုင်လေးထဲတွင် အညိုရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ဦး ထိုင်နေ၏။

နယ်ခြားအရပ်ရှိ ကျူးရွာလေးမှာ သိုင်းသမားများ ခိုလှုံရာဒေသဟူ၍နာမည်ကြီးလှသည်။

ယခု ဝတ်စုံညိုဝတ်ဆင်ထားသည့် လူရွယ်မှာ သူရဲကောင်းကျင်းလုံဟု ထင်ရှားကျော်ကြားသူပင်ဖြစ်သည်။



သူသည် မြက်ခမောက်တစ်လုံးကို နဖူးဖုံးသည်အထိ ဆောင်းထားပြီး ဝါးကျည်တောက်အတွင်းမှ အရက်ကိုတစ်ငုံချင်းမော့သောက်၍ လမ်းဘက်သို့ ငေးမျှော်ကြည့်နေ၏။

ထိုစဉ်မှာပင်...

အမိုးကုပ်ကုပ် အရက်ဆိုင်လေးရှိရာသို့ မြင်းလှည်းတစ်စီး ခေါင်းနှင်လာသည်။

မြင်းလှည်းပေါ်၌ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူ လူခြောက်ဦး ထိုင်လာသည်။

မြင်းလှည်းသမားသည် မြင်းလှည်းကို တုန့်ခနဲ ရပ်လိုက်လေသည်။

မြင်းလှည်းပေါ်မှ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူများမှာ ဒေါသထွက်သွားကြ၏။

သူတို့အထဲမှတစ်ဦးက မြင်းလှည်းသမားကို...

"ဘာလို့ မြင်းလှည်းကို ရပ်လိုက်ရတာလဲ"

ဟုပြောလိုက်၏။

"ရှေ့မှာ လူတစ်ယောက် လမ်းပိတ်နေလို့"

မြင်းလှည်းသမားက ပြန်ဖြေသံကြောင့် အားလုံးမြင်းလှည်းရှေ့သို့ ကြည့်လိုက်ကြ၏။

လမ်းပေါ်၌ လူတစ်ဦး ပက်လက်လှန်အိပ်နေသည်။

အိပ်နေပုံက အေးဆေးနိုင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နှစ်ဘက်ကို ခေါင်းပေါ်တင်၍ ပက်လက်လှန်ပြီး ခြေထောက်ကို ချိတ်ထားလိုက်သေး၏။

"တောက်"

အနက်ရောင်ဝတ်ဆင်ထားသူတစ်ဦးက ဒေါသထွက်၍ လှည်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"ဟေ့..ဘာလို့ လမ်းပေါ်မှာ ခွေးလိုဝက်လို အိပ်နေရတာလဲ၊ ငါတို့ ဝံပုလွေခြောက်ဖော်လာတယ်ဆိုတာ မသိဘူးလား"

အဖြူရောင်ဝတ်စုံဖြင့် အိပ်ပျော်နေသည့် လူရွယ်မှာ ဝံပုလွေခြောက်ဖော်ဟူသောအသံကို ကြား၍ ထိတ်လန့်ရမည့်အစား အရေးမစိုက်သလို လေကိုချွန်ကာ တစ်ဘက်သို့ လှည့်နေသည်။

အနက်ရောင်ဝတ် အမှတ်ခြောက် ဝံပုလွေသည် ဒေါသ ထိန်းထားရသည့်ဟန်ဖြင့်....

"မင်းလုပ်ပုံက တရားလွန်နေပြီနော်၊ ငါတို့ ဝံပုလွေခြောက်ဖော်ကို သက်သက် မထီလေးစားလုပ်နေတာပဲ၊ ခုချက်ချင်း တောင်းပန်လိုက်ရင် မင်းအသက်ရှည်ခွင့်ရမယ်"

အမှတ်ခြောက်ဝံပုလွေ၏ အော်ဟစ်ပြောဆိုသံကို သူ့အဖော်ငါးဦးက အတိုင်းသား ကြားနေရလေသည်။

"ညီလေးက တယ်စိတ်ရှည်တာကိုး၊ ဒီလို ပိုးကောင်မွှားကောင်ဆို ကြာပွတ်နဲ့ရိုက်သာပစ်လိုက်ကွာ၊ ပြီးမှလှည်းနဲ့တ ကြိတ်ပြီး မြေဖို့ခဲ့မယ်"



ဘယ်ညာ ပါးစုံမျှားဖောင်းနေသည့် ဝံပုလွေခြောက်ဖော်မှ အကြီးဆုံးအမှတ်တစ် ဝံပုလွေက အမိန့်ပေးလိုက်သည်။

အမှတ်ခြောက်ဝံပုလွေသည် သူ့ခါး၌ ချိတ်ဆွဲထားသည့် ကြာပွတ်ကို ဆွဲထုတ်လိုက်သည်။

"ဒီလောက် ခေါင်းမာတဲ့ကောင်၊ ကဲကွာ"

"ရွှမ်း..ရွှမ်း..ရွှမ်း"

ကြာပွတ်နှင့် သုံးချက်တိတိ လှဲအိပ်နေသည့် ဝတ်စုံဖြူနှင့်လူကို ရိုက်ချသည်။

သို့သော်....

သူ၏ရိုက်ချက် သုံးချက်လုံးပင် ဝတ်စုံဖြူနှင့်လူကို ထိမိခြင်းမရှိပါ။

ဝံပုလွေ အမှတ်ခြောက်၏ကြာပွတ်သည် ယင်ကောင်ကိုပင် မလွတ်အောင် ရိုက်နိုင်သူဖြစ်သည်။

ယခုတော့ ထိုလူ၏ခန္ဓာကိုယ်ကြီးတစ်ခုလုံးကိုပင် သူ့ကြာပွတ်ကမထိချေ။

ကြည့်လိုက်တော့လည်း အိပ်နေသည့်လူမှာ ပုပန်းမပျက် လက်နှစ်ဘက်ယှက်၍ ခေါင်းအုံးထားပြီး ခြေထောက်တစ်ချောင်းပေါ် တစ်ချောင်းချိတ်လျက် အနေအထားဖြင့် ရှိနေဆဲပင်။

သို့သော် ကြာပွတ်ရိုက်ချက်ကို အသုံးပြုသည့် အမှတ်ခြောက်ကတော့ ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြာပွတ်ရိုက်ချလိုက်တိုင်း လွဲရသည်မှာ ထိုလူသည် ပုံမပျက်အနေအထားဖြင့်ပင် အလွန်လျင်မြန်စွာရွေ့လျား၍ ကြာပွတ်ရိုက်ချက်ကို ရှောင်တိမ်းနိုင်၍ဟု သိရှိသွားသည်။

နောက်တစ်ကြိမ် ကြာပွတ်ရိုက်ချက် တစ်ချက်ကို အသုံးပြုရန်ဟန်ပြင်လိုက်၏။

"ဒီတစ်ခါ မင်းကြာပွတ်နဲ့ထပ်ရိုက်ရင်တော့ ရိုက်တဲ့လက်ကိုငါကြာပွတ်မကိုင်နိုင်အောင်တော့ လုပ်ရလိမ့်မယ်"

"ဟင်"

ဝံပုလွေအမှတ်ခြောက်သည် အိပ်စက်နေသူ၏ အေးစက်စက် စကားသံကြောင့် ထိတ်ခနဲဖြစ်သွားမိသည်။

အခြေအနေကို ရိပ်စားမိသော မြင်းလှည်းပေါ်မှ အမှတ်ငါးနှင့်အမှတ်လေးတို့က လွှားခနဲ ခုန်ဆင်းလာကြသည်။

သူတို့နှစ်ဦး မြင်းလှည်းအောက် ရောက်သည်နှင့်ပင် သူတို့နှင့်မျက်နှာချင်းဆိုင်၌ လူတစ်ဦးရပ်နေသည်ကို တွေ့လိုက်ကြရသည်။

ထိုလူမှာ စောစောက မြင်းလှည်းရှေ့သဲပြင်ပေါ်တွင် အိပ်စက်နေသည့် ဝတ်စုံဖြူပင်ဖြစ်၏။

အိပ်စက်နေရာမှ လွှားခနဲခုန်၍ မြင်းလှည်းနောက်သို့ ရောက်ရှိလာခြင်းပင် ဖြစ်သည်။

"ဟင်"

ဝတ်စုံနက်နှစ်ဦးစလုံး အံ့အားသင့်သွားသည်။



သို့သော် ကြာကြာအံ့အားသင့်၍ မနေနိုင်ကြပါ။

သူတို့ကျောတွင် လွယ်ထားသောဓားများကို ဆွဲထုတ်လိုက်တာဝတ်စုံဖြူဝတ်ထားသူကို အဆက်မပြတ် ဝင်ရောက်တိုက်ခိုက်လိုက်ကြ၏။

"ဝှစ်..ဝှစ်..ဝှစ်"

"ရှမ်း..ရှမ်း..ရှမ်း"

ဓားချက်များမှာ ပေါ့ပါးရုံသာမက လျင်မြန်ထက်မြက်လှသည်။

သာမန်လူတစ်ဦးသာဆိုပါက သူတို့၏ဓားချက်အောက်တွင် ဓားနှင့်နုတ်နုတ်စင်းထားသကဲ့သို့ အစိတ်စိတ်အမွှာမွှာဖြစ်သွားလောက်သည်။

အမှတ်ငါးနှင့် အမှတ်ခြောက်တို့သည် ဓားကွက် ဆယ်ကွက်တိတိ ဝတ်စုံဖြူနှင့်လူရွယ်ကို အပြင်းအထန် တိုက်ခိုက်ပြီးနောက်ဓားများကို ဓားအိမ်ထဲသို့ ပြန်သွင်း၍ အဝိုင်းဝိုင်းပြတ်နေမည့် သူတို့၏ရန်သူကို ငုံ့ကြည့်လိုက်၏။

"ဟာ"

"ဟင်"

နှစ်ဦးသား အံ့အားသင့်သွားကြသည်။

"ဘယ်လိုဖြစ်ရတာလဲ"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်လည်း ဓားချက်တွေထိနေ

www.burmeseclassic.com

www.burmeseclassic.com



တာသိလို့ ရပ်လိုက်တာ၊ သူဘယ်ရောက်သွားသလဲ"

အမှတ်ငါးက အမှတ်လေးကို ပြောလိုက်သည်။

"ဟော့..ဘယ်မှာလဲ၊ ကြောက်လို့ ထွက်ပြေးသွားပြီလား"

အမှတ်သုံးက မြင်းလှည်းပေါ်မှ ခုန်ဆင်းလာရင်း ပတ်ဝန်းကျင်ကို ကြည့်၍မေးလိုက်သည်။

"ကျုပ်က သည်မှာပါ"

"ဟင်"

မြင်းလှည်းခေါင်မိုးပေါ်မှအသံကို ကြားရသောကြောင့် မြင်းလှည်းကိုကျောပေးထားကြသည့် အမှတ်သုံး၊ အမှတ်လေးနှင့် အမှတ်ငါးတို့မှာ ထိတ်လန့်စွာ လှည့်ကြည့်မိကြသည်။

ဝတ်စုံဖြူနှင့်လူရွယ်မှာ မြင်းလှည်းခေါင်မိုးပေါ်တွင် တင်ပျဉ်ခွေထိုင်လျက်ရှိသည်ကို တွေ့ရ၏။

ထိုလူ၏ကိုယ်ဖော့ပညာနှင့် သိုင်းပညာမှာ သူ၏အတွေ့အကြုံအရ အဆင့်မြင့်မားလှကြောင်းသိရှိလိုက်၏။

ထို့ကြောင့် မြင်းလှည်းပေါ်မှ လူနှစ်ယောက်ပါ အောက်သို့ ခုန်ဆင်းလာကြသည်။

ထိုလူတို့ကား ပုပ္ပဝံ ဝံပုလွေအမှတ်တစ်နှင့် ဝိန်ဝိန်ရှည်ရှည်ဝံပုလွေ အမှတ်နှစ်တို့ပင် ဖြစ်သည်။

သူတို့အားလုံး မြင်းလှည်းကို ဝန်းရံထားလိုက်ကြလေသည်။

"ဘာသဘောနဲ့ ကျုပ်တို့ကိုလာပြီး အနှောက်အယှက်ပေး



တာလဲ"

အမှတ်တစ်က မြင်းလှည်းပေါ်သို့ မော့ကြည့်ကာမေးလိုက်သည်။

လူရွယ်က...

"ခင်ဗျားတို့ ဝံပုလွေခြောက်ကောင်ဟာ သိုင်းလောကမှာ ထူးထူးဆန်းဆန်း ရှားရှားပါးပါးပစ္စည်းတွေ သယ်ဆောင်လာလို့ အခုဘာပစ္စည်းလဲဆိုတာ သိချင်လို့ပါ"

ဟု အေးစက်စက် ပြောလိုက်သည်။

လူရွယ်၏စကားကြောင့် ဝံပုလွေခြောက်ကောင်တို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်သည်။

ဝံပုလွေအမှတ်တစ်က...

"ဒါက ကျုပ်တို့ရဲ့ အရောင်းအဝယ်လုပ်ငန်းပါ၊ ခင်ဗျားသိစရာမလိုပါဘူး၊ သိခွင့်မရှိဘူးလို့ ကျုပ်ထင်တယ်"

ခပ်ပြတ်ပြတ် ပြောလိုက်လေသည်။

အဖြူရောင်ဝတ်စုံနှင့် လူရွယ်က မြင်းလှည်းပေါ်မှ လွှားခနဲခုန်ဆင်း၍ မြင်းလှည်းအိမ်မှ မြင်းပေါ်တင်ထားသည့် ကုန်းနှီးအားဆန့်ခုတ်ဖြတ်ကာ မ,တင်လိုက်၏။

"ဝေါ..ဝေါ"

"ဘုတ်"

မြင်းလှည်းအိမ်နောက်ဘက်မှ ခေါင်းတလားတစ်လုံး ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



ကျလာသည်။

အနက်ရောင် ခေါင်းတလားကြီးဖြစ်၍ ပတ္တာတပ်ထားပြီး သေသုံးချက်ခတ်ထား၏။

"ကဲ..ဘာပြင်းချင်သေးလဲ"

အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူရွယ်က ဝံပုလွေခြောက်ကောင်သို့လှည့်ကာ မေးလိုက်သည်။

ဝံပုလွေခြောက်ကောင်သည် တပြိုင်နက်တည်းပင် လူရွယ်ကို ပြေးဝင်တိုက်ခိုက် လိုက်ကြလေတော့သည်။

"ဝှစ်..ဝှစ်"

"ထန်း"

"အား"

လူရွယ်မှာ လျင်မြန်လှသည်။

ဝံပုလွေခြောက်ကောင်တို့၏ ခါးချက်၊ ကြာပွတ်ချက်များကို ကျားတစ်ကောင်ကဲ့သို့ ခုန်လွှားရှောင်တိမ်းကာ အမှတ်တစ်၏ ကျောပြင်ကို လက်ဝါးတစ်ချက် ရိုက်ချလိုက်၏။

ကျယ်လောင်သောမြည်သံနှင့်အတူ အမှတ်တစ်မှာ သဲပြင်ပေါ်သို့ မှောက်လျားထိုးလဲကျ၍ ငြိမ်သက်သွားတော့သည်။

ထို့နောက် ရှောင်တိမ်းနေရင်းမှ အမှတ်နှစ်နှင့်အမှတ်သုံးတို့ကို လက်ဝါး ရိုက်ချက် တစ်ချက်စီ ရိုက်ချလိုက်ပြန်သည်။

"ဝုန်း"



"အမယ်လေး"

"ထန်း"

"အိုး"

ရင်ဝကို အရိုက်ခံရသော အမှတ်နှစ်မှာ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် နောက်သို့ချိန်နဲ့သော ခြေလှမ်းသုံးလေးလှမ်းမျှ ဆုတ်သွားပြီး ပါးစပ်တွင်းမှ သွေးများယိုစီးကျကာ လဲကျသွားသည်။

အမှတ်သုံးက နေရာမှာပင် အရုပ်ကြိုးပြတ်ပုံကျသွားလေသည်။

သူတို့ အစ်ကိုကြီးသုံးယောက်ကို အနိုင်ယူတိုက်ခိုက်လိုက်သောလူရွယ်၏ လက်ဝါးရိုက်ချက်များကိုကြည့်၍ အမှတ်လေးက...

"ပြေး..ပြေး"

ဝံပုလွေခြောက်ကောင်တို့သည် မြင်းလှည်းအနီးမှ လှစ်ခနဲထွက်ပြေးသွားလေတော့သည်။

ထိုအခါတွင်မှ မြင်းလှည်းမောင်းသူမှာ မြင်းလှည်းပေါ်မှ ဆင်းလာလေသည်။

"ဆရာရှန်းချီ...ကျုပ် ဘာကိုကူညီရမှာလဲ"

မြင်းလှည်းမောင်းသမားက ရိုကျိုးစွာ ပြောလိုက်သည်။

"လာကွာ..ဒါကြီး မြင်းလှည်းပေါ်ပြန်တင်ပြီး ဟိုဆိုင်ထဲမှာ ခေါက်ဆွဲတစ်ဦးကို ဝင်ခေါ်မယ်၊ ပြီးတော့မှ ခရီးဆက်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မြင်းလှည်းမောင်းသမားသည် ခေါင်းအနက်ကြီးကို တစ်ဘက်မှ ကူမ,ပေးလိုက်သည်။

ရှန်းချီနှင့်မြင်းလှည်းမောင်းသမားတို့သည် ခေါင်းနက်ကြီးကို မြင်းလှည်းပေါ် ပြန်တင်လိုက်ကြသည်။

ထို့နောက်မှ မြင်းလှည်းကို ခပ်သုတ်သုတ် အရက်ဆိုင်လေးရှေ့သို့ မောင်းနှင်ကာရပ်လိုက်သည်။

မြင်းလှည်းနောက်တွင် ထိုင်စီးလာသော ရှန်းချီက ခုန်ချလိုက်သည်။

ဆိုင်ထဲတွင် အသင့်စောင့်နေသော ကျင်းလုံက လက်ပြလိုက်၏။ ရှန်းချီက စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"ဘယ်လိုလဲ၊ မင်း ဟိုဝံပုလွေခြောက်ဖော်ကို မောင်းထုတ်နေတာ ဘာထူးလို့လဲ"

ကျင်းလုံက မေးလိုက်သည်။ ရှန်းချီက....

"ထူးပြီထင်တယ်၊ ကျုပ်တို့မိတ်ဆွေ ဖန်ချီလင်းတော့ ဒုက္ခရောက်နေပြီထင်တယ်"

ကျင်းလုံ မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

ရှန်းချီက ရှင်းပြလိုက်သည်။

"စစ်ထုံမြို့မှာ မြို့စားကြီးလုပ်ကြံခံရတယ်လို့ ပြောတယ်



ပြီးတော့ အဲဒီလုပ်ကြံမှုဟာ ဖန်ချီလင်းက လုပ်ကြံတာလို့ သတင်းထွက်နေတယ်"

"ဟား..ဒါဆိုဒုက္ခပါပဲ၊ ကျုပ်တို့ လိုက်သွားမှဖြစ်မယ်"

"ခဏနေဦး၊ ဟိုကောင်တွေဆီက ခေါင်းသေတ္တာတစ်လုံး ယူလာတယ်၊ ဒါကို သွားပြီးတော့ အရင်ဖွင့်ကြည့်ကြရအောင်"

ရှန်းချီ၏စကားကြောင့် ကျင်းလုံက ဆိုင်ရှင်ကိုခေါ်ကာ အရက်ဖိုးပေးလိုက်သည်။

ထို့နောက် ရှန်းချီနှင့်အတူ မြင်းလှည်းပေါ်တက်၍ လိုက်ပါသွားခဲ့လေသည်။

မြင်းလှည်းသည် ကျုံးရွာ၏အနောက်ဘက် တောင်ခြေဆီသို့ ဦးတည်လာခဲ့ကာ တဲလေးတစ်လုံးရှေ့တွင် ရပ်လိုက်တော့၏။

သူတို့သုံးဦး ခေါင်းနက်ကြီးကို အိမ်ထဲသို့ မ,သွင်းလိုက်ကြသည်။

"ကဲ..မင်းပြန်ချင်ပြန်နိုင်ပြီ၊ ရော့ မင်းအတွက် မြင်းလှည်းခ"

ဝတ်ရုံထဲမှ ငွေတုံးတစ်တုံးကို နှိုက်ယူကာ ရှန်းချီက မြင်းလှည်းသမားကို ပေးလိုက်သည်။

မြင်းလှည်းသမားသည် သူ့မြင်းလှည်းပေါ်သို့ ပျော်ရွှင်စွာ ခုန်တက်မောင်းထွက် သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြင်းလည်း ထွက်ခွာသွားပြီ ဖြစ်ပါသည်။

ထိုအခါမှ ရှန်းချီက စကားစလိုက်သည်။

"ဒီအထဲမှာ လူအသေ၊ ဒါမှမဟုတ် လူအရှင်တစ်ယောက် ရှိတယ်လို့ ကျုပ်သိတယ်၊ ဒီလူဟာ ဒုစရိုက်သမားတစ်ဦး ဖြစ်ချင်ဖြစ်မယ်"

ကျင်းလုံက...

"အို...ကြာပါတယ်၊ ဖွင့်ကြည့်တာ အကောင်းဆုံးပဲ"

နှစ်ဦးသား ခေါင်းတလား အဖုံးကြီးကို ဖွင့်လိုက်ကြသည်။

"ကျွီ"

"ဟင်"

ခေါင်းနက်ကြီးထဲတွင် လူတစ်ဦး၏မျက်နှာကို တွေ့လိုက်ရသည်။

"ဟင်...စောရဝမ်းကျင်း"

ခေါင်းထဲမှလူက ဝန့်ခံစကားပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်က စောရဝမ်းကျင်းပါ"

မှန်ပါသည်။ ခေါင်းထဲမှာ ရှိနေသူမှာ စောရဝမ်းကျင်း ဖြစ်ပါသည်။ ရှန်းချီက...

"မင်း ဘယ်လိုဖြစ်လာတာလဲ"

ဟု မေးလိုက်သည်။

"ပြောပါ့မယ်ဗျာ"



စောရဝမ်းကျင်းသည် ခေါင်းထဲမှထကာ အပြင်ထွက်လာသည်။

"ဝမ်းကျင်း...မင်းပျောက်နေတာ ကြာပြီနော်၊ အခု ဘယ်လိုဖြစ်လာတာလဲ၊ စစ်ထုံမြို့မှာ ဘာတွေဖြစ်နေသလဲ"

ကျင်းလုံက မေးလိုက်ပြန်သည်။

ဝမ်းကျင်းသည် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

"ဘာဖြစ်သလဲဆိုတော့ မြို့စားကြီးလုပ်ကြံခံလိုက်ရတယ်လေဗျာ"

ကျင်းလုံနှင့် ရှန်းချီတို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

ကျင်းလုံက..

"ဒါဆို ကြားရတဲ့သတင်း မှန်နေပြီပေါ့"

ရှမ်းချီက...

"ဟုတ်တယ်"

"ဒါဖြင့် ဖန်ချီလင်းက.."

"နေဦး"

ရှန်းချီ လက်ကာပြလိုက်ပြီး ဝမ်းကျင်းကို မေးလိုက်သည်။

"မြို့စားကြီး လုပ်ကြံခံလိုက်ရတဲ့ကိစ္စကို ပြောစမ်းပါဦး"

ဝမ်းကျင်းက...

"မြို့စားကြီးကို သူ့ရဲကောင်း 'ဖန်ချီလင်း'က လုပ်ကြံလိုက်တာဗျ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကား ဆုံးသည်နှင့်…

"မဟုတ်ဘူး"

ကျင်းလုံက ထအော်လိုက်လေသည်။

ဝမ်းကျင်း ထိတ်လန့်သွား၏။

"ကျုပ်…ကျုပ်"

ကျင်းလုံက…

"မင်း လိမ်ပြောနေတာ"

"ဟာ…မဟုတ်တာ"

"ဘာမဟုတ်တာလဲ၊ ဖန်ချီလင်းဟာ သူရဲကောင်းတစ်ယောက်ကွ၊ မြို့စားကြီးကို ဘာမှလုပ်ကြံစရာမလိုဘူး"

ဝမ်းကျင်း မျက်နှာပျက်သွားလေသည်။

ကျင်းလုံက…

"ပြောစမ်း၊ မြို့စားကြီးကို ဘယ်သူက လုပ်ကြံလိုက်တာလဲ"

ဝမ်းကျင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်…ကျုပ် မသိပါဘူးဗျာ"

ရှန်းချီ ပြုံးလိုက်သည်။

"ဝမ်းကျင်း…မင်းမသိဘဲနဲ့ သည်ပြဿနာထဲ ပါဝင်စရာအကြောင်း မရှိဘူး၊ မင်းမှန်မှန်ပြောရင် ကောင်းမယ်"

"ကျုပ်"



"မင်းက ထိန်ချန်ထားမယ်ဆိုရင်တော့ ဝံပုလွေတွေကို ဆိုက်ရှာရတော့မှာပဲ"

"ဗျာ"

"အေး…ဝံပုလွေတွေလက်ထဲ မင်းကိုပြန်ထည့်ပေးလိုက်ရမှာပဲ"

"ဟာ…သည်လိုတော့ မလုပ်ပါနဲ့ဗျာ"

ဝမ်းကျင်း ထိုင်ရာမှ ဇောက်ခနဲ ထလိုက်လေသည်။

ကျင်းလုံ့နှင့် ရှန်းချီတို့က အေးအေးဆေးဆေး ထိုင်နေကြလေသည်။

ဝမ်းကျင်းက ထွက်ပြေးသွားလိုသည်။

သို့သော်…

ဝမ်းကျင်းသည် ထွက်ပြေး၍လည်း လွတ်မည်မဟုတ်သဖြင့် ပြန်ထိုင်ချလိုက်လေသည်။

ကျင်းလုံက…

"မင်းပြောတော့မလား"

ဝမ်းကျင်း သက်ပြင်းချလိုက်လေသည်။

"ကျုပ်က ပါချင်လို့ပါခဲ့ရတာ မဟုတ်ပါဘူးဗျာ"

"တစ်ယောက်ယောက်က မင်းကို ဝင်ပါခိုင်းခဲ့တာလား၊ ပြောစမ်းပါဦး"

"ဟုတ်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကျင်း ဝန်ခံလိုက်လေသည်။

ကျင်းလုံနှင့်ရှန်းချီတို့ အချင်းချင်းကြည့်လိုက်ကြလေသည်။

ရှန်းချီက...

"ဘယ်သူ့ကြောင့်လဲ"

ဝမ်းကျင်းက...

"ရွှေပျံလွှားကိုဏ်းချုပ်ပါဗျာ"

"ဟင်"

"ဟာ"

ရှန်းချီနှင့် ကျင်းလုံတို့ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

ဝမ်းကျင်းက...

"တစ်နေ့ပေါ့..."

သူက ရွှေပျံလွှားကိုဏ်းချုပ်နှင့် ဆုံတွေ့ခဲ့ရပုံကို ပြောပြလိုက်လေတော့သည်။

* * *

## အလုပ်

ဝမ်းကျင်းက စောရတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် အဖိုးတန်ရတနာများအကြောင်း သတင်းရလျှင် ခိုးယူရန် ဆုံးဖြတ်လိုက်လေသည်။

မည်သူမျှ တားဆီးမရသော စောရတစ်ယောက်ဖြစ်သည့်အတိုင်း ရတနာများရှိနေသော နေရာသို့ အရောက်သွားနိုင်ခဲ့လေသည်။

ဝမ်းကျင်းက ရတနာများရှိနေသည်ဆိုသော အခန်းတွင်းသို့ အတားအဆီးမရှိ ဝင်ရောက်လာနိုင်ခဲ့လေသည်။

သို့သော်...

သူမျှော်လင့်ထားသလို ရတနာများ မတွေ့ရဘဲ လူတစ်ယောက်ကို တွေ့လိုက်ရလေသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား ရွှေပုံလွှားဂိုဏ်းချုပ် ဖူးကျို့ဖြစ်လေသည်။

ဝမ်းကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဂိုဏ်းချုပ်ကြီးပါလား"

ဂိုဏ်းချုပ်ဖူးကျို့က...

"ကျုပ်က မင်းကိုတွေ့ချင်လို့ ရတနာတွေ သည်နေရာမှာ ရှိနေတယ်လို့ သတင်းလွှင့်လိုက်တာလေ"

ဝမ်းကျင်း စိတ်ပျက်သွားလေသည်။

"ကျုပ်က ကိုယ့်ကိုကိုယ် အထင်ကြီးသလို လောဘကြီးတာကြောင့် ထောင်ချောက်ထဲ ဝင်လိုက်မိတာကိုး"

ဂိုဏ်းချုပ်ဖူးကျို့က...

"စိတ်မပျက်ပါနဲ့ကွာ၊ မင်းအတွက် ရွှေချောင်းအချောင်းတစ်ရာရမှာပေါ့"

"ဗျာ"

"ရတနာတွေလိုချင်လို့ မင်းလာခဲ့တာ မဟုတ်လား၊ ရွှေချောင်းတစ်ရာရမယ်ဆိုရင်လည်း မဆိုးဘူးမဟုတ်လား"

ဝမ်းကျင်း မျက်မှောင်ကုပ်သွားသည်။

"ဂိုဏ်းချုပ်က ပေးမှာလား"

"ဒါပေါ့"

ဝမ်းကျင်းက...

"ကျုပ် ဘာလုပ်ပေးရမှာလဲ"



"ဟား...ဟား...ဟား"

ဂိုဏ်းချုပ်ဖူးကျို့ ရယ်မောလိုက်လေသည်။

"မင်း မဆိုးဘူး၊ ငါက ဓားတစ်လက်ကို ရွှေချောင်းတစ်ရာ ပေးပြီးဝယ်ချင်တာ"

"ဓားတစ်လက်"

"ဟုတ်တယ်"

"ရွှေချောင်းတစ်ရာပေးပြီး ဝယ်ရလောက်အောင် တန်ဖိုးရှိတဲ့ဓား ရှိလို့လားဗျာ"

ဝမ်းကျင်း အံ့သြနေသည်။

ဂိုဏ်းချုပ်ဖူးကျို့က ခေါင်းညိတ်လိုက်သည်။

"ရှိတာပေါ့"

"ဘယ်လို ဓားမျိုးလဲဗျာ"

"သူရဲကောင်းဖန်ချီလင်းရဲ့ဓားပေါ့"

"ဗျာ"

ဝမ်းကျင်း အံ့သြပြီးရင်း အံ့သြနေရလေတော့သည်။

ဂိုဏ်းချုပ်ဖူးကျို့က...

"ဖန်ချီလင်းက မြင်းဖြူဘုံကျောင်းမှာ ရောက်နေတယ်၊ သူက ဆေးဆရာတစ်ယောက်နဲ့ လာတွေ့ပြီး တရားထိုင်နေတယ်၊ ဒါကြောင့် သူ့ရဲ့ဓားကို ဘုံကျောင်းသီးသန့်ခန်းထဲမှာ ထားခဲ့တယ်၊ မင်းက အသာလေးခိုးယူလိုက်ရုံပဲ၊ မခက်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းဖန်ချီလင်း၏ဓားကို မည်သူက ခိုးယူဝှက်ကြပါ မည်နည်း။

ဝမ်းကျင်းက…

"သည်လောက်လွယ်ကူတဲ့ကိစ္စက ရွှေချောင်းတစ်ရာ တန်ပါ့ မလားဗျာ"

ဝိုဏ်းချုပ်ဖူးကျို့က....

"မင်းက မတန်ဘူးထင်လို့လား"

ဝမ်းကျင်း ခေါင်းခါယမ်းလိုက်သည်။

"သည့်လိုလဲ မဟုတ်ပါဘူးဗျာ"

"ဒါဖြင့်"

"ကျုပ် လက်ခံပါတယ်"

ဝိုဏ်းချုပ်ဖူးကျို့၏မျက်နှာ တည်ကြည်လေးနက်သွားလေ သည်။

"စောရဝိဇ္ဇာဝမ်းကျင်းဟာ စောရတစ်ယောက်ဖြစ်ပေမယ့် ကတိတည်တယ်ဆိုတာ အားလုံးသိနေကြတာပဲ"

ဝမ်းကျင်းက…

"ခုချိန်မှာ ကျုပ်ကတိမတည်လို့မရဘူး၊ ခင်ဗျားခိုင်းတာ မလုပ်လို့လည်း မရနိုင်တော့ဘူးဆိုတာ ကျုပ် နားလည်ထားပါတယ် ဗျာ"

ဝိုဏ်းချုပ်ဖူးကျို့က…



"ကောင်းပြီလေ၊မင်းက သူရဲကောင်းဖန်ချီလင်းရဲ့ဓားကို ခိုးယူလာခဲ့ပါ၊ မင်းအတွက် ရွှေချောင်းတစ်ရာရမယ်"

"စိတ်ချပါဗျာ"

ဝိုဏ်းချုပ်ဖူးကျို့က ထွက်ပေါက်တံခါးဆီသို့ လှမ်းကြည့် လိုက်လေသည်။

* * *

ဝမ်းကျင်း၏စကား ဆုံးသွားပြီဖြစ်သည်။

ကျင်းလုံနှင့်ရှန်းချီတို့ အချင်းချင်းကြည့်လိုက်ကြပြန်သည်။

ကျင်းလုံက…

"ရွှေပုံလွှားဝိုဏ်းချုပ်က ဘာကြောင့်များ ဖန်ချီလင်းရဲ့ဓား ကို လိုချင်ရတာလဲ"

ရှန်းချီက…

"သူ့ကိုပဲ မေးရမှာပေါ့"

ဝမ်းကျင်းကို မေးဆတ်ပြကာ ပြောလိုက်လေသည်။

ကျင်းလုံက…

"ကဲ..ပြောပါဦး"

ဝမ်းကျင်းကို မေးလိုက်သည်။ ဝမ်းကျင်းက…

"မြို့စားကြီးကို လုပ်ကြံဖို့ပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။ ကျင်းလုံက…

"ရွှေပုံလွှားဂိုဏ်းချုပ်က မြို့စားကြီးကို ဘာကြောင့် လုပ်ကြံချင်ရတာလဲ"

"ဒါတော့ သူက မပြောဘူးဗျ"

ရှန်းချီ ရယ်မောလိုက်လေသည်။

"ဒါပေါ့ သူဘယ်ပြောပါ့မလဲ"

ကျင်းလုံက…

"ရွှေပုံလွှားဂိုဏ်းဟာ အဖြူရောင်ဂိုဏ်းတစ်ခု ဖြစ်ပေမယ့် အခြေအနေ သိပ်ဟန်တာ မဟုတ်ဘူး"

ရွှေပုံလွှားဂိုဏ်းနှင့် ပတ်သက်ပြီး ဝေဖန်လိုက်လေသည်။

ရှန်းချီက ဝမ်းကျင်းကို စိုက်ကြည့်လိုက်သည်။

"မင်းက ဖန်ချီလင်းရဲ့ဓားကို ခိုးယူခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်က ဓားကိုရတော့ ရွှေပုံလွှားဂိုဏ်းချုပ် ဖူးကျို့လက်ထဲ အပ်လိုက်တာ"

"ရွှေချောင်းတွေကကော"

"သူ့ရဲ့ ကတိအတိုင်း မပေးပါဘူးဗျာ"

ဝမ်းကျင်းက အလွန်နိဂ်ဟ်ပူက်သောလေသံဖြင့် ပြောလေသည်။ ရှမ်းချီ ပြုံးလိုက်သည်။

"ဒါဆို မင်းရိပ်မိဖို့ကောင်းတာပေါ့"

ဝမ်းကျင်း ခေါင်းညိတ်လိုက်သည်။



"ရိပ်မိတာပေါ့ဗျာ၊ သူက ရွှေချောင်းတွေ ချက်ချင်းမပေးသေးဘဲ ရက်ချိန်းလိုက်တာနဲ့ ကျုပ်ကို အသုံးချပြီး နှုတ်ပိတ်တော့မယ်ဆိုတာ ရိပ်မိလိုက်တာပေါ့ဗျာ"

"ဒါဖြင့် ဘာကြောင့် ရှောင်တိမ်းမသွားဘဲ နေခဲ့တာလဲ"

"ဟာ ဘယ်ပြောကောင်းမလဲ၊ ကျုပ်က အဝေးဆုံးကိုပြေးဖို့ ကြိုးစားခဲ့တာပေါ့၊ ဒါပေမယ့် မရတော့ဘူးဗျ၊ ကျုပ်ထွက်ပြေးမယ်ဆိုတာ သူတို့သိနေကြတယ်၊ တည်းခိုခန်းတစ်ခုမှာရှိနေတုန်း ညဘက်ရောက်လာကြပြီး ကျုပ်ကို ဖမ်းဆီးလိုက်ကြတာ၊ ပြီးတော့ သွေးကြောပိတ်ပြီး အခေါင်းတစ်လုံးထဲ ထည့်ခေါ်လာကြတာ"

"ထားပါတော့လေ၊ ဖန်ချီလင်းရဲ့ဓားကို ရသွားတော့ ရွှေပုံလွှားဂိုဏ်းချုပ် ဘာလုပ်သလဲ၊ ပြောပါဦး"

အဝိုက်ဖမ်းကာ ကြားဝင်မေးလိုက်ခြင်း ဖြစ်လေသည်။

ဝမ်းကျင်း သက်ပြင်းချလိုက်သည်။

"သူ ဘာလုပ်တယ်ဆိုတာ ကျုပ်မသိပါဘူး၊ ဒါပေမယ့် မကြာပါဘူး၊ မြို့စားကြီးလုပ်ကြံခံလိုက်ရတယ်၊ မြို့စားကြီးရဲ့ ရင်ဝမှာ စိုက်ဝင်နေတဲ့ဓားကတော့ သူရဲကောင်းဖန်ချီလင်းရဲ့ဓားပါပဲ"

ကျင်းလုံ နှာခေါင်းရှုံ့လိုက်သည်။

"သည်လောက်ရိုးစင်းတဲ့ လုပ်ရပ်မျိုးနဲ့ မြို့စားကြီးကို ဖန်ချီလင်းက လုပ်ကြံတယ်လို့ ဖန်တီးလို့ရမလား"

ရှန်းချီက…

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်လေမှာ ရိုးစင်းတဲ့နည်းလမ်းတွေဟာ ဆန်းပြားတဲ့နည်းလမ်းတွေထက်တောင် ထိရောက်တာမျိုး ရှိတတ်တာပဲလေ"

"ဘာပဲဖြစ်ဖြစ် သည်ကိစ္စကို အမှန်အတိုင်းဖြစ်အောင် ဖြေရှင်းရမှာပဲဗျ"

ရှန်းချီ လက်ခံလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ကျင်းလုံက...

"ကျုပ်က ရွှေပျံလွှားဂိုဏ်းချုပ်နဲ့ သွားတွေ့မယ်ဆိုရင်ကော"

"ဒါ အကောင်းဆုံးပါပဲဗျာ"

ရှန်းချီ သဘောတူလိုက်လေသည်။ နှစ်ယောက်သား ဝမ်းကျင်းကို ကြည့်လိုက်ကြလေသည်။ ဝမ်းကျင်း ရင်ထိတ်သွားသည်။

"ကျုပ်က.."

ကျင်းလုံက...

"ကျုပ်တို့နဲ့ လိုက်ခဲ့ပေါ့"

ဝမ်းကျင်း မျက်နှာပျက်သွားသော်လည်း မငြင်းဝံ့ပါချေ။

ရှန်းချီက....

"သွားစို့"

ပြောရင်း ထိုင်ရာမှ ထရပ်လိုက်လေတော့သည်။

* * *



## ထိပ်တိုက်

ရွှေပျံလွှားဂိုဏ်း..။

ရွှေပျံလွှားဂိုဏ်းသို့ သူရဲကောင်းကျင်းလုံနှင့် ရှန်းချီတို့က ဝမ်းကျင်းကိုခေါ်ကာ ရောက်ရှိသွားကြလေသည်။

ကျင်းလုံတို့ ရောက်လာသဖြင့် ဂိုဏ်းချုပ်ဖူးကျို့ ကိုယ်တိုင် ကာ လက်ခံတွေ့ဆုံခဲ့လေသည်။

စားသောက်ပွဲကြီးဖြင့်လည်း တည်ခင်းဧည့်ခံလေသည်။

ဂိုဏ်းချုပ်ဖူးကျို့က...

"သူရဲကောင်းမိတ်ဆွေတို့ ဘယ်ကဘယ်လို မျက်စိလည် ပြီး ရောက်လာကြတာလဲဗျာ"

ကျင်းလုံက...

"ဂိုဏ်းချုပ်ကြီးဆီကိုပဲ တမင်လာခဲ့ကြတာပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှန်းချိက...

"ဂိုဏ်းချုပ်ကြီးကို မေးစရာလေးတစ်ခုရှိလို့ ဆိုပါတော့

ဂိုဏ်းချုပ်ဖူးကျိူ ရယ်မောလိုက်လေသည်။

"လက်စသပ်တော့ ကျုပ်ကို မေးစရာရှိလို့ ရောက်လာ တာကိုး"

"ဟုတ်ပါတယ်ဗျာ"

"ကဲ..ဘာတွေများ မေးမြန်းစုံစမ်းချင်ကြသလဲဆိုတာ ပါဦးဗျာ"

ကျင်းလုံက ချောင်းတစ်ချက်ဟန့်ကာ မေးလိုက်လေ

"မကြာခင်က စစ်ထုံမြို့စားကြီး လုပ်ကြံခံလိုက်ရ လုပ်ကြံသူဟာ ကျုပ်တို့မိတ်ဆွေ ဖန်ချီလင်းဖြစ်တယ်လို့ သတင်း ထွက်ပေါ်နေတယ်၊ အဲဒါ"

ဂိုဏ်းချုပ်ဖူးကျိူက....

"အင်း..ဖန်ချီလင်းကိစ္စကြောင့် ရောက်လာကြတာ မယ်လို့ ကျုပ်ထင်မိပါတယ်၊ ဖန်ချီလင်းနဲ့ မြို့စားကြီးတို့ ပြဿ ဖြစ်ခဲ့ကြတယ်လေ၊ မကြာပါဘူး၊ သူက မြို့စားကြီးကို လုပ်ကြံ တာပဲ"

ထိုစကားကြောင့် ကျင်းလုံနှင့်ရှန်းချိတို့ မကျေမနပ် ဖြစ် ကြလေသည်။

ရှန်းချိက...



"ဖန်ချီလင်းက မြို့စားကြီးကို လုပ်ကြံလိုက်တယ်လို့ ဂိုဏ်း ချုပ်ကြီး စွပ်စွဲလိုက်တာလားဗျာ"

ဟု မေးလိုက်လေသည်။

ဂိုဏ်းချုပ်ဖူးကျိူက...

"ကျုပ်က စွပ်စွဲတာ မဟုတ်ဘူး၊ သည်ကိစ္စကို အားလုံးသိ ကြတာပဲလေ"

"သူက တကယ်လုပ်ကြံခဲ့တာလား"

"တကယ်ပေါ့၊ ဖန်ချီလင်းနဲ့ မြို့စားကြီးတို့ ပြဿနာဖြစ်ခဲ့ ကြတာကိုလည်း လူတိုင်းသိထားကြတာပဲ"

ကျင်းလုံက ဝင်မေးလိုက်သည်။

"ဘယ်လို ပြဿနာများ ဖြစ်ထားတာလဲဗျာ"

ဂိုဏ်းချုပ်ဖူးကျိူက...

"ဖန်ချီလင်းက စစ်ထုံမြို့ကို ရောက်လာတော့ ဒုစရိုက် သားတွေ ထကြွသောင်းကျန်းနေတယ်၊ သည်လိုဖြစ်ရတာ မြို့ စားကြီးရဲ့ ညံ့ဖျင်းမှုကြောင့်လို့ ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့တယ်၊ မြို့ စားကြီးလည်း မခံမရပ်နိုင်အောင်ဖြစ်ပြီး ဖန်ချီလင်းကို ဖမ်းဆီး အကျဉ်းချထားလိုက်တယ်လေ"

ကျင်းလုံနှင့်ရှန်းချိတို့ အချင်းချင်း ကြည့်လိုက်ကြလေသည်။

ဂိုဏ်းချုပ်ဖူးကျိူ စကားဆက်လိုက်လေသည်။

"ဒါပေမယ့် ဖန်ချီလင်းက အချုပ်အနှောင်ကနေ ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်သွားတယ်၊ သူက မြို့စားကြီးကို ရန်ငြိုးထားပြီး အခွင့်အရေးရတာနဲ့ လုပ်ကြံလိုက်တာပဲပေါ့”

ကျင်းလုံး ခေါင်းခါယမ်းလိုက်သည်။

“ဒါ မဖြစ်နိုင်တဲ့ကိစ္စပါဗျာ”

ဂိုဏ်းချုပ်ဖူးကျို့ ပြုံးလိုက်သည်။

“မဖြစ်နိုင်ဘူးလို့ မိတ်ဆွေက ဘယ်လိုပြောနိုင်တာလဲဗျာ”

ကျင်းလုံက ဝမ်းကျင်းကို ညွှန်ပြလိုက်သည်။

“သူ့ကြောင့်ပေါ့ဗျာ”

“သူက..”

“ဂိုဏ်းချုပ်အတွက် ဖန်ချီလင်းရဲ့ဓားကို ခိုးယူပေးခဲ့တာ သူပဲလေ”

ဂိုဏ်းချုပ်ဖူးကျို့ မျက်မှောင်ကုပ်သွားလေသည်။

“မိတ်ဆွေလေး ဘယ်လိုပြောလိုက်တာလဲဗျ”

ကျင်းလုံက...

“ဝမ်းကျင်း..ခင်ဗျားပဲ ပြောပြလိုက်ပါဗျာ”

ဝမ်းကျင်းကို လှမ်းပြောလိုက်လေသည်။

ဝမ်းကျင်း ထိတ်လန့်နေသည်။

“ကျုပ်..ကျုပ်က..”

ကျင်းလုံက...

“အမှန်တရားကို ပြောတာပါဗျာ၊ ဘာမှကြောက်နေစရာ



မလိုပါဘူး၊ ပြောစရာရှိတာကို ရဲရဲဝံ့ဝံ့ပြောလိုက်ပါ”

ရှန်းချီက...

“ဟုတ်တယ်လေ၊ ကျုပ်တို့လည်း ရှိနေကြတာပဲ မဟုတ်လား”

ဝမ်းကျင်း သက်ပြင်းချလိုက်သည်။

“ကောင်းပါပြီဗျာ”

သူက ဂိုဏ်းချုပ်ဖူးကျို့ကို ကြည့်ပြီး..

“ကျုပ်ကို ရွှေချောင်းတစ်ရာပေးမယ်လို့ မက်လုံးပေးပြီး သူရဲကောင်းဖန်ချီလင်းရဲ့ဓားကို ခိုးယူခိုင်းခဲ့တာ မဟုတ်လားဗျာ”

အမှန်အတိုင်း ဖွင့်ပြောလိုက်လေတော့သည်။

ကျယ်ဝန်းသော ခန်းမဆောင်အတွင်း၌ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည် ထင်ရလေသည်။

ဝမ်းကျင်း၏စကားဆုံးလျှင်...

“ဟား..ဟား..ဟား”

ဂိုဏ်းချုပ်ဖူးကျို့က တဟားဟား ရယ်မောလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ဖုးကျို့ ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေ
လာလေသည်။

ဂိုဏ်းချုပ်ဖုးကျို့က ရယ်မောရင်း ထိုင်ရာမှထလိုက်သည်
လက်နှစ်ဘက် နောက်ပစ်၍ ပြတင်းပေါက်ဆီသို့ လှမ်းသွား
လိုက်လေသည်။

ကျင်းလုံ၊ ဝမ်းကျင်းနှင့်ရှန်းချီတို့က မျက်ခြည်မပြတ်
အကဲခတ်ကြည့်နေကြလေသည်။

ဂိုဏ်းချုပ်ဖုးကျို့က ပြတင်းပေါက်ဘောင်ကိုမှီကာ ရပ်ပြီး
အပြင်ဘက်သို့ ကြည့်လိုက်လေသည်။

ရယ်မောခြင်း မပြုတော့ပါ။

တခဏကြာတော့မှ ကျင်းလုံတို့ဘက်သို့ ပြန်လှည့်လိုက်
လေသည်။

သူ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

ကျင်းလုံတို့အား အကဲခတ်လိုက်ပြီး...

"မင်းတို့နှစ်ယောက်ကို ကျုပ်က သူရဲကောင်းတွေလို့ ထင်
နေတာ၊ ခုတော့ ဘာမှအသုံးမကျတဲ့လူတွေဆိုတာ သိလိုက်ရတာပဲ"

ဟု ပြောလေသည်။

ကျင်းလုံ ဒေါပွသွားလေသည်။

"ဂိုဏ်းချုပ်ကြီး...ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ"

ဂိုဏ်းချုပ်ဖုးကျို့က...



"ကျုပ်ကို မတရားစွပ်စွဲတာကိုကော ဘယ်လိုပြောမလဲ"

"ကျုပ်"

"ကျုပ်တို့ ရွှေပုံလွှားဂိုဏ်းဟာ ဘယ်လိုဂိုဏ်းမျိုးဆိုတာ
လောကမှာ စုံစမ်းကြည့်လို့ရပါတယ်၊ ဘာမဟုတ်တဲ့ စောရ
ယောက်ရဲ့စကားနဲ့ ကျုပ်ကိုလာပြီး စွပ်စွဲတာကတော့ ပွင့်ပွင့်
လင်းပြောရရင် ကျုပ်တို့ တစ်ဂိုဏ်းလုံးကို စော်ကားလိုက်တာပဲ၊
ကျုပ်က သည်ကိစ္စကို သည်းခံနေမှာမဟုတ်ဘူး"

ကျင်းလုံနှင့်ရှန်းချီတို့လည်း ထိုင်ရာမှထရပ်လိုက်ကြလေ
သည်။

"ကျုပ်တို့ကလည်း ဖန်ချီလင်း မတရားစွပ်စွဲခံရတဲ့ကိစ္စကို
အတိုင်း လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး၊ အမှန်အတိုင်း
အောင်ဖြေရှင်းသွားမှာပါ"

အခြေအနေမှာ ချက်ချင်း တင်းမာသွားလေတော့သည်။

ရွှေပုံလွှားဂိုဏ်းချုပ်က...

"စောရတစ်ယောက်ရဲ့စကားနဲ့ ကျုပ်ကို မတရားလာပြီး
စွဲတာကို ကျုပ်ကလည်း သည်းမခံနိုင်ပါဘူး"

ကျင်းလုံက...

"ကောင်းပြီလေ၊ မြို့စားဂေဟာက ကျုပ်တို့ပြန်လာမှပဲ
ပြီး ဖြေရှင်းကြတာပေါ့"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှန်းချီနှင့်ဝမ်းကျင်းတို့လည်း လိုက်သွားကြလေသည်။

ရွှေပုံလွှားဂိုဏ်းချုပ်က ဟန့်တားခြင်းမပြုဘဲ လက်ပိုက်ကြည့်နေလေတော့သည်။

* * *

ရှန်းချီတို့သည် မြို့စားဂေဟာသို့ ဦးတည်ထွက်လာခဲ့ကြလေသည်။

ကျင်းလုံက...

"သူက ဘာကြောင့် မြို့စားကြီးကို လုပ်ကြံချင်ရတာလဲ"

ရှမ်းချီက ဝမ်းကျင်းကို ကြည့်လိုက်သည်။

ဝမ်းကျင်း သက်ပြင်းချလိုက်လေသည်။

"အမှန်အတိုင်းပြောရရင် ရွှေပုံလွှားဂိုဏ်းဟာ အများအမြင်မှာ အဖြူရောင်ဂိုဏ်းဖြစ်ပေမယ့် နောက်ကွယ်မှာတော့ အနက်ရောင်ဂိုဏ်းပါပဲဗျာ"

ကျင်းလုံက...

"ကျုပ် သဘောပေါက်ပြီ၊ မြို့စားကြီးဟာ သူတို့ရဲ့မကောင်းမှုတွေကို သိသွားလို့လုပ်ကြံလိုက်တာပဲ မဟုတ်လား"

ဝမ်းကျင်းက...

"ရွှေပုံလွှားဂိုဏ်းရဲ့ ဌာနခွဲတစ်ခုဟာ ဘဏ္ဍာတော်တွေ



လုယက်ခဲ့ကြတယ်၊ သည်ကိစ္စကို မြို့စားကြီးသိသွားပြီး ဖမ်းဆီးအရေးယူခဲ့လို့ အဲသည်ဌာနခွဲတစ်ခုလုံး ပျက်စီးသွားခဲ့တယ်၊ ရွှေပုံလွှားဂိုဏ်းချုပ်ကတော့ အဲသည်ဌာနခွဲရဲ့ခေါင်းဆောင်က သူ့သဘောနဲ့သူ လုပ်ခဲ့တာဆိုပြီး ခေါင်းရှောင်ခဲ့တယ်"

ကျင်းလုံက...

"မြို့စားကြီးက ဘာမှမပြောဘူးလား"

ဝမ်းကျင်းက...

"မြို့စားကြီးဟာ ဆက်လက်စုံစမ်းဖို့ စီစဉ်ခဲ့တယ်၊ သည်အချိန်မှာ သူရဲကောင်းဖန်ချီလင်း ရောက်လာခဲ့တာ"

သူရဲကောင်းသုံးယောက်တွင် ဖန်ချီလင်းသည် တတိယနေရာရှိပြီး ကျင်းလုံးတို့နှင့်စာလျှင် အတွေ့အကြုံနည်းပါးသူ ဖြစ်လေသည်။

ထို့အပြင် ဖြူစင်ရိုးသားသော စိတ်သဘောထားရှိသည်။

သူတပါးအား ကြင်နာသနားတတ်၍လည်း ထိပ်တန်းသိုင်းပညာရှိသည့်တိုင်အောင် အလှည့်စားခံရကာ ဘေးအန္တရာယ်များနှင့် မကြာခဏ ရင်ဆိုင်ရတတ်သည်။

ကျင်းလုံနှင့်ရှန်းချီတို့က သူ့အား ညီလေးတစ်ယောက်ပမာ သဘောထားကာ ဆုံးမသွန်သင်ခဲ့ရလေသည်။

ရှန်းချီက...

"ရွှေပုံလွှားဂိုဏ်းက မြို့စားကြီးကို အကောက်ကြံနေချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖန်ချီလင်း ရောက်လာတော့ ရှုပ်ထွေးသွားတော့တာပေါ့”

ကျင်းလုံက...

“ရှုပ်ထွေးသွားတာ မဟုတ်ဘူးဗျ။ ရွှေပုံလွှားဂိုဏ်းချုပ် သဘောကျသွားတာ”

ရှန်းချီက...

“ဖန်ချီလင်းက တစ်ခါတစ်လေ မအူမလည်ဖြစ်တတ်တာကို သိထားလို့ အသုံးချဖို့ အကြံကြိုက်တွေ့သွားတာလား”

“ဒါပေါ့ သူတို့က မြို့စားကြီးကို လုပ်ကြံလိုက်တယ်၊ ပြီးတော့ ဖန်ချီလင်းခေါင်းပေါ် ပုံချလိုက်တာပေါ့”

ကျင်းလုံက ဝမ်းကျင်းကို မကျေမနပ် ကြည့်လိုက်သည်။

“ခင်ဗျားသာ ဖန်ချီလင်းရဲ့ဓားကို ခိုးယူမပေးဘူးဆိုရင် သူ ဒုက္ခရောက်မှာ မဟုတ်ဘူး”

ဝမ်းကျင်းက....

“ကျုပ်အမှားအတွက် ကျုပ်ပြန်ပြီး ပေးဆပ်ပါ့မယ်ဗျာ”

ကျင်းလုံက..

“ခင်ဗျား ဘယ်လိုပေးဆပ်မှာလဲ၊ ပြောပါဦး”

ဝမ်းကျင်းက...

“ရွှေပံလွှားဂိုဏ်းချုပ်က ကျုပ်ကို မဟုတ်တာ လုပ်ခိုင်းကတည်းက သဘောမကျလို့ သူ့အကြံကိုသိရအောင် စုံစမ်းခဲ့ပါတယ်ဗျာ၊ ဒါကြောင့်လည်း ဂိုဏ်းချုပ်ဖူးကျိူ့ဟာ တစ္ဆေနက်ဂိုဏ်းနဲ့ ပတ်သက်နေတယ်ဆိုတာ သိခဲ့ရတာပေါ့ဗျာ”



တစ္ဆေနက်ဂိုဏ်းဟူသောစကားကြောင့် ကျင်းလုံတို့ ရင်ထိတ်သွားကြရလေသည်။

တစ္ဆေနက်ဂိုဏ်းသည် အလွန်လျှို့ဝှက်သော ဂိုဏ်းတစ်ခုဖြစ်လေသည်။

အလွန်ကြောက်စရာကောင်းသော အနက်ရောင် သိုင်းထိပ်သီးသုံးဦး ဦးဆောင်လေသည်။

ဓားနက်ယွန်ကျန်း။

မဟူရာလက်ရန်ကျားဝူ။

ဘီလူးမည်းရှကွေတို့ ဖြစ်လေသည်။

တစ္ဆေနက်ဂိုဏ်းသည် နည်းလမ်းအမျိုးမျိုး အသုံးပြုကာ အဖြူရောင်သိုင်းဂိုဏ်းများအား ဖြိုခွဲနကြ၏။

သိုင်းလောကသားများသည် တစ္ဆေနက်ဂိုဏ်းအား ချေမှုန်းလိုကြပါသော်လည်း အလွန်လျှို့ဝှက်သဖြင့် ဖော်ထုတ်နိုင်စွမ်းပင်မရှိဘဲ လက်လျှော့ခဲ့ရလေသည်။

ကျင်းလုံတို့ကလည်း တစ္ဆေနက်ဂိုဏ်းအား ဖော်ထုတ်လိုက်ကြလေသည်။

ဝမ်းကျင်းက...

“ရွှေပုံလွှားဂိုဏ်းဟာ တစ္ဆေနက်ဂိုဏ်းနဲ့ပေါင်းပြီး ဘဏ္ဍာတော်တွေကို လုယက်ခဲ့တာ နောက်ပိုင်းမှာ ဂိုဏ်းချုပ်ဖူးကျိူ့က ရသ

www.burmeseclassic.com

www.burmeseclassic.com



မှ ရွှေချောင်းတွေကို အကုန်အပိုင်စီးလိုက်ပြီး တစ္ဆေနက်ဂိုဏ်းကို အဆက်အသွယ်ဖြတ်လိုက်တယ်”

ကျင်းလုံက...

“ဒါဆို တစ္ဆေနက်ဂိုဏ်းက ဘယ်ကျေနပ်ပါ့မလဲ”

“ဟုတ်တယ်၊ တစ္ဆေနက်ဂိုဏ်းနဲ့ ရွှေပုံလွှားဂိုဏ်း မကြာခဏ ထိပ်တိုက်တွေ့ကြမှာ သေချာတယ်”

ရှန်းချို သက်ပြင်းချလိုက်သည်။

“ဂိုဏ်းချုပ်ဖူးကျို့က ဖန်ချိုလင်းကို အသုံးချပြီး လူတွေကို အာရုံပြောင်းပေးလိုက်တယ်”

ကျင်းလုံက ဝမ်းကျင်းအား မေးလိုက်သည်။

“နေပါဦး၊ တစ္ဆေနက်ဂိုဏ်း ခေါင်းဆောင်သုံးယောက်ဟာ ကြောက်စရာကောင်းတယ်ဆိုပြီး ဂိုဏ်းချုပ်ဖူးကျို့ကို ရင်မဆိုင်ရဲ ကြဘူးလား”

ဝမ်းကျင်းက...

“သူတို့အကျင့်က တစ်မျိုးဗျ၊ ရွှေပုံလွှားဂိုဏ်းကို ဖြိုခွဲတော့ မယ်ဆိုရင် အောက်ခြေကစပြီး အမြစ်ပါမကျန် လှန်ပစ်ကြမှာ”

ကျင်းလုံက...

“ဌာနခွဲလေးတွေကို အရင်ဆုံး စပြီးချေမှုန်းမယ့် သဘော လား”

“ဟုတ်တယ်၊ တစ်ဆင့်ပြီးတစ်ဆင့် ချေမှုန်းသွားမှာ နောက်ဆုံးဂိုဏ်းဌာနချုပ်အထိပေါ့ဗျာ”



ရှန်းချိုက ကြားဝင်ပြောလိုက်သည်။

“ဖန်ချိုလင်းက သည်သတင်းကိုကြားမိလို့ ရောက်လာတာ ဖြစ်မယ်”

ကျင်းလုံ ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ သူနဲ့မြို့စားကြီးဟာ တော်တော်ရင်းနှီးတဲ့ မိတ်ဆွေတွေပဲ”

ရှန်းချိုက...

“ကျုပ်တို့နဲ့အတူ ဝမ်းကျင်းပါလာတာတောင် ဂိုဏ်းချုပ်ဖူး ကျို့က အမှုမထားဘူးဆိုတော့..”

သူ၏စကား မဆုံးမီ...

“ဟား..ဟား..ဟား”

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အဆိပ်

ရယ်မောသံများနှင့်အတူ လူတစ်စု ထွက်ပေါ်လာပြီး ကျင်လုံတို့အား ဝိုင်းရံထားလိုက်ကြလေသည်။

ကျင်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

"ရွှေပျံလွှားဂိုဏ်းသားတွေပဲ"

ရှန်းချီက...

"ဟုတ်တယ်၊ ကျုပ်တို့ကို ဘယ်နည်းနဲ့မှ အလွတ်ပေးမှာ မဟုတ်ဘူး"

ကျင်းလုံက...

"ကျုပ်တို့ကကော ဂရုစိုက်ရမှာလား"

ရွှေပျံလွှားဂိုဏ်းသားများအား ဦးဆောင်လာသူမှာ ဂိုဏ်းချုပ်ဖူးကျို့ဖြစ်လေသည်။



ဂိုဏ်းချုပ်ဖူးကျို့က...

"ဖန်ချီလင်းက အချိန်မီ ရှောင်တိမ်းသွားခဲ့လို့ ကံကောင်းသွားတယ်၊ ဒါမှမဟုတ်ရင် ကျုပ်က သူ့ကိုရှင်းပစ်လိုက်ပြီးပြီ"

ဖန်ချီလင်း သေဆုံးသွားမည်ဆိုပါလျှင် မြို့စားကြီးလုပ်ကြံခံရသည့်ကိစ္စ ဖြေရှင်း၍ရတော့မည် မဟုတ်ပါ။

ဂိုဏ်းချုပ်ဖူးကျို့က...

"မင်းတို့နှစ်ယောက်ကတော့ ကျုပ်လက်က မလွတ်နိုင်တော့ပါဘူး"

ကျင်းလုံက...

"ကျုပ်တို့က ခင်ဗျားကို ကြောက်နေမယ်ထင်လို့လား"

ဂိုဏ်းချုပ်ဖူးကျို့က...

"မင်းတို့ရဲ့သိုင်းပညာ မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်ကို ယှဉ်နိုင်မယ်လို့ မမျှော်လင့်ပါနဲ့လေ"

"ဟား..ဟား..ဟား"

ကျင်းလုံ ခံပြင်းစွာ ရယ်မောလိုက်သည်။

"ခင်ဗျားက ကိုယ့်ကိုကိုယ် အထင်ကြီးနေတာကိုး"

ဂိုဏ်းချုပ်ဖူးကျို့က...

"မင်းမယုံရင် လက်တွေ့စမ်းသပ်ကြည့်လေ"

"ကောင်းပြီ..ခင်ဗျား သတိထားပေတော့"

ကျင်းလုံက စတင်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယား"

ဗြာသံပေးသံများနှင့်အတူ ရွှေပုံလွှားဂိုဏ်းသားများ ရှေ့တိုးလာကြပြီးလျှင် ကျင်းလုံကို တားဆီးလိုက်ကြလေသည်။

ရှန်းချီက…

"ကျုပ်တစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

အော်ပြောရင်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်သွားလေသည်။

ဝမ်းကျင်းလည်း မနေနိုင်တော့ဘဲ ရှန်းချီတို့နှင့်အတူ လက်တွဲတိုက်ခိုက်လိုက်ရလေသည်။

ဤသို့ဖြင့် ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။

* * *

ကျင်းလုံနှင့်ရှန်းချီတို့မှာ လူသိများသော သူရဲကောင်းများဖြစ်လေသည်။

သူတို့၏သိုင်းပညာလည်း ထက်မြက်မှုရှိလေသည်။

ထို့ကြောင့်…

ရွှေပုံလွှားဂိုဏ်းသားများမှာ မယှဉ်နိုင်ဘဲ အရေးနိမ့်သွားကြလေတော့သည်။

"ဝုန်း"



"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာ၏။

ရွှေပုံလွှားဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် လဲသွားကြလေသည်။

ဂိုဏ်းချုပ်ဖူးကျို့ မဲ့ပြုံးပြုံးလိုက်သည်။

"မဆိုးဘူး"

လက်နှစ်ဘက် နောက်ပစ်ကာ ရှေ့တိုးလာ၏။

ကျင်းလုံ၊ ရှန်းချီနှင့်ဝမ်းကျင်းတို့ အချင်းချင်းကြည့်လိုက်ကြသည်။

သုံးယောက်သား ဂိုဏ်းချုပ်ဖူးကျို့အား တိုက်ခိုက်လိုက်ကြလေသည်။

ဂိုဏ်းချုပ်ဖူးကျို့က နောက်ပစ်ထားသောလက်နှစ်ဘက်ကို ရှေ့သို့ဆန့်ထုတ်လိုက်သည်။

ရုတ်တရက်…

ရွှေရောင်အလင်းတန်းများ ထွက်ပေါ်လာကာ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားလေတော့သည်။

"အား"

"အမယ်လေး"

"အွန့်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံတို့သုံးယောက် မြေပေါ်လဲကျသွားကြလေတော့ သည်။

* * *

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်သည်။

ကျင်းလုံတို့သုံးယောက် မြေပေါ်လဲကျနေကြ၏။

"ဟား...ဟား...ဟား"

ဂိုဏ်းချုပ်ဖူးကျို့က ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းတို့ ဘာတတ်နိုင်ကြသေးလဲ"

ကျင်းလုံက ညည်းတွားရင်း လူးလိမ့်ထလာသည်။

သူ၏မျက်နှာသည် ရှုံ့မဲ့နေ၏။

ပြင်းထန်သော ဝေဒနာတစ်ရပ် ခံစားနေရကြောင်း ထင် ပေါ်လွင်နေသည်။

ဂိုဏ်းချုပ်ဖူးကျို့ကို မုန်းတီးစက်ဆုပ်စွာ ကြည့်ရင်း...

"ခင်ဗျားဟာ ဂိုဏ်းချုပ်ကြီးတစ်ယောက်လုပ်ပြီး အဆိပ် အသုံးပြုတယ် အတော် ကောက်ကျစ်စဉ်းလဲတာပဲ"

ဂိုဏ်းချုပ်ဖူးကျို့က...

"ဘယ်လိုနည်းလမ်းကိုပဲ အသုံးပြုသည်ဖြစ်စေ အနိုင် အဓိကပဲ မဟုတ်လား၊ မင်းတို့ ကျုပ်လက်ချက်နဲ့ သေသွားကြ



ဆိုတာ ဘယ်သူမှသိနိုင်မှာမဟုတ်တော့ ကျုပ်ကို အပြစ်တင်လို့ မရ နိုင်တော့ပါဘူးလေ"

ကျင်းလုံက...

"လက်စသတ်တော့ ကျုပ်တို့အလောင်းတွေကိုပါ ဖျောက် ဖျက်ပစ်ဦးမှာပေါ့လေ"

"ဒါ အမှန်ပဲ"

ကျင်းလုံက...

"ကျုပ်တို့ ဘာကြောင့်ပျောက်ဆုံးသွားကြတယ်ဆိုတာကို ဖန်ချီလင်းက စုံစမ်းဖော်ထုတ်သွားမှာပဲ"

ဂိုဏ်းချုပ်ဖူးကျို့ မျက်နှာပျက်သွားလေသည်။

"ဖန်ချီလင်းကိုယ်တိုင်တောင် ထွက်ပြေးရှောင်တိမ်းနေရ တာ သူဘာတတ်နိုင်မှာမို့လဲ"

ကျင်းလုံက...

"သူတတ်နိုင်တယ်ဆိုတာ မကြာခင် ခင်ဗျားသိရပါလိမ့် မယ်ဗျာ"

ပြောရင်း သွေးမည်းများ ဝေါ့ခနဲအန်ထုတ်လိုက်လေသည်။

လုံးဝ မဟန်နိုင်တော့ဘဲ...

"ဝုန်း"

မြေပေါ်လဲကျသွားလေသည်။

ဂိုဏ်းချုပ်ဖူးကျို့ သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း…တစ္ဆေနက်ဂိုဏ်းနဲ့ ရင်ဆိုင်ရမယ့်အပြင် ဖန်ချီလင်းက လွတ်မြောက်နေသေးတယ်"

ဟု တီးတိုးရေရွတ်လိုက်၏။

တဖန်…

"ဖန်ချီလင်းနဲ့ တစ္ဆေနက်ဂိုဏ်းကို ရန်တိုက်ပေးနိုင်အောင် ကြိုးစားလို့ရရင် သိပ်ကောင်းမှာပဲ"

ထို့နောက်…

"သည်အလောင်းတွေကို သယ်သွားပြီး ဖျောက်ဖျက်ထားလိုက်ကြပေတော့"

ကျန်ရှိနေသော ဂိုဏ်းသားများအား အမိန့်ပေးလိုက်လေတော့သည်။

* * *

သူရဲကောင်းကျင်းလုံ။

သူရဲကောင်းရှန်းချီ။

စောရဝိဇ္ဇာဝမ်းကျင်း။

လူသိများ ထင်ရှားသူသုံးယောက်မှာ ရွှေပုံလွှားဂိုဏ်းချုပ်ဖူးကျို့၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ကြပြီဖြစ်သည်။

ဂိုဏ်းချုပ်ဖူးကျို့သည် အလွန်ပြင်းထန်သော အဆိပ်အပ်လေးများ အသုံးပြု၍ကာ လုပ်ကြံလိုက်ခြင်းဖြစ်သည်။



သူက အလွန်ပြင်းထန်သော အဆိပ်အပ်လေးများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ကြောင်း သိသူတစ်ဦးတစ်ယောက်မျှ မရှိချေ။

ထို့ကြောင့်လည်း ကျင်းလုံတို့ အငိုက်မိကာ အသက်ပေးခဲ့ကြပြီ ဖြစ်လေသည်။

ကျင်းလုံတို့ မည်သည့်နေရာရောက်ရှိသွားသည်ကို မည်သူမျှ သိနိုင်ကြမည် မဟုတ်ပါ။

သို့သော်…

ဖန်ချီလင်း လွတ်မြောက်နေသေး၏။

ဖန်ချီလင်း မည်သည့်နေရာ ရောက်နေပါသနည်း။

ဖန်ချီလင်းက ဘုံကျောင်းလေးတစ်ခုသို့ ရောက်ရှိနေပေ

* * *

www.burmeseclassic.com

www.burmeseclassic.com

## ပြိုင်ဘက်

ဖန်ချီလင်းက ဘုံကျောင်းလေးတစ်ခု၌ ရောက်ရှိနေခဲ့သည်။

ထိုဘုံကျောင်းလေး၌ ဆေးဆရာအဘိုးအိုတစ်ဦး နေထိုင်လျှက်ရှိသည်။

ထိုဆေးဆရာသည် ဖန်ချီလင်း၏ကျေးဇူးရှင်တစ်ဦးပင် ဖြစ်လေသည်။

ဆေးဆရာကသာ ဆေးဝါးကုသပေးခဲ့ခြင်းမရှိလျှင် ဖန်ချီလင်း သေဆုံးသွားသည်မှာ ကြာပြီဖြစ်လေသည်။

သူရဲကောင်းဖန်ချီလင်းဟူ၍ သိုင်းလောက၌ ထင်ရှားကျော်ကြားလာသောအခါ သူနှင့်သိုင်းပညာယှဉ်ပြိုင်လိုသူများ ရှိလာကြလေသည်။



ထိုလူများသည် ဖန်ချီလင်းကို စိန်ခေါ်လာကြလေသည်။

သို့သော်...

ဖန်ချီလင်းက ထင်ပေါ်ကျော်ကြားမှုအတွက် ယှဉ်ပြိုင်ကြခြင်းသည် အဓိပ္ပါယ်မရှိသောကိစ္စဟု သဘောထားကာ လက်မခံဘဲ ရှောင်ရှားခဲ့လေသည်။

မည်သို့ဆိုစေ...

သူ့အား ယှဉ်ပြိုင်လိုသူတစ်ဦးက သဲကြီးမဲကြီးဖြစ်လာလေသောအခါ ဖန်ချီလင်း မလွှဲမရှောင်သာ ယှဉ်ပြိုင်ခဲ့ရလေသည်။

ထိုအခါ...

ဒဏ်ရာပြင်းထန်စွာရကာ အသက်ဘေးနှင့်ကြုံတွေ့ခဲ့ရပြီး ဆေးဆရာနှင့်တွေ့ဆုံရန် အကြောင်းဖန်လာခဲ့တော့သည်။

ဖန်ချီလင်းအား သဲကြီးမဲကြီး လိုက်လံယှဉ်ပြိုင်ခဲ့သူမှာ ကျူးကျူးကျေးရွာသခင်လေး ကျူးစိန်ဖြစ်လေသည်။

* * *

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေသည်။

အဖြူရောင်ဝတ်ထားသော လူငယ်တစ်ဦးက မြင်းညိုကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကိုစီးနင်းကာ တောလမ်းအတိုင်း ခရီးနှင်လာလေသည်။

ထိုလူရွယ်ကား သိုင်းလောက၌ ဗာဟုနံထိုးကျော်ကြားလာသည့် သူရဲကောင်းလေး ဖန်ချီလင်းဖြစ်လေသည်။

ဖန်ချီလင်းသည် မြင်းတစ်စီး ဓားတစ်လက်ဖြင့် သိုင်းလောကတခွင်လှည့်လည်ကာ အများအကျိုး သည်ပိုးဆောင်ရွက်နေသူဖြစ်လေသည်။

ရှောင်ယွမ်ဒေသ၌ လူဆိုး ဓားပြများ ထကြွသောင်းကျန်းနေသည်ဟူသော သတင်းကြောင့် ဆုံးမနှိမ်နင်းရန် တောလမ်းတစ်ခုမှ ဖြတ်သန်း ခရီးနှင်လာခဲ့ခြင်းဖြစ်လေသည်။

ရှောင်ယွမ်ဒေသသို့ အမြန်ဆုံး အရောက်သွားလိုပါမှ ဖန်ချီလင်းအတွက် အနှောက်အယှက်တစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။

ရုတ်တရက်...

လူတစ်စုသည် သစ်ပင်ချုံပုတ်များကြားမှ ထွက်ပေါ်လာပြီး ဟန့်တားလိုက်ကြခြင်းကြောင့် ဖြစ်လေသည်။

ထိုလူစုက လမ်းပိတ်ထားလိုက်သဖြင့် ဖန်ချီလင်း ရှေ့ဆက်မသွားနိုင်တော့ပါချေ။

"ဟေး"

မြင်းဇေါက်ကာ အရှိန်သပ် ရပ်တန့်လိုက်ရတော့သည်။

ဖန်ချီလင်းသည် မြင်းပေါ်မှမဆင်းသေးဘဲ လမ်းပိတ်ထားသူများအား အကဲခတ်လိုက်ပြီး...



"နေပါဦး၊ ခင်ဗျားတို့က ကျုပ်ကို ဘာကြောင့်လမ်းပိတ်ထားကြတာလဲ၊ ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။

လမ်းပိတ်ထားသူများအား ဦးဆောင်လာသူက ရှေ့သို့လှမ်းထွက်လာသည်။

"သူရဲကောင်းလေးကို သည်လမ်းအတိုင်း ရှေ့ဆက်မသွားစေချင်လို့ပါဗျာ"

ဦးညွတ်ရင်း လေးလေးစားစား ပြောလာလေသည်။

ဖန်ချီလင်းက...

"ဘာကြောင့် သည်လမ်းအတိုင်း ရှေ့ဆက်မသွားစေချင်ရသလဲဆိုတာကော မပြောနိုင်ဘူးလားဗျ"

ဟု ထပ်မေးလိုက်သည်။ ထိုလူက...

"သည်လမ်းအတိုင်း မသွားစေချင်တာ တခြားလမ်းကသွားစေချင်လို့ပါဗျာ"

"သြော်"

ဖန်ချီလင်း ပြုံးလိုက်သည်။

"ကျုပ်ကို ဘယ်လမ်းက သွားစေချင်တာလဲ၊ ပြောပါဦးဗျာ"

ထိုလူက ဝဲဘက်တစ်နေရာသို့ ညွှန်ပြလိုက်သည်။

"ဟိုဘက်လမ်းအတိုင်း သွားစေချင်တာပါ"

ဖန်ချီလင်းက....

www.burmeseclassic.com

www.burmeseclassic.com



"အဲသည်လမ်းအတိုင်း ရှေ့ဆက်သွားရင် ဘာဖြစ်မလဲ၊ ဘယ်ကိုရောက်မလဲ"

ထိုလူက...

"သွားကြည့်ရင် သိရပါလိမ့်မယ်ဗျာ"

"ကောင်းပြီ"

ဖန်ချီလင်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ထိုလူ ညွှန်ပြသည့် ဝဲဘက်လမ်းအတိုင်း မြင်းကိုစီးနင်းသွားလိုက်လေတော့သည်။

ဖန်ချီလင်းသည် တစ်ခါတစ်ရံ၌ အူကြောင်ကြောင်နိုင်သူဟု အများက ဆိုကြလေသည်။

ယခုလည်း ဖန်ချီလင်း၏လုပ်ရပ်သည် အူကြောင်ကြောင်နိုင်လှသော လုပ်ရပ်ဖြစ်နေပါတော့သည်။

* * *

ဖန်ချီလင်းက ဝဲဘက်လမ်းအတိုင်း ရှေ့ဆက်လာခဲ့လေသည်။

အတန်ကြာ သွားပြီးသောအခါ လူတစ်စုရှိနေသည်ကို တွေ့လိုက်ရပြန်လေသည်။

ထိုလူစုကလည်း လမ်းပိတ်ထားကြခြင်း ဖြစ်သည်။



ဖန်ချီလင်း ပြုံးလိုက်သည်။

"ခင်ဗျားတို့ကကော ကျုပ်ကို သည်လမ်းအတိုင်း မသွားစေချင်ဘူး ဟုတ်လား"

ထိုလူစုမှ တစ်ယောက်က...

"ဟုတ်ပါတယ်ဗျာ"

ဖန်ချီလင်းက...

"ဒါဖြင့် ကျုပ်ဘယ်လမ်းက သွားရမလဲ"

ထိုလူက အရှေ့ဘက်ကို ညွှန်ပြလိုက်သည်။

"အရှေ့ဘက်ကို သွားပါ"

ဖန်ချီလင်းက...

"အနောက်ဘက်မှာ ကျန်ခဲ့တဲ့လူတွေနဲ့ ခင်ဗျားတို့လူစုက အတူတူပဲ မဟုတ်လား"

ထိုလူ ဘာမှမပြောချေ။

ဖန်ချီလင်းက...

"ခင်ဗျားမပြောလည်း ခင်ဗျားတို့ အတူတူပဲဆိုတာ ကျုပ်သိပါတယ်ဗျာ"

ထိုလူ ဝန်ခံလိုက်ရလေသည်။

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ..ခင်ဗျားတို့ဟာ ဘယ်အဖွဲ့အစည်းကလဲဆိုတာ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက...

"အရှေ့ဘက်ကိုသွားရင် သိရမှာပါ"

"ကောင်းပြီ"

ဖန်ချီလင်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ မြင်းကို အရှေ့ဘက်သို့ မောင်းနှင်သွားလေသည်။

သို့ဖြင့်...

လမ်းတလျှောက်တွင် တားဆီးပြီး လမ်းလွှဲပေးသည့်လူ လေးစုနှင့်တွေ့ခဲ့ရသည်။

ထိုလူများ ညွှန်ပြသည့်လမ်းအတိုင်း လာခဲ့ရာ နောက်ဆုံး အလွန်သာယာလှပသည့် ရေကန်ကြီးတစ်ခုရှေ့သို့ ရောက်ရှိသွားလေတော့သည်။

* * *



ရေကန်က ကြီးမားကျယ်ဝန်းပြီး ကန်ရေက ကြည်စိမ်းနေ၏။ ရေကန်ပတ်လည်တွင် သစ်ပင်ပန်းမာန်များဖြင့် စိုပြည်စိမ်းလန်းနေသည်။

ကျေးငှက်သာရကာလေးများကလည်း ဘာသာဘာဝ ပျော်မြူးနေကြလေသည်။

ဖန်ချီလင်းက ထိုသာယာလှပသော ရေကန်ကြီးထက် ရေကန်နံဘေး၌ ရပ်နေသူကို ပိုပြီးစိတ်ဝင်စားမိလေသည်။

ထိုလူမှာ လူငယ်လူရွယ်တစ်ဦး ဖြစ်သည်။

မင်းညီမင်းသားတစ်ပါးကဲ့သို့ ဝတ်ဆင်ထားပြီး ခါး၌ဓား တစ်လက် ချိတ်ဆွဲထားသည်။

ဖန်ချီလင်းကို ကျောခိုင်းထားပြီး ကဗျာတစ်ပုဒ် ရွတ်ဆိုနေသည်။ ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

"သခင်လေးကျူးစိန်ကိုး"

ကျူးကျားကျေးရွာမှ သခင်လေးကျူးစိန်မှာ သူ့အားယှဉ်ပြိုင်လိုသူများတွင် ရှေ့ဆုံးမှပါဝင်နေသူဖြစ်လေသည်။

သခင်လေးကျူးစိန်သည် လူတော်လူကောင်းတစ်ယောက် ဖြစ်ပြီး အများအကျိုး သိုင်းလောကအကျိုး သည်ပိုးဆောင်ရွက်လိုသူလည်း ဖြစ်သည်။

ထို့ကြောင့် ဖန်ချီလင်းက သခင်လေးကျူးစိန်နှင့် ယှဉ်ပြိုင်ခြင်းမပြုလိုပါချေ။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ထိပ်တိုက်မတွေ့ရလေအောင် သတိထား

ပြီး ရှောင်ရှားခဲ့သည်။

ယခုတော့ မည်သည့်နည်းနှင့်မျှ ရှောင်ရှား၍မရတော့

သခင်လေးကျူးစိန်၏ ကဗျာရွတ်ဆိုမှု ပြီးဆုံးသွား၏။

ဖန်ချီလင်းဘက်သို့ လှည့်လာသည်။

ဖန်ချီလင်းက....

"ရှောင်ယွမ်ဒေသမှာ လူဆိုးဓားပြတွေ တော်တော်ကိုထကြ

သောင်းကျန်းနေကြတာ"

သခင်လေးကျူးစိန် ပြုံးလိုက်သည်။

"သည်ကိစ္စကို ခင်ဗျား စိတ်ပူစရာမလိုတော့ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျား အလုပ်မရှုပ်ရအောင် ကျုပ်လူတွေက နှိမ်နင်းထ

လိုက်ပါပြီ"

"ဪ"

သခင်လေးကျူးစိန်သည် မယှဉ်ပြိုင်ဘဲ နေ၍မရအောင်

ကြိုတင်စီစဉ်ထားခဲ့ပြီးပြီ မဟုတ်ပါလား။

ဖန်ချီလင်းက....

"ဒါဆိုရင်တော့ ကျေးဇူးပါပဲဗျား၊ ကျုပ်ကို သွားခွင့်ပြုပ

ဦး"

ပြောပြီး ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။



ထုံးစံအတိုင်း ဖန်ချီလင်း၏ အပြုအမူမှာ အူကြောင်ကြောင်

နိုင်လှပေတော့သည်။ သခင်လေးကျူးစိန်က ပြုံးလိုက်သည်။

"ခင်ဗျား တကယ်ပဲ သွားတော့မလို့လား"

"ကျုပ်"

"မသွားသင့်သေးဘူးဆိုတာ ခင်ဗျားသိပါတယ်"

ဖန်ချီလင်း ခြေလှမ်းတုန့်ခနဲ ရပ်သွားလေသည်။

သခင်လေးကျူးစိန်ဘက်သို့ ပြန်လှည့်လိုက်သည်။

"တခြားနည်းလမ်းမရှိတော့ဘူးလားဗျာ၊ ဥပမာ ကျုပ်တို့

မိတ်ဆွေဖွဲ့ကြမယ်၊ အရက်သောက်ကြမယ်၊ သီချင်းအတူတူဆိုကြ

မယ်"

သခင်လေးကျူးစိန်က...

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဒါတွေဖြစ်လာဖို့ အရင်ဆုံးလုပ်

ရမှာက"

"ယှဉ်ပြိုင်ဖို့နည်းလမ်းပဲ ဆိုပါတော့"

"ဟုတ်တယ်"

"ကျုပ်က လက်မခံဘူးဆိုရင်ကော"

သခင်လေးကျူးစိန် ရယ်မောလိုက်သည်။

"ကျုပ်က အတင်းယှဉ်ပြိုင်ဖို့ ကြိုးစားမှာပေါ့"

စကားဆုံးလျှင် ခန္ဓာကိုယ် မြေပေါ်ကြွတက်လာပြီး ဖန်ချီ

လင်းအနီးသို့ ရိပ်ခနဲ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ထဲ၌ဓားတစ်လက်ဆွဲကိုင်ထားပြီးသား ဖြစ်နေသည်။

"ခင်ဗျားရဲ့ရင်ဝကို သတိထားပါ"

သခင်လေးကျူးစိန်က သတိပေးရင်း အမှန်တကယ်ပင် ဖန်ချီလင်း၏ရင်ဝကို တိုက်ခိုက်လိုက်လေသည်။

ဖန်ချီလင်းလည်း ဘာမှမတတ်နိုင်တော့ဘဲ ပြန်လည်ရင်ဆိုင် တိုက်ခိုက်လိုက်ရလေသည်။

ဤသို့ဖြင့်...

ဖန်ချီလင်းနှင့် သခင်လေးကျူးစိန်တို့ ယှဉ်ပြိုင်ဖြစ်ခဲ့ကြလေတော့သည်။

* * *



ဖန်ချီလင်းနှင့် သခင်လေးကျူးစိန်တို့သိုင်းကွက်သုံးရာကျော်အထိ ယှဉ်ပြိုင်ခဲ့ကြရလေသည်။

သခင်လေးကျူးစိန်လက်ချက်ဖြင့် ဖန်ချီလင်းမှာ ဓားဒဏ်ငါးချက်ရခဲ့လေသည်။

ဖန်ချီလင်းကမူ သခင်လေးကျူးစိန်အား ဒဏ်ရာသုံးချက်ရအောင် တိုက်ခိုက်နိုင်ခဲ့သည်။

သို့သော် ဖန်ချီလင်းရရှိသော ဒဏ်ရာငါးချက်အနက် တစ်ချက်သာ သေကွင်းသေကွက်ထိပြီး ပြင်းထန်ခဲ့သည်။

သခင်လေးကျူးစိန်ရခဲ့သော ဒဏ်ရာသုံးချက်အနက် နှစ်ချက်က အလွန်ပြင်းထန်သည်။

ထို့ကြောင့် ပြိုင်ပွဲပြီးဆုံးသွားသောအခါ ဖန်ချီလင်း အနိုင်ရသွားခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဆေးဆရာ၏အကြံ

ဘုံကျောင်းအတွင်း၌ တိတ်ဆိတ်နေ၏။

ဖန်ချီလင်းက သခင်လေးကျူးစိန်နှင့် ယှဉ်ပြိုင်ခဲ့ရပုံများ ပြန်လည်တွေးတောနေသည်ကို ဆေးဆရာက အသာလေး ကြည့်နေခဲ့လေသည်။

သက်ပြင်းချသံနှင့်အတူ ဖန်ချီလင်း လှုပ်ရှားလာတော့

"မင်းဟာ သေလုမျောပါးဒဏ်ရာကြီးနဲ့ လမ်းဘေးမှာလဲ တုန်း ငါနဲ့တွေ့ခဲ့ရတာကို ပြန်စဉ်းစားနေတာ မဟုတ်လား"

ဖန်ချီလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

ဆေးဆရာက...

"သည်တစ်ခါတော့ မင်း ဘာဒဏ်ရာမှမရဘဲ ရောက် တာ"



ဖန်ချီလင်းက...

"ကျုပ်က ထွက်ပြေးလာတာပါ"

ဆေးဆရာ ပြုံးလိုက်သည်။

"ဖန်ချီလင်း..မင်းကို လူတွေက အင်မတန် အူကြောင် ကြောင်နိုင်တယ်လို့ ပြောပေမယ့် ငါတော့မယုံဘူး"

"ဘာဖြစ်လို့လဲဗျ"

"မင်းက သိပ်ပြီးပါးနပ်တော့ အကြောင်းမသိရင် အူကြောင် ကြောင်နိုင်တယ် ထင်ရတာပေါ့"

"ဟာ..မဟုတ်တာဗျာ"

"ငါဆီကို မင်းရောက်လာတယ်၊ ထူးထူးဆန်းဆန်း တရား ခဲ့တယ်၊ ဒါကြောင့် မင်းရဲ့ဓားကို စောရဝိဇ္ဇာဝမ်းကျင်းက ခိုးယူ နိုင်ခဲ့တာပေါ့"

ဖန်ချီလင်း ပခုံးတွန့်လိုက်သည်။ ဆေးဆရာက...

"ဝမ့်ကျင်းက မင်းရဲ့ဓားကို ခိုးယူပြီး ဘာလုပ်မလဲဆိုတာ သိချင်လို့ တမင်သည်လိုလုပ်ခဲ့တာ မဟုတ်လား"

ဖန်ချီလင်း ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ခုတလော သိုင်းလောကအခြေအနေ ရှုပ်ထွေးနေတယ်၊ ဘဏ္ဍာတော်တွေ လုယက်ခံရတယ်၊ တချွေ ထိုးဆိုတာပေါ်လာတယ်၊ ဒါ့အပြင် ရွှေပျံလွှားဂိုဏ်းကလည်း ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သည်ကိစ္စတွေနဲ့ မင်းက ဓားကိုတမင် အခိုးခံလိုက်တဲ့ကိစ္စ ဘာဆိုင်လို့လဲ"

ဖန်ချီလင်းက...

"စောရဝိဇ္ဇာကို လူတစ်စုက သဲကြီးမဲကြီးရှာနေတယ်လို့သ တင်းရခဲ့တယ်၊ မကြာပါဘူး၊ ရွှေပျံလွှားဂိုဏ်းရဲ့ဌာနခွဲတစ်ခုဟာ ဘုရင့်ဘဏ္ဍာတွေ လုယက်ခဲ့တဲ့အကြောင်းကို မြို့စားကြီးက ဖေ ထုတ်ချေမှုန်းလိုက်တယ်၊ ကျုပ်နဲ့မြို့စားကြီးက အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ ရွှေပျံလွှားဂိုဏ်းဟာ သူတို့ရဲ့ကံကြမ္မာအတွက် မြို့စားကြီးနဲ့ရင်ဆိုင်ရမယ်ဆိုရင်.."

ဆေးဆရာက..

"မင်းရဲ့ဓားကို ခိုးယူပြီး မင်းရဲ့ခေါင်းပေါ် အပြစ်ပုံချလိုက် တာပေါ့"

ဖန်ချီလင်း ရယ်မောလိုက်သည်။

"ခေါင်းပေါ် အပြစ်ပုံချခံရတဲ့ကိစ္စဟာ အင်မတန်ဆိုးရွား တယ်ထင်ရပေမယ့် ခုချိန်မှာတော့ သည်လိုကိစ္စမျိုးဟာ အင်မတ ကောင်းတဲ့ကိစ္စလို့ ကျုပ်နားလည်ထားပါတယ်"

"ဟာ..မင်းက အူကြောင်ကြောင်နိုင်.."

"အူကြောင်ကြောင်နိုင်တာလည်း ကောင်းတာပဲ မဟုတ် လား"

"မင်း"



ဖန်ချီလင်းက တည်ကြည်သော မျက်နှာထားဖြင့်ပြော လိုက်လေသည်။

"ဘဏ္ဍာတော်တွေကို ရွှေပျံလွှားဂိုဏ်းနဲ့တစ္ဆေနက်ဂိုဏ်း ပူး ပေါင်းပြီး လုယက်ခဲ့ကြတာလို့ ကျုပ်သတင်းရထားပြီးပါပြီ၊ ဘဏ္ဍာ ရွှေချောင်းတွေကို ရွှေပျံလွှားဂိုဏ်းက အပိုင်စီးထားလိုက်လို့ တစ္ဆေ နက်ဂိုဏ်းနဲ့ ပြဿနာဖြစ်လာမှာပဲ၊ ကျုပ်က ရွှေပျံလွှားဂိုဏ်း အသုံးချ တာကို ခံခဲ့ရပြီးပြီ"

ဆေးဆရာက...

"မင်းက သူတို့နဲ့ ရင်ဆိုင်ဖြေရှင်းမှာလား"

ဖန်ချီလင်း ခေါင်းခါယမ်းလိုက်သည်။

"အခုတော့ အချိန်မရသေးပါဘူးဗျာ"

"ဘာဖြစ်လို့လဲ"

ဖန်ချီလင်းက...

"ကျုပ်မှာ တခြားအလုပ်တစ်ခု ရှိသေးလို့ပါ"

"ဘာအလုပ်များလဲ"

"တစ္ဆေနက်ဂိုဏ်းရဲ့ အသုံးချတာကို ခံယူဖို့ပါဗျာ"

သူ၏စကားအဆုံးတွင် ဆေးဆရာက တဟားဟား ရယ် မောလိုက်လေတော့သည်။

ဖန်ချီလင်းက...

"တစ္ဆေနက်ဂိုဏ်းက ရွှေပျံလွှားဂိုဏ်းကို ကိုယ်ပိုင်သေဒဏ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ကျုပ်က မအူမလည်ဆိုတော့ အခွင့်ကြုံတာနဲ့ ကျုပ် ဒုက္ခရောက်အောင် ကျုပ်ခေါင်းပေါ် အပြစ်ပုံချမယ်၊ ရွှေပုံလွှားဂိုဏ်း ကို လှည့်စားကြမယ်၊ ကျုပ်ကို အသုံးချလို့ရနိုင်မယ်လို့ သူတို့ ကြည့်လိုက်တာနဲ့ သူတို့နှစ်ဂိုဏ်းစလုံးကို ကျုပ်က ချေမှုန်းနိုင်ပြီ ဗျာ"

ဆေးဆရာက...

"မင်း သည်လိုလုပ်မယ်ဆိုတာ သူတို့ ရိပ်မိသွားရင်

ဖန်ချီလင်းက...

"သည်ကိစ္စကို ဆရာကြီးတစ်ယောက်ပဲ သိတာပဲလေ"

ဆေးဆရာ သက်ပြင်းချလိုက်သည်။

"မင်းပြောသလိုပဲ တမ္ဗေနက်ဂိုဏ်းဟာ ရွှေပုံလွှားဂိုဏ်း စပြီးတိုက်ခိုက်နေပြီ၊ သူတို့လုပ်ရှားနေတဲ့ နယ်မြေထဲမှာ ကျုပ်ရဲ့ ဆွေတစ်ယောက်ရှိတယ်၊ အခွင့်ကြုံရင် သူက မင်းကိုကူညီပါ မယ်"

ဆေးဆရာကြီးမှာ ယခင်က အဖြူရောင်သိုင်းသမား အဖြစ် သိုင်းလောက၌ ကျင်လည်ကျက်စားခဲ့ဖူးသူဖြစ်လေသည်။

ဒုစရိုက်သမားများနှင့် သိုင်းသမားဆိုးများအား ဆုံး ပါမှ အများပြည်သူ အေးချမ်းစွာ နေထိုင်နိုင်မည်ကို နားလည် သဖြင့် ဖန်ချီလင်းအား တတ်စွမ်းသည့်ဘက်မှ ကူညီနေခြင်းဖြစ် သည်။



ဆေးဆရာက တမ္ဗေနက်ဂိုဏ်းနှင့် ရွှေပုံလွှားဂိုဏ်းပြဿနာ များ ဖြစ်ပေါ်နေသည့် အရပ်ဒေသနှင့် သူ၏မိတ်ဆွေအကြောင်းကို ပြောပြလိုက်လေသည်။

ဖန်ချီလင်းက....

"အင်မတန်ကောင်းတဲ့ သတင်းပါပဲဗျာ၊ ကျုပ် အဲသည်ကို ခုတ်ချင်းသွားလိုက်ပါ့မယ်"

ဆေးဆရာက...

"မင်းက တမ္ဗေနက်ဂိုဏ်းကိုသွားပြီး အူကြောင်ကြောင်လုပ် ပြတော့မယ်ပေါ့"

"ဟုတ်ပါတယ်ဗျာ"

ထို့နောက် နှစ်ယောက်သား တဟားဟားရယ်မောလိုက်ကြ လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## တဗ္ဗေနက်ဂိုဏ်း

တဗ္ဗေနက်ဂိုဏ်းသည် အနက်ရောင်သိုင်းသမားဆိုးများဖြ
ဖွဲ့စည်းထားပြီး သိုင်းလောကအား ဒုက္ခပေးရန် ကြိုးစားနေသည့်
လျှို့ဝှက်ဂိုဏ်းတစ်ခု ဖြစ်လေသည်။

တဗ္ဗေနက်ဂိုဏ်းအား ဓားနက်ယွန်ကျန်း၊ မဟူရာလက်ဖ
ကျားဂူနှင့် ဘီလူးမည်းရှကွေတို့က ဦးဆောင်ကြသည်။

ဘီလူးမည်းရှကွေတို့ သုံးယောက်သည် နည်းလမ်းအမျိုး
မျိုး အသုံးပြုကာ အနက်ရောင်သိုင်းသမားများအား စည်းရုံးသိမ်း
သွင်းပြီး အဖြူရောင်သိုင်းသမားများအား တိုက်ခိုက်ရာ၌လည်း
ကောင်း၊ ဒုစရိုက်မှုများ ကျူးလွန်ရာ၌လည်းကောင်း ခိုင်းစေခဲ့ကြလေ
သည်။



နောက်ကွယ်တွင် ဒုစရိုက်မှုများ ကျူးလွန်နေသည့် ရွှေပျံ
လွှားဂိုဏ်းချုပ်ဖူးကျို့ကဲ့သို့ လူစားမျိုးများနှင့်လည်း မဟာမိတ်ဖွဲ့
ကြလေသည်။

ဂိုဏ်းချုပ်ဖူးကျို့သည် တဗ္ဗေနက်ဂိုဏ်းနှင့်လက်တွဲပြီး
သဗ္ဗာတော်ရွှေချောင်းများ လုယက်ခဲ့ပြီး ဝေစုခွဲမပေးဘဲ အပိုင်စီး
လိုက်သောအခါ တဗ္ဗေနက်ဂိုဏ်းသည်ဂိုဏ်းချုပ်ဖူးကျို့ကို တိုက်ခိုက်
မှ် ဆုံးဖြတ်လိုက်ကြလေသည်။

တဗ္ဗေနက်ဂိုဏ်း၏ ခေါင်းဆောင်သုံးဦးက သူတို့အားထားရ
သော 'မှင်စာညီအစ်မ'အား အခြားအနက်ရောင်သိုင်းသမားများကို
ဦးဆောင်၍ ရွှေပျံလွှားဂိုဏ်း၏ အားထားရသော ဌာနခွဲများအား
တိုက်ခိုက်ချေမှုန်းရန် တာဝန်ပေးလိုက်ကြလေသည်။

မှင်စာညီအစ်မသည် တဗ္ဗေနက်ဂိုဏ်း၏ ခေါင်းဆောင်များ
ဖြစ်သော ခေါင်းဆောင်သုံးယောက် ချုပ်ကိုင်ထားသော အနက်
ရောင်သိုင်းသမားအချို့အား ဖိတ်ခေါ်လိုက်ကြသည်။

မှင်စာညီအစ်မအား အမှောင်လောကသားများက မှင်စာ
ယီဟုလည်း ခေါ်ကြလေသည်။

မှင်စာမယ်သည် ဘာမှမသိနားမလည်ဟန်ဆောင်ထား
သော ဖန်ချီလင်းကို တွေ့ရသောအခါ အသုံးချရန် စိတ်ကူးမိလေ
သည်။

ထိုသို့ စိတ်ကူးမိခြင်းကပင် ဖန်ချီလင်း၏ ထောင်ချောက်ထဲ

www.burmeseclassic.com



ကျရောက်ခဲ့ကြရလေတော့သည်။

ဖန်ချီလင်းသည် သူ့အပေါ် အပြစ်ပုံချသည့်ကိစ္စများ စိတ်ပျက်မိသော်လည်း စိတ်ရှည်သည်းခံကာ မသိချင်ဟန်ဆော င်ခြင်းဖြင့် မှင်စာမယ်တို့အား ပြန်လည်ဆုံးမရန် အခွင့်အရေးရရှိခဲ့ တော့သည်။

* * *

ဖန်ချီလင်းသည် မြင်းတစ်စီးဖြင့် မြို့ကလေးအတွင်းသို့ ရောက်လာခဲ့ပြီး စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်တန့်လိုက် သည်။

ခရီးပြင်းနှင်လာခဲ့ရသဖြင့် မောပန်းနွမ်းနယ်နေသော်လည်း ဗိုက်ထဲဆာလောင်နေသည် မဟုတ်ပါ။

ခရီးပြင်းနှင်လာခဲ့သဖြင့် သူ၏မြင်းက မောပန်းနေရာ ကို အနားပေးရန်နှင့် သတင်းစုံစမ်းလိုခြင်းကြောင့် စားသောက် ရှေ့၌ ရပ်နားလိုက်ခြင်းဖြစ်သည်။

ဆိုင်လုလင်တစ်ယောက်က ပျာပျာသလဲ ကြိုဆိုလာ

"ဆရာလေး ဘာများသုံးဆောင်မလဲ အမိန့်ရှိပါခင်ဗျာ"

ဖန်ချီလင်းက...

"မြက်ခြောက်နဲ့ ရေတစ်ပုံးလောက်ပေးပါ"



"ဗျာ"

"ဟေ့ ငါစားဖို့မဟုတ်ဘူးကွ၊ မြင်းကျွေးဖို့ကွ"

"ဟုတ်..ဟုတ်ကဲ့"

"မင်းပဲ ငါ့မြင်းကို ရေတိုက်ပြီး အစာကျွေးလိုက်ပါ"

"ကောင်းပါပြီခင်ဗျာ"

ဖန်ချီလင်းက ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်သည်။ ဆိုင်လုလင် ဝမ်းသာအားရ ဖြစ်သွားတော့သည်။

ဆိုင်ထဲမဝင်ဘဲ အပြင်ဘက်၌ရပ်ကာ ဆိုင်လုလင်က မြင်း ကိုအစာရေစာ ကျွေးမွေးနေသည်ကို ကြည့်နေလိုက်၏။

ဆိုင်လုလင်မှာ ငွေတုံးကလေးမျက်နှာကြောင့် ဖော်ဖော် ရွေရွေရှိနေပါတော့သည်။

"ဆရာလေးက ရပ်ဝေးကလာခဲ့တာထင်တယ်"

ဖန်ချီလင်းက...

"ဟုတ်တယ်..ကျန်းနန်ကို သွားမလို့ကွ"

"ဟာ်..အဝေးကြီးပါလား"

"ဒါပေ့ါ"

"ဆရာလေး ကျန်းနန်ဆိုတာ တစ်ရက်နှစ်ရက်နဲ့ ရောက်နိုင် တဲ့နေရာမှမဟုတ်တာ၊ သည်မှာ အနားယူပြီးမှ ခရီးဆက်တာ ပို ကောင်းမယ်"

ဖန်ချီလင်း ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အရေးကြီးတဲ့ကိစ္စရှိနေတယ်ကွ၊ ဒါကြောင့်အမြန် သွားရမှာ"

ဆိုင်လုလင်က...

"ဒါဆို သည်မှာမနားဖြစ်ရင်လည်း ရှေ့ဆက်သွား နောက်တစ်နေ့နေမွန်းတည့်လောက်မှာ ရောက်နိုင်မယ်၊ မြို့က တွေ့ရင် အဲသည်မှာ အနားယူတာ အကောင်းဆုံးပါပဲ"

ဖန်ချီလင်းသည် ရှေ့ခရီးဆက်လိုသဖြင့် ဆိုင်လုလင် စကားကို အမှုမထားတော့ချေ။

"ကျူပ်က"

"မဟုတ်သေးဘူး ဆရာလေး"

ဆိုင်လုလင်က ရှေ့လမ်းခရီးတလျှောက်အကြောင်းကို တနာထားကာ ပြောပြနေ၏။

ဖန်ချီလင်း နားထောင်နေသော်လည်း တကယ်တမ်း ဂရု စိုက်ခဲ့ချေ။

သူ၏မြင်းမှာ အစာရေစာဝဝလင်လင် စားရပြီး အမော သွားပြီဟု ယူဆလျှင်...

"ငါ့မြင်းကို ဂရုစိုက်လို့ မင်းကိုကျေးဇူးတင်တယ်၊ ကဲ သွားလိုက်ဦးမယ်"

ဆိုင်လုလင်ကို နှုတ်ဆက်ကာ မြင်းပေါ်ခုန်တက်ပြီးမောင် နှင်သွားလိုက်လေတော့သည်။

## ပွဲဦးထွက်

ဖန်ချီလင်းက မြင်းညိုကြီးကို ခပ်သွက်သွက်ပြေးလွှားသွားအောင် မောင်းနှင်လိုက်သည်။

မကြာမီ မိုးချုပ်တော့မည်ဖြစ်ရာ နားခိုစရာနေရာတစ်ခုခု အရောက်သွားနိုင်မှ ဖြစ်ပေလိမ့်မည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းညိုကြီး ကဆုန်ပေါက်ပြေးသွား၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ဖန်ချီလင်းမှာ အတော်ကလေး ခရီးပေါက်လာပြီဖြစ်သော်လည်း တစ်ညတာ နားခိုစရာနေရာ ရှာမတွေ့သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီမှာ အနောက်ဘက်တွင် လုံးလုံးလျားလျား ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်သည်။

နေရောင်ခြည် ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုက အစားထိုး နေရာယူတော့သည်။

အမှောင်ထု တစ်စထက်တစ်စ အားကောင်းလာ၏။

ပတ်ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များသာ လွှမ်းမိုးနေ၏။

ဖန်ချီလင်းမှာ နားခိုစရာနေရာရှာရင်း နောက်ဆုံးခရီးတစ်ထောက်နားစဉ်က စားသောက်ဆိုင်မှ ဆိုင်လုလင်၏ပြောစကားများကို ပြန်လည်ကြားယောင်လာသည်။

"ဆရာလေး ရှေ့ခရီးဆက်မယ်ဆိုရင် မနက်စောစော ထသွားတာကောင်းမယ်၊ အခု မွန်းတည့်နေပြီဆိုတော့ နေမဝင်ခင် နားခိုစရာနေရာတစ်ခုရောက်အောင် သွားနိုင်မှာမဟုတ်ဘူး၊ တောထဲမှာပဲ ညအိပ်ရလိမ့်မယ်၊ လမ်းခရီးမှာ လူဆိုးဓားပြတွေ ကျက်စားနေကြတယ်ခင်ဗျ"

ဖန်ချီလင်းသက်ပြင်းချလိုက်သည်။

ဆိုင်လုလင်၏စကားကို နားထောင်လျှင် ယခုလို ဒုက္ခရောက်မည် မဟုတ်ပါချေ။

"အင်း..ဘာပဲဖြစ်ဖြစ် တောထဲတောင်ထဲမှာပဲ တစ်ညအိပ်ရတော့မှာပဲ"

ညအိပ်ရန် ဆုံးဖြတ်လိုက်သည်။



လမထွက်မီ ရှေ့ခရီးဆက်ရန် မလွယ်ချေ။

တောအုပ်ထဲဝယ် နားခိုပြီး လထွက်ချိန်မှလည်း ခရီးမဆက်နိုင်တော့ချေ။

အနားယူရန် ဆုံးဖြတ်ပြီးသည်နှင့် သင့်တော်မည့်နေရာကို ရှာဖွေကြည့်လိုက်လေသည်။

ထိုစဉ်...

"ဟင်..ဟိုမှာ မီးရောင်တစ်ခုပါလား"

မလှမ်းမကမ်း တစ်နေရာတွင် မီးရောင်မလင်းတစ်လှည့် လင်းတစ်လှည့် ထွက်ပေါ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ဖန်ချီလင်း ဝမ်းသာသွားလေသည်။

"မီးရောင်ရှိရင် လူရှိမှာပဲ၊ တစ်ညတည်းခိုခွင့်တော့ ပြုကောင်းပါရဲ့"

တွေးတောပြီး မီးရောင်ထွက်ပေါ်လာရာဆီသို့ ဦးတည်ကာ မြင်းကိုမောင်းနှင်သွားလေသည်။

မီးရောင်တွေ့လိုက်ရခြင်းကြောင့် သိပ်မဝေးလှဟု ထင်မိသော်လည်း သစ်ပင်ချုံနွယ်များကြားမှ အတန်ကြာဖြတ်သွားပြီးသည့်တိုင် မီးရောင်ထွက်ပေါ်နေသည့် နေရာဆီသို့ မရောက်နိုင်သေးပါချေ။

ဝန်းကျင်တွင် အမှောင်ထုက ပို၍အားကောင်းလာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လမထွက်မီ ပိန်းပိတ်အောင် မှောင်နေရကား ပို၍ခရီးတွင်နိုင် ဖြစ်ရတော့သည်။

သို့တိုင်...

ဖန်ချီလင်း စိတ်မပျက်ဘဲ မီးရောင်ထွက်ပေါ်နေသည့်နေရာသို့ ဦးတည်သွားသည်။

သစ်ပင်ကြီးများအား ကွေ့ပတ်ကျော်ဖြတ်ကာ နောက်ထပ်အချိန်အတန်ကြာသွားပြီးမှ မီးရောင်ထွက်ပေါ်နေသည့်နေရာဆီသို့ ရောက်ရှိလာသည်။

မီးရောင်သည် ပြိုကျပျက်စီးနေပြီဖြစ်သော အဆောက်အဦးပျက်တစ်ခုအတွင်းမှ ထွက်ပေါ်နေခြင်းဖြစ်သည်

တောတောင်ထဲတွင် အဆောက်အဦးပျက်တစ်ခုနှင့် မီးရောင်တွေ့မြင်ရသည်မှာ အံ့ဩစရာကောင်းလှပေသည်။

"အဆောက်အဦးပျက်ကြီး တစ်ခုပါလား၊ ဘယ်လိုလူစားမျိုးက ဒီမှာလာပြီး အဆောက်အဦးဆောက်လုပ်ခဲ့တာပါလိမ့်"

ဖန်ချီလင်း တအံ့တဩ ရေရွတ်လိုက်သည်။

"မီးရောင်ထွက်ပေါ်နေတော့ အထဲမှာလူရှိမှာ သေချာတယ်၊ ဒီလူက လူကောင်းလား လူဆိုးလား"

ဟုလည်း တွေးမိပြန်သည်။

ရှေ့တိုးရန် မဝံ့မရဲဖြစ်နေသလို နောက်ဆုတ်၍လည်း မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်နေသည်။



မတတ်သာသည့်နောက်ဆုံး...

"အခြေအနေ သွားကြည့်တာ မမှားပါဘူး၊ ငါက ဘယ်သူ့ကိုဒုက္ခပေးတာ မဟုတ်ဘူး၊ ငါ့ကိုလည်း ဒုက္ခပေးကြမယ် မထင်ပါဘူး"

ထိုသို့တွေးပြီး မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သစ်ပင်ချုံနွယ်များကြားတွင် မြင်းကိုဂုက်ထားလိုက်ပြီး ...ပ်ကလေးကို ကျောပိုးကာ အဆောက်အဦးပျက်ဆီသို့ ချဉ်းကပ်...သည်။

အဆောက်အဦးမှာ တစ်ချိန်က လွန်စွာမှပင် ခန့်ညားထည်...ခဲ့ပုံရသည်။

စုလစ်မွန်းချွန်များ၊ ပန်းကနုတ်များဖြင့် တန်ဆာဆင်ထား... အဆောက်အဦးဘေးတွင် ရေကန်၊ တောင်အတုနှင့်ကျောက်ပြား...ထားသော လမ်းကလေးရှိသည်။

သို့သော်...

စုလစ်မွန်းချွန်များ ကနုတ်ပန်းများ ကျိုးပဲ့ပျက်စီးနေပြီဖြစ်...သည်။

ရေကန်မှာ ရေခန်းခြောက်ကာ မြက်ပင်ချုံနွယ်များ ပိတ်ဖုံး...သည်။

လူသူစွန့်ခွာသွားသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်...ကြောင်းသိနိုင်ပေသည်။

www.burmeseclassic.com



လူသူစွန့်ပစ်ထားသည့် အဆောက်အဦးပျက်အတွင်းဝယ် အဘယ်ကြောင့် မီးရောင်ထွက်ပေါ်နေပါသနည်း။

ဖန်ချီလင်းရင်ထဲ လှုပ်ရှားလာသည်။

လူငယ်ပီပီ စူးစမ်းလိုသောစိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် အဆောက်အဦးအနီးသို့ ချဉ်းကပ်သွားပြီး တံခါးရွက်တွဲကျနေသည့် ပြတင်းပေါက်မှတစ်ဆင့် အတွင်းဘက်သို့ချောင်းကြည့်လိုက်သည်။

အတွင်းဘက်မှ မမျှော်လင့်သောမြင်ကွင်းကို တွေ့မြင်လိုက်ရလျှင် တစ်ကိုယ်လုံး တောင့်တင်းသွားရတော့သည်။

အကြောင်းကား...

အတွင်းဘက်တွင် လွန်စွာမှပင် ခမ်းနားကြီးကျယ်စွာ ပြင်ဆင်ထားပြီး လူတစ်စုရှိနေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်ပေသည်။

* * *

## မှင်စာမယ်

အဆောက်အဦးပျက်...။

အဆောက်အဦးပျက်၏ အတွင်းဘက်ကား အပြင်ဘက်နှင့် [illegible]လားမျှမဆိုင်အောင် ခမ်းနားထည်ဝါနေ၏။

အခန်းတွင်းဝယ် အရိုက်သရိုက်ဟူ၍ မြူမှုန်မျှပင်မရှိ[illegible]အောင် လှပ်ကျင်းထားရာ ကြမ်းပြင်မှာ အရောင်တဖိတ်ဖိတ် ဝင်း[illegible]နေသည်။

ကျွန်းထည်အကောင်းစား အိမ်ထောင်ပရိဘောဂများ အစီ[illegible] ခင်းကျင်းထား၏။

အခန်းထောင့်တစ်ရောတွင် မီးလင်းဖိုကြီး တစ်ခုရှိနေပြီး [illegible]ပွားထည့်ထားရာ တဖျစ်ဖျစ်မြည်ကာ မီးစွဲလောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးလင်းဖိုမှ ထွက်ပေါ်လာသော အလင်းရောင်သည် အ ဆောက်အဦးအတွင်းဝယ် နေ့ဘက်နှင့်မခြားအောင် လင်းထိန်နေ တော့သည်။

အခန်းအလယ်တွင် စားပွဲရှည်တစ်ခု ခင်းကျင်းထားပြီး ယာတစ်ဘက်တစ်ချက်တွင် လူတစ်စုစီတန်းထိုင်နေကြ၏။

ဖန်ချီလင်း ရေတွက်ကြည့်လိုက်သောအခါ ထိုလူစုမှာ ဆယ့်နှစ်ယောက်တိတိ ရှိနေသည်ကို တွေ့ရသည်။

ဝဲဘက်ခြမ်း၌ ထိုင်နေသူခြောက်ယောက်သည် အပြာရော အဝတ်အစားများ ဝတ်ဆင်ထားကြသည်။

ယာဘက်၌ ထိုင်နေသူခြောက်ယောက်မှာမူ အနက်ရော အဝတ်အစားများ ဝတ်ဆင်ထားကြသည်။

သူတို့အားလုံး ဓားကိုယ်စီ ကျောပိုးထားကြသည်ကိုလည်း တွေ့ရ၏။

ဖန်ချီလင်း မျက်မှောင်ကြုတ်သွားသည်။

“တောထဲတောင်ထဲ လူမရှိတဲ့ အိမ်ပျက်ကြီးထဲမှာ လူ ဘာလာလုပ်နေကြတာပါလိမ့်”

သူက ထပ်မံအကဲခတ် ကြည့်လိုက်လေသည်။

အပြာရောင်ဝတ်ဆင်ထားသူ ခြောက်ယောက်အနက် ယောက်မှာ အသက်နှစ်ဆယ်ကျော်ခန့်သာရှိသေးသည့် လူငယ် ဖြစ်ပြီး ကျန်သုံးယောက်မှာ အသက်သုံးဆယ်ကျော် လူကြီးများ



ကြသည်။

အနက်ရောင်ဝတ်ဆင်ထားသူများမှာမူ လူငယ်လူရွယ် ခြောက်ယောက် ဖြစ်ကြလေသည်။

သူတို့၏ပုံသဏ္ဍာန်ကို ကြည့်ရသည်မှာ တစ်စုံတစ်ယောက် အား စောင့်မျှော်နေကြပုံရသည်ဟု တွေးမိလေသည်။

“သူတို့ဟာ ဘယ်သူတွေလဲ၊ ဘယ်သူ့ကိုများ စောင့်နေကြ သလိမ့်၊ အင်း သူတို့လူစုဟာ တစ်ဖွဲ့ထဲတော့မဖြစ်နိုင်ဘူး၊ အုပ်စုနှစ်စု ဖြစ်ရမယ်”

သူတွေးတောနေစဉ်မှာပင် အပြာရောင်ဝတ်ဆင်ထားသူ ခြောက်ယောက်အနက် ထိပ်ဆုံးမှထိုင်နေသူက ပြတင်းပေါက်ဘက် မျက်နှာမူကာ…

“မိတ်ဆွေ..ခင်ဗျားဝင်လာဖို့ကောင်းပါပြီ၊ ကျုပ်တို့စောင့် နေကြပါတယ်”

ဟုကြည်လင်ပြတ်သားသောလေသံဖြင့် လှမ်းပြောလာ သည်။

ဖန်ချီလင်း ရင်ထိတ်သွား၏။

“ဒုက္ခပါပဲ၊ ငါရောက်နေတာ သူတို့သိသွားကြပြီကိုး”

သိသွားမှ မထူးတော့ဘူးဟုတွေးကာ ပြတင်းပေါက်အို ကျော်ဝင်မည့်ဟန် ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်…

www.burmeseclassic.com

www.burmeseclassic.com



"ခစ်…ခစ်"

ရှိုလှှင်သာယာသော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖန်ချီလင်း ခေါင်းနပန်းကြီးသွားသည်။

ရယ်သံရှင်ကို ရှာဖွေလိုက်စဉ်…

ရုတ်တရက် သူနှင့်မနီးမဝေးတစ်နေရာမှ လှုပ်ရှားမှုတစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ထိုနေရာ၌တံခါးရွက်မရှိတော့သည့် ဟာလာဟင်းလင်း ပွင့်နေသော ပြတင်းပေါက်တစ်ခု ရှိနေပါသည်။

လူရိပ်သည် ပြတင်းပေါက်ကို ဖြတ်ကျော်ကာ အတွင်းဘက်သို့ ခုန်ဝင်သွားခြင်းဖြစ်လေသည်။

ဖန်ချီလင်းက မျက်တောင်မခတ် ကြည့်နေမိလေသည်။

ထိုလူရိပ်သာ ထွက်ပေါ်လာခြင်းမရှိလျှင် အိမ်ထဲသို့ သူဝင် သွားမိမည် ဖြစ်၏။

ယခုတော့ အတွင်းဘက်မှလူများက သူ့အားဝင်လာရန် ခေါ်သည်လော။

သို့တည်းမဟုတ် သူ့ထက်ဦးအောင် ခုန်ဝင်သွားသူအား ခေါ်သည်လော ဝေခွဲမရသဖြင့် အသာငြိမ်နေလိုက်သည်။

မီးရောင်အောက်တွင် ခုန်ဝင်သွားသူကို သေသေချာချာ မြင်လိုက်ရလေသည်။



ထိုလူကိုမြင်လျှင် ဖန်ချီလင်း မျက်မှောင်ကြုတ်သွား၏။

ထိုလူမှာ အသက်နှစ်ဆယ်ခန့်ရှိသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ဖျင်ကြမ်းအင်္ကျီဝတ်ဆင်ထားပြီး ဆင်းရဲနွမ်းပါးသောအသွင်ရှိ၏။

သူမ၏မျက်နှာတွင် ကျောက်ပေါက်ရာ အမာရွတ်များပြည့်နှက်နေသည်ကို တွေ့ရ၏။

ကျောက်ပေါက်ရာ အမာရွတ်များသာမရှိလျှင် အလွန်ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု ဆိုရပေမည်။

ယခုတော့ ကျောက်ပေါက်ရာများက သူမ၏အလှကို ဖျက်ဆီးပစ်သလို ရှိနေပေတော့သည်။

အကျည်းတန်မိန်းကလေးကို ငေးကြည့်နေမိစဉ်…

"မင်းက ဘယ်သူလဲ"

အပြာရောင်ဝတ်ဆင်ထားသူများ၏ ဝဲဘက်အစွန်ဆုံးထိုင်နေသူက မေးလိုက်သည်။

တစ်ဆက်တည်းပင် ငေါက်ခနဲ ထရပ်လိုက်လေသည်။

ထိုလူ ထရပ်လိုက်သည်နှင့် ကျန်ငါးယောက်လည်း ပြိုင်တူထရပ်လိုက်ကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများကား ငြိမ်သက်စွာ ထိုင်နေကြဆဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အကျည်းတန်မိန်းကလေးကို မျက်တောင်
ခတ်ကြည့်နေကြ၏။

အကျည်းတန်မိန်းကလေးက...

"ကျွန်မနာမည် 'မှင်စာမယ်'လို့ ခေါ်တယ်ရှင့်"

"ဘာ"

'မှင်စာမယ်'ဆိုသောအမည်ကြားလျှင် အပြာရောင်ဝ
ဆင်ထားသူများက ဟအံ့တသြ ဖြစ်သွားကြလေသည်။

အပြာရောင်ဝတ်ဆင်ထားသူအနက် ဝဲဘက်အစွန်ဆုံး
ထိုင်နေသောလူမှာ အသက်အကြီးဆုံးဖြစ်ပြီး ခေါင်းဆောင်ဖြစ်ဟ
ရှိလေသည်။

ထိုလူက...

"မှင်စာမယ် ဟုတ်လား၊ ဒါဖြင့် ကျုပ်တို့ကို ဒီနေရာမှာစို
လိုက်တာ ခင်ဗျားပေါ့"

မှင်စာမယ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်၊ ရှင်တို့ဟာ ငွေဖားပျံလို့ကျော်ကြား
နေကြတော့လည်း အဆောက်အအုံအတွင်းဘက်ကို နန်းတော်ကြ
လိုကြီးကျယ်သွားအောင် ကျွန်မ ဖန်တီးလိုက်ရတာပေါ့၊ဒါမှရှင်
ရောက်လာတဲ့အခါ ကောင်းကောင်းမွန်မွန်ဧည့်ခံနိုင်မယ် မဟုတ်
လားရှင့်"

အပြာရောင်ဝတ်ခေါင်းဆောင်က...



"အပိုတွေပြောမနေနဲ့ ဘာကြောင့် ကျုပ်တို့ကို ချိန်းလိုက်ရ
တယ်ဆိုတာ ပြောပါ"

ဟု မျက်နှာထား ခပ်တည်တည်ဖြင့် ပြောလိုက်၏။

မှင်စာမယ်က ရယ်မောလိုက်သည်။

"ပြောပါ့မယ်ရှင်"

ပြောမည်ဆိုသော်လည်း မပြောသေးဘဲ အနက်ရောင်ဝတ်
ဆင်ထားသူဘက်လှည့်ကာ...

"ရှင်တို့ကလည်း 'မြွေဆိုး'လို့ ကျော်ကြားနေကြတာပဲ၊
ကျွန်မ အခုပြင်ဆင်ထားတဲ့အခန်းကို သဘောမကျကြဘူးလားရှင်"

ဟု မေးလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ ခြောက်ယောက်အနက်
ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ထရပ်လိုက်သည်။

မှင်စာမယ်ကို ကြည့်ကာ...

"အပိုတွေပြောပြီး အချိန်ဖြုန်းနေမယ့်အစား ဘာကြောင့်
ကျုပ်တို့ကို ဖိတ်ခေါ်လိုက်ရတယ်ဆိုတာ ပြောပါ"

ဟု ပြန်မေးလိုက်သည်။

မှင်စာမယ်က...

"ကျွန်မ အပိုပြောနေတာ မဟုတ်ပါဘူး၊ ရှင်တို့အတွက် ဒီ
အခန်းရဲ့အပြင်အဆင်က အရေးပါလို့ ပြောနေတာပါရှင်"

"ကျုပ်တို့အတွက် အရေးပါတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ သိုင်းလောကမှာ မြွေဆိုးတွေဆိုရင် လူ
တိုင်းကကြောက်ရွံ့သွားတတ်ကြတာပဲ၊ ဖားပျံတွေရဲ့အမည်လည်း
ဒီအတိုင်းပဲ၊ ဒါပေမယ့် ရှင်တို့ထက်စာရင် ကျွန်မနာမည်က ပိုပြီး
ကျော်ကြားတယ်ရှင့်"

သူမ၏စကားကြားလျှင် မတ်တတ်ရပ်နေသည့် အနက်
ရောင်ဝတ်ဆင်ထားသူက သဘောကျစွာ ပြုံးလိုက်လေသည်။

"မှင်စာမယ်ဆိုတဲ့နာမည် ကျော်ကြားတယ်ဆိုတာ ကျုပ်
လက်ခံပါတယ်၊ ခင်ဗျားက ဂုဏ်ချင်းပြိုင်ဆိုင်ဖို့ ကျုပ်တို့ကို ဖိတ်ခေါ်
လိုက်တာ မဟုတ်ဘူးထင်တယ်၊ ပွင့်ပွင့်လင်းလင်းပြောရင် ကောင်း
မယ်၊ ဒါမှမဟုတ်ရင် ကျုပ်တို့ပြန်သွားရုံပဲ ရှိတယ်ဗျ"

မှင်စာမယ် လက်ကာပြလိုက်သည်။

ပြီးမှ...

"ရှင်က လာလို့ရတယ်၊ ဒါပေမယ့် သွားလို့မရဘူး၊ ကျွန်မ
ခွင့်ပြုမှ သွားလို့ရမယ်၊ ဒါဟာ ကျွန်မရဲ့နေရာလေ"

အနက်ရောင်ဝတ်ဆင်ထားသူ ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ..ခင်ဗျားက ပွင့်ပွင့်လင်းလင်း မပြောဘူး၊ ကျုပ်
တို့ကို မလိမ့်တစ်ပတ် မျှားခေါ်ခဲ့တယ်ဆိုရင် တားဆီးနိုင်အောင်
ကြိုးစားပါ၊ ကျုပ်တို့ကလည်း အချိန်ကုန်အောင်လုပ်ခဲ့တဲ့ ခင်ဗျားကို
ရှောင်မသွားဘူး"

သူ၏စကားဆုံးသွားသည်နှင့် ကျန်အနက်ရောင်ဝတ်ဆင်



ထားသူ ငါးယောက်လည်း 'ဝုန်း'ခနဲ ထရပ်လိုက်ကြသည်။

အခြေအနေမှာ ချက်ချင်းတင်းမာသွားသည်။

"ခစ်..ခစ်..ခစ်"

မှင်စာမယ်က သဘောကျစွာ ရယ်မောလိုက်သည်။

တိုက်ခိုက်မည့်ဟန် လုံးဝမပြဘဲ သဘောကျစွာ ရယ်မော
နေသည်ကို တွေ့ရသဖြင့် အားလုံး အံ့သြသွားကြသည်။

မှင်စာမယ်က သဘောကျစွာ ရယ်မောပြီးမှ...

"ကောင်းပြီ..နောက်မှ တိုက်ခိုက်ကြတာပေါ့၊ အခုတော့ ရှင်
တို့ကို ဘာကြောင့်ဖိတ်ခေါ်လိုက်ရတယ်ဆိုတာ ကျွန်မ ပြောပြမယ်၊
ရှင်တို့ ဘာကြောင့် ဒီနယ်ကိုလာခဲ့ကြတာလဲ၊ ဒီနယ်မြေဟာ ကျွန်မ
ရဲ့နယ်မြေဆိုတာ မသိကြဘူးလား"

သူမ၏စကားကြားလျှင် အနက်ရောင်ဝတ်ဆင်ထားသူများ
တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။

မှင်စာမယ်က အပြာရောင်ဝတ်ဆင်ထားသူများဘက်လှည့်
ကာ....

"ရှင်တို့ကကော"

ဟု မေးလိုက်သည်။

အပြာရောင်ဝတ်ဆင်ထားသူများကလည်း လှုပ်လှုပ်ရှား
ရှား ဖြစ်သွားကြသည်။

ထိုလူစုအနက် ခေါင်းဆောင်ဖြစ်ဟန်ရှိသူက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မှာ ဘာကိစ္စရှိတယ်ဆိုတာ ခင်ဗျားရိပ်မိမှာပါ၊ ကျုပ်တို့ကို လွှတ်လိုက်တဲ့လူက ခင်ဗျားနဲ့ပူးပေါင်းဆောင်ရွက်ရ မယ်လို့ ပြောလိုက်ပါတယ်"

ဟု ပြောလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများ၏ ခေါင်းဆောင်ဖြစ်ဟန် ရှိသူကလည်း...

"ဟုတ်တယ်၊ ကျုပ်တို့ကို နိုင်းလိုက်တဲ့လူကလည်း ခင်ဗျား နဲ့ပူးပေါင်းဆောင်ရွက်ရမယ်လို့ ညွှန်ကြားလိုက်ပါတယ်"

မှင်စာမယ်က သဘောကျစွာ ပြုံးလိုက်သည်။

"ဟုတ်ပြီ၊ ရှင်တို့ကို ကျွန်မ စကားနားထောင်ရမယ်လို့ကော အမိန့်မပေးလိုက်ဘူးလား"

"ဒီလိုတော့ မပြောလိုက်ဘူးဗျ"

ခေါင်းဆောင်နှစ်ယောက်စလုံးက တညီတညွတ်တည်း ပြောလိုက်ကြခြင်းဖြစ်သည်။

မှင်စာမယ် မျက်မှောင်ကုပ်သွားသည်။

"ဒါတော့ ရှင်တို့ကိုလွှတ်လိုက်တဲ့လူ ညံ့ဖျင်းတာပဲ၊ တကယ် ဆိုရင် ကျွန်မက အားကိုးလောက်တဲ့လူတွေ လိုချင်တာ၊ ရှင်တို့ကို တစ်ခါတည်း အမိန့်ပေးလိုက်မယ်ထင်နေတာ၊ ကျွန်မ ဘာကြောင့် ဖိတ်ခေါ်ရလိုက်ရလဲလို့ မေးနေတော့ အံ့ဩမိသေးတယ်"

မြွေဆိုးအဖွဲ့ခေါင်းဆောင်က...



"ခင်ဗျားနဲ့ အလုပ်တစ်ခုပူးပေါင်းဆောင်ရွက်ရမယ်လို့ အရိပ်အမြွက် ပြောလိုက်ပါတယ်၊ ဒါပေမယ့် ဘာလုပ်ရမယ်ဆိုတာ ခင်ဗျားကိုယ်တိုင် ပြောပြမယ်လို့မှာလိုက်ပါတယ်"

ဖားပျံအဖွဲ့၏ခေါင်းဆောင်ကလည်း သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ရင်ဆိုင်တိုက် ခိုက်တော့မည့်အသွင် ဖြစ်ပေါ်လာပြီးမှ ပြန်လည်သင့်မြတ်သွားကြ ပြန်သည်။

မှင်စာမယ်က...

"ထားပါတော့လေ၊ အလုပ်တစ်ခု လုပ်ရမယ်ဆိုတာ အမှန် ပါ ဒါပေမယ့် ရှင်တို့က ကျွန်မစကား နားထောင်ရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

မြွေဆိုးအဖွဲ့ခေါင်းဆောင်က မကျေမနပ် မေးလိုက်လေ သည်။ မှင်စာမယ်က...

"ဘာကြောင့်လဲဆိုတော့ သေမင်းသုံးဖော်က ကျွန်မကို ခေါင်းဆောင်ရမယ်လို့ အမိန့်ပေးခဲ့လို့ပဲရှင့်၊ ကျွန်မရဲ့အမိန့်ကို မနာခံ တဲ့လူရှိရင် သုတ်သင်ပစ်ရမယ်လို့လည်း မှာခဲ့တယ်"

ထိုစကားကြားလျှင် အနက်ရောင် ဝတ်ဆင်ထားသူများသာ မက အပြာရောင် ဝတ်ဆင်ထားသူများပါ မျက်နှာပျက်သွားကြလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာမယ်က ဆက်ပြောလိုက်သည်။

"ကဲ..ရှင်တို့ ဆုံးဖြတ်ကြပါ၊ ကျွန်မ စကားနားထောင်မလား ဒါမှမဟုတ် အသေခံမလား"

အနက်ရောင်ဝတ်ဆင်ထားသူများနှင့် အပြာရောင်ဝတ်ဆင်ထားကြသူများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး စဉ်းစားနေလိုက်ကြလေသည်။

မှင်စာမယ်က သူတို့အား အကဲခတ်ကြည့်နေသည်။

အတော်လေးကြာမှ အနက်ရောင်ဝတ်ဆင်ထားသူများ၏ ခေါင်းဆောင်က...

"ကျုပ် သဘောတူပါတယ်ဗျာ"

ဟု ပြောလိုက်လေသည်။

အပြာရောင်ဝတ်ဆင်ထားသူများ၏ ခေါင်းဆောင်လည်း မနေနိုင်တော့ဘဲ...

"ကျုပ်လည်း သဘောတူပါတယ်ဗျာ"

ဟုပြောလိုက်ရလေသည်။

သူတို့သည် မှင်စာမယ်အား သဘောမကျသော်လည်း သေမင်းသုံးဖော်အား ကြောက်ရွံ့ခြင်းကြောင့် သဘောတူလိုက်ကြခြင်းဖြစ်ကြောင်း ချောင်းကြည့်နေသည့် ဖန်ချီလင်း နားလည်လိုက်လေသည်။

မှင်စာမယ်က သဘောကျစွာ ပြုံးလိုက်လေသည်။



"ဒီလိုမှပေါ့ရှင်၊ ဒါမှလည်း ရှင်တို့ကို ဖိတ်ခေါ်ရကျိုးနပ်တော့ ပေါ့"

"ကျုပ်တို့ ဘာလုပ်ရမယ်ဆိုတာ ပြောပါ"

အနက်ရောင်ဝတ်ခေါင်းဆောင်က မေးလိုက်လေသည်။

အပြာရောင်ဝတ်ဆင်ထားသူများကလည်း မှင်စာမယ်ပြောမည့်စကားကို နားစွင့်နေကြလေသည်။

မှင်စာမယ်က...

"ရှင်တို့ ဘာလုပ်ရမယ်ဆိုတာ ကျွန်မပြောပြပါ့မယ်၊ ဒီနေရာရဲ့အရှေ့ဘက် ဆယ်မိုင်လောက်အကွာမှာ မြို့ကလေးတစ်မြို့ ရှိတယ်၊ အဲဒီမြို့ကလေးကို ရှင်တို့ ရောက်ဖူးကြတယ် မဟုတ်လား"

အားလုံးက ရောက်ဖူးကြောင်း ခေါင်းညိတ်ပြလိုက်ကြ၏။

မှင်စာမယ်က ဆက်ပြောလိုက်လေသည်။

"အဲဒီမြို့ကလေးမှာ ရွှေပုံလွှားဂိုဏ်းဌာနခွဲတစ်ခု ရှိတယ်၊ ရှင်တို့ရဲ့တာဝန်ဟာ ရွှေပုံလွှားဌာနခွဲကို မြေပေါ်ပြားပြားဝပ်သွားအောင် ချေမှုန်းပစ်ဖို့ပဲ"

ဖန်ချီလင်း မျက်လုံးပြူးသွားလေသည်။

မမျှော်လင့်ပဲ သိုင်းလောက အရှုပ်အရှင်းတစ်ခုနှင့် တွေ့နေပြီဖြစ်လေသည်။

ရွှေပုံလွှားဂိုဏ်းမှ ဌာနခွဲတစ်ခု ဖျက်ဆီးချေမှုန်းခြင်းခံရမည့်ဘေးအန္တရာယ်ကို သိရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံလွှားကိုဖေါ်ဟ်ဌာနခွဲသို့သွားပြီး သတင်းပေးလျှင် သ
လျှော်လေမည်လော။

ဖန်ချီလင်း တွေးတောစဉ်းစားရင်း မည်သို့မျှ ဆုံးဖြတ်
မရဘဲ ငိုင်နေမိလေသည်။

ထိုစဉ်...

မှင်စာမယ်၏စကားသံ ထွက်ပေါ်လာပြန်သည်ကို ကြာ
လိုက်ရလေသည်။

"မနက်ဖြန်ညသန်းခေါင်ချိန် ရှင်တို့ အဆင်သင့်ဖြစ်နေပါ
ကျွန်မ အချက်ပေးလိုက်တာနဲ့ ရှင်တို့ဝင်ပြီး တိုက်ခိုက်ကြရလိမ့်မ
တစ်ယောက်မကျန် ချေမှုန်းပစ်ရမယ်"

အနက်ရောင်ဝတ်ဆင်ထားသူများ၏ ခေါင်းဆောင်က...

"ကောင်းပြီလေ၊ မနက်ဖြန်ည ကျုပ်တို့ ရွှေပုံလွှားကိုဖေါ်ဌာ
နခွဲအနီးတပိုက်မှာ အဆင်သင့်ရှိနေမယ်၊ ခင်ဗျား ဘယ်လိုအချက်
မယ်ဆိုတာပဲပြောပါ"

"လွယ်ပါတယ်၊ အချက်ပေးသံသုံးချက်တိတိ ကြားရင် တ
ခါတည်း ဝင်တိုက်ကြပေတော့၊ ဒီကိစ္စဟာ သေမင်းသုံးဖော် စီ
တဲ့ကိစ္စဆိုတာ ပေါက်ကြားသွားရင် သက်သာမှာမဟုတ်ဘူး ဆိုတာ
ကိုလည်း သတိထားကြဦး"

"စိတ်ချစမ်းပါဗျာ"

"ကဲ...ရှင်တို့ ဒီမှာဟစ်ညဟည်းခိုချင်တယ်ဆိုရင် ကျွန်



ဝန်ယူစီစဉ်ပေးမယ်၊ ဒါမှမဟုတ် သွားချင်တယ်ဆိုရင်.."

သူမသည် စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ အားလုံးကို ဝေ့
ကြည့်လိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ၏ ခေါင်းဆောင်က...

"ကျုပ်တို့ သွားမယ်"

ဟုပြောလိုက်သည်။

အပြာရောင်ဝတ်ဆင်ထားသူများ၏ ခေါင်းဆောင်ကလည်း

"ကျုပ်တို့လည်း သွားမယ်"

ဟု ပြောလေသည်။ မှင်စာမယ် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ...ရှင်တို့သွားကြမယ်ဆိုရင်လည်း သွားကြပေ

အနက်ရောင်ဝတ်ဆင်ထားသူများက ဘာမှမပြောတော့ဘဲ
န်းတွင်းမှ ထွက်ခွာသွားကြလေသည်။

အပြာရောင်ဝတ်ဆင်ထားကြသူများလည်း ထွက်သွားကြ
သည်။

ဖန်ချီလင်းမှာ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေလိုက်၏။

ထိုလူများသည် သူ၏နံဘေးမှဖြတ်ကာ အမှောင်ရိပ်ထဲ
င်ပျောက်ကွယ်သွားကြလေသည်။

ထိုလူများ ပျောက်ကွယ်သွားမှ ဖန်ချီလင်းက အတွင်းဘက်
လည် ချောင်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် မျက်လုံးအစုံ ပိုင်းစက်ပြူးကျယ်သွားသည်။

ယောင်ယမ်းပြီး မအော်မိရလေအောင် မနည်းချုပ်တည်းထားလိုက်ရ၏။

အကြောင်းကား...

အခန်းတွင်းဝယ် မှင်စာမယ်နှင့် ရုပ်ချင်းခွဲမရအောင်သည့် နောက်ထပ် မိန်းကလေးတစ်ယောက် ရောက်နေသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ဖန်ချီလင်းက မျက်လုံးမှိတ်လိုက်ပြီး ပြန်ဖွင့်ကြည့်လေသည်။

သူ၏အမြင် မမှားပါ။ အမှန်တကယ် မှင်စာမယ် ၂ယောက် ရှိနေလေတော့သည်။

* * *

မိန်းကလေးနှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြ၏။

မည်သည့်မိန်းကလေးက အရင်ရောက်ခဲ့ပြီး မည်သည့်မိန်းကလေးက နောက်မှရောက်လာသည်ကို မသိနိုင်ပါချေ။

သူတို့နှစ်ယောက်သည် ဆံပင်မှစ၍ ခြေဖျားအထိ သဝေမတိမ်း တူညီနေကြလေသည်။



ဖန်ချီလင်း မယုံကြည်နိုင်အောင် ဖြစ်နေ၏။

တဒင်္ဂအချိန်အတွင်းမှာပင် မိန်းကလေးတစ်ယောက်မှ နောက်ထပ်တစ်ယောက် ကိုယ်ပွားထွက်ပေါ်လာသည် မဟုတ်ပါသား"

ဖန်ချီလင်း ငေးကြည့်နေစဉ် ဝဲဘက်၌ရပ်နေသည့် မိန်းကလေး(ဝါ) မှင်စာမယ်ထံမှ စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"သူတို့ကို စိတ်ချရပါ့မလား"

ကျန်တစ်ယောက်က...

"စိတ်မချနိုင်စရာအကြောင်း မရှိပါဘူး၊ ဖားပျံခြောက်ယောက်ရဲ့ခေါင်းဆောင် ငွေဖားပျံဟာ သေမင်းသုံးဖော်ရဲ့ချုပ်ကိုင်မှုကို ခံနေရတာပဲ၊ ဒါကြောင့် သူတို့ဟာ ငွေဖားပျံရဲ့အမိန့်ကို လွန်ဆန်ဝံ့ကြမှာမဟုတ်ဘူး၊ မြွေဆိုးတွေလည်း ဒီအတိုင်းပဲ၊ သူတို့ဟာ ဆင်းမ လက်မည်းရဲ့အမိန့်ကို ကလန်ကဆန် မလုပ်ဝံ့ဘူး"

ဟု ပြောလိုက်သည်။

သူတို့နှစ်ယောက် ပြောနေကြသည့် စကားကြားလျှင် ယာဘက်၌ရပ်နေသည့် မိန်းကလေးမှာ ထွက်သွားကြသူများနှင့် တွေ့ဆုံခဲ့သူဖြစ်ပြီး ဝဲဘက်၌ရပ်နေသည့် မိန်းကလေးမှာ နောက်မှရောက်လာသူဖြစ်ကြောင်း ဖန်ချီလင်း တွက်ဆမိလေသည်။

ထိုမိန်းကလေးနှစ်ယောက်မှာ သူကပုန်းအောင်း နား

www.burmeseclassic.com



ထောင်နေသည်ကို သိရှိသွားပါလျှင် ကျိန်းသေဒုက္ခပေးလာမည်
နားလည်ထား၏။

ပထမ မိန်းကလေးက…

"ကိစ္စပြီးတာနဲ့ သူတို့ကို ရှင်းပစ်ရမှာပဲ၊ နှမြောဖို့
အကောင်းသား၊ သူတို့တွေအားလုံး ထက်ထက်မြက်မြက်ရှိတ
သူတို့လို လူစားမျိုး အလွယ်တကူ မရနိုင်ဘူး"

"ဒါဖြင့် ရှေ့ဆက်အသုံးချဖို့ရအောင် ကြိုးရှည်ရှည်နဲ့
ထားလိုက်ရင် မကောင်းဘူးလား"

"မဖြစ်ဘူး၊ တို့ရဲ့ကိစ္စ ခြေရာလက်ရာ မကျန်ဖို့ကပို
အရေးကြီးတယ်၊ သူတို့နောက်လိုက်သွားပြီး အခြေအနေကြည့်
မယ်"

"ဘာမဆို သတိမပြတ်ရှိနေဖို့ လိုတယ်"

ဒုတိယမိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

စကားဆုံးလျှင် အပြင်ဘက်သို့ လှစ်ခနဲ ထွက်သွားကြ
သည်။ ဖန်ချီလင်းမှာ သူမတို့၏ လှုပ်ရှားမှုမှ ထွက်ပေါ်လာသေ
အရှိန်ကြောင့် ရင်ထဲအေးခနဲ ဖြစ်သွား၏။

သတိပြုကြည့်လိုက်သောအခါ ထိုမိန်းကလေးနှစ်ယော
မှာ အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားပြီ ဖြစ်လေတော့သည်။

* * *

အရှုပ်အထွေး

"အောက်…အီး…အီး…အွတ်"

ကြက်တွန်သံများ ထွက်ပေါ်လာလေသည်။

အရှေ့ဘက်ဆီတွင် ရောင်နီများ ပျို့အန်လာပြီဖြစ်လေ

အမှောင်ထုမှာ လျှင်မြန်စွာ နောက်ဆုတ်သွားနေ၏။

မကြာမီ နေ့သစ်တစ်နေ့ စတင်ပေတော့မည်။

တစ်ညတာ အိပ်စက်အနားယူခဲ့သော မြို့ကလေးမှာ သက်
လှုပ်ရှားစ ပြုလာပြီဖြစ်လေသည်။

နံနက်မိုးစင်စင်လင်းချိန်တွင် မြို့၏အရှေ့ဘက်တံခါးမှ ခြင်း
လင်တစ်ယောက် ဝင်ရောက်လာလေသည်။

www.burmeseclassic.com



ထိုလူမှာ ဖန်ချီလင်းဖြစ်၏။

ဖန်ချီလင်းသည် တောအုပ်ထဲ၌ပင် တစ်ညအိပ်စက်ခဲ့ေ
သည်။

ထို့နောက်...

မိုးလင်းလုလုအချိန်တွင် ရှေ့ခရီးဆက်ခဲ့ရာ မိုးလင်းသွာ လျှင် မြို့ကလေးဆီသို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။

မြို့ကလေး၏လမ်းများပေါ်တွင် သွားလာလှုပ်ရှားနေ များကို တွေ့မြင်နိုင်ပြီဖြစ်သည်။

ဖန်ချီလင်းက လမ်းသွားလမ်းလာ တစ်ယောက်ထံတွင် စမ်းမေးမြန်းလိုက်ရာ ရွှေပျံလွှားဂိုဏ်းဌာနခွဲရှိနေသည့်နေရာကို သိ လိုက်ရလေသည်။

မှင်စာမယ်အကြောင်း ရွှေပျံလွှားဂိုဏ်းဌာနခွဲ၌ သွား ပြောပြရန် သင့်မသင့်ကား ဝေခွဲမရသေးပါချေ။

မှင်စာမယ်တို့လူစုသည် ရွှေပျံလွှားဂိုဏ်းဌာနခွဲအား အ ပေးမည်မှာ သေချာလှပေသည်။

ဖန်ချီလင်းသည် အတန်ကြာတွေးတောစဉ်းစားပြီးမှ ရွှေ လွှားဂိုဏ်းဌာနခွဲသို့ မသွားတော့ဘဲ ဖွင့်လှစ်ကာစ စားသောက် တစ်ဆိုင်သို့ ဝင်လိုက်လေသည်။

ဆိုင်ရှေ့တွင် မြင်းရပ်လိုက်သည်နှင့် ဆိုင်လုလင်များက ဖွာစွာ ကြိုဆိုလာကြသည်။



ဖန်ချီလင်းက စားသောက်ဖွယ်ရာအချို့ မှာကြားလိုက်၏။

ဆိုင်ထဲ၌ လူရှင်းနေလေသည်။

ဖန်ချီလင်း မှာကြားလိုက်သော စားသောက်ဖွယ်ရာများ ကြာချင်းရောက်ရှိလာလေသည်။

ဖန်ချီလင်းမှာ အစားအစာများကို စိတ်မဝင်စားဘဲ ရွှေပျံလွှားဂိုဏ်းနှင့်ပတ်သက်ပြီး တွေးတောစဉ်းစားနေမိလေသည်။

အတန်ကြာ တွေးတောစဉ်းစားပြီးမှ ဆိုင်လုလင်တစ်ယောက်အား စာရွက်တစ်ရွက်နှင့် စုတ်တံတစ်ချောင်းယူပေးရန် အကူအညီတောင်းလိုက်၏။

ဆိုင်လုလင်ယူလာလျှင် စာတစ်စောင် ခပ်သွက်သွက် ရေးလိုက်၏။

တစ်ဖန် ဆိုင်လုလင်ကိုပင် ဆုငွေပေးကာ စာကို ရွှေပျံလွှားဂိုဏ်းဌာန ခွဲသို့ သွားပို့ပေးရန် စေခိုင်းလိုက်၏။

ဆိုင်လုလင်ထွက်သွားမှ ဖန်ချီလင်း နေသာထိုင်သာရှိသွားသည်။

သူက ရွှေပျံလွှားဂိုဏ်းခွဲအပေါ် ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင်အသိပေးနိုင်ခဲ့ပြီ မဟုတ်ပါလား။

သူက ဆိုင်လုလင်အား ပေးခိုင်းလိုက်သည့်စာထဲတွင် မိတ်ဆွေတစ်ယောက်ဟုသာ ဖော်ပြပြီး သူ၏အမည်ကို မဖော်ပြခဲ့ပါ။

ရွှေပျံလွှားဂိုဏ်းခွဲမှ လူများက မည်သူမည်ပုံ သတိပေး

www.burmeseclassic.com

www.burmeseclassic.com



သည်ကို သိနိုင်မည်မဟုတ်ပါ။

ထိုသို့ တွေးတောစဉ်းစားမိပြီး ကျေနပ်သွား၏။

စားသောက်ဖွယ်ရာများကို အားရပါးရစားသောက်လိုက်လေသည်။

သူစားသောက်ပြီးစီးသွားသည့်အချိန်တွင် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ဖန်ချီလင်း ခေါင်းထောင်ကြည့်လိုက်သောအခါ သူစားပေးခိုင်းလိုက်သည့် ဆိုင်လုလင် ပြန်လည်ရောက်ရှိလာပြီး သူ့နောက်တွင် လူတစ်စုလိုက်ပါလာသည်ကို တွေ့မြင်လိုက်ရသည်။

ဖန်ချီလင်း မျက်လုံးပြူးသွားသည်။

ယခုမှ ဆိုင်လုလင်အား စာပေးခိုင်းလိုက်ပြီး သူကိုယ်တိုင်လည်း စားသောက်ဆိုင်ထဲမှ ချက်ချင်းထွက်ခွာသွားရန် လိုကြောင်း သတိရလာလေသည်။

သူ ငေးကြည့်နေစဉ်မှာပင် ဆိုင်လုလင်က သူ့အားညွှန်ပြ ရင်း...

"စာပေးခိုင်းတဲ့လူဟာ သူပါပဲ"

ဟု ပြောလိုက်၏။

ဆိုင်လုလင်နောက်မှ လိုက်လာကြသူများသည် ချက်ချင်းပင် ဖန်ချီလင်းအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

* * *



အစိမ်းရောင်ဝတ်ဆင်ထားပြီး ဓားကိုယ်စီကိုင်ဆောင်ထားသော လူစုနစ်ယောက်က ဖန်ချီလင်းအား မသိမသာဝိုင်းရံထားလိုက်ကြလေသည်။

ထိုလူစုအား ဦးဆောင်လာသည့် အဖြူရောင်ဝတ်ဆင်ထားသူမှာမူ ဖန်ချီလင်းနှင့် မျက်နှာချင်းဆိုင်တွင် မားမားမတ်မတ် ရပ်နေလိုက်၏။

ဖန်ချီလင်းက သူတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး ခပ်တည်တည်ထိုင်နေလိုက်သည်။

ရှောင်လွှဲ၍မရတော့ကြောင်း သူကောင်းစွာ နားလည်သဘောပေါက်သွားပြီ မဟုတ်ပါလား။

အဖြူရောင်ဝတ်ဆင်ထားသူမှာ အသက်သုံးဆယ်ခန့်ရှိပြီး ယဉ်မွန်သည့်ရုပ်သွင်ရှိသူ ဖြစ်သည်။

ထိုလူက ဖန်ချီလင်းအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

"ကျုပ်ဟာ ရွှေပုံလွှားဂိုဏ်းရဲ့ အမှတ်ဆယ့်ငါးဌာနခွဲက တက်ထောက်ဌာနမှူးရန်းချီပါ၊ မိတ်ဆွေလေးက ကျုပ်တို့ဆီကို သတင်းပေးစာပို့ခဲ့တာနဲ့ ပတ်သက်ပြီး ကျေးဇူးတင်ကြောင်း အရင်ဆုံး ပြောပါရစေဗျာ"

ဟု စကားစလိုက်၏။

ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို အတတ်နိုင်ဆုံး ချိုသာအောင်ပြုပြင်ကာ…

"ထိုင်ပါလားဗျာ"

ဟု ထိုင်ခုံအား ညွှန်ပြရင်း ပြောလိုက်၏။

ရန်းချိုက ဖန်ချိုလင်းနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်

ပြီးမှ ဖန်ချိုလင်း၏မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး…

"စာထဲမှာ မိတ်ဆွေတစ်ယောက်လို့ ဖော်ပြထားပါတယ် မိတ်ဆွေရဲ့နာမည် ဘယ်သူဘယ်ဝါဆိုတာ မသိရဘူးလားဗျာ"

ဟု မေးလေသည်။

ဖန်ချိုလင်းက…

"ကျုပ်နာမည် ဖန်ချိုလင်းလို့ခေါ်ပါတယ်ဗျာ၊ ခရီးသွားဟ လွဲ သတင်းကြားခဲ့တာမို့ မိတ်ဆွေတို့အတွက် အရေးပါမယ်လို့ ယူ ပြီး သတင်းပို့လိုက်တာပါ'

ရန်းချိုက ဖန်ချိုလင်းကိုကြည့်ကာ မဲ့ပြုံးပြုံးလိုက်လေသည်

"ခင်ဗျားရဲ့ အကြောင်းပြချက်ဟာ အတော့်ကို လိုက်ဖ ပါပေတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားရဲ့ယုတ္တိမတန်တာတွေဖြစ်နေ ယုံရခက်နေတယ်ဗျ"

"ဘာ…ဘယ်လို ယုတ္တိမတန်ဘူး ဟုတ်လား"

ဖန်ချိုလင်း အံ့သြသွားသည်။

ရန်းချို ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားစာထဲမှာပါတဲ့ မြွေဆိုးခြောက်ယောက်၊ ဖား



ခြောက်ဖော်နဲ့ မှင်စာမယ်ဆိုတဲ့ နာမည်တွေကို ကျုပ်တို့ မကြားဖူး သို့လဲ"

"ဗျာ"

ဖန်ချိုလင်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အနက်ရောင်ဝတ်ဆင်ထားသူခြောက်ယောက်၊ အပြာ ရောင်ဝတ်ဆင်ထားသူခြောက်ယောက်နှင့် မှင်စာမယ်ဆိုသည့် မိန်း ကလေးနှစ်ယောက်ကို ပြန်လည်မြင်ယောင်လာလေသည်။

သေသေချာချာ မြင်တွေ့ရကြားခဲ့ရသည်ကို ပြောပြခြင်းဖြစ် သည်ကို မယုံနိုင်ဘဲရှိနေကြသဖြင့် စိတ်ပျက်သွားမိသည်။

ဖန်ချိုလင်း ငိုင်နေစဉ် ရန်းချိုက ဆက်ပြောလိုက်သည်။

"ရွှေပုံလွှားဂိုဏ်းဟာ သိုင်းလောကမှာ ထင်ရှားတဲ့အဖွဲ့အ စည်းတစ်ခုပါ၊ တစ်ပြည်လုံးမှာ ဌာနခွဲပေါင်းသုံးဆယ့်ခြောက်ခု ခွဲလှစ်ထားပါတယ်၊ ရွှေပုံလွှားဂိုဏ်းကို ဘယ်သူမှ ဒုက္ခမပေးဝံ့ပါဘူး ဗျာ"

ဖန်ချိုလင်း မကျေမနပ် ဖြစ်သွားသည်။

"ဒါဖြင့် စစ်ထုံမြို့မှာ ဖြစ်ပေါ်ခဲ့တဲ့ပြဿနာကို ခင်ဗျားဘယ် လိုပြောမလဲ"

သူ၏စကားကြားသည်နှင့် ရန်းချို၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ဖန်ချိုလင်းကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်...ခင်ဗျား"

"ဘာလဲ...ကျုပ် အပြောများနေလို့လား"

ရန်းချီ၏အမူအရာကြောင့် နံဘေး၌ရပ်နေသူများ လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

ရန်းချီက ချက်ချင်းကူခြေဆည်လိုက်သည်။

သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ထွက်ပေါ်လာ၏။

ဖန်ချီလင်းအား လက်နှစ်ဘက်ဆုပ်ကာ ဂါရဝပြုလိုက်ပြီးလျှင်...

"မိတ်ဆွေ ကျေးဇူးပြုပြီး ကျုပ်တို့ဌာနခွဲကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ဗျာ"

ဟု ပြောလုက်သည်။

ဖန်ချီလင်း မျက်နှာပျက်သွား၏။

ရွှေပုံ့လွှားပိုဏ်းနှင့် ကင်းကင်းရှင်းရှင်းနေရမည်ဆိုမှ ပတ်သက်စရာဖြစ်ပေါ်လာပြီ မဟုတ်ပါလား။

ရင်ထိတ်သွားပြီး ချက်ချင်းငြင်းဆန်လိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် မလိုက်နိုင်ပါဘူး"

"ခင်ဗျားက ကျုပ်တို့အပေါ် မိတ်ဆွေလို သဘောထားတယ်ဆိုရင်တော့ လိုက်ခဲ့ဖို့ လိုပါလိမ့်မယ်"

ရန်းချီ၏စကားက ပြတ်သားလှသည်။

ဖန်ချီလင်းလည်း ရိပ်မိလိုက်သည်။



ရန်းချီကို စေ့စေ့ကြည့်ကာ...

"ကျုပ်က ခင်ဗျားတို့အတွက် စေတနာနဲ့ သတိပေးခဲ့တာပါ၊ ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲဗျာ"

ဟု ပြောလိုက်သည်။

ရန်းချီ ခေါင်းခါယမ်းလိုက်သည်။

"ဒုက္ခပေးတာ မဟုတ်ပါဘူး၊ ကျုပ်တို့ကို ကူညီတဲ့လူကို ကျေးဇူးဝတ်ကျေအောင် ပြုစုရမယ့်ဝတ္တရားရှိလို့ပါဗျာ"

ဖန်ချီလင်းက...

"ကျုပ်မှာ သွားစရာရှိသေးတယ်ဗျ"

ရန်းချီ ပြုံးလိုက်သည်။

"ကျုပ်တို့ဌာနခွဲကို ခဏလောက်လိုက်ခဲ့ရုံနဲ့ မိတ်ဆွေအတွက် ထူးခြားသွားမှာ မဟုတ်ပါဘူးဗျာ"

ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

သူငြင်းဆန်လိုက်သည်နှင့် ရန်းချီတို့လူစုက အကြမ်းဖက်လာကြတော့မည်မှာ သေချာလှပေသည်။

ဖန်ချီလင်း စိတ်ရှုပ်သွားသည်။

"ကျုပ်က ခရီးသွားဟန်လွှဲ သတင်းတစ်ခုကြားခဲ့ရတယ်၊ ဒီကနေ့ည သန်းခေါင်ယံအချိန်မှာ လူတစ်စုက ခင်ဗျားတို့ကို တိုက်ခိုက်ချေမှုန်းကြလိမ့်မယ်၊ ဒါ အမှန်ပဲဗျ"

ရန်းချီ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလို ပြောပြတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်တို့ရဲ့ဌာနခွဲကိုလိုက်လာပြီး ဌာနခွဲမှူးလီထင်းကို ကိုယ်တိုင်ပြောပြတာက ပိုကောင်းမယ်လို့ ကျုပ်ယူဆပါတယ်"

"ကျုပ်က ငြင်းမယ်ဆိုရင်ကော"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့က ဖွတ်အတင်းခေါ်သွားမှာပါပဲ၊ ခင်ဗျားရဲ့စကားတွေကိုလည်း အယုံအကြည်ကင်းမဲ့သွားမှာဖြစ်ပါတယ်"

ဖန်ချီလင်း မတတ်နိုင်တော့ချေ။

ရွှေပုံလွှားကိုဏ်းဌာနခွဲသို့ လိုက်သွားပြီး ရှင်းပြရန် ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်က..."

သူ၏စကား တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားသည်။

ပြတင်းပေါက်မှတစ်ဆင့် ဆိုင်အပြင်ဘက်သို့ လှမ်းကြည့်ကာ မလှုပ်မယှက် ဆောင့်တောင့်ကြီး ဖြစ်နေပေသည်။

ရန်းချီ မျက်မှောင်ကြုတ်သွား၏။

ဖန်ချီလင်း၏ အမူအရာ ထူးခြားစွာပြောင်းလဲသွားကြောင်း နားလည်လိုက်၏။

ထို့ကြောင့် ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။



ထိုအခါ...

ဆိုင်ရှေ့မှ အသက်နှစ်ဆယ်ကျော်ခန့်ရှိ လူငယ်သုံးဦးဖြတ်သွားသည်ကို တွေ့ရ၏။

ရန်းချီ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဖန်ချီလင်းကိုကြည့်ကာ...

"ခင်ဗျား ဘာဖြစ်တာ.."

သူ၏စကားမဆုံးမီ ဖန်ချီလင်းက ကြားဖြတ်ပြောလိုက်၏။

ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားသော လူငယ်သုံးဦးအား ညွှန်ပြရင်း...

"ဒီကနေ့ည ခင်ဗျားတို့ကို တိုက်ခိုက်မယ့် ဖားပျံခြောက်ယောက်ထဲမှာ အဲဒီလူသုံးယောက်လည်း ပါတယ်ဗျ"

"ဘာ"

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ရန်းချီ လွှတ်ခနဲ အော်လိုက်မိသည်။

သို့သော်...

သူ၏တုန့်ပြန်မှုကား အံ့ဩဖွယ်ကောင်းလောက်အောင် လျှင်မြန်လွန်းလှသည်

"ရပ်လိုက်"

အော်ငေါက်ရင်း ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လူ ခုနစ်ယောက်ကလည်း ထပ်ကြပ်မကွာလိုက်သွား ကြသည်။

ဆိုင်အပြင်ဘက် ရောက်ရှိသွားသည်နှင့် ဆိုင်ရှေ့မှ ဖြတ် သွားသည့် လူသုံးယောက်အား ဝိုင်းရံထားလိုက်ကြလေတော့သည်။

* * *

နံနက်စောစောအချိန်ဖြစ်သည့်အလျောက် လမ်းပေါ်၌ လူ သွားလူလာ ရှိသော်လည်း ရှုပ်ထွေးများပြားလှအောင် စည်ကား သိုက်မြိုက်နေခြင်းမျိုးတော့ မဟုတ်ပါချေ။

ဆိုင်ရှေ့မှ လူငယ်သုံးယောက် ဖြတ်သွားချိန်ဝယ် လူရှင်းနေ သည်ဟုပင် ဆိုနိုင်သည်။

သို့သော် တခဏအတွင်း ရှုပ်ထွေးသွားရသည့်အဖြစ် ပေါ် ပေါက်လာသည်။

စားသောက်ဆိုင်ထဲမှ ရန်နိုင်တို့လူစု ခုန်ထွက်လာပြီး လူ ငယ်သုံးယောက်အား ဟန့်တားလိုက်ကြသည် မဟုတ်ပါလား။

လူငယ်သုံးယောက် ချက်ချင်း ရပ်တန့်သွားကြလေသည်။

သူတို့၏မျက်နှာတွင် အံ့အားသင့်ခြင်း၊ ထိတ်လန့်ခြင်းစ သည့်အရိပ်အယောင်များ ထွက်ပေါ်နေ၏။

ရန်နိုင်က လူငယ်သုံးယောက်အား သေသေချာချာ အကဲ



ခတ်ကြည့်လိုက်သည်။

လူငယ်များ၏ အံ့ဩထိတ်လန့်နေမှု လက်နက်ဟူ၍ စိုးစဉ်း ဆောင်မထားမှုတို့သည် သူ့အတွက် အားတုန့်အားနာဖြစ်လာလေ သည်။

ဆိုင်ထဲမှ ပြေးထွက်ကာ အနီးသို့ရောက်လာသည့် ဖန်ချီ လင်းကိုကြည့်ရင်း..

"ခင်ဗျားပြောတာ သူတို့လား"

ဟု မေးလိုက်လေသည်။

သူ၏လေသံ အနည်းငယ် တင်းမာနေ၏။

ဖန်ချီလင်းက လူငယ်သုံးယောက်အား သေသေခာချာ အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူငယ်သုံးယောက်မှာ တောအုပ်အတွင်းရှိ အဆောက် အအုံပျက်ထဲ၌ တွေ့ခဲ့ရသော လူငယ်များဖြစ်ကြပေသည်။

အဝတ်အစား ပြောင်းလဲဝတ်ဆင်ထားပြီး လက်နက်ဆောင် ထားခြင်းသာလျှင် ပြောင်းလဲသွားသည်။

သူက ထူးဆန်းလျှို့ဝှက်လှသော ဖြစ်ရပ်နှင့် အမှတ်မထင် ကြုံကြိုက်မိခဲ့ရကား ဘယ်နည်းနှင့်မျှ မေ့သွားမည် မဟုတ်ပါ။

ဖန်ချီလင်း ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး..

"ဟုတ်တယ်..သူတို့ပဲ"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်းချီက လူငယ်များကိုမကြည့်ဘဲ ဖန်ချီလင်းကိုသာကြည့် ကာ...

"ဖားပျံခြောက်ယောက်ဆိုတာ သူတို့ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဒီကနေသွားလာမယ်ဆိုတာ သူတို့ပေါ့ဗျ"

ဖန်ချီလင်းက တိတိကျကျ ပြောနေခြင်းကြောင့် ရန်းချီစိတ် ရှုပ်သွားလေသည်။

ဖန်ချီလင်းက သေချာလျှင် လူငယ်သုံးဦးမှာ မည်သို့ရှိမည် နည်း။

လူငယ်သုံးဦးအား လှည့်ကြည့်မိလေသည်။

လူငယ်သုံးဦးက သဘောကျစွာ ပြုံးနေကြသည်ကိုမြင် လျှင် အံ့သြသွားရလေသည်။

"ခင်...ခင်ဗျားတို့က..."

သူ၏စကားမဆုံးမီ လူငယ်တစ်ဦးက ကြားဖြတ်ပြောလိုက် လေသည်။

"ခင်ဗျားတို့ ဘာကြောင့်လမ်းပိတ်ထားရတာလဲ၊ ကျွန် တော်တို့ကို လမ်းဖယ်ပေးပါ"

"ဟုတ်တယ် ဘယ်လိုလူတွေလည်းမသိဘူး၊ တို့ကို ဖား တွေတဲ့ ဘာအဓိပ္ပါယ်နဲ့ ဒီလိုပြောမှန်းတောင် မသိဘူး"

ဒုတိယလူငယ် စကားအဆုံးတွင် တတိယလူငယ်က...

"ကျုပ်တို့ကိုတွေ့ချင်ရင် လမ်းပေါ်မှာ လမ်းပိတ်ထားစရာ



မလိုပါဘူး၊ မိန်းမထိန်းယွမ်ဆီကိုကြွခဲ့ကြပါ၊ ကျုပ်တို့က အဲသည်မှာ အလုပ်လုပ်တယ်"

ပြောပြီး ဝိုင်းရံထားသည်ကို အရေးမစိုက်ဘဲ ရှေ့သို့လှမ်း သွားရန် ဟန်ပြင်လိုက်ကြသည်။

သူတို့၏စကားများအနက် မိန်းမထိန်းယွမ်ဆိုသည့်အမည် ပါလာခြင်းကြောင့် ရန်းချီမျက်နှာ နီရဲသွားသည်။

မိန်းမထိန်းယွမ်ဆိုသည်ကား ဤမြို့ကလေးတွင် အပျော် ဇဟာ တည်ထောင်ထားသူ မဟုတ်ပါလား။

မိန်းမထိန်းယွမ်၏ဇေဟာတွင် ညနေပိုင်းရောက်သည်နှင့် လူ စည်ကားနေလေ့ရှိပေသည်။

ရန်းချီ ဒေါပွသွားလေသည်။

"ဟေ့...လမ်းဖယ်ပေးလိုက်ကြစမ်း"

သူ၏လူများကို အမိန့်ပေးလိုက်သည်။

သူ၏လူများက ချက်ချင်း လမ်းဖယ်ပေးလိုက်ကြသည်။

လူငယ်သုံးယောက်က ထွက်သွားကြသည်။

ဖန်ချီလင်း အံ့သြသွားပြီး...

"ဟေ့လူ...ဘာကြောင့် သူတို့ကိုလွှတ်ပေးလိုက်ရတာလဲ"

ဟု လှမ်းပြောလိုက်သည်။

ရန်းချီ ဒေါပွနေပါသည်။

ဖန်ချီလင်းအား မျက်လုံးကျွတ်ထွက်မတတ် စိုက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး...

"သူတို့ဟာ မိန်းမထိန်းယွမ်ရဲ့ ဂေဟာက အပျော်မယ်တွေ ထိန်းတဲ့လူတွေဗျ"

"ဗျာ"

ဖန်ချီလင်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

ရန်းချီက...

"ခင်ဗျားက ကျုပ်တို့ကို တမင်သက်သက် အရှက်ရအောင် လုပ်နေတာပဲ၊ ကျုပ်တို့ကို ဘာကြောင့် ချောက်တွန်းချင်ရတယ် တာ ဆရာလီထင်းရှေ့မှာ ကျေနပ်အောင် ရှင်းပြမှဖြစ်မယ်"

"ဟာ...ကျုပ်က"

"ကျုပ်တို့နဲ့ အေးအေးဆေးဆေး လိုက်ခဲ့ပါ"

ဖန်ချီလင်း မကျေမနပ် ဖြစ်သွားသည်။

ဖားပျံဆိုသည့် လူငယ်များကို တွေ့နေရပါလျက် လွှတ် လိုက်သည်ကို မချင့်မရဲဖြစ်နေ၏။

ထိုလူများနောက်သို့ လိုက်သွားပြီး အဖြစ်မှန်ကို ဖော်ထု လိုစိတ်များလည်း ဖြစ်ပေါ်လာသည်။

ထို့ကြောင့်...

"ကျုပ်က သူတို့ကို သွားခေါ်ခဲ့မယ်၊ ခင်ဗျားရဲ့ ဆရာဖြ ရှေ့မှာ သူတို့ အမှန်အတိုင်း ဝန်ခံစေရမယ်"

ပြောပြီး လူငယ်များနောက်ကို ပြေးလိုက်သွားရန် ဟန်



တ်လေသည်။

"ရပ်လိုက်"

ရန်းချီက ဟန့်တားလိုက်၏။

သူ၏လူများလည်း ချက်ချင်းပင် ဓားကိုယ်စီဆွဲထုတ်ကာ န်ချီလင်းအား ဝိုင်းရံ●းလိုက်ကြလေသည်။

ဖန်ချီလင်း တုန့်ခနဲ ရပ်သွားသည်။

ရန်းချီအား နားမလည်နိုင်စွာကြည့်ကာ...

"ခင်ဗျား ဘာကြောင့် ကျုပ်ကို ဟန့်တားနေရတာလဲ၊ သူ ဟာ"

ရန်းချီက လက်ကာပြလိုက်ပြီး...

"ဒါတွေထားလိုက်ပါဗျာ၊ ခင်ဗျားက ဆရာလီထင်းကိုလိုက် တွေ့ဖို့ပဲ အရေးကြီးပါတယ်"

"ကျုပ်"

"ကဲ..သွားရအောင်"

ရန်းချီ၏လေသံမှာ အမိန့်ပေးလိုက်သည့်အသွင် ဆောင် နေ၏။

ဖန်ချီလင်း ဒေါပွသွားသည်။

"ခင်ဗျား တော်တော်ညံ့တဲ့လူတွေပဲ၊ သူတို့ဟာ.."

သူ စကားဆုံးအောင် မပြောရဘဲ တစ်ဝက်တစ်ပျက်ဖြင့် တန့်သွားရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အကြောင်းမှာ...**

**"ဘေးကို...ဘေးကို"**

ကျယ်လောင်သော အော်သံများနှင့်အတူ မြင်းလှည်းတစ် စီးဒုန်းစိုင်းမောင်းနှင်လာနေသည်ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်ေ သည်။

မြင်းလှည်းမောင်းနှင်လာသူမှာ အဘိုးအိုတစ်ယောက် ဖြ သည်။

သူ၏လက်ထဲ၌ မြင်းဇက်ကြိုး ရှိမနေပါချေ။

မြင်းလှည်းမောင်းသူနေရာတွင် ပုံပျက်ပန်းပျက်ထိုင်ရင်း မြင်းလှည်းပေါ်မှ ပြုတ်ကျမသွားရလေအောင် ကြိုးစားထိန်းသိမ်း နေရ၏။

မြင်းကို ထိန်းမရနိုင်တော့ဘဲ လွှတ်ပေးလိုက်ရပုံရှိသည်။

လမ်းသွားလမ်းလာများ ဒုက္ခမရောက်စေရန် အော်ဟစ် သတိပေးနေသည်။

မြင်းလှည်းမှာ လမ်းပေါ်ရှိလူအားလုံးကို တိုက်ချသွားတော့ မည့်နှယ်။

ရန်းချီ ရင်ထိတ်သွားသည်။

"ဘေးကို ရှောင်လိုက်ကြဟေ့"

အော်ပြောကာ ဝဲဘက်လမ်းဘေးတစ်နေရာသို့ ခုန်ရှောင် လိုက်လေသည်။



သူ၏လူများလည်း လျှင်မြန်စွာ ခုန်ရှောင်သွားကြသည်။

ဖန်ချီလင်းတစ်ယောက်တည်း လမ်းပေါ်တွင် ကျန်ရစ်ခဲ့၏။

သူ သတိဝင်လာသည့်အခါမြင်းလှည်းမှာ သူ၏အနီးသို့ပင် ...တ်ရှိနေပြီ ဖြစ်လေသည်။

"ခင်ဗျား ဘာလုပ်နေတာလဲ"

ရန်းချီ၏ အထိတ်တလန့်အော်ပြောလိုက်သံကို ကြားရ၏။

ဖန်ချီလင်းမှာ ဘာဆိုဘာမှ ဂရုမစိုက်အားပါတော့ချေ။

မြင်းလှည်းနှင့်မတိုက်မိအောင် ရှောင်တိမ်းဖို့ အရေးအကြီး ...ဖြစ်ကြောင်း နားလည်လိုက်သည်။

ဝဲယာတစ်ဘက်တစ်ချက်သို့ ရှောင်ထွက်သွားရန်လည်း ...နိုင်တော့ပါ။

ဖန်ချီလင်းက စွန့်စားမှုတစ်ခု ပြုလုပ်လိုက်လေသည်။

ရုတ်တရက်...

မြေပေါ်ခြေဆောင့်ကာ မြင်းလှည်းပေါ်ခုန်တက်လိုက် ... ဖြစ်လေသည်။

သူ၏ခန္ဓာကိုယ်မှာ ပေါ့ပါးသွက်လက်စွာ အပေါ်သို့ ထိုး ...တ်သွားပြီး မြင်းလှည်းပေါ်ကျသွားလေ၏။

မြင်းလှည်းပေါ် ရောက်သွားသည်နှင့် ဒုန်းစိုင်းပြေးနေ ... မြင်းတို့၏ခွဲခေါ်ရာနောက်သို့ ပါသွားသည်ဟု ဆိုနိုင်ပေ၏။

ဖန်ချီလင်းမှာ အန္တရာယ်မှ လွတ်မြောက်သွားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းပေါ်မှ ပြန်လည်ခုန်ဆင်းရန် စိတ်မကူးတော့ပါ။

အကြောင်းမှာ...

ပြန်လည်ခုန်ဆင်းလိုက်လျှင် ရန်းချီတို့လူစုနှင့် ရင်ဆိုင်ရှင်းနေရဦးမည်ကို သိထားခြင်းကြောင့် ဖြစ်လေသည်။

ရန်းချီတို့လူစု ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

သို့သော် ခဏအတွင်းမှာပင် သတိဝင်လာကြသည်။

"ဟေ့...ဟေ့...ဟိုမှာ ထွက်ပြေးသွားပြီ လိုက်ကြစမ်း"

ရန်းချီက အော်ဟစ် အမိန့်ပေးလိုက်လေသည်။

သူ၏လူများလည်း ချက်ချင်း ပြာသံပေးကာ မြင်းလှည်းနောက်သို့ ပြေးလိုက်သွားကြလေတော့သည်။

* * *



မြင်းလှည်း ရပ်တန့်သွားပြီဖြစ်သည်။

ဖန်ချီလင်းကလည်းကောင်း၊ မြင်းလှည်းပေါ်မှ အဘိုးအိုကလည်းကောင်း မြင်းလှည်းရပ်တန့်စေရန် အားထုတ်ကြိုးပမ်းခြင်းကြောင့် မဟုတ်ပါ။

မြင်းလှည်းဆွဲ မြင်းမှာ မောပန်းကာ ရပ်တန့်သွားခြင်း ဖြစ်လေသည်။

မြင်းလှည်းရပ်တန့်သွားသောအခါ မြို့စွန်တစ်နေရာသို့ပင် ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရ၏။

ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

ရန်းချီတို့လူစုလက်မှ လွတ်မြောက်လာခဲ့ခြင်းကြောင့် ကျေနပ်နေမိလေသည်။

မြင်းလှည်းရပ်သွားသည်နှင့် အောက်သို့ခုန်ဆင်းရန် ပြင်လိုက်၏။

မြင်းလှည်းမောင်းသည့် အဘိုးအိုက...

"ဟေ့..သူငယ် နေပါဦးကွ"

ဟန့်တားလာသည်။

ဖန်ချီလင်းက ပြုံးပြလိုက်ပြီး..

"ဦး..ဘာပြောမလို့လဲ ခင်ဗျာ"

"မင်းကို ကျေးဇူးတင်တဲ့အကြောင်း ပြောမလို့ပါကွာ၊ မင်းသာမြင်းလှည်းပေါ် ရောက်မလာရင် ငါတော့ ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com



မှန်ပေသည်။

ဖန်ချီလင်းသည် မြင်းလှည်းပေါ်ရောက်သည်နှင့် အဘိုးအို ပြုတ်ကျမသွားရလေအောင် ဖေးမထိန်းသိမ်းရသည် မဟုတ်ပါလား။

ဖန်ချီလင်းက လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ ဦးရဲ့မြင်းလှည်းကြောင့် ဟိုလူတွေ လက်ထဲက ကျွန်တော် လွတ်မြောက်ခဲ့ရတာကြောင့် ဦးကိုတောင် ကျေးဇူးတင်ရဦးမှာပါ"

အဘိုးအိုက...

"အို..ငါက ကျေးဇူးတင်ရမှာပါ၊ မင်းကို အရက်တစ်ခွက်လောက် တိုက်ပါရစေလား"

"ဟာ..မဟုတ်တာ"

"လာပါကွာ"

အဘိုးအိုက အတင်းလက်ဆွဲခေါ်နေခြင်းကြောင့် ဖန်ချီလင်း မတတ်သာတော့ပါချေ။

အားတုန့်အားနာဖြင့် အဘိုးအိုခေါ်ဆောင်ရာသို့ လိုက်သွားရလေသည်။

အမှန်တော့ သူ့တွင် အကြံအစည်တစ်ခု ရှိနေပါသည်။

သူ၏မြင်းမှာ ရန်းချီတို့လူစုနှင့် တွေ့ခဲ့ရသည့် စားသောက်ဆိုင်အမြင်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်ပေသည်။

ထို့ကြောင့်...



ရှေ့ခရီးဆက်ရန် မြင်းတစ်ကောင် လိုအပ်နေ၏။

ဤမြို့ကလေးတွင် အသိမိတ်ဆွေ မရှိပါ။

အဘိုးအိုသည် သူ၏မြင်းလှည်းဆွဲ မြင်းကို စိတ်ကုန်နေပုံ ၏။

အဘိုးအိုထံမှ ဝယ်ယူရရှိနိုင်သည်ဟု တွေးမိထားခြင်း ဖြစ် သသည်။

အဘိုးအိုသည် မလှမ်းမကမ်းတွင် ရှိနေသော အရက်ဆိုင် လေးဆီသို့ ဆွဲခေါ်သွားခြင်းဖြစ်၏။

ဖန်ချီလင်းလည်း ငြင်းဆန်ခြင်းမပြုတော့ဘဲ လိုက်သွား ည်။

သူတို့နှစ်ယောက် ဆိုင်ထဲရောက်သွားသည့်အခါ အဘိုးအို င် ဦးဆောင်၍ အရက်နှင့်စားသောက်ဖွယ်ရာများ မှာကြားလိုက် သသည်။

ဆိုင်ထဲတွင် လူရှင်းနေ၏။

သူတို့မှာလိုက်သော အရက်နှင့်စားသောက်ဖွယ်ရာများ ချင်း ရောက်ရှိလာသည်။

အဘိုးအိုက...

"ကဲ..စားလိုက်ပါဦးကွာ၊ မင်းလည်း အတော်မောသွားမှာ

ပြုံးပြုံးရွှင်ရွှင် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ချီလင်းက မိတ်ဆွေအဖြစ် အရက်တစ်ခွက် သောက်လိုက်ပြီး...

"ဦးဟာ ဒီမြို့ကပဲလားခင်ဗျာ"

ဟု မေးလိုက်လေသည်။

အဘိုးအိုက ရယ်မောလိုက်သည်

"ဟား..ဟား..ဟား..မင်းမှားပြီကွ၊ ငါက ဒီမြို့ကို အခုရောက်ဖူးတာ"

"ခင်ဗျာ"

"ငါက နယ်လှည့်ပြီး ဆေးရောင်းတဲ့ဆေးဆရာလေကွာ"

"ဪ...ဦးက ဆေးဆရာကိုး"

အဘိုးအို လက်ကာပြလိုက်သည်။

"ဆေးဆရာဆိုပြီး အထင်ကြီးမနေနဲ့ဦး၊ ငါက သမားတော်မဟုတ်ဘူးကွ၊ ပရဆေးပင်တွေရဲ့ အစွမ်းသတ္တိကို နားလည်တာတစ်ခုပဲရှိတယ်၊ ဘယ်ရောဂါဖြစ်ရင် ဘယ်လိုဆေးမြစ်ဆေးရွက် သောက်ရင် ပျောက်နိုင်တယ်ဆိုတာလောက်ပဲ သိတာကွ"

အဘိုးအိုက ပွင့်ပွင့်လင်းလင်း ရယ်မောပြောဆိုနေသဖြင့် ဖန်ချီလင်း၏ရင်ထဲ ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

အဘိုးအိုက...

"မင်းကကော ဒီမြို့ကလေးကွ"

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်က ကျန်းနန်နယ်ကို အသည်အပတ်သွားမလို့ပါ"



"ဪ..ကျန်းနန်နယ်ကို သွားမှာကိုး၊ ငါလည်း မကြာခင်အဲဒီဘက်ကို ရောက်မယ်ထင်တယ်"

"ဦးလည်း သွားမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆို အတော်ပဲ၊ ကျွန်တော်တို့နှစ်ယောက် အတူတူသွားလို့ မဖြစ်နိုင်ဘူးလား"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ လမ်းတလျှောက်မှာ ဆေးဘက်ဝင်တဲ့ သစ်ပင်တွေအကြောင်း ငါက ရှင်းပြနိုင်သေးတာပဲ၊ မင်းအားထောင်မိတာနဲ့ စိတ်ဝင်စားသွားမယ်"

ဖန်ချီလင်း သဘောကျသွားသည်။

အဘိုးအိုနှင့် မိတ်ဖွဲ့လိုက်ခြင်းဖြင့် အန္တရာယ်မရှိနိုင်ဟု ယူဆမိ၏။

ဖန်ချီလင်းက ပြုံးလိုက်ပြီး...

"ကျွန်တော့်နာမည် ဖန်ချီလင်းလို့ခေါ်ပါတယ်၊ ဦးနာမည်ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါလားဗျာ"

ဟု မေးလိုက်သည်။

အဘိုးအို ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ငါ့ကို ဆေးဆရာလို့ပဲခေါ်ပေါ့၊ ဒါနဲ့ မင်းဘယ်တော့ ခရီးထွက်ချင်သလဲ၊ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



"ခဏနားပြီး သွားကြရင် မကောင်းဘူးလားဗျာ"

"လက်စသတ်တော့ မင်းဟာ ဒီမြို့က ချက်ချင်းထွက်သွားချင်နေတာကိုး၊ နေပါဦး၊ လမ်းပေါ်မှာ မင်းကိုလူတစ်စု ဝိုင်းထားတာ တွေ့တယ်၊ ဘာများဖြစ်လို့လဲကွ"

"ဘာမှမဖြစ်ပါဘူး၊ သူတို့က..."

ဖန်ချီလင်း စကားဆုံးအောင် မပြောလိုက်ရပါချေ။

အကြောင်းမှာ ကျယ်လောင်သောခြေသံများ ထွက်ပေါ်လာပြီး လူတစ်စုက ဆိုင်ထဲလှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

လှမ်းဝင်လာသူများအား ဦးဆောင်လာသူသည် ရန်းချီ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ရန်းချီကို တွေ့လိုက်ရသည်နှင့် ကပျာကယာ မျက်နှာလွှဲထားလိုက်၏။

သို့သော် နောက်ကျသွားပြီ ဖြစ်ပါသည်။

ရန်းချီသည် သူ့အားတွေ့မြင်သွားပြီ ဖြစ်သည်။

"ကျုပ် ထင်ထားတဲ့အတိုင်းပဲ၊ မင်းက ဒီမှာရောက်နေတာကိုး၊ မြင်းလှည်းကိုတွေ့တာနဲ့ မင်းဒီအနီးအနားမှာရှိနေရမယ်ဆိုတာ သိပြီးသားပါ၊ ကျုပ်တို့လက်က ပြေးဖို့ဆိုတာမလွယ်ဘူး၊ ကဲ ကျုပ်နောက်ကို အေးအေးဆေးဆေး လိုက်ခဲ့ပေတော့"

ဟု လှမ်းပြောလိုက်လေသည်။



ဖန်ချီလင်း စိတ်ပျက်သွား၏။

ရန်းချီတို့လူစုလက်မှ လွတ်မြောက်ဖို့မလွယ်မှန်းလည်းရိပ်မိလိုက်လေသည်။

ရန်းချီတို့နှင့် ရင်ဆိုင်တိုက်ခိုက်ခြင်းလည်း မပြုလိုပါ။

ဖန်ချီလင်း ငိုင်နေစဉ် ရန်းချီ၏စကားသံ ထွက်ပေါ်လာပြန်သည်ကို ကြားလိုက်ရလေသည်။

"အဘိုးကြီး..ခင်ဗျားပါလိုက်ခဲ့၊ ခင်ဗျားက ထွက်ပြေးလို့ရအောင် တမင်ကူညီခဲ့တာ မဟုတ်လား၊ ခင်ဗျားတို့နှစ်ယောက် တစ်ကိုယ်တည်း တစ်ဉာဏ်တည်း ဖြစ်ရမယ်"

ဖန်ချီလင်း ဒေါပွသွားသည်။

ရန်းချီဘက် ချာခနဲလှည့်ကာ မျက်နှာချင်းဆိုင်လိုက်လေသည်။

ထိုစဉ်...

အဘိုးအို၏စကားသံ ထွက်ပေါ်လာသည်ကို ကြားရ၏။

"ဟေ့ တို့က တစ်ကိုယ်တည်း တစ်ဉာဏ်တည်း ဟုတ်လား၊ မင်းဘာတွေလာပြီး စွပ်စွဲနေတာလဲ၊ ငါ ဒုက္ခရောက်နေတုန်းက မင်းတို့ရှောင်ပြေးသွားတယ် မဟုတ်လား၊ ဒီကောင်လေးက စွန့်စွန့်စားစား ခုန်တက်လာပြီး ထိန်းသိမ်းပေးခဲ့လို့ ငါသက်သာသွားတာ၊ သူ့ကိုကျေးဇူးတင်လို့ ကျွေးမွေးဧည့်ခံတာ ဘာဖြစ်သလဲ"

ရန်းချီ မျက်မှောင်ကြုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

အဘိုးအို၏ဟန်မူရာနှင့် စကားသံကို တွေ့မြင်ကြားသိ ခြင်းဖြင့် ဖန်ချီလင်းနှင့် ပတ်သက်ခြင်းမရှိဟု နားလည်သွား၏။

ထို့ကြောင့် သူ၏တပည့်နှစ်ယောက်ဘက်သို့ လှည့်ကာ...

"အဘိုးကြီးကို မင်းစောင့်ကြည့်နေခဲ့၊ ငါက ဟိုကောင်ကို သွားမယ်၊ အဘိုးကြီးတစ်ခုခု မဟုတ်မဟတ်လုပ်ဖို့ကြံရင် တစ်ခါ တည်း ရှင်းပစ်လိုက်"

ဟု တီးတိုးအမိန့်ပေးလိုက်သည်။

ထို့နောက် ဖန်ချီလင်းဘက် ပြန်လှည့်ကာ...

"မင်းက အေးအေးဆေးဆေး လိုက်ခဲ့မလား၊ ဒါမှမဟုတ်" စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ အဓိပ္ပါယ်ပါပါ စို ကြည့်လိုက်သည်။

ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

ရန်းချီတို့လူစုနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုလိုပါချေ။

ထို့ကြောင့်...

"ကောင်းပြီ၊ ကျုပ်လိုက်ခဲ့မယ်"

ဟု လှမ်းပြောလိုက်သည်။

တစ်ဖန် အဘိုးအိုဘက်လှည့်ကာ...

"ကျွန်တော့်မှာ ကိစ္စတစ်ခုရှိလို့ လိုက်သွားဦးမယ်၊ ကျွန်း နယ်ရောက်မှ ပြန်ပြီးဆုံတွေ့ကြတာပေါ့"



ဟု ပြောလိုက်သည်။

အဘိုးအို ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ငါတို့တွေဟာ ဘဝခရီးသွားတွေပဲ၊ တွေ့ ကြုံဆုံကွဲဆိုတဲ့ ကိစ္စတွေဟာ တကယ်တော့ မဆန်းပါဘူး ကျွန်းနန် ယ်မှာ မင်းနဲ့ပြန်တွေ့နိုင်သေးတာပဲ၊ ကဲ ကဲ သွားပေတော့"

ဖန်ချီလင်း ထိုင်ရာမှထလိုက်သည်။

ရန်းချီ ဝမ်းသာသွားသည်။

ဖန်ချီလင်း လွတ်မြောက်သွားခြင်းကြောင့် ခေါင်းနပန်းကြီးခဲ့ ည် မဟုတ်ပါလား။

ယခုတော့ ဖန်ချီလင်းသည် သူ၏လက်တွင်းသို့ ပြန်လည် ပ်ရှိလာချေပြီ။

"ကျုပ်နောက် လိုက်ခဲ့"

ပြောပြီး ရှေ့မှ လမ်းပြခေါ်ဆောင်သွားသည်။

ဖန်ချီလင်းက နောက်မှလိုက်သွားသည်။

အဘိုးအိုသည် သူတို့အား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကလေးမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ဖန်ချီလင်းသည် ဆေးဆရာအတွက် စိတ်မကောင်းဖြစ် သည်။

ဆေးဆရာက သူ့အတွက် စိတ်ပူနေမည်ဖြစ်ကြောင်း န လည်လေသည်။

မည်သို့ဆိုစေ သူ့ကြောင့် မဆီမဆိုင် ဆေးဆရာဒု ရောက်မသွားစေလိုပါ။

ထို့ကြောင့်လည်း ရန်းချီခေါ် ဆောင်ရာနောက်သို့ အေးအေ ဆေးဆေးလိုက်လာခဲ့ခြင်း ဖြစ်သည်။

လမ်းကြားလေး တစ်ခုအတွင်းသို့ ချိုးကွေ့ဝင်မိသည် ဖန်ချီလင်းက ရုတ်တရက် ခြေလှမ်းရပ်လိုက်သည်။

ရန်းချီ မျက်မှောင်ကြုတ်သွားပြီး...

"မင်းက ဘာသဘောလဲ"

ဟု ခပ်ထန်ထန် မေးလိုက်သည်။

ဖန်ချီလင်း၏မျက်နှာ တည်ကြည်လေးနက်နေသည်။

"ဒီစကားက ကျုပ်မေးရမယ့် စကားပါ"

"ဘာ"

"ခင်ဗျားတို့ ဘာသဘောလဲ၊ ကျုပ်က စေတနာနဲ့သတိ ခဲ့ပေမယ့် ခင်ဗျားတို့က ကျုပ်ကိုဒုက္ခပေးချင်နေကြတာ ကောင် လား"



ရန်းချီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့က ဒုက္ခပေးဖို့ မဟုတ်ဘူး၊ ခင်ဗျားရဲ့သတိပေး ဟာ ထူးခြားနေတာမို့ ခင်ဗျားကို ဆရာလီထင်းရှေ့မှောက် ရောက်အောင်ခေါ်သွားဖို့ အရေးကြီးနေတယ်လေ"

"ကျုပ်က မလိုက်နိုင်ဘူးဆိုရင်ကော"

"ခင်ဗျား လိုက်ခဲ့ရမှာပေါ့"

"ကောင်းပြီ ကျုပ်..."

သူ၏စကားမဆုံးမီ...

"ခစ်...ခစ်...ခစ်"

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ ဖန်ချီလင်း ထိတ်လန့်သွားသည်။

"ဒါ မှင်စာမယ်ပဲ"

လွှတ်ခနဲ ပြောလိုက်သည်။

ရယ်မောသံ ထွက်ပေါ်လာရာဆီသို့ အားလုံး လှမ်းကြည့် ကြသည်။

ထိုအခါ မလှမ်းမကမ်းတစ်နေရာရှိ လမ်းဘေးသစ်ပင်တစ် အောက်၌ မိန်းကလေးတစ်ယောက် ကျောမှီရပ်နေသည်ကို တွေ့ လိုက်ရ၏။

ထိုမိန်းကလေးမှာ မှင်စာမယ် ဖြစ်လေသည်။

မှင်စာမယ်က ရယ်မောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်းချီ ရင်ထိတ်သွားသည်။

မှင်စာမယ်ကို အကဲခတ်ကြည့်ပြီးမှ ဖန်ချီလင်းဘက်သို့ လှည့်ကာ...

"ခင်ဗျားက သူ့ကိုသိတယ် ဟုတ်လား"

ဟုမေးလိုက်လေသည်။

ဖန်ချီလင်း ခေါင်းညိတ်လိုက်သည်။

"သိတယ်၊ ခင်ဗျားတို့ဌာနခွဲကို ဖျက်ဆီးဖို့ ဦးဆောင် စီစဉ်နေတဲ့သူပေါ့"

ဟု ပြောလိုက်လေသည်။

ရန်းချီက...

"သူက..."

"သူက မှင်စာမယ်"

ရန်းချီ ရယ်မောလိုက်သည်။

ဖန်ချီလင်းကို စိုက်ကြည့်ရင်း...

"ခင်ဗျားက ဘာကြောင့် မလိမ့်တပတ် လုပ်ချင်နေရတာလဲ ဗျာ၊ ရွှေပျံလွှားဂိုဏ်းကို ဖျက်ဆီးဖို့ ခင်ဗျားတို့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ကြိုးစားလာကြတာပဲ မဟုတ်လား"

"တောက်"

ဖန်ချီလင်း တက်ခေါက်လိုက်လေသည်။

ရန်းချီက ယခုတိုင် သူ့အပေါ် အယုံအကြည်မရှိသည်ကို



သည်း ခံပြင်းနေမိလေတော့သည်။

ရန်းချီ၏မျက်နှာသည် ချက်ချင်း တင်းမာသွားသည်။

"ဖန်ချီလင်း ခင်ဗျားလူတွေ နောက်ထပ်ရှိသေးတယ်ဆို ခေါ်ထုတ်လိုက်ပါ"

ဟုလည်း ခပ်ပြတ်ပြတ် ပြောလိုက်၏။

ဖန်ချီလင်း ပခုံးတွန့်လိုက်သည်။

"ကျုပ် တစ်ယောက်တည်းဗျ၊ ဘယ်သူနဲ့မှ မပတ်သက်ဘူး ခင်ဗျား မကျေနပ်ရင် သူတို့နဲ့ရှင်းပေတော့"

ပြောပြီး ဘေးဖယ်နေလိုက်လေသည်။

ဖန်ချီလင်း၏ပုံသဏ္ဍာန်ကိုကြည့်ကာ ရန်းချီ အံ့ဩသွား၏။

ဖန်ချီလင်းက ရန်မူလိုသည့် အရိပ်အရောင် လုံးဝမရှိကြောင်း စဉ်းစားမိလိုက်လေသည်။

ထို့ကြောင့် မှင်စာမယ်ဘက်သို့ လှည့်လိုက်လေသည်။

"ရှင်က ရွှေပျံလွှားဂိုဏ်းက လက်ထောက်ဌာနခွဲမှူးရန်းချီ ဟုတ်လား"

ဟုမေးလိုက်၏။ ရန်းချီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျား ဘယ်သူလဲဆိုတာ ပြောပါ"

"ကျွန်မက မှင်စာမယ်ပါ"

"မှင်စာမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုကျုပ်တို့မသိပါလားဘာကြောင့် ရွှေပုံလှ
ဂိုဏ်းကို ဖျက်ဆီးပစ်ချင်ရတာလဲ၊ ပြောစမ်း"

မှင်စာမယ်က ရယ်မောလိုက်သည်။

"ရွှေပုံလှသွားဂိုဏ်း နေဝင်ချိန်ရောက်နေလို့ပေါ့ရှင်"

"ဘာဗျ"

"ရွှေပုံလှသွားဂိုဏ်းဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတော
အောင်မြင်ကျော်ကြားလာခဲ့တယ်လေ၊ ဒါပေမယ့် ရွှေပုံလှသွားဂိုဏ်
အခုပြာပုံ ဖြစ်သွားစေဖို့ပါပဲရှင်"

ရန်းချို မဲ့ပြုံးပြုံးလိုက်လေသည်။

"ခင်ဗျား ခြိမ်းခြောက်တိုင်း ကျုပ်တို့ကြောက်လန့် သွား
လို့ မထင်ပါနဲ့၊ ခင်ဗျားအကြောင်း ဂိုဏ်းချုပ်ကြီးသာ သိသွား
ပြေးစရာမြေရှိမှာ မဟုတ်ဘူး"

"ပြေးရမှာ ကျွန်မ မဟုတ်ဘူး၊ ရှင်တို့တတွေပဲ"

ရန်းချိုက ခါး၌ချိတ်ဆွဲထားသောဓားကို အသင့်ဆွဲထုတ်
ရန် ပြင်ဆင်ထားလိုက်လေသည်။

မှင်စာမယ်က ဆက်ပြောလိုက်၏။

"ကဲ ရှင်တို့က ရွှေပုံလှသွားဂိုဏ်းကို စွန့်ခွာပြီး ထွက်
သွားမယ်ဆိုရင်တော့ ကျွန်မ ခွင့်ပြုလိုက်မယ်၊ မြန်မြန် ဆုံးဖြတ်
ပေတော့"

သူမ စကားကြားလျှင် ရန်းချို စိတ်မထိန်းနိုင်တော့ချေ



လက်ဝှေ့ယမ်းပြကာ…

"ပေ့ာ..သူ့ကို မလွတ်စေနဲ့"

ဟု အမိန့်ပေးလိုက်၏။

ရွှေပုံလှသွားဂိုဏ်းသား ခြောက်ယောက်မှာ မှင်စာမယ်၏
ကားများ ကြားကတည်းက တိုက်ခိုက်လိုစိတ် ပြင်းပျနေကြပေ
သည်။

တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားကြ၏။

ရန်းချို တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်နှင့်…

"ယား"

ဗြာသံပေးကာ မှင်စာမယ်ထံ ပြေးဝင်တိုက်ခိုက်လာကြ
လေသည်။

မှင်စာမယ်မှာ သစ်ပင်ကိုကျောမှီကာ လက်ပိုက်ရပ်နေ၏။

ရွှေပုံလှသွားဂိုဏ်းသားများ ပြေးဝင်တိုက်ခိုက်လာကြလျှင်
လက်တစ်ဘက် ဆန့်ထုတ်လိုက်လေသည်။

သူမ၏လက်များ ဆန့်ထုတ်လိုက်မှ လက်ချောင်းကလေး
များတွင် ရှည်လျားသော လက်သည်းများရှိနေသည်ကို တွေ့ရ၏။

သူမ လှုပ်ရှားလိုက်သည်နှင့်…

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံလွှားဂိုဏ်းသားနှစ်ယောက်မှာ မြေပေါ် ဝုန်းခနဲ ကျသွားလေတော့သည်။

ကျန်ငါးယောက်မှာ ထိတ်လန့်ကာ နောက်ဆုတ်လိုက်ကြ၏။

ရန်းချီမှာ အခြေအနေမဟန်ကြောင်း ရိပ်မိလိုက်လေသည်။

ထို့ကြောင့် ဓါးမှာများကို ဆွဲထုတ်ကာ...

"သေပေတော့"

အော်ငေါက်ရင်း မှင်စာမယ်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

မှင်စာမယ်က မဲ့ပြုံးပြုံးကာ...

"ရွှေပုံလွှားကလူတွေ ဘာများအရည်အချင်း ရှိလို့လဲ"

ပြောပြီး လက်တစ်ဘက်ဆန့်ထုတ်ကာ ရန်းချီ၏ဓါးကို ဖမ်းဆွဲလိုက်လေသည်။

သူမ၏ကျန်လက်တစ်ဘက် လှုပ်ရှားလိုက်သည်နှင့်...

"အား"

ရန်းချီ စူးစူးရှရှ အော်ဟစ်လိုက်လေသည်။

သူ၏လက်ထဲမှဓါးသည် မှင်စာမယ်၏လက်ထဲ ပါသွား၏။

မှင်စာမယ် လက်သည်းရှည်များက ရန်းချီ၏ပါးပြင်ဝယ် အစင်းကြောင်းများ ဖြစ်ပေါ်လာစေလေသည်။

ရန်းချီ အထိတ်တလန့်ဖြစ်ကာနောက်ဆုတ်လိုက်လေသည်။



သူ၏ပါးပြင်ကို လက်ဝါးဖြင့် ပွတ်ကြည့်လိုက်မိ၏။

လက်ဝါးတွင် ချက်ချင်း စေးထန်းထန်းသွေးများပေကျံသွားသည်။

"ဟာ"

ရန်းချီ လွှတ်ခနဲ အော်လိုက်မိလေသည်။

အကြောင်းမှာ သူ၏လက်တွင် ပေကျံနေသော သွေးများသည် နီရဲမနေဘဲ ညိုပုပ်ပုပ် ဖြစ်နေသည်ကို တွေ့ရလေသည်။

"အဆိပ်"

ရန်းချီ လွှတ်ခနဲ အော်လိုက်လေသည်။

"ခစ်..ခစ်..ခစ်"

မှင်စာမယ်၏ ရယ်မောသံ ထွက်ပေါ်လာလေသည်။

ရန်းချီ ဒေါသချောင်းချောင်း ထွက်သွား၏။

"မင်း..မင်း အဆိပ်ကို အသုံးပြုတယ် ဟုတ်လား"

ဒေါသတကြီး မေးလိုက်လေသည်။

မှင်စာမယ်က...

"ကျွန်မလား ဟုတ်ပါသတဲ့ရှင်၊ ရှင်လည်း ကျွန်မအဆိပ်မိသွားပြီဆိုတော့ အင်း ရှင် ဘာကြောင့် အခုအချိန်အထိ မတ်တတ်ရပ်နိုင်သေးတယ်ဆိုတာ ကျွန်မ စဉ်းစားလို့မရဘူး"

သူမ၏စကားအဆုံးတွင် ရန်းချီမှာမြေပေါ်ဝုန်းခနဲ လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်တွင် တစ်ချက်နှစ်ချက် လူးလွန့်လှုပ်ရှားပြီး ငြိ
သက်သွား၏။

ကျန်နေသေးသည့် ရွှေပုံလွှားဂိုဏ်းသား ငါးယောက် ထိ
လန့်သွားကြ၏။

သူတို့အား မရဏအပြုံးဖြင့် စေ့ကြည့်လိုက်၏။

ရွှေပုံလွှားဂိုဏ်းသား ငါးယောက်မှာ မနေဝံ့ကြတော့
တစ်ကျိုးတည်း ထွက်ပြေးသွားကြလေသည်။

သူတို့ ထွက်ပြေးသွားသော်လည်း မှင်စာမယ်က လိုက်သွ
ခြင်းမပြုချေ။

ယခုမှ ဖန်ချီလင်း သတိဝင်လာသည်။

သူက ဘဝတွင် ပထမဆုံးအကြိမ် သွေးထွက်သံယို တိုက်
ခိုက်သည့်ပွဲကို မြင်တွေ့လိုက်ရခြင်းကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့်...

မှင်တက်မိကာ ကြည့်နေမိခဲ့ခြင်းဖြစ်၏။

သတိဝင်လာသည့်အခါ တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်လေတော့
သည်။

ဖန်ချီလင်း ဒေါသထွက်လာသည်။ မှင်စာမယ်က ရန်းချိုင်
လူစုအား သွေးအေးအေးဖြင့် သုတ်သင်လိုက်သည် မဟုတ်ပါလား

ဖန်ချီလင်း အံကြိတ်ကာ...

"ခင်ဗျား..."



သူ၏စကား မဆုံးမီ...

"အား"

"အမယ်လေး"

"အို"

လမ်းကြားအပြင်ဘက်မှ စူးရှသော အော်ဟစ်သံများ
တပြိုင်နက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖန်ချီလင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

မှင်စာမယ်က...

"ထွက်ပြေးတဲ့ ရွှေပုံလွှားဂိုဏ်းသားတွေလေ၊ ကျွန်မလူတွေ
က အပြင်ဘက်မှာ စောင့်ဆိုင်းနေကြတယ်ရှင့်"

ဟု ပြောလေသည်။

ဖန်ချီလင်း အံကြိတ်လိုက်သည်။

"ခင်ဗျား တော်တော်ယုတ်မာတာပဲ"

"ဟင်း..ဟင်း..ရွှေပုံလွှားဂိုဏ်းကလူတွေအတွက်တော့ ရှင်
ကြိုက်သလို ပြောနိုင်ပါတယ်၊ ရှင်ပြောတာလည်း သဘာဝကျနေတာ
တိုး"

"ဘာဗျ"

"ကျွန်မ စကားမဆုံးသေးဘူးလေ၊ သူတို့ကိုကြည့်လိုက်စမ်း
ပါဦး"

မြေပေါ်လဲကျသေဆုံးနေသည့် ရန်းချိုနှင့် ရွှေပုံလွှားဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



သားနှစ်ယောက်ကို ညွှန်ပြရင်း ပြောလိုက်လေသည်။

ဖန်ချီလင်း မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျားက.."

"သူတို့သေသွားကြပြီး ရွှေပုံလွှားဂိုဏ်းဟာ သိုင်းလောက မှာ တော်တော်အရှိန်အဝါကြီးပါတယ်ရှင်၊ ဒါကြောင့် သူတို့သေဆုံး သွားရတဲ့ကိစ္စကို ရှင့်ခေါင်းပေါ် ပုံချမယ်လို့ ကျွန်မ စိတ်ကူးထား တယ်"

"ဘာဗျ"

ဖန်ချီလင်း၏စကားသံ ဟိန်းထွက်လာလေသည်။

မှင်စာမယ်က ရယ်မောရင်း...

"ကျွန်မတို့ကိစ္စမှာ ရှင်က ဝင်ရှုပ်တာကို၊ ရှင့်ကိုအသက် ချမ်းသာပေးလိုက်တာကို ကျေးဇူးတင်ပါဦး"

ဖန်ချီလင်း အံကြိတ်လိုက်သည်။

"ကျုပ်က ခင်ဗျားကို ကြောက်မယ် ထင်သလား"

အော်ပြောရင်း မှင်စာမယ်ထံ ပြေးဝင်တိုက်ခိုက်လိုက်လေ သည်။

သူသည် ပထမအကြိမ်အဖြစ် မိုးထိတောင်၌ သင်ကြား လာခဲ့သည့် သိုင်းပညာရပ်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ် လေသည်။

မှင်စာမယ်အား မုန်းတီး၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်း



[...]ည်း ဖြစ်လေသည်။

သူ၏တိုက်ကွက် ထုတ်ဖော်လာသည်နှင့် မှင်စာမယ် မျက် [...]မှောင်ကြုတ်သွား၏။

"ရှင်က ကျွန်မထင်တာထက်တောင် သိုင်းပညာပိုတော်နေ သေးတာကိုး၊ ရှင့်ကို ဆုံးမချင်ပေမယ့် လောလောဆယ် ကျွန်မအ [...]ကြက် အသုံးဝင်နေသေးလို့ ရှင့်ကို ချမ်းသာပေးထားလိုက်ဦးမယ်"

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ သစ်ပင်ပေါ် ခုန် [...]တက်သွား၏။

သစ်ကိုင်းများမှတဆင့် အနီးရှိ အိမ်ခေါင်မိုးပေါ် ခုန်တက် [...]လိုက်ပြန်၏။

ထိုမှတဆင့် အနီးရှိ အိမ်ခေါင်မိုးတစ်ခုပေါ် ခုန်တက်လိုက် [...]ပြီး အနောက်ဘက် ခုန်ဆင်းလိုက်၏။

တခဏအတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ဖန်ချီလင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

သူ သတိရချိန်တွင်...

"မပြေးနဲ့"

ဟုအော်ပြောလိုက်သော်လည်း နောက်ကျသွားချေပြီ။

မှင်စာမယ်မှာ ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီဖြစ် [...]သည်။

ဖန်ချီလင်း ဒေါပွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာမယ်နောက်သို့ လိုက်သွားလိုသော်လည်း မမိနိုင်မည့်အကြောင်း နားလည်မိသည်။

မကျေမနပ်ဖြင့် သက်ပြင်းချလိုက်ပြီး ရန်းချိုတို့အား လှမ်းကြည့်လိုက်သည်။

မကြာသေးမီကပင် စကားစမြည် ပြောဆိုနေခဲ့သေးသော ရန်းချိုမှာ ယခုတော့ အသက်ဝိညာဉ်ကင်းမဲ့နေချေပြီ။

ဖန်ချိုလင်း သက်ပြင်းချလိုက်သည်။

"ကျုပ်က ဒီလူယုတ်မာတွေရဲ့ အကြံအစည်ကို အသက်နဲ့ရင်းလဲပြီး ဖော်ထုတ်ပါ့မယ်ဗျာ"

ဟု တီးတိုးကတိပြု လိုက်သည်။

ထိုအချိန် လမ်းကြားဘက်မှ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟာ..ဒီမှာ လူသေအလောင်းတွေပါလား"

"ရွှေပုံလွှားဂိုဏ်းက ဂိုဏ်းသားတွေပဲဟေ့"

"လူသတ်သမားက ဘယ်မှာလဲဟေ့"

"ဟော့..လမ်းကြားထဲကို ကြည့်လိုက်ကြစမ်း"

စကားသံများနှင့်အတူ လူတစ်စု လမ်းကြားထိပ်သို့ ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရသည်။

ဖန်ချိုလင်း ရင်ထိတ်သွားသည်။

လမ်းကြားထဲတွင် အလောင်းများနှင့်အတူ ရှိနေသည့်သူ့အား တွေ့မြင်သွားလျှင် မည်သို့သဘောထားကြမည်နည်း။

သူ တွေးတောစဉ်းစားနေစဉ်မှာပင်...

"လူသတ်သမား လမ်းကြားထဲမှာ ရှိနေတယ်ဟေ့"

"ဝိုင်းထားကြ"

"လူသတ်သမားကို မိအောင်ဖမ်းကြ"

အော်ဟစ်ပြောဆိုသံများ တခဲနက် ထွက်ပေါ်လာ၏။

ဖန်ချိုလင်း မျက်လုံးပြူးသွားသည်။

မမျှော်လင့်သော အခြေအနေပေါ် ပေါက်လာချေပြီ။

လူအုပ်ကြီးသည် သူ့အားဖမ်းဆီးရန် လမ်းကြားအတွင်းသို့ ပြေးဝင်လာကြ၏။

ဖန်ချိုလင်းက လက်ကာပြရင်း..

"ကျုပ်က လူသတ်သမား မဟုတ်ဘူး"

ဟု တအားအော်ပြောလိုက်သည်။

သို့သော် သူ၏စကားကို မည်သူမျှ လက်မခံကြပါချေ။

သူ့အား ဖမ်းဆီးရန် ပြေးလာကြဆဲ။

အခြေအနေ မဟန်မှန်း ဖန်ချိုလင်း ရိပ်မိလိုက်၏။

သူ့အတွက် ရှင်းပြခွင့်မရှိတော့ပါ။

ဖန်ချိုလင်းက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး သစ်ပင်ပေါ်သို့ခုန်ဆက်လိုက်၏။

ထို့နောက် မှင်စာမယ် ထွက်ပြေးသွားသည့် လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြေးထွက်သွားသည်။

"ပြေးပြီဟေ့..ပြေးပြီ"

"မလွတ်စေနဲ့ လိုက်ကြ"

လူအုပ်ကြီး၏ တစ်ယောက်တစ်ပေါက် အော်ပြောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

တုတ်များ၊ ခဲများ ပလူပျံကာ ဖန်ချီလင်းနောက်သို့ လိုက်ပါလာ၏။

ဖန်ချီလင်းမှာ မမျှော်လင့်ဘဲ လူသတ်သမားအဖြစ် စွပ်စွဲခံလိုက်ရသည်ကို မကျေမနပ် ဖြစ်မိသည်။

သို့သော် ဒေါသထွက်နေသော လူအုပ်ကြီးအား ရှင်းပြရန် အချိန်မရှိချေ။

ထို့ကြောင့် အားကုန်ပြေးသွားပြီး အခြားတစ်ဘက်ကို ခုန်ဆင်းလိုက်၏။

တစ်ဘက်တွင် လမ်းကျဉ်းတစ်ခု ရှိနေသည်။

လမ်းကျဉ်းအတိုင်း ပြေးသွားရာ မကြာပါချေ။

လမ်းတစ်ဘက်ထိပ်သို့ ရောက်သွားသည်။

လမ်းတစ်ဘက်ထိပ်တွင် အဆောက်အဦးတစ်ခု ရှိနေ၏။

ထိုအဆောက်အဦး အဝင်ဝတွင်...

"ရွှေပျံလွှားကိုဏ်း အမှတ်တစ်ဆယ့်ငါးဌာနခွဲ"

ဟုရေးသားထားသော ဆိုင်းဘုတ်ချိတ်ဆွဲထားသည်ကို



တွေ့မြင်လိုက်ရသည်။

* * *

ဖန်ချီလင်း၏တစ်ကိုယ်လုံးရှိ သွေးများဆူပွက်လာသည်ဟု ...အားလိုက်ရလေသည်။

မမျှော်လင့်ဘဲ ရွှေပျံလွှားကိုဏ်းအား ရန်သူများ ဒုက္ခပေး ...သည့်သတင်းကို ကြားလိုက်ရခြင်းကြောင့် မနေနိုင်ဘဲ ကူညီရန် ကြိုး ...ခဲ့လေသည်။

ယခုတော့ သူ့အပေါ် အပြစ်ပုံချလာချေပြီ။

ကျန်းနန်နယ်သို့သွားမည့် ခရီးစဉ်ပျက်စီးသွားပြီဖြစ် ...ကြောင်း အလိုလို နားလည်လာလေသည်။

ထို့အပြင် ရှုပ်ထွေးလှသော ပြဿနာတစ်ခုတွင် ပါဝင်ပတ် ...တ်မိပြီဖြစ်ကြောင်းလည်း ရိပ်မိလာလေသည်။

မည်သို့ဆိုစေ သူ့အပေါ်ပုံကျနေသော စွပ်စွဲချက်ကို ရှင်း ...င်းမည်ဟု ဆုံးဖြတ်လိုက်၏။

ရန်းချီကား သူ၏စကားကို မယုံကြည်သဖြင့် ဒုက္ခရောက် ...ရပြီဖြစ်သည်။

အမှတ်တစ်ဆယ့်ငါးဌာနခွဲတွင် ရှိနေဦးမည့် ဌာနမှူးလီထင်း ... သူ့အားယုံကြည်နိုင်ပါမည်လော။

ဖန်ချီလင်းသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ အမှတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ့်ငါးဌာနခွဲသို့ ဦးတည်ပြေးသွားလေသည်။

လတ်တလော ကြုံတွေ့ခဲ့ရသည့်ကိစ္စကြောင့် မှားသည်…
သည်စဉ်းစားမနေအားပါချေ။

အဆောက်အဦးရှေ့တွင် လူသူကင်းရှင်းနေ၏။

အဆောက်အဦးရှေ့သို့ရောက်မှ မှင်စာမယ်ကလည်း ဤ…
လမ်းကလေးအတိုင်း ပြေးထွက်သွားသည်ကို သတိရလေသည်။

"ဒုက္ခပဲ၊ သူက ငါ့ထက်အရင်သွားပြီး ဒုက္ခပေးနေပြီ…
တယ်"

ထိုသို့တွေးမိလျှင် ခေါင်းနပမ်းကြီးသွားလေသည်။

ထိုအတွေးကြောင့်လည်း သူ့ကိုယ်သူ သတိမပြုနိုင်မီ အ…
ဆောက်အဦးတံခါးရှေ့သို့ ရောက်သွားလေသည်။

အဆောက်အဦးတံခါး ဟာလာဟင်းလင်း ပွင့်နေသည်…

ဖန်ချီလင်းက…

"မိတ်ဆွေတို့…မိတ်ဆွေတို့"

ဟုခေါ်လိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူ၏အသံနှင့် မရှေးမနှောင်းမှာပင်…

"ဘယ်သူလဲ"

စကားသံနှင့်အတူ လူတစ်ယောက် ပြေးထွက်လာသည်…
တွေ့မြင်လိုက်ရလေသည်။



ထိုလူမှာ အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး
…ားတစ်လက် ချိတ်ဆွဲထားလေသည်။

ထိုလူကို မြင်ရုံဖြင့် ရွှေပျံလွှားဂိုဏ်းသားတစ်ယောက် ဖြစ်
…ြောင်း သိနိုင်ပေသည်။

ဖန်ချီလင်း စိတ်သက်သာရာ ရသွားလေသည်။

ဤအတိုင်းဆိုလျှင် မှင်စာမယ်က လာရောက်နှောက်ယှက်
…ြုသေးကြောင်း သိနိုင်လေသည်။

ဖန်ချီလင်းက…

"ဌာနမှူးလီထင်းနဲ့ တွေ့ချင်လို့ပါ"

ဟု ပြောလိုက်လေသည်။

ထိုလူက မျက်မှောင်ကြုတ်သွားလေသည်။

ဖန်ချီလင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး

"မိတ်ဆွေက ဘယ်သူလဲ၊ ဘာကိစ္စတွေ့ချင်တယ်ဆိုတာ
…ပါ"

ဟု မေးလိုက်လေသည်။

ဖန်ချီလင်းက…

"ကျုပ်နာမည် ဖန်ချီလင်းပါ၊ ဌာနမှူးလီထင်းအတွက်
…ကြီးတဲ့သတင်းတစ်ခု ပေးချင်လို့ပါ"

ထိုလူက ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ၊ ခဏစောင့်ပါ၊ ဆရာလီထင်းက ဧည့်သည်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့စကားပြောနေပါတယ်၊ ညွှံ့သည်ပြန်သွားတာနဲ့ ခင်ဗျာ
ဝင်တွေ့နိုင်အောင် ကျုပ်စီစဉ်ပေးပါ့မယ်”

ဖန်ချီလင်း ခေါင်းခါယမ်းလိုက်လေသည်။

“မဖြစ်ဘူး၊ ကျုပ်မစောင့်နိုင်ဘူး၊ သေရေးရှင်ရေး အရေး
ကြီးတဲ့ကိစ္စဗျ”

“ဗျာ..သေ့ရေးရှင်ရေး အရေးကြီးတယ် ဟုတ်လား၊ အဲ
လိုကိစ္စမျိုးလည်း ပြောပါဗျာ”

ထိုလူက တအံ့တသြမေးလေသည်။

ဖန်ချီလင်းက...

“လီထင်းနဲ့တွေ့ဖို့ အမြန်စီစဉ်ပေးပါ၊ ရန်းချီတော့ သေသွား
ပြီဗျ”

“ဘာ”

အဖြူရောင်ဝတ်ဆင်ထားသူ ပါးစပ်အဟောင်းသား ဖြ
သွားလေသည်။

ထူးထူးခြားခြား အရေးကြီးနေပြီဖြစ်ကြောင်းလည်း ရိပ်
လိုက်၏။

ထို့ကြောင့် နောက်ထပ်စစ်ဆေးမေးမြန်းခြင်း မပြုတော့
ဘဲ...

“ကျုပ်နောက် လိုက်ခဲ့ပါဗျာ”

ဟုပြောကာ လမ်းပြခေါ်ဆောင်သွားလေသည်။



ဖန်ချီလင်းက နောက်မှလိုက်သွား၏။

ထူးခြားသည်ကား ရွှေပျံလွှားဂိုဏ်းကြီးမှာ ကြီးကျယ်ခန်း
...သော်လည်း လူရိပ်လူခြည် မတွေ့ရခြင်းဖြစ်ပေသည်။

ရွှေပျံလွှားဂိုဏ်းသည် လွန်စွာမှပင် အင်အားတောင့်တင်း
...ဟု ကျော်ကြားပေသည်။

ယခု အဘယ်ကြောင့် ရွှေပျံလွှားဂိုဏ်းသားများသည် စည်
...ကားကားရှိသည်ကို မတွေ့ရပါသနည်း။

ဖန်ချီလင်း ကြာကြာအံ့သြဖို့ အချိန်မရချေ။

လမ်းပြခေါ်ဆောင်သူနောက်သို့ ခပ်သွက်သွက်လိုက်သွား
...ကြပါချေ။

အခန်းတစ်ခုရှေ့သို့ ရောက်သွားလေသည်။

အဖြူရောင်ဝတ်ဆင်ထားသူက တံခါးခေါက်လိုက်ပြီး...

“ဆရာလီ အပြင်မှာ ညွှံ့သည်ရောက်နေပါတယ်”

ဟုပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

“အထဲကို လွှတ်လိုက်”

အတွင်းဘက်မှ ခပ်သြသြစကားပြောသံ ထွက်ပေါ်လာ
...ကို ကြားလိုက်ရလေသည်။

ထိုလူက တံခါးတွန်းဖွင့်လိုက်သည်။

“ကြွ”

www.burmeseclassic.com

www.burmeseclassic.com



မြည်သံနှင့်အတူ တံခါးပွင့်သွားလေသည်။

ထိုလူက…

"အထဲကို ဝင်သွားပါဗျာ"

ဟုပြောလိုက်၏။

ဖန်ချီလင်းလည်း လီထင်းနှင့်တွေ့လိုနေသည်ဖြစ်ရကာ အတွင်းဘက်သို့ လျှင်မြန်စွာ ဝင်လိုက်၏။

အတွင်းဘက်တွင် စားပွဲဝိုင်းတစ်လုံးရှိနေပြီး လူနှစ်ယော ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ အသက် ဆယ်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းသူဖြစ်၏။

အဖြူရောင် ရွှေနားကွပ်အဝတ်ဝတ်ထား၏။

သူ၏ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံမျှဖြင့် ရွှေပျံလွှားကိုယ ဌာနမှူးလီထင်းဖြစ်ရမည်ဟု ဖန်ချီလင်း တွက်မိလေသည်။

လီထင်းရှေ့တွင် အမျိုးသမီးတစ်ယောက် ထိုင်နေ၏။

ထိုအမျိုးသမီးမှာ ဖန်ချီလင်းဘက်သို့ ကျောပေး ထား ကြောင့် မျက်နှာကို မမြင်ရပါ။

ဖန်ချီလင်း ရင်ထိတ်သွား၏။

ထိုအမျိုးသမီးမှာ မှင်စာမယ်ပင် ဖြစ်နေသည်လော။

မှင်စာမယ်အား လီထင်းက လက်ခံစကားပြောနေ မထင်ပါ။



ဖန်ချီလင်း သက်ပြင်းချလိုက်ပြီး လီထင်းနှင့် မျက်နှာချင်း ဆိုင်ထိုင်လိုက်လေသည်။

ထိုသူက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး…

"ကျုပ်က လီထင်းပါ၊ မိတ်ဆွေလေးက ကျုပ်ကိုဘာကိစ္စ ကြောင့် တွေ့ချင်တယ်ဆိုတာ ပြောပါဗျာ"

ဟု မေးလိုက်လေသည်။

ဖန်ချီလင်းက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး…

"ကျေးဇူးပြုပြီး နားထောင်ပါခင်ဗျာ၊ ရွှေပျံလွှားကိုက်ဌာန မသမာသူတစ်စုက တိုက်ခိုက်ချေမှုန်းဖို့ စီစဉ်ထားပါတယ်၊ သူ ဟာ ရန်းချီကို လုပ်ကြံလိုက်ကြပြီဗျ"

ဟု ပြောလိုက်၏။

လီထင်း မျက်လုံးပြူးသွားသည်။

"ရန်းချီ သေသွားပြီ ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ သူ့ကိုမှင်စာမယ်ဆိုတဲ့ မိန်းမတစ် ယောက်က လုပ်ကြံလိုက်ပါတယ်"

လီထင်းက….

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ဒီအကြောင်းတွေ ပြောနိုင် ရတာလဲဆိုတာ ကျုပ်ကို အရင်ဆုံးရှင်းပြပါ"

ဖန်ချီလင်းအား စိုက်ကြည့်ကာ မသင်္ကာသောလေသံဖြင့် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ချီလင်းကလည်း ခရီးထွက်လာရင်း တောအုပ်ထဲ၌ မီး ရောင်တွေ့၍ နားခိုစရာနေရာရမည်အထင်နှင့် သွားခဲ့သည်မှ အစပြု ကာ ယခုအချိန်အထိ တွေ့ခဲ့ရသမျှ ရှင်းလင်းပြောပြလိုက်လေသည်။

လီထင်း အံ့ဩသွား၏။

ဖန်ချီလင်းက...

"သူတို့ သေသေချာချာ စီစဉ်ထားကြပါတယ်၊ ဒါကြောင့် မကြာခင် လာပြီးတိုက်ခိုက်ပါလိမ့်မယ်၊ ဦးအနေနဲ့"

သူက စကားမဆုံးမီ အမျိုးသမီးက သူ့ဘက်လှည့်လာ သည်ကိုတွေ့မြင်လိုက်ရလေသည်။

ထိုအမျိုးသမီး၏မျက်နှာကိုမြင်လျှင် ဖန်ချီလင်း ပါးစပ်အ ဟောင်းသား ဖြစ်သွားလေတော့သည်။

"မှင်စာမယ်"

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

လီထင်းက...

"မင်း ဘာပြောလိုက်တာလဲ"

ဖန်ချီလင်းက အမျိုးသမီးကိုညွှန်ပြရင်း...

"ကျုပ်...ကျုပ်ပြောတဲ့ မှင်စာမယ်ဆိုတာ သူပါပဲ"

ဟုအော်ပြောလိုက်လေသည်။

လီထင်းက အမျိုးသမီးဘက်လှည့်ကြည့်လိုက်၏။

အမျိုးသမီးက သူ့အား ပြုံးပြလိုက်လေသည်။



လီထင်းက...

"မင်းက"

သူ၏စကားမဆုံးမီ မှင်စာမယ်က ကြားဖြတ်ပြောလိုက် လေသည်။

"ဘာလဲ ရှင်က အခုမှတွေ့ရတဲ့ လူတစ်ယောက်ရဲ့စကားကို ယုံကြည်ပြီး ကျွန်မကို အပြစ်တင်တော့မလို့လား"

သူမ၏စကားဆုံးလျှင် မှင်စာမယ်လည်း လီထင်းနှင့်ရင်း နှီးနှီးရှိခဲ့သည်ဟု ဖန်ချီလင်း တွေးမိလိုက်၏။

ရွှေပျံလွှားဂိုဏ်းအား ဖြိုခွဲလိုသူများတွင် ခင်မင်ရင်းနှီး သော မိတ်ဆွေများပါဝင်နေသည်ကို ရွှေပျံလွှားဂိုဏ်းသားများ မည်သောအခါမှ သိနိုင်မည် မဟုတ်ပါချေ။

လီထင်းက ဖန်ချီလင်းဘက်သို့ ပြန်လှည့်လိုက်ပြီး...

"မင်း ဘာတွေလာပြောနေတာလဲ၊ မင်းမှာ သက်သေအ ထောက်အထား ဘာရှိသလဲ၊ ပြောစမ်း"

ဟုခပ်ထန်ထန် မေးလိုက်လေသည်။

ဖန်ချီလင်း စိတ်ပျက်သွား၏။

သူ၏စကားကို မည်သူမျှ မယုံကြည်ဘဲ ရှိနေသည် မဟုတ် လော။

လီထင်းက...

"မနက်က စာပို့လိုက်တာလည်း မင်းပဲကိုး၊ ကောင်းပြီ မင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အတိုင်းမှန်တယ်ဆိုတာ သက်သေပြနိုင်အောင် မင်းကို တိုင်မှင်စာမယ်ဆိုတဲ့ အမျိုးသမီးကို ဖမ်းပေးရမယ်"

ဟု ပြောလိုက်၏။

ဖန်ချီလင်းက မှင်စာမယ်ကို ညွှန်ပြရင်း..

"ခင်ဗျားရှေ့မှာထိုင်နေတာ မှင်စာမယ်ပဲ"

"ဟား..ဟား..ဟား"

လီထင်းက သဘောကျစွာ ရယ်မောလိုက်လေသည်။

သူ၏စကားကိုမည်သို့မျှ မယုံကြည်နိုင်သည့် သဘော သည်။

ဖန်ချီလင်း ဒေါပွသွားသည်။

သူက စေတနာနှင့် သတိပေးသော်လည်း မယုံဘဲဖြစ် ကြ၍ ဒီအတိုင်း လက်ပိုက်ကြည့်နေလိုစိတ်များ ဖြစ်ပေါ်လာ၏။

သို့သော် လက်ပိုက်ကြည့်နေ၍လည်း မဖြစ်နိုင်ပါချေ။

မှင်စာမယ်က အပြစ်ဟူသရွေ့ကို သူ၏ခေါင်းပုံချလိမ့်မည် ဟုတ်ပါလား။

ဖန်ချီလင်းက မှင်စာမယ်ကို လှမ်းကြည့်လိုက်၏။

ဤတွင် မှင်စာမယ်၏လက်ထဲ၌ ဓားတစ်လက်ပါလာ လီထင်း၏ရင်ဝကို လျှပ်တပြက် ထိုးသွင်းလိုက်သည်ကို တွေ့ လိုက်ရလေတော့သည်။

ဖန်ချီလင်း မျက်လုံးပြူးသွားသည်။



"သတိထား...သူက"

သူက ဟု အော်ပြောလိုက်သော်လည်း နောက်ကျသွားချေ

လီထင်း၏ရယ်မောသံ တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွား သည်။

မှင်စာမယ်ကို မယုံကြည်နိုင်စွာကြည့်ကာ...

"မင်း..မင်း"

မှင်စာမယ်က ပြုံးလိုက်သည်။

"သူပြောတာ အမှန်ပဲရှင့်"

"မင်း..မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"ရွှေပုံလွှားဂိုဏ်း လောကမှာ ရှိနေတာကို မကြည့်ချင်လို့ ရှင့်"

"ဘာ"

လီထင်းသည် မှင်စာမယ်အား တိုက်ခိုက်ရန် ကြိုးစားလိုက်

မှင်စာမယ်က မလှုပ်မယှက် ထိုင်နေသည်။

လီထင်းမှာ ရှေ့တိုးရန် ဟန်ပြင်လိုက်ပြီးမှ ခန္ဓာကိုယ် ဆတ် တုန်ခါသွားပြီး ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွား၏။

ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

ထိုစဉ် မှင်စာမယ်၏စကားသံ ထွက်ပေါ်လာသည်ကို ကြား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေသည်။

"ရှင် သတ္တိကောင်းသားပဲ၊ ဒီအထိ လိုက်လာရဲမယ်လို့ ကျွန်မ မထင်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ၊ အခုတော့ ကျွန်မအကြံအစည် အောင်မြင်သွားပါပြီ"

ဟု ပြုံးရွှင်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

ဖန်ချီလင်း အံကြိတ်လိုက်ပြီး…

"သည်တစ်ခါတော့ ခင်ဗျားထွက်ပြေးလို့ရမယ်မထင်နဲ့ ဒွားမှူးလီထင်း သေသွားပေမယ့် အပြင်ဘက်မှာ ရွှေပုံလွှားဂိုဏ်းသားတွေ ရှိနေသေးတယ်ဗျ"

မှင်စာမယ်က ရယ်မောလိုက်သည်။

ဖန်ချီလင်း၏ ခြိမ်းခြောက်မှုကို လုံးဝအရေးမစိုက်သည့် အလားပင်ဖြစ်သည်။

ဖန်ချီလင်းက…

"ကျုပ်က ရွှေပုံလွှားဂိုဏ်းသားတွေကို အော်ခေါ်လိုက်ရင် ခင်ဗျား ဘယ်ပြေးမလဲ"

"ကျွန်မ မပြေးပါဘူး၊ ရှင်အော်ခေါ်လိုက်ပါလား"

"ဘာ"

"ရှင် အော်ခေါ်မယ်ဆို"

ဖန်ချီလင်း အံကြိတ်လိုက်သည်။

ရွှေပုံလွှားဂိုဏ်းသားများအား အော်ခေါ်ရန် ဟန်ပြင်လိုက်



သေသည်။

ထိုစဉ်မှာပင်…

"အား"

"အွန့်"

"အမယ်လေး"

အပြင်ဘက်မှ စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စူးရှသောအော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာ၏။

ဝုန်းဝုန်းဒိုင်းဒိုင်း အသံများလည်း ထွက်ပေါ်လာ၏။

သို့သော်...

တခဏအတွင်းမှာပင် တိတ်ဆိတ်ငြိမ်သက် ပျောက်ကွယ်သွားလေသည်။

ဖန်ချီလင်းတစ်ကိုယ်လုံး တောင့်တင်းသွား၏။

အသက်ပင် မရှူဝံ့အောင် ဖြစ်သွား၏။

အတော်ကလေးကြာသည်အထိ နောက်ထပ်အသံဗလံများ ထွက်ပေါ်လာခြင်းမရှိမှ မှင်စာမယ်ဘက် လှည့်လိုက်သည်။

မှင်စာမယ်က ပြုံးနေသည်။

ဖန်ချီလင်းမှာ ဆတ်ခနဲ တုန်ခါသွားသည်။

မှင်စာမယ်ကို စိုက်ကြည့်ရင်း...

"ခင်ဗျားက သေသေချာချာ အကွက်ချပြီး စီစဉ်ခဲ့တာ မဟုတ်လား"

ဟုမေးလိုက်သည်။

ဖန်ချီလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရွှေပုံလွှားဂိုဏ်းဌာနခွဲကို ချေမှုန်းဖို့ ကျွန်မ အကောင်းဆုံး စီစဉ်ထားတာပါ။ မမျှော်လင့်ဘဲ ရှင်ပါဝင်လာတော့ ကျွန်မရဲ့အစီအစဉ် ပိုကောင်းသွားတယ်၊ ပိုပြီးပြည့်စုံသွားတယ်ဆိုရမှာပေါ့ရှင်"



"ခင်ဗျားက ကျုပ်အပေါ် အပြစ်ပုံချမယ်ပေါ့"

"ဟုတ်တယ်"

"ခင်ဗျားကကြိုတင်စီစဉ်ထားခဲ့တာဆိုရင် ကျုပ်မပါဘဲမဖြစ်ဘူးလားဗျ"

မှင်စာမယ် ပြုံးလိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ရှင်ပါလာတာ ပိုကောင်းပါတယ်"

"ခင်ဗျား ဆိုလိုတာက"

"ရွှေပုံလွှားဂိုဏ်းကို ဖြိုခွဲဖို့ ကျွန်မတို့ သေသေချာချာ အကွက်ချစီစဉ်ခဲ့တာပဲ၊ အဖွဲ့တွေ တစ်ခုပြီးတစ်ခု ဖျက်ဆီးချေမှုန်းပစ်မယ်"

"သည်လိုဖျက်ဆီးချေမှုန်းပစ်လို့ ခင်ဗျားတို့အတွက် ဘယ်လိုအကျိုးထူးမှာမို့လဲ"

"အကျိုးမထူးဘဲ ဘယ်သူကလုပ်မှာလဲရှင်၊ အကျိုးရှိလို့ လုပ်တာပေါ့၊ ဘယ်လိုအကျိုးရှိမယ်ဆိုတာတော့ မမေးပါနဲ့၊ ကျွန်မ ပြောနိုင်ဘူးရှင့်"

ဖန်ချီလင်း ပြုံးပြလိုက်လေသည်။

"ကျုပ်က ခင်ဗျားကိုဖမ်းပြီး အာဏာသားတွေလက်ထဲ အပ်လိုက်မယ်ဆိုရင်ကော"

သူက ပြောပြီး ခပ်တည်တည် စိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှင်စာမယ်က လက်ကာပြလိုက်လေသည်။

"ပြောရင်းပြောရင်း ရှင်က ရန်မူချင်လာပြီကိုး၊ ရှင့်ကိုကျွန် လက်ဖျားနဲ့တောင် မတို့ဘူး၊ ကျွန်မကိုလည်း ဒုက္ခပေးဖို့ မကြိုးစ ပါနဲ့ရှင်"

"ဩော်..ခင်ဗျားက ကျုပ်အပေါ် အပြစ်ပုံချတာကိုတော့ ထည့်မပြောတော့ဘူးပေါ့ ဟုတ်လား"

"ဒါကတော့ မလွှဲမရှောင်သာလို့လုပ်ရတယ် သဘောထား လိုက်ပါရှင်"

"ကောင်းပြီ..ကျုပ်ကလည်း မလွှဲမရှောင်သာလို့ ခင်ဗျားကို တိုက်ခိုက်ရတာပဲ"

စကားဆုံးသည်နှင့် ဖန်ချီလင်းက မှင်စာမယ်ထံ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

မှင်စာမယ်က ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ နောက်သို့ လျှင်မြန်စွာ ဆုတ်သွားလေသည်။

သူမသည် အခန်းတံခါးပေါက် အနီးသို့ ဆုတ်သွားပြီး အပြင် ဘက်သို့ လျှပ်တပြက် ခုန်ထွက်သွားလေသည်။

"မပြေးနဲ့"

ဖန်ချီလင်းက အော်ဟစ်ရင်း ပြေးလိုက်သွားသည်။

"ဝုန်း"

မှင်စာမယ်က အပြင်ဘက်မှ တံခါးပိတ်ပစ်လိုက်လေသည်။



ရုတ်တရက်မို့ ဖန်ချီလင်း ရပ်တန့်သွားရလေသည်။

သို့သော်...

မှင်စာမယ် လွတ်မြောက်သွားမည်ကို စိုးရိမ်ကာ တံခါးကို ယ်စောင်းတိုက်ဖွင့်ပြီး အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

ကျယ်လောင်သော မြည်သံကြီးနှင့်အတူ အခန်းတံခါးပွင့် ားပြီး အပြင်ဘက် ရောက်ရှိသွားလေသည်။

အပြင်ဘက်ရောက်လျှင် မှင်စာမယ်၏ အလစ်ချောင်းတိုက် မှ မခံရလေအောင် သတိကြီးစွာထားရင်း ပြန်လည်တိုက်ခိုက်ရန် သင့်ပြင်ထားလိုက်လေသည်။

အပြင်ဘက်တွင် မှင်စာမယ်ကို မတွေ့ရပါ။

သူမျှော်လင့်ထားသလို တိုက်ခိုက်မှုလည်း မခံရပါ။

သူတွေ့လိုက်ရသည်ကား ကြမ်းပြင်ပေါ်တွင် အတုန်းအရုန်း ကျနေသည့် ရွှေပျံလွှားဂိုဏ်းသားများ ဖြစ်လေသည်။

မှင်စာမယ်သည် သူမ၏အစီအစဉ်အတိုင်း ရွှေပျံလွှား ဂိုဏ်း ားနှစ်ခွဲ အမှတ်တစ်ဆယ့်ငါးအား လုံးဝချေမှုန်းလိုက်ပြီ ဖြစ်လေသည်။

ဖန်ချီလင်း ခေါင်းငိုက်စိုက်ကျသွား၏။

ထိုစဉ်...

"ဟာ...သည်မှာလည်း အလောင်းတွေပါလား၊ လူသတ်သ ားက သည်ရောက်လာတာကိုး"

"သတိထားကြဟေ့ သည်အထဲမှာ ရှိချင်ရှိနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဆောက်အဦးကို ဝိုင်းထားလိုက်ကြ"

"လူသတ်သမားကို မလွတ်စေနဲ့"

အပြင်ဘက်မှ ဆူညံစွာ ပြောဆိုလိုက်ကြသည့်စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဖန်ချီလင်း မျက်လုံးပြူးသွားသည်။ လမ်းကြားထဲ၌ တွေ့ ရသော လူအုပ်ကြီးရောက်လာပြန်ပြီ ဖြစ်လေသည်။

"ဒုက္ခပဲ၊ လူတွေက ငါ့ကိုမြင်ရင် လူသတ်သမားလို့ ထင် သွားကြတော့မှာပဲ"

တွေးရင်း လူအုပ်ကြီးနှင့်မဆုံမိစေရန် အနောက်ဘက်သို့ ထွက်လာခဲ့သည်။

အဆောက်အဦးအတွင်း လဲကျသေဆုံးနေသော ရွှေပျံလွှား ပိုက်ဆံသားများကို နေရာအနှံ့ အပြား၌ တွေ့မြင်နေရ၏။

ဖန်ချီလင်း၏ရင်ထဲ မကျေနပ်မှု၊ ခံပြင်းမှုများ ပြည့်နှက် နေသည်။

မှင်စာမယ်ကို လက်ရဖမ်းဆီးရန်လည်း စိတ်ပိုင်းဖြတ်လိုက် သည်။ အနောက်ဘက်သို့ ထွက်လာခဲ့ပြီး အုတ်တံတိုင်းကို ခုန် ကျော်ကာ အပြင်ဘက်သို့ ထွက်လိုက်သည်။

ထို့နောက် ရွှေပျံလွှားဌာနခွဲ အဆောက်အဦးနှင့်ဝေးရာသို့ ပြေးထွက် သွားလေတော့သည်။

* * *

## ဖိတ်ခေါ်ခြင်း

ဖန်ချီလင်း ခံပြင်းဒေါသထွက်နေသည်။

"သည်တစ်ခါ ငါ့အကြောင်းကြောင်လုပ်လိုက်တာ အတော် ...ိုက်ရတာပဲ"

မှင်စာမယ်က သူ့အား ကောင်းကောင်းကြီး ဒုက္ခပေးသွား ...သဖြင့် မကျေမနပ် ဖြစ်နေပါတော့သည်။

"သည်အတိုင်း ရှေ့ဆက်သွားလို့ကတော့ ငါ့ကိုလူညှို့ကွက် ...သွားတယ်ဆိုတာ လူတွေက လက်ခံကြမှာမဟုတ်ဘဲ ငါ့ကို ...ယ့် လူသတ်သမားတစ်ယောက်လို့ ထင်သွားကြတော့မှာပဲ"

မှင်စာမယ်နှင့် ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းသွားရန် ...တ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

"ရှင် တော်တော် စိတ်ပျက်သွားပြီလား"

ချိုလွင်သောစကားသံနှင့်အတူ မိန်းမချောလေး… ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

"မှင်စာမယ်"

ဖန်ချီလင်း လွတ်ခနဲ ခေါ်လိုက်မိလေသည်။

"ဟုတ်တယ် ကျွန်မက ရှင်ဒုက္ခရောက်နေတာကို ြ… ရက်လို့လာခဲ့တာရှင့်"

"ဘာ…ဘာပြောတယ်"

"ရှင့်ကို ရွှေပျံလွှားဂိုဏ်းချုပ်က ချောက်ချခဲ့လို့ မြို့စား… ကိုသတ်တယ်လို့ စွပ်စွဲခံရပြီး ထွက်ပြေးနေရတယ် မဟုတ်လား"

ဖန်ချီလင်းက…

"ကျုပ်က ရွှေပျံလွှားဂိုဏ်းချုပ်ဖူးကျို့ရဲ့ မကောင်းတဲ့… ရပ်တွေကို ဖော်ထုတ်သွားမှာပါဗျာ"

မှင်စာမယ်က…

"ရှင် သည်လို ဒုက္ခရောက်နေတယ်ဆိုတာသာသိရင် ကျွ… ထပ်ပြီးဒုက္ခမပေးပါဘူးရှင်"

"ဩော်"

"ရှင့်ကို ဒုက္ခပေးခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်ရှင်… တော့ ရှင် သည်အတိုင်းနေမယ့်အစား ကျွန်မတို့နဲ့လက်တွဲဆောင်…



…က်တွန်းချင်ပါတယ်ရှင်"

ဖန်ချီလင်း မျက်လုံးပြူးသွားလေသည်။

"မင်းတို့နဲ့ လက်တွဲရမယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"နေပါဦး မင်းက ဘာကြောင့် သည်လောက်တောင် …ဘာကောင်းနေရတာလဲ၊ မင်းတို့ခိုင်းတဲ့ မကောင်းမှုတွေ ကျုပ် …ယ်များ ထင်နေလို့လား"

မှင်စာမယ် ခေါင်းခါယမ်းလိုက်သည်။

"ရှင့်ကို မကောင်းတာ လုပ်ခိုင်းမှာမဟုတ်ပါဘူးရှင်"

"ဒါဖြင့်"

"ရွှေပျံလွှားဂိုဏ်းကို ချေမှုန်းရာမှာ ကျွန်မတို့နဲ့လက်တွဲ …င်ရွက်စေချင်တာပါ"

ဖန်ချီလင်းက…

"ကျုပ်တစ်ယောက်ထဲနဲ့ သည်ကိစ္စကို မတတ်နိုင်ဘူးများ …နေလို့လား"

မှင်စာမယ် သက်ပြင်းချလိုက်သည်။

"ရှင့်မိတ်ဆွေနှစ်ယောက်ကတော့ မတတ်နိုင်ခဲ့ကြဘူးရှင့်"

"မင်းဆိုလိုတာက"

"ရှင့်မိတ်ဆွေနှစ်ယောက်ဖြစ်တဲ့ ကျင်းလုံနဲ့ချုန်းချီတို့ ရွှေပျံ …လွှားဂိုဏ်းချုပ်ဖူးကျို့ရဲ့လက်ချက်နဲ့ သေဆုံးသွားကြပြီလေ စောရ

www.burmeseclassic.com



ဝိဇ္ဇာဝမ်းကျင်းတောင် အဆစ်ပါသွားသေးတယ်"

ဖန်ချီလင်း မျက်နှာပျက်သွားလေသည်။

သို့သော်...

"သိုင်းလောကမှာ ကျင်လည်ကျင်စားနေတယ်ဆိုရင် ...ဆိုးပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ် အချိန်မရွေး သေဆုံးသွား...ကြတာပဲ မဟုတ်လား၊ ဒါဟာ ထူးဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး..."

ဟု ပြောလိုက်လေသည်။

မှင်စာမယ် ပြုံးလိုက်သည်။

"ဒါကလည်း ရှင်စိတ်ထိခိုက်သွားမယ်ထင်လို့ ပြောလို...တာပါရှင်၊ ဘာပဲဖြစ်ဖြစ် ရွှေပုံလွှားဂိုဏ်းချုပ်ကို ရှင်ဆုံးမမယ်ဆို...ကျွန်မတို့ လက်တွဲလို့ဖြစ်ပါတယ်ရှင်"

ဖန်ချီလင်းက...

"ကျုပ်က ဂိုဏ်းချုပ်ဖူးကျို့ကို ဆုံးမမှာပါ၊ ဒါပေမယ့် ...တို့နဲ့တော့ လက်တွဲသွားမှာ မဟုတ်ပါဘူးလေ"

မှင်စာမယ်က...

"လက်မခံရင် ရှင်ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ...မတွေးမိဘူးလားရှင်"

"ကျုပ် ဒုက္ခရောက်ရမယ် ဟုတ်လား"

"ဟုတ်တယ်လေ"

ဖန်ချီလင်းက ရယ်မောလိုက်လေသည်။



"အသက်သေရမယ်ဆိုတာတောင် ထူးဆန်းတဲ့ကိစ္စမဟုတ်...ဘူး၊ ဒုက္ခရောက်တာလောက်များ ကျုပ်က စိတ်ကူးထဲထည့်ပါ့မ...လား"

မှင်စာမယ်က...

"ရှင် တကယ်ပဲ ဂရုမစိုက်ဘူးလား"

"ကျုပ် လိမ်ပြောရမှာလားဗျာ"

"ရှင့်ရဲ့သိုင်းပညာကို အားကိုးပြီး ကျွန်မတို့ကို ဂရုမစိုက်ဘူး...ဆိုရင် ရှင်မှားသွားမယ်"

ဖန်ချီလင်းက...

"ကျုပ်က သိုင်းပညာကို အားကိုးနေတာ လည်း မဟုတ်ပါ...ဗျာ"

"ဒါဖြင့် ရှင်က.."

"ကျုပ်ရဲ့မိတ်ဆွေ တစ်ယောက်ကြောင့်ပါဗျာ"

မှင်စာမယ် မျက်မှောင်ကုပ်သွားလေသည်။

"ရှင့်မိတ်ဆွေ ကျင်းလုံတို့က သေသွားကြပြီရှင့်"

ဖန်ချီလင်း ဘာမှမပြောပါ။

ရုတ်တရက် မှင်စာမယ် ကြက်သီးဖြန်းခနဲ ထသွားလေ...သည်။

ကျောပြင်တလျှောက် အေးစိမ့်သွားလေသည်။

သူမ ရှင်ထိတ်သွားပြီး နောက်လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မလှမ်းမကမ်း၌ ရှိနေသူတစ်ယောက်ကို တွေ့လိုက်ရလေတော့သည်။

* * *

မလှမ်းမကမ်း၌ လူတစ်ယောက် ရှိနေ၏။

မင်းသားလေးတစ်ပါးကဲ့သို့ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦး ဖြစ်လေသည်။

မှင်စာမယ် မျက်မှောင်ကုပ်သွားလေသည်။

"ရှင်က ကျူးကျားကျေးရွာသခင်လေး ကျူးစိန်မဟုတ်လား"

လူရွယ် ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

သခင်လေးကျူးစိန်သည် ဖန်ချီလင်းနှင့် ယှဉ်ပြိုင်ပြီး အရေးနိမ့်သွားခဲ့လေသည်။

ဒဏ်ရာပြင်းထန်စွာ ရသွားခဲ့သည့်တိုင်အောင် ကျူးကျားကျေးရွာသို့ ပြန်သွားပြီး ဆေးကုသခံယူခဲ့လေသည်။

ဒဏ်ရာများ သက်သာသွားသောအခါ သိုင်းလောကသို့ မထွက်တော့ဘဲ ကျူးကျားကျေးရွာ၌ပင် နေထိုင်ကာ သိုင်းပညာကို ပြန်လည်လေ့ကျင့်ခဲ့လေသည်။



သခင်လေးကျူးစိန်မှာ ဖန်ချီလင်းအား ယှဉ်ပြိုင်အနိုင်ယူရန်အလွဲပြီး အခြားဘာကိုမှ အမှုမထားတော့ချေ။

မှင်စာမယ်က...

"ရှင်က သူ့ရဲ့မိတ်ဆွေလား"

ဖန်ချီလင်းကို ညွှန်ပြကာ မေးလိုက်လေသည်။

သခင်လေးကျူးစိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ သူဟာ ကျုပ်ကြည်ညိုလေးစားရတဲ့ မိတ်ဆွေတစ်ယောက်ပါ"

မှင်စာမယ်က...

"ရှင်တို့နှစ်ယောက် သူသေကိုယ်သေ ယှဉ်ပြိုင်ခဲ့ကြတယ်လို့ ကျွန်မ ကြားမိတာပဲ"

သခင်လေးကျူးစိန်က...

"ဒါ ကျုပ်တို့ကိစ္စပါ"

ဖန်ချီလင်း သဘောကျသွားလေသည်။

သခင်လေးကျူးစိန်က ဖန်ချီလင်းကို လှမ်းမေးလိုက်သည်။

"ခင်ဗျား စိတ်အနှောက်အယှက် ဖြစ်နေမယ်ဆိုရင် ကျုပ် ယှဉ်ပြိုင်မယ် မထင်ဘူး"

ဖန်ချီလင်း ခေါင်းညိတ်လိုက်သည်။

"ဒါ အမှန်ပါပဲ"

သခင်လေးကျူးစိန်က...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျား ဘာမှမပူပါနဲ့တော့ဗျာ"

စကားဆုံးလျှင် လျှပ်တပြက် လှုပ်ရှားကာ မှင်စာမယ်ထံသို့ ခုန်ဝင်သွားလေသည်။

မှင်စာမယ် မျက်နှာပျက်သွားသည်။

ကပျာကယာ ရှောင်တိမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သခင်လေးကျူးစိန်၏ လှုပ်ရှားမှုက လျင်မြန်လေ သဖြင့် ရှောင်ထွက်သွားရန် မဖြစ်နိုင်တော့ပါ။

"ဒါ ဘာသဘောလဲ"

မှင်စာမယ်က သခင်လေးကျူးစိန်အား တိုက်ခိုက်လိုက်လေ သည်။

ဖန်ချီလင်းက...

"သူက အဆိပ်ကို အသုံးပြုတတ်တယ် သတိထားပါဗျာ"

ဟု လှမ်းပြီး သတိပေးလိုက်လေသည်။

သခင်လေးကျူးစိန်က...

"ကျုပ်က ဘယ်လိုအဆိပ်မျိုးကိုမှ မကြောက်ဘူးဆိုတာ သူ မသိသေးပါဘူးဗျာ"

သိုင်းလောကတွင် အဆိပ်နှင့်ပတ်သက်လျှင် အထင်ရှားဆုံး ဖြစ်လေသည်။

အဆိပ်မကြောက်သည့်နေရာ၌မူ ကျူးကျားကျေးရွာ အထင်ရှားဆုံးဖြစ်သည်။



မှင်စာမယ်က လက်ဝါးနှစ်ဘက် အသုံးပြုကာ ပြင်းပြင်း ထန်ထန် တိုက်ခိုက်လိုက်လေသည်။

သခင်လေးကျူးစိန်ကလည်း လက်ဝါးနှစ်ဘက်ကို အသုံး ပြုကာ တိုက်ခိုက်လိုက်သည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မရှေးမ နှောင်းမှာပင်...

"ဝုန်း"

ကျယ်လောင်သောအသံ တစ်ချက်ထွက်ပေါ်လာကာ မှင် စာမယ် နောက်ဆုတ်လိုက်ရလေတော့သည်။

မှင်စာမယ် ဒေါသထွက်သွားလေသည်။

"ရှောင်နိုင်ရင် ရှောင်ပေတော့"

အော်ငေါက်ရင်း အဆိပ်လက်နက်ပုန်းလေးများဖြင့် ပစ် ခတ်လိုက်လေသည်။

"ဝှစ်...ဝှစ်...ဝှစ်"

အဆိပ်လက်နက်ပုန်းလေးများသည် လေထဲပြန့်ကျဲသွားပြီး သခင်လေးကျူးစိန်ထံသို့ ပစ်လွှင့်သွားလေသည်။

"ဟား...ဟား...ဟား"

သခင်လေးကကျူးစိန် ဟားတိုက်ရယ်မောလိုက်သည်။

"ကျုပ်က အဆိပ်မကြောက်ဘူးလို့ ပြောတာကို မယုံဘူး၊ ကျုပ်ကို ဘာတတ်နိုင်မှာမို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ပစ်လွှင့်လာသော အဆိပ်လက်နက်ပုန်းလေးများကို အ
လက်ဖြင့်လိပ်ကာ ဖမ်းယူသိမ်းဆည်း ထားလိုက်လေသည်။

မှင်စာမယ်မှာ အလွန်ပါးနပ်သူတစ်ယောက် ဖြစ်ပါသည်

ဖန်ချီလင်းနှင့် သခင်လေးကျူးစိန်တို့အား မည်သို့မျှ ယှဉ်
နိုင်မည်မဟုတ်ကြောင်း နားလည်သွားပြီး ထွက်ပြေးရှောင်တိမ်းသွား
ရန် ကြိုးစားလိုက်လေတော့သည်။

သို့သော်...

"မင်း ပြေးလို့ရမလား"

သခင်လေးကျူးစိန်က လျှပ်တပြက် ခုန်ဝင်သွားပြီး မှင်စာ
မယ်အား သွေးကြောပိတ်ဖမ်းဆီးလိုက်လေတော့သည်။

* * *



အလွန်ဉာဏ်များပြီး ကြောက်စရာကောင်းသော မှင်စာ
မယ်မှာ သခင်လေးကျူးစိန်၏ ဖမ်းဆီးခြင်းခံလိုက်ရတော့သည်။

"ကျွန်မကို ခုချက်ချင်းလွှတ်ပေး"

သွေးကြောပိတ် ခံနေရသည့်တိုင်အောင် စကားပြောနိုင်
သေးသော မှင်စာမယ်က အော်ပြောလိုက်လေသည်။

သခင်လေးကျူးစိန်က...

"မင်းတို့လူတွေ ဘယ်မှာရှိတယ်ဆိုတာ ပြောပြမယ်ဆိုရင်
မင်းကိုလွှတ်ပေးမယ်"

မှင်စာမယ်က...

"ကျွန်မတို့လူတွေကို ရှင်က ရင်ဆိုင်ဝံ့လို့လား"

သခင်လေးကျူးစိန် ပြုံးလိုက်သည်။

"မင်းရဲ့လူတွေကို သိပ်ပြီးအားကိုးတယ်ဆိုရင် ခေါ်လိုက်
စမ်းပါ"

မှင်စာမယ်က...

"စိတ်ချ..သူတို့ရောက်နေကြပါပြီရှင်"

သူမ၏စကားသံနှင့် မရှေးမနှောင်းမှာပင် အဝတ်အစား
လေတိုးသံများ ထွက်ပေါ်လာပြီး လူတစ်စု ပြေးလွှားရောက်ရှိလာ
ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဖားပျံခြောက်ယောက်နှင့် မြွေဆိုးခြောက်ယောက် ရောက်ရှိလာကြလေသည်။

သူတို့သည် မှင်စာမယ် အဖမ်းခံနေရသည်ကိုတွေ့လျှင်မျက်နှာ ကျေမနပ် ဖြစ်သွားကြလေသည်။

မှင်စာမယ်က...

"ရှင်တို့ ဘာငေးနေကြတာလဲ"

သူမ၏စကား ကြားသည်နှင့် ဖားပျံလူယံသုံးယောက်က ရုတ်တရက် ခုန်ထွက်လာကြလေသည်။

သို့သော်...

သူတို့သည် သခင်လေးကျူးစိန်ထံသို့ အရောက်မသွားနိုင်အောင် ဖန်ချီလင်းက ကြားဖြတ်ဟန့်တားလိုက်လေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများနှင့်အတူ ဖားပျံလူယံသုံးယောက် မြေပေါ်လဲကျသွားကြတော့သည်။

မြွေဆိုးနှင့်ဖားပျံများသည် အလွန်ရက်စက်ကြမ်းကြုတ်သူများဖြစ်ကြောင်း သိထား၍ ဖန်ချီလင်းက ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

"ဟင်"



"ဟာ"

ဖားပျံအဘိုးအိုသုံးယောက်နှင့် မြွေဆိုးခြောက်ယောက် ...တ်လန့်ကာ နောက်ဆုတ်လိုက်ကြလေသည်။

မှင်စာမယ်လည်း မျက်လုံးပြူးသွားသည်။

"ရှင်း...ရှင့်ရဲ့သိုင်းပညာက"

ဖန်ချီလင်းသည် သူရဲကောင်းသုံးယောက်တွင် ဝါစဉ်အငယ်...နှင့်အတွေ့အကြုံအနည်းဆုံး ဖြစ်လေသည်။

သို့သော် သူ၏သိုင်းပညာအဆင့် အမြင့်မားဆုံးဖြစ်သည်ကို ...င်းလုံနှင့်ရှန်းချီတို့မှလွဲ၍ အခြားမည်သူမျှ သိကြလိမ့်မည် မဟုတ်...ချေ။

ဖန်ချီလင်းက လက်ချောင်းကလေးများကို အသုံးပြု၍ထိုးကြိတ်လိုက်ခြင်း ဖြစ်သည်။

ထိုရွှေလက်ချောင်းသိုင်းပညာသည် သူ၏အထက်မြက်ဆုံး...ညာဖြစ်ပါသည်။

ဖန်ချီလင်း ရယ်မောလိုက်သည်။

"ကျုပ်တို့ရှေ့ဆက် ရင်ဆိုင်သွားစရာ ရန်သူတွေ အများ...ရှိနေသေးတော့ သည်နေရာမှာ အချိန်ဖြုန်းလို့မဖြစ်ဘူးလေ"

စကားဆုံးလျှင် ဖားပျံအဘိုးအိုသုံးယောက်နှင့် မြွေဆိုး...ခြောက်ယောက်အား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

ဖားပျံအဘိုးအိုတို့ အားလုံးစုစည်းကာ ခုခံလိုက်ကြလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သို့သော်...

ဖန်ချီလင်းအား မယှဉ်နိုင်ဘဲ တစ်ယောက်ပြီးတစ်ယော
လဲကျသွားကြလေတော့သည်။

* * *

ယခု..

ဖားပျံခြောက်ယောက်နှင့် မြွေဆိုးခြောက်ယောက် မြေ
ပေါ်လဲကျနေကြ၏။

သူတို့ ဘယ်တော့မှ ထပ်မံ ဆိုးသွမ်းသောင်းကျန်းနိုင်တော
မည်မဟုတ်ပါ။

မှင်စာမယ်က ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေ

သခင်လေးကျူးစိန် သက်ပြင်းချလိုက်သည်။

"ခင်ဗျားရဲ့သိုင်းပညာဟာ တကယ့်ကို အံ့သြချီးကျူးစ
ကောင်းပါတယ်"

အမှန်တော့ ဖန်ချီလင်းက သူ့အား ပညာပြလိုက်ခြင်းဖြ
ကြောင်း နားလည်ထားလေသည်။

ပထမတစ်ကြိမ် ယှဉ်ပြိုင်ခဲ့စဉ်က ဖန်ချီလင်းသည် ရွှေလ
ချောင်းသိုင်းပညာကို ထုတ်ဖော်ခဲ့ခြင်းမရှိပါ။

သခင်လေးကျူးစိန်က...



"ကျုပ်တို့ ပထမတစ်ကြိမ် ယှဉ်ပြိုင်စဉ်တုန်းက သည်
ညာကို ခင်ဗျား ထုတ်သုံးသင့်တာ"

ဖန်ချီလင်း ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်တို့ဟာ ရန်သူတွေမှ မဟုတ်တာ"

"ရန်သူနဲ့တွေ့မှ သည်ပညာကို ထုတ်မှာလား"

"ဟုတ်တယ်"

"ဘာကြောင့်လဲ"

"ဒါဟာ လူသတ်ပညာဖြစ်နေလို့ပါ"

သခင်လေးကျူးစိန် ပါးစပ်ပိတ်ထားလိုက်လေသည်။

ဖန်ချီလင်းက မှင်စာမယ်ကို မေးလိုက်သည်။

"မင်းရဲ့ခေါင်းဆောင် သုံးယောက်ကကော"

မှင်စာမယ်က...

"ရှင်က သူတို့ကိုတွေ့ချင်ရင် ငွေဖားပျံနဲ့ ကင်းမလက်မည်း
ကျော်ဖြတ်နိုင်မှဖြစ်မယ်"

ဖန်ချီလင်း ပြုံးလိုက်သည်။

"အခုထိ ကျုပ်ကို မယုံသေးဘူးလား"

မှင်စာမယ် မျက်နှာပျက်သွားလေသည်။ ဖန်ချီလင်းက...

"သူတို့ ဘယ်မှာလဲ"

မှင်စာမယ် အရှုံးပေးလိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ငရဲလမ်း

တောင်ကုန်းလေးပေါ်၌ ရောင်စုံပန်းများ ဝေဝေဆာ
ဖူးပွင့်နေကြသည်။

တောင်ကုန်းလေးပေါ်သို့ သွားရာလမ်းမှာလည်း ညီညာ
ဖြောင့်တန်းနေ၏။

ထိုလမ်းကလေးအတိုင်း လူနှစ်ယောက် ပခုံးချင်းယှဉ်
သွားနေကြ၏။

ဖန်ချီလင်းနှင့် သခင်လေးကျူးစိန်တို့ဖြစ်သည်။

နှစ်ယောက်သား တောင်ကုန်းလေးဆီသို့ ဦးတည်ရင်း—

"တစ်နေ့ကျရင်တော့ ခင်ဗျားရဲ့ ရွှေလက်ချောင်းပညာ
ကျုပ်စမ်းသပ်ကြည့်မှာပါ"



သခင်လေးကျူးစိန်က ပြောလိုက်သည်။

ဖန်ချီလင်းက....

"ဒါဟာ ယှဉ်ပြိုင်တဲ့ပညာ မဟုတ်ဘူးလို့ ကျုပ်ပြောပြီးပါပြီ
...."

သခင်လေးကျူးစိန်က...

"ကျုပ်ကလည်း သည်လိုပညာမျိုးကိုမှ လေ့လာချင်တာ"

ဖန်ချီလင်းက အကြံပေးလိုက်သည်။

"တောင်ကုန်းလေးပေါ်မှာ ကင်းမလက်မည်းနဲ့ငွေဖားပျံနှစ်
...ကောင် ရှိနေကြတယ်၊ ခင်ဗျားက ကြိုက်တဲ့လူကို ရွေးပါ"

သခင်လေးကျူးစိန်က...

"ကျုပ်က ကင်းမလက်မည်းကိုရွေးမယ်"

ဖန်ချီလင်းက...

"ကောင်းပြီ..ကျုပ်က ငွေဖားပျံကိုယူမယ်၊ သူတို့နှစ်
...ကောင်ကို ဘယ်သူက အရင်ဆုံးအနိုင်ယူနိုင်မယ်ဆိုတာ ယှဉ်ပြိုင်
...ကြမယ် မကောင်းဘူးလား"

သခင်လေးကျူးစိန် ရယ်မောလိုက်သည်။

"ခင်ဗျား တော်တော်ဉာဏ်များတာပဲ၊ ကောင်းပြီလေ၊ ယှဉ်
ပြိုင်ကြတာပေါ့"

နှစ်ယောက်သား စကားတပြောပြောဖြင့် တောင်ကုန်း
...လေးပေါ်သို့ ရောက်ရှိလာကြပြီး သူတို့အား အကဲခတ်နေသူနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို တွေ့လိုက်ရလေတော့သည်။

* * *

ငွေဖားပျံနှင့် ကင်းမလက်မည်းတို့က သူတို့၏ရှေ့သို့ ရောက်လာသော ဖန်ချီလင်းတို့အား မျက်မှောင်ကုပ်၍ ကြည့်နေကြ၏။

ဖန်ချီလင်းက ငွေရောင်ဝတ်ဆင်ထားသော အဘိုးအိုအား ပြုံးပြလိုက်သည်။

"ခင်ဗျားက ငွေဖားပျံလား"

အဘိုးအိုက...

"ဟုတ်တယ်..မင်းကကော"

"ဖန်ချီလင်းပါ"

"လက်စသတ်တော့ မင်းက ဖန်ချီလင်းကိုး"

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားတို့ထက်ပိုပြီး သေမင်းသုံးဖော်နဲ့တွေ့ချင်တာပါ"

ငွေဖားပျံက မလှမ်းမကမ်းရှိ တောင်ကုန်းလေးတစ်ခုကို လှမ်းကြည့်လိုက်လေသည်။

သူ၏အကြည့်က ထိုတောင်ကုန်းလေးပေါ်၌ သေမင်းသုံးဖော် ရှိနေသည်ဟူသော သဘောဆောင်လေသည်။



ဖန်ချီလင်း ပြုံးလိုက်သည်။

"ကျေးဇူးပါပဲဗျာ၊ ခင်ဗျားက သိုင်းလောကို ကျောခိုင်းလိုက်ယ်ဆိုရင် ကျုပ် ဘာမှဆက်ပြောစရာမရှိတော့ပါဘူး"

ငွေဖားပျံက...

"ဒါ လွယ်ပါတယ်၊ ကျုပ်ကို အနိုင်ယူလိုက်ပါ"

"ခင်ဗျားရှုံးသွားရင် သိုင်းလောကက နုတ်ထွက်လိုက်တော့ယ်ပေါ့ ဟုတ်လား"

"ဒါ အမှန်ပဲ"

ထိုအချိန်တွင် သခင်လေးကျူးစိန်နှင့် ကင်းမလက်မည်းတို့ တိုက်ခိုက်နေကြပြီ ဖြစ်သည်။

သိုင်းကွက်အနည်းငယ် အတွင်းမှာပင် သခင်လေးကျူးစိန် သာစီး ရသွားလေသည်။

ဆက်၍တိုက်ခိုက်လိုက်ကြရာ မကြာမီ...

"ဝုန်း"

"အား"

ကင်းမလက်မည်း လဲကျသွားလေသည်။

သခင်လေးကျူးစိန် ဝမ်းသာသွားသည်။

ဖန်ချီလင်းတို့ဘက် လှည့်ကြည့်လိုက်သည်။

ထိုအခါ ငွေဖားပျံမှာ မြေပေါ်လဲကျနေသည်ကို တွေ့လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်လေးကျူးစိန် ခေါင်းခါယမ်းလိုက်သည်။

ဖန်ချီလင်းက...

"သရေပွဲပဲဗျ။ ဒါပေမယ့် ခင်ဗျားလက်စ်ချင်မှာ မဟုတ်ဘူး ဆိုတာ ကျုပ်သိပါတယ်"

သခင်လေးကျူးစိန်က...

"ကျုပ်တို့ဆက်ပြီး ယှဉ်ပြိုင်ကြမှာလား"

ဖန်ချီလင်းက...

"ဟိုဘက်တောင်ကုန်းလေးပေါ်မှာ ရွှေပုံလွှားဂိုဏ်းချုပ် တစ္ဆေဂိုဏ်းက သေမင်းတမန်သုံးဖော်တို့ ရင်ဆိုင်တွေ့နေကြပြီ"

ရွှေပုံလွှားဂိုဏ်းချုပ်က ဝေစုခွဲမပေးဘဲ ရွှေချောင်းများအ အပိုင်စီးခဲ့သည်။

ထိုကိစ္စကို မကျေနပ်သော တစ္ဆေနက်ဂိုဏ်းက ရွှေပုံလွှာ ဂိုဏ်းမှဌာနခွဲများအား တိုက်ခိုက်ဖျက်ဆီးလိုက်သည်။

ထို့ပြင် နောက်ဆုံးတွင် ခေါင်းဆောင်များ ထိပ်တိုက်ရင်ဆိုင် မိကြခြင်း ဖြစ်လေသည်။

ဖန်ချီလင်းက...

"တစ္ဆေနက်ဂိုဏ်းက သေမင်းသုံးဖော်နဲ့ ရွှေပုံလွှားဂိုဏ်း ချုပ်တို့ဟာ အင်မတန်ကြောက်စရာကောင်းတဲ့ လူစားမျိုးတွေပဲ"

သခင်လေးကျူးစိန် ခေါင်းညိတ်လိုက်သည်။

"ဒါကို ကျုပ်လက်ခံပါတယ်ဗျာ၊ ကျုပ်တို့ ဘယ်လိုယှဉ်ပြိုင်



ကြမလဲဆိုတာ ပြောပါ"

ဖန်ချီလင်းက...

"ကျုပ်တို့ တောင်ကုန်းပေါ်ကို တက်သွားကြမယ်၊ ပြန်ဆင်း သာနိုင်တဲ့လူဟာ အနိုင်ပေါ့"

"ဟား..ဟား..ဟား"

သခင်လေးကျူးစိန် ရယ်မောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းပေါ်တွင် လေတဟူးဟူး တိုက်ခတ်နေသည်။

လေပြည်ထဲတွင် ပန်းရနံ့များအစား သွေးညှီနံ့များ သင်းပျံ့လာလေသည်။

တောင်ကုန်းပေါ်၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေသည်။

ရွှေပျံလွှားဂိုဏ်းချုပ်ဖူးကျို့နှင့် တရွှေနက်ဂိုဏ်း၏ခေါင်းဆောင်သုံးယောက်တို့ ထိပ်တိုက်ရင်ဆိုင်နေကြခြင်း ဖြစ်လေသည်။

တရွှေနက်ဂိုဏ်းမှ သေမင်းသုံးဖော်သည် အလွန်ကြောက်စရာကောင်းသူများ ဖြစ်ကြလေသည်။

သူတို့သုံးယောက်၏ သိုင်းပညာချင်း မတူညီကြပါ။

ယွန်ကျန်းက ဓားနက်ပညာတွင် ထိပ်တန်းအဆင့်ရှိလေသည်။

ရန်ကျားဂူ၏ အဆိပ်သုတ်လိမ်းထားသောလက်များကလည်း ကြောက်စရာကောင်းလေသည်။

ရှကွေ(ဝါ) ဘီလူးမည်း၏အတွင်းအားက ပြိုင်စံရှားသည်။

အနက်ရောင်ထိပ်သီးသိုင်းသမားကြီးသုံးဦး စုပေါင်းတိုက်ခိုက်ကြသည်ကို ရွှေပျံလွှားဂိုဏ်းချုပ် ရင်ဆိုင်နိုင်ပါမည်လော။

ရွှေပျံလွှားဂိုဏ်းချုပ်သည် သိုင်းလောကဝါစဉ်အရ ဒုတိယတန်းစားဂိုဏ်းတစ်ခု၏ ခေါင်းဆောင်တစ်ယောက်ဟုသာ ပြောရမည်ဖြစ်လေသည်။

သို့သော်...



ဂိုဏ်းချုပ်ဖူးကျို့သည် အံ့ဩစရာကောင်းအောင် သိုင်းပညာထက်မြက်သူ ဖြစ်နေပါတော့သည်။

ဖန်ချီလင်းက တိုက်ပွဲကိုကြည့်ရင်း...

"ဘယ်သူအနိုင်ရမယ်လို့ ခင်ဗျားထင်သလဲ"

သခင်လေးကျူးစိန်ကို မေးလိုက်သည်။

သခင်လေးကျူးစိန်က ပြုံးလိုက်သည်။

"ခင်ဗျားကော"

ဖန်ချီလင်းက...

"ယှဉ်ပြိုင်နေကြတာ သုံးယောက်တစ်ယောက်ဆိုတော့"

သခင်လေးကျူးစိန်က...

"သေမင်းသုံးဖော် အနိုင်ရသွားမယ်လို့ ခင်ဗျားဆိုလိုချင်တာလား"

ဖန်ချီလင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ သူတို့က သုံးယောက်ဆိုပေမယ့် ဂိုဏ်းချုပ်ဖူးကျို့ရဲ့ပညာက သူတို့ထက်သာနေတော့ နောက်ဆုံးဂိုဏ်းချုပ်ဖူးကျို့ပဲ အနိုင်ရသွားမှာပါ"

သခင်လေးကျူးစိန် ရယ်မောလိုက်လေသည်။

ထိုအချိန်မှာပင်....

"ဝုန်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

စူးရှသောအော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာပြီး သေမင်းသုံးဖော်လဲကျသွားသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

BURMESE CLASSIC .com

သေမင်းသုံးဖော် မြေပေါ်လဲကျနေ၏။

သူတို့သည် ဂိုဏ်းချုပ်ဖူးကျို့အား ယှဉ်ပြိုင်နိုင်မည်ဟု မှ ဆခဲ့ကြသည်။

ယခု...

သူတို့၏ အယူအဆများယွင်းသွားပြီ ဖြစ်လေသည်။

ဖန်ချီလင်းက...

"တကယ်ဆိုရင် သေမင်းသုံးဖော်ရဲ့ သိုင်းပညာနဲ့ဂိုဏ်းချုပ် ဖူးကျို့ကို လွယ်လွယ်နဲ့ မရှုံးနိုင်ပါဘူး"

သခင်လေးကျူးစိန်က...

"အခု သူတို့ရှုံးသွားရတာဟာ အဆိပ်ကြောင့် မဟုတ်လား"

ဖန်ချီလင်းက...

"ဟုတ်ပါတယ်ဗျာ၊ ဂိုဏ်းချုပ်ဖူးကျို့ဟာ တိုက်ခိုက်နေရင်း မသိမသာ အဆိပ်ကို အသုံးပြုလိုက်တာကြောင့် သူတို့ ရှုံးသွားရတာ ပါ"



သခင်လေးကျူးစိန်က...

"ကျုပ် သဘောပေါက်ပြီ၊ ဂိုဏ်းချုပ်ဖူးကျို့ရဲ့သိုင်းပညာက သည်လောက်မဟုတ်ဘူး၊ သူ့ရဲ့အဆိပ်ပညာက ကြောက်စရာ ကောင်းနေတာပဲ"

"ဟုတ်တယ် ကျုပ်တို့က သိုင်းပညာအရ သူ့ကိုယှဉ် ကောင်းယှဉ်နိုင်မယ် ဒါပေမယ့်"

"သူ့ရဲ့အဆိပ်ပညာကိုတော့ ယှဉ်နိုင်မှာမဟုတ်ဘူးလို့ ခင် ဗျားဆိုလိုချင်တာပေါ့၊ ကျုပ်က အဆိပ်မကြောက်ဘူးဆိုတာ ခင်ဗျား ကို ပြောထားတာပဲဗျာ"

စကားဆုံးလျှင် သခင်လေးကျူးစိန်သည် ရွှေပျံလွှားဂိုဏ်း ချုပ်ထံသို့ ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

"ကျုပ်လည်းရှိပါသေးတယ်ဗျာ"

ဖန်ချီလင်းကလည်း ခုန်ဝင်သွားလေတော့သည်။

သူတို့နှစ်ယောက်သည် အလွန်ကြောက်စရာကောင်းသည့် ရွှေပျံလွှားဂိုဏ်းချုပ်အား ယှဉ်ပြိုင်နိုင်ပါမည်လော။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းဖန်ချီလင်းနှင့် သခင်လေးကျူးစိန်တို့သည် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော လူငယ်သိုင်းသမားများ ဖြစ်လေသည်။

အမှန်အတိုင်းဆိုလျှင် ရွှေပျံလွှားဂိုဏ်းချုပ်ပင် သူတို့လောက် ကျော်ကြားခြင်းမရှိပါချေ။

သို့သော် လက်တွေ့ ယှဉ်ပြိုင်လိုက်ကြသောအခါ ဖန်ချီလင်းတို့က နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်လိုက်ကြသည့်တိုင် ဂိုဏ်းချုပ်ဖူးကျို့သည် သိုင်းပညာထက်မြက်သည့်အပြင် အဆိပ်ပါရဂူတစ်ယောက်လည်း ဖြစ်နေသည် မဟုတ်ပါလား။

အခြေအနေ မဟန်မှန်း နားလည်ထားကြသော်လည်း ဖန်ချီလင်းနှင့် သခင်လေးကျူးစိန်တို့က နောက်မဆုတ်စတမ်း တိုက်ခိုက်လိုက်ကြလေသည်။

ထို့ကြောင့်...

BURMESE CLASSIC .com



နောက်ဆုံးတွင် ဖန်ချီလင်းတို့ အနိုင်ရသွားကြလေတော့သည်။

* * *

တစ္ဆေနက်ဂိုဏ်းခေါင်းဆောင် သေမင်းသုံးဖော်သည် ရွှေပျံဂိုဏ်းချုပ်ဖူးကျို့အား အရေးနိမ့်သွားခဲ့ကြလေသည်။

ထို့အတူ...

ဂိုဏ်းချုပ်ဖူးကျို့သည်လည်း ဖန်ချီလင်းနှင့်အတူ သခင်ကျူးစိန်အား ရှုံးနိမ့်သွားခဲ့လေသည်။

သိုင်းလောက၏ အန္တရာယ်ဆိုးများအား ဖန်ချီလင်းတို့က ဆီးဖယ်ရှားနိုင်ခဲ့ကြပြီ ဖြစ်ပါသည်။

သို့သော်...

ဖန်ချီလင်း ဝမ်းမသာနိုင်ခဲ့ပါချေ။

အကြောင်းမှာ သခင်လေးကျူးစိန်က ရွှေပျံလွှားဂိုဏ်းချုပ် အဆိပ်မိသွားခဲ့သောကြောင့် ဖြစ်လေသည်။

အဆိပ်မကြောက်သော သခင်လေးကျူးစိန်သည် ဘာကိုမှ ထားဘဲ ဂိုဏ်းချုပ်ဖူးကျို့အား တိုက်ခိုက်ခဲ့သည်။

ထို့ကြောင့် ဂိုဏ်းချုပ်ဖူးကျို့ အရေးနိမ့်ခဲ့ရသည်။

သခင်လေးကျူးစိန်သည်လည်း ဂိုဏ်းချုပ်ဖူးကျို့၏ အဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ကို မတတ်နိုင်ခဲ့ချေ။

သခင်လေးကျူးစိန်က ရေမှ အကာအကွယ်ပေးထားသင့် ရှိခဲ့သဖြင့် ဖန်ချီလင်းကံကောင်းပြီး အဆိပ်ဒဏ်က လွတ်မြောက် သွားခဲ့ခြင်းဖြစ်လေသည်။

တိုက်ပွဲပြီးဆုံးသွားသောအခါ ဂိုဏ်းချုပ်ဖူးကျိူ သေဆုံး သွားခဲ့သည်။

သခင်လေးကျူးစိန်လည်း အသက်စွန့်ခဲ့ရလေတော့သည်

* * *

ဖန်ချီလင်းသည် သခင်လေးကျူးစိန်အား ဘယ်သောအခါ မှ မေ့သွားနိုင်တော့မည် မဟုတ်ပါ။

သူ့ရဲ့ကောင်းများသည် အများအကျိုးဆောင်ရွက်ရင်း အ သက်စွန့်ကြရလေ့ရှိသည်။

ထိုသဘောတရားကို ဖန်ချီလင်း ကောင်းစွာနားလည် ထား ပြီး ဖြစ်ပါသည်။

ကျင်းလုံနှင့် ရှန်းဆိုတို့လည်း အသက်စွန့်ခဲ့ကြရသည် မဟုတ် ပါလား။

သိုင်းလောကသားများက သူတို့အား သူရဲကောင်းသုံးဖော် ဟု တင်စားခဲ့ကြသည်။



ဖန်ချီလင်းတစ်ယောက်သာ အသက်ရှင်ကျန်ရစ်ခဲ့သော အခါ...

ဖန်ချီလင်းသည် အထီးကျန်သူရဲကောင်း ဖြစ်နေပြီမဟုတ် ပါလား။

တောင်ကုန်းပေါ်မှ ဆင်းသွားရန် ဟန်ပြင်နေသော ဖန်ချီ လင်းမှာ ခြေလှမ်းတုန့်ခနဲ ရပ်တန့်သွားလေသည်။

တခွေနက်ဂိုဏ်းခေါင်းဆောင် သေမင်းသုံးဖော်အား လှမ်း ကြည့်လိုက်မိသည်။

မြေပေါ်တွင် အလောင်းနှစ်လောင်းသာ ရှိတော့သည်။

ဓားနက်ယွန်ကျန်းနှင့် မဟူရာလက်ရန်ကျုးပူတို့ဖြစ်သည်။

ဘီလူးမည်းရှကွေကား ပျောက်ခြင်းမလှပျောက်ဆုံးနေ၏။

"သည်လူ တော်တော်အသက်ပြင်းပါလား"

ဖန်ချီလင်း ညည်းတွားလိုက်သည်။

ဘီလူးမည်းရှကွေမှာ ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ် လေသည်။

ရှကွေသည် ဒဏ်ရာများရရှိခဲ့သော်လည်း အဆိပ်မိခဲ့ဟန် မတူပါ။

အဆိပ်မိကာ သေချင်ဟန်ဆောင်ခဲ့ပြီး အလစ်တွင် ထွက် ပြေးသွားခြင်းဖြစ်ကြောင်း ထင်ရှားနေ၏။

"သူလွတ်မြောက်နေသမျှ ကာလပတ်လုံး သိုင်းလောကကို

www.burmeseclassic.com

www.burmeseclassic.com



နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေဦးမှာပဲ၊ တွေ့အောင်ရှာပြီး သုတ်သင်ဝစ် ရလိမ့်မယ်”

ထိုသို့ သန္နိဋ္ဌာန်ချကာ ဖန်ချီလင်းလည်း တောင်ကုန်းလေး ပေါ်မှ ဆင်းလာခဲ့လေသည်။

သူ၏ခြေလှမ်းများက သိုင်းလောကသို့ ဦးတည်နေ၏။

သူ့ရဲ့ကောင်း၏ခရီး မဆုံးသေးပါ။

လွတ်မြောက်သွားသော ဘီလူးမည်းရှကွေအား လိုက်လံ ရှာဖွေရဦးမည် မဟုတ်ပါလား။

ပထမပိုင်းပြီး၏။

ဒု-ဓာတ်သိမ်းပိုင်းဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အပြောင်းအလဲ

BURMESE CLASSIC .com

ဖူးရင်မြို့…

ဖူးရင်မြို့သည် မြောက်ပိုင်းလွင်ပြင်ဒေသ၏ ကျော်ကြားသော မြို့ကြီးတစ်မြို့ ဖြစ်သည်။

ကုန်သွယ်ရေး အချက်အချာကျ၍ စည်ကားသိုက်မြိုက်သောမြို့လည်း ဖြစ်သည်။

အေးချမ်းသာယာသော ဖူးရင်မြို့သည် အပြောင်းအလဲတစ်ခုကြောင့် အေးချမ်းမှု မဲ့လာရသည်။

ဒုစရိုက်မှု၊ မကောင်းမှုများ တစ်စထက်တစ်စ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာကာ မြို့၏လုံခြုံရေးအား ထိပါးလာခဲ့ရသည်။

ဤသည်မှာ မြို့အုပ်ချုပ်ရေးမှူး 'လောင်ဖူးကျက်' ၏ အကြောင့်ဟု တစ်မြို့လုံးက လက်ခံယုံကြည်ထားကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြို့အုပ်ချုပ်ရေးမှူး 'လောင်ဖူးကျက်'...

လောင်ဖူးကျက်သည် အရည်အချင်း ပြည့်ဝသော ထမ်းတစ်ဦး ဖြစ်သည်။

အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝသလို စာပေပညာ မက သိုင်းပညာပါ ထူးချွန်ထက်မြက်သည်။

ဖူးရင်မြို့စားကိုယ်တိုင် အားကိုးယုံကြည်ကာ လေး သော ပုဂ္ဂိုလ်လည်း ဖြစ်သည်။

လောင်ဖူးကျက်၏ တွေးခေါ်ဆင်ခြင်မှု ပညာရည်ပြည့် တို့ကြောင့် ဖူးရင်မြို့သည် ဒုစရိုက်မှု ကင်းဝေးကာ အေးချမ်းသာ ခဲ့ခြင်း ဖြစ်သည်။

သို့သော်...

လောင်ဖူးကျက် ရုတ်တရက် သေဆုံးသွားခဲ့သည်။

နှလုံးရပ်၍ သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း သမားတော် ပြောကြားခဲ့သည်။

လောင်ဖူးကျက်အား သင်္ဂြိုဟ်ပြီး တစ်လမျှ ကြာသော ဝယ် မြို့စားကြီးသည် အုပ်ချုပ်ရေးမှူးနေရာအား ချူးမိသားစု ကြီး ချူးတာဖုံးနှင့် အာဏာသားခေါင်းဆောင် ဝမ်းထိန်တို့ကို ထားခဲ့သည်။

တစ်နှစ်တိတိ လေ့လာစောင့်ကြပ်ပြီးမှ မြို့သူမြို့သား အားပေးထောက်ခံသူအား အုပ်ချုပ်ရေးမှူးနေရာအား လွှဲပြောင်း မည် ဖြစ်သည်။



အုပ်ချုပ်ရေးမှူးနေရာ လစ်လပ်နေ၍ လုံခြုံရေးများ လျော့ လျော့ရဲ ဖြစ်လာခဲ့သည်။

ထို့နောက်ပိုင်းဝယ် ဒုစရိုက်မှုများ တစ်စထက်တစ်စ ပေါ် ပေါက်လာခဲ့ရသည်။

ဒုစရိုက်မှုများအား ထိရောက်စွာ မနှိမ်နင်းနိုင်၍ မကောင်း များသည် မြို့အတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာခဲ့ရသည်။

နောက်ပိုင်း ဒုစရိုက်မှုများ ကြီးထွားလာပြီး မြို့၏လုံခြုံရေး ခိုက်လာခဲ့ရသည်အထိ ဖြစ်လာခဲ့ရလေတော့သည်။

* * *

ဖူးရင်မြို့စား...

ဖူးရင်မြို့စား၏မျက်နှာ သုန်မှုန်နေသည်။

ယခုတလော ဆက်တိုက် ဖြစ်ပေါ်နေသော လုယက်မှုများ ကြောင့် စိတ်ထဲဝယ် မကြည်မသာ ဖြစ်နေရပေသည်။

လောင်ဖူးကျက် သေဆုံးသွားပြီးမှ မြို့၏အေးချမ်းမှု ပျောက်ဆုံးခဲ့ရ၍ အကြီးအကျယ် အရှက်ရစေခဲ့၏။

သူ၏လက်အောက်ရှိ မင်းမှုထမ်းများသည် အားကိုးအား ထားပြု၍ မရဟုလည်း တွေးမိလာသည်။

လူဆိုးထိန်းအာဏာသားခေါင်းဆောင် ဝမ်းထိန်နှင့် မြို့ ကျက်သရေဆောင် တော်ဝင်မိသားစုဟု လူအများ လက်ခံထား

www.burmeseclassic.com



သော ချုံးမိသားစုမှ ချုံးတာဖုံးတို့၏ အရည်အချင်းကိုလည်း သ
သယ ဖြစ်လာမိသည်။

ပထမအကြိမ်အဖြစ် သတိပေးရန် သူက ဆုံးဖြတ်လိုက်ပေ
တော့သည်။

BURMESE CLASSIC .com

* * *

အာဏာသားခေါင်းဆောင် ဝမ်းထိန်၏မျက်နှာ ဇီးရွက်
သာ ရှိနေ၏။

သူက ကြိုးစား၍ ဒုစရိုက်မှုများအား တားဆီးခဲ့သေ
လည်း အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ ဖြစ်နေရ
သည်။

ယခုလည်း မြို့စားကြီးက အခေါ်လွှတ်လိုက်သည်မှာ အ
ပူကြီးမောင်းဖို့ပင် ဖြစ်ရမည်ဟု သူက တွက်ဆထားမိပြီ ဖြစ်သည်။

သူက ဧည့်ခန်းထဲ လှမ်းဝင်လိုက်သည်နှင့် သုန်မှုန်သော
မျက်နှာထားဖြင့် ရှိနေသော ဖူးရင်မြို့စားအား တွေ့လိုက်ရ
သည်။

ဝမ်းထိန်က လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း...

"မြို့စားကြီး၊ ကျွန်တော်ရောက်လာပါပြီ"

ဟု ပြောလိုက်သည်။

မြို့စားကြီးက...



"ထိုင်ပါဦး"

ထိုင်ခုံအား ညွှန်ပြရင်း ပြောလိုက်သည်။

သူ၏လေသံသည် ခြောက်ကပ်ကပ်နိုင်လှသည်ဟု ထင်ရ
ပေသည်။

ဝမ်းထိန်က မြို့စားကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်
ရောက်ထိုင်ချလိုက်သည်။

မြို့စားကြီးက သူ့အား စိုက်ကြည့်လာသည်။

စူးရဲသော အကြည့်ဒဏ်ကြောင့် ဝမ်းထိန်မှာ မနေတတ်ဘဲ
ဖြစ်သွားရသည်။

မြို့စားကြီးက သူ့အား အတန်ကြာအောင် စိုက်ကြည့်နေ
ပြီးမှ...

"ဝမ်းထိန်၊ ဒုစရိုက်သမားတွေ လူပ်ရှားသောင်းကျန်းနေ
တာကို မင်း ဒီအတိုင်း ကြည့်နေတာပဲလား"

ဟု မေးလာသည်။

ဝမ်းထိန်က စိတ်ကို တည်ငြိမ်အောင် စုစည်းထားလိုက်ပြီး...

"ကျွန်တော်လည်း အတတ်နိုင်ဆုံး ရှာဖွေစုံစမ်းနေပါတယ်၊
တော်တာက လူဆိုးတွေဟာ..."

သူ၏စကားမဆုံးမီ မြို့စားကြီးက ကြားဖြတ်ပြောလာ၏။

သူတ နှာခေါင်းတစ်ချက်ရှုံ့ကာ...

"ဘာလဲ လူဆိုးစားပြတွေဟာ ဒုစရိုက်မှု ကျူးလွန်ပြီးတာနဲ့
ခြေရာခံမရအောင် ပျောက်ဆုံးသွားတယ်လို့ မင်းက ဆင်ခြင်ပေးဦး

www.burmeseclassic.com

www.burmeseclassic.com



မလို့လား”

ဟု မေးလာ၏။

ဝမ်းထိန် ပါးစပ်ပိတ်ထားလိုက်သည်။

အမှန်တကယ်တွင်လည်း လူဆိုးဓားပြများသည် ဒုစရိုက် ကျူးလွန်ပြီးသည်နှင့် ခြေရာခံ၍ မရအောင်ပင် ပျောက်ချင်း ပျောက်သွားတတ်သည် မဟုတ်ပါလား။

သူက သုံးကြိမ်တိုင်တိုင် ကြိုးစားခဲ့သော်လည်း အချည်း အနှီး ဖြစ်ခဲ့ရသည်ချည်းပင်။

မြို့စားကြီး၏စကားသံ ဆက်လက်ထွက်ပေါ်လာသည်

“ဒီကိစ္စ မင်းမှာ တာဝန်အပြည့်ရှိတယ်၊ မင်းက မတား နိုင်ဘူးဆိုရင် အရက်တကွဲ အကျိုးနည်း ဖြစ်သွားရမှာပဲ၊ ဒီပြဿ တောင် ကိုင်တွယ်မဖြေရှင်းနိုင်ဘူးဆိုရင် အုပ်ချုပ်ရေးမှူး တော့မှ ဖြစ်လာနိုင်မှာ မဟုတ်ဘူး”

ထိုစကားကြောင့် ဝမ်းထိန် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည် မျက်စိမျက်နှာလည်း ပျက်သွား၏။

သူက ပျာပျာသလဲဖြင့်...

“ကျွန်တော်ရအောင် ဖော်ထုတ်ရှင်းလင်းပါ့မယ်၊ အခုလည်း အစီအစဉ်အချို့ ပြုလုပ်နေပါပြီ၊ မကြာခင် ဒုစရိုက်သမားတွေ ဖော်ထုတ်အရေးယူနိုင်တော့မှာပါ”

ဟု ပြောကြားလာသည်။

မြို့စားကြီးက သူ့အား မျက်မှောင်ကုပ်ကာ ကြည့်လာ



ပြီးမှ သက်ပြင်းရှည်တစ်ချက်ချလိုက်ကာ...

“ဝမ်းထိန်၊ မင်း ငါ့လက်အောက်မှာ အမှုထမ်းခဲ့တာ ကြာပြီ၊ င်းမှာ အရည်အချင်း ရှိပါလျက်နဲ့ ထုတ်ဖော်အသုံးမချတတ်ဘူး ဖြစ် နေတယ်၊ အဓိက,ကတော့ မင်းရဲ့စိတ်မြန်မှုပဲ၊ မင်းဟာ စိတ်မြန်လက် န် ရှိလို့လဲ မကြာခဏ အမှားကျူးလွန်မိတာပဲ၊ ဒါကို ပြုပြင်မယ်ဆို င် မင်းဟာ အောင်မြင်မှု ရလာမှာပဲ”

ဟု ပြောလိုက်သည်။

ဝမ်းထိန် ခေါင်းညိတ်လိုက်၏။

“ကျွန်တော်အတတ်နိုင်ဆုံး ပြုပြင်ပါ့မယ် ခင်ဗျာ”

မြို့စားကြီးက...

“အခု မင်းကို ရာဇဝတ်မှုတွေနဲ့ ပတ်သက်ပြီး အတတ်နိုင် ဆုံး ဖော်ထုတ်ချေမှုန်းနိုင်အောင် ခေါ်ယူသတိပေးတာပဲ၊ မင်းအက် ာ ကြိုးစားပြမှ မြို့သူမြို့သားတွေရဲ့ ယုံကြည်လေးစားမှုကို ရရှိမှာ၊ ဘာကို ဆိုလိုချင်သလဲဆိုတာ မင်းရိပ်စားမိလောက်မှာပါ”

“ဟုတ်ကဲ့”

“မနက်က ချူးတာဖုံးနဲ့ သွားတွေ့တယ်၊ သူကတော့ ငွေ ကြေးချမ်းသာသူဝီဝီ သိုင်းသမားအချို့ ငှားရမ်းပြီး ဒုစရိုက်မှုတွေ ဖော်ထုတ်နိုင်ဖို့ စိုင်းပြင်းနေတယ်၊ ဒုစရိုက်သမားတွေကို ရှင်းလင်းချေ မှုန်းနိုင်အောင်လဲ အစီအစဉ်တွေ ရေးဆွဲနေတာ သိခဲ့ရတယ်၊ မင်းတို့ တွေ တက်ညီလက်ညီ ကြိုးစားကြရင် ဒုစရိုက်သမားတွေ ခြေချစရာ နေရာတောင် မရှိဘဲ ဖြစ်သွားမယ်”

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထိန်က...

"ကျွန်တော် အမြန်ဆုံး ဖော်ထုတ်နိုင်အောင် ကြိုးစားမယ်"

မြို့စားကြီးက...

"ကောင်းပြီ၊ မင်း ဘယ်လောက် စွမ်းဆောင်ရည် ရှိသလဲ ဆိုတာ ငါစောင့်ကြည့်မယ်"

"စိတ်ချပါ"

"ကောင်းပြီ၊ မင်းလုပ်စရာ ရှိတာ သွားလုပ်ပေတော့"

ဝမ်းထိန်က ထရပ်ရင်း ဦးညွတ်လိုက်သည်။

ထို့နောက်...

ဧည့်ခန်းထဲမှ ထွက်ခွာသွားသည်။

မြို့စားကြီးမှာ သူ၏နောက်ကျောအား စိုက်ကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

## နှာတစ်ဖျားအသာ

ည...

တိတ်ဆိတ်ငြိမ်သက်နေသည်။

လမိုက်ည ဖြစ်၍ ဝန်းကျင်အနှံ့ မှောင်မိုက်နေ၏။

ဖူးရင်မြို့ လမ်းမများပေါ်ဝယ် အာဏာသားများ ကင်းလှည့်နေကြသည်။

သူတို့သည် ဝမ်းထိန်၏တင်းကြပ်သော အမိန့်ကြောင့် မပေါ့ဆကြပါချေ။

သတိကြီးစွာထားကာ နိုးနိုးကြားကြား ရှိနေကြသည်။

စန်းကျုံးလမ်းတိုအတွင်းသို့ အာဏာသားသုံးဦး မီးအိမ်များ ကိုင်ဆောင်ကာ ဝင်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



စန်းကျူးလမ်းတိုအတွင်းဝယ် ငွေကြေးချမ်းသာသော အိမ်အချို့ ရှိနေသည် မဟုတ်ပါလား။

အာဏာသားလေးယောက် ဝင်ရောက်လာရာ ခြံဝင်းတစ်ခု၏ ထောင့်ချိုးမှ လူနှစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်။

အာဏာသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဘယ်သူလဲ ရပ်စမ်း"

အော်ငေါက်ကာ လက်နက်များ ဆွဲထုတ်လိုက်ကြ၏။

လမ်းထွက်လာသူနှစ်ယောက်က...

"ငါတို့ပါကွ၊ ဒီဘက်မှာ မသင်္ကာတာ တွေ့လို့ လာကြည့်တာ"

ပြိုင်တူ ပြောလာသည်။

ထိုအခါမှ ထိုလူနှစ်ယောက်မှာ အာဏာသားများ ဖြစ်ကြောင်း တွေ့လိုက်ရ၏။

မီးအိမ်ကိုင်ထားသော အာဏာသားလေးယောက်က လက်နက်များ ပြန်လည်သိမ်းဆည်းလိုက်ကြသည်။

တစ်ဖန်...

ထွက်လာသူနှစ်ယောက်အား ကြည့်ကာ...

"ဘယ်လိုမသင်္ကာစရာ တွေ့တာလဲ"

ဟု မေးလိုက်ကြသည်။

ထွက်လာသူနှစ်ယောက်အနက် တစ်ယောက်က...



"လူအချို့ လှုပ်ရှားနေကြတယ်"

"ဟာင်"

မီးအိမ်ကိုင်ဆောင်သူ အာဏာသားလေးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ထွက်လာသူနှစ်ယောက်အနက် တစ်ယောက်၏လက်ထဲမှ သေတ္တာငယ်တစ်လုံး ပိုက်ထားသည်ကိုလည်း တွေ့လိုက်ရ၏။

"မင်းတို့ လက်ထဲက သေတ္တာက ဘာလဲ"

"ဟဲ..ဟဲ၊ ဓားပြတွေ လုယက်လာတဲ့ ရတနာပစ္စည်းတွေလေ"

မီးအိမ်ကိုင်ထားသူလေးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။

တစ်ဖန်...

မီးအိမ်ကို ကိုင်မြှောက်ကာ စူးစိုက်ကြည့်လိုက်ကြ၏။

ထိုအခါ...

ထွက်လာသူနှစ်ယောက်မှာ အာဏာသားဝတ်စုံ ဝတ်ဆင်ထားကြသော်လည်း အာဏာသားများ မဟုတ်ကြောင်း ချက်ချင်းပင် သိရှိလိုက်ရသည်။

အာဏာသားများ မျက်နှာပျက်သွားကြသည်။

"မင်း..မင်းတို့.."

သူတို့က စကားဆုံးအောင် မပြောလိုက်ရပါ။

မီးရောင်ဖြင့် ဝင်းလက်သော အလင်းရောင်တန်းများ ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ရှောင်တိမ်းခုခံရန် ပြင်ဆင်ကြစဉ် ခဏလေးမှာပင် နာကျင်သော ဝေဒနာကိုယ်စီ ခံစားလိုက်ရသည်။

ထို့နောက်...

အသံပင် မထွက်နိုင်ဘဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။

ထိုလူနှစ်ယောက်အနက် သေတ္တာပိုက်ထားသူက အဖော်အား ကြည့်ကာ...

"မုတ်ဆိတ်၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ"

အဖော်မုတ်ဆိတ်ဆိုသူက ပခုံးတစ်ချက်တွန့်ရင်း...

"ဒီလိုမှ မလုပ်ရင် ကိစ္စပြီးမှာ မဟုတ်တော့ဘူး"

သေတ္တာကိုင်ထားသူက...

"အစ်ကိုကြီးက အတတ်နိုင်ဆုံး ရှောင်ရှားရမယ်လို့ မှာထားတာ မေ့နေပြီလား၊ မင်း အခု လုပ်ပုံနဲ့ ပြဿနာ ဖြစ်လာတော့မှာပဲ"

မုတ်ဆိတ်က...

"အိုကွာ၊ မတတ်သာလို့ ရင်ဆိုင်ရင်း ခြေလွန်လက်လွန် ဖြစ်သွားတယ်လို့ ဆင်ခြေပေးကြတာပေါ့"

ခပ်ပေါ့ပေါ့ပင် ပြောလိုက်၏။

သေတ္တာကိုင်ထားသူ စိတ်ပျက်သွားသည်။

"မင်းကတော့ကွာ"

မုတ်ဆိတ်က...



"ကဲ အချိန်မရှိဘူး၊ သွားကြရအောင်"

ပြောရင်း လှမ်းထွက်သွားသည်။

သေတ္တာကိုင်ထားသူက သေဆုံးနေသော အာဏာသား အား တစ်ချက်ငဲ့ကြည့်လိုက်၏။

ထို့နောက်...

မုတ်ဆိတ်နောက်မှ ခပ်သွက်သွက် ပြေးလိုက်သွားလေတော့သည်။

* * *

မုတ်ဆိတ်နှင့် သေတ္တာကိုင်ထားသူသည် မြို့တောင်ဘက် ဦးတည်ကာ ထွက်ခွာလာခဲ့သည်။

အဆောက်အအုံတစ်လုံးအနီးသို့ ရောက်လျှင် ခြေလှမ်းရပ်တန့်သွားသည်။

မုတ်ဆိတ်က ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရင်း...

"အစ်ကိုကြီး မတွေ့ပါလား အားယုံ"

ဟု ပြောလာသည်။

သေတ္တာကိုင်ထားသူ အားယုံဆိုသူက...

"သူ မရောက်သေးလို့ နေမှာပေါ့ကွာ၊ ခဏ စောင့်ကြတာ ပေါ့"

နှစ်ယောက်သား အမိုးစွန်းအောက်၌ ထိုင်ကာ စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြ၏။

မကြာမီ...

"ဒီဘက် ပြေးသွားတယ်"

"ထွက်ပေါက်တွေ ပိတ်ထား"

"တစ်ယောက်မှ မလွတ်စေနဲ့"

ဆူဆူညံညံ အသံများ လေးဘက်လေးတန်မှ ပျံ့လွင့်[illegible] သည်ကို ကြားလိုက်ရသည်။

မုတ်ဆိတ်နှင့် အားယုံ ထရပ်လိုက်ကြသည်။

ထိုစဉ်မှာပင်...

"ဖပ်"

အမိုးပေါ်မှ မြည်သံသဲ့သဲ့နှင့်အတူ ကြိုးတစ်ချောင်း ကျ[illegible] သည်။

ရုတ်တရက်မို့ မုတ်ဆိတ်တို့ ထိတ်လန့်ကာ အမှောင်[illegible] ခုန်ထွက်လိုက်ကြသည်။

တစ်ဖန်...

ခေါင်မိုးပေါ်သို့ မော့ကြည့်လိုက်ကြသည်။

ခေါင်မိုးပေါ်၌ တစ်ကိုယ်လုံး အနက်ရောင်အဝတ်[illegible] များ ဝတ်ဆင်ထားပြီး ပဝါတစ်ထည် စည်းနှောင်ထားသူတစ်ဦး[illegible] တွေ့လိုက်ကြရသည်။

"အစ်ကိုကြီး"

မုတ်ဆိတ်နှင့် အားယုံ ဝမ်းသာအားရ ဖြစ်သွားသည်[illegible]



ထိုစဉ်...

"ဟိုမှာဟေ့"

အသံနှင့်အတူ မီးအိမ်ကိုင်ဆောင်ထားသော အာဏာသား[illegible]း ပြေးလွှားလာနေကြသည်ကို တွေ့လိုက်ရ၏။

"ဟာ"

မုတ်ဆိတ်နှင့် အားယုံ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြ[illegible]သည်။

အခြားတစ်ဘက်မှလည်း ချုံးမိသားစုခြံဝင်းမှ သိုင်းသမား[illegible]း ပြေးလွှားလာနေကြ၏။

မုတ်ဆိတ်တို့အတွက် ထွက်ပေါက်မရှိသလောက် ဖြစ်သွား[illegible]သည်။

ထိုအချိန်...

"ဟေ့ကောင်တွေ ဘာငိုင်နေကြတာလဲ သေချင်ကြလို့[illegible]း"

အမိုးပေါ်မှ အစ်ကိုကြီး၏အသံ ထွက်ပေါ်လာသည်။

ထိုအခါမှ မုတ်ဆိတ်တို့ သတိဝင်လာကြသည်။

"အစ်ကိုကြီး ကျုပ်တို့ ဘာလုပ်ရမလဲ"

မုတ်ဆိတ်က လှမ်းမေးလိုက်သည်။

အစ်ကိုကြီးက...

"သေတ္တာအရင်တင်လိုက်၊ ဒါမှ လွတ်လွတ်လပ်လပ် လှုပ်[illegible]းနိုင်မှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလာသည်။

အားယုံက ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါ။

သေတ္တာငယ်အား ကြိုးဖြင့် ချည်နှောင်လိုက်သည်။

အစ်ကိုကြီးက ချက်ချင်းပင် သေတ္တာအား ဆွဲတင်လိုက်

ထိုအချိန်မှာပင် အာဏာသားများနှင့် ချူးမိသားစု ခြံဝင်း သိုင်းသမားများ ရောက်ရှိလာပြီ ဖြစ်လေတော့သည်။

* * *

အစ်ကိုကြီးသည် အခြေအနေမဟန်မှန်း ချက်ချင်းပင် စားမိလိုက်သည်။

ထို့ကြောင့်...

လက်ထဲ ရတနာသေတ္တာ ရလာသည်နှင့် ကြိုးကို အော သို့ ပြန်မချတော့ပေ။

ထိုစဉ်...

အောက်ဘက်မှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည် ကြားလိုက်ရသည်။

အစ်ကိုကြီးက ကိုယ်လွတ်ရုန်းပြေးရန် ဆုံးဖြတ်လိုက်

ချက်ချင်းပင် အိမ်ခေါင်မိုးများပေါ်မှတဆင့် လျင်မြန် ပြေးလွှားခဲ့လေသည်။

အစ်ကိုကြီး၏ ကိုယ်ဖော့ပညာ မဆိုးပါချေ။



မကြာမီ...

သူသည် အိမ်ခေါင်မိုးများပေါ်မှတစ်ဆင့် ပြေးလွှားလာ မြို့အရှေ့ဘက်သို့ ရောက်ရှိလာသည်။

အစ်ကိုကြီးမှာ နောက်ယောင်ခံလိုက်လာသူ ရှိမရှိ တစ်ချက် ခတ်ကြည့်လိုက်သည်။

မည်သူမျှ ရှိမနေကြောင်း သိရမှ စိတ်ချလက်ချဖြင့် လူရှင်း ာ လမ်းကြားအတွင်း ခုန်ချလိုက်သည်။

သူက မြေပေါ် ခြေချလိုက်သည်နှင့် အေးစိမ့်သော ခံစားမှု ရပ်ကို ခံစားလိုက်ရသည်။

အစ်ကိုကြီး ရင်ထိတ်သွားသည်။

ပတ်ဝန်းကျင်အား လှည့်ပတ်အကဲခတ်ကြည့်လိုက်မိသည်။

ထိုအခါ...

အမှောင်ရိပ်တစ်ခုထဲ၌ လူတစ်ယောက်သည် မလှုပ်မယှက် တန့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူ၏မျက်လုံးအစုံသည် အမှောင်ထဲ၌ စိန်ပွင့်များ ား တဖျပ်ဖျပ် တောက်ပ၍ နေ၏။

အစ်ကိုကြီးက စိတ်လှုပ်ရှားမှုကို ထိန်းချုပ်ရင်း...

"ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ထိုလူက ရယ်မောလိုက်၏။

"ဟဲ...ဟဲ...ဟဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရယ်မောသံသည် ငှက်ဆိုးထိုးသံအလား နားဝင်ဆိုး
ပေသည်။

"ကျုပ်က မင်းရဲ့သေမင်းပါ"

"ဘာဗျ"

အစ်ကိုကြီး ဒေါပွသွားသည်။

ခါးမှ ဓားကိုထုတ်လိုက်၏။

အမှောင်ရိပ်ထဲမှလူက လှမ်းထွက်လာသည်။

ဝိုးတဝါး မီးရောင်ဖြင့် သူ၏ပုံသဏ္ဌာန်အား တွေ့လိုက်
သည်။

အစ်ကိုကြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ခင်ဗျားဟာ..."

သူက စကားတစ်ပိုင်းတစဖြင့် ရပ်တန့်လိုက်၏။

အမှောင်ထဲမှ လူသည် ရုတ်ခြည်းခုန်ထွက်ကာ တိုက်ခိုက်
လာပြီ ဖြစ်သည်။

အစ်ကိုကြီး ကပျာကယာ ခုခံကာကွယ်လိုက်ရသည်။

အမှောင်ထဲမှလူက အလွတ်မပေးဘဲ တိုက်ခိုက်လာ၏။

အမှောင်ထဲမှ လူ၏ သိုင်းပညာသည် အစ်ကိုကြီးထက်
စွာ သာလွန်နေသည်။

ထို့ကြောင့်...

အစ်ကိုကြီးမှာ ရေရှည်မရောင်တိမ်းနိုင်တော့ပါချေ။

အမှောင်ထဲမှ လူ၏ဓားချက်သည် သူ၏ရင်ဘတ်အား



နှင့်ဖြတ် ခွဲချသွားလေသည်။

"အား"

အစ်ကိုကြီး နာကျင်စွာ အော်ဟစ်ရင်း လဲကျသွားသည်။

သို့တိုင်...

သေတ္တာငယ်အား ကျစ်ကျစ်ပါအောင် ပိုက်ထားဆဲပင်။

အမှောင်ထဲမှ လူက...

"စိတ်မကောင်းပါဘူး ငါ့ကျွဲ"

အေးတိအေးစက် လေသံဖြင့် ပြောလိုက်၏။

တစ်ဆက်တည်းပင်...

လည်မျိုအား ဓားဖြင့် ထိုးစိုက်ချလိုက်သည်။

ယင်းနောက် သေတ္တာငယ်အား ဆွဲယူကာ တစ်လှမ်းချင်း
ထွက်ခွာသွားလေသည်။

လမ်းကြားထဲဝယ် အစ်ကိုကြီး၏ ဝိဉာဉ်ကင်းမဲ့သော
အလောင်းမှာ စန့်စန့်ကြီး လဲကျလျက် ကျန်ရစ်ခဲ့သည်။

အမှောင်ထဲမှလူ ထွက်ခွာသွားပြီး မကြာမီမှာပင် လမ်း
ကြား အတွင်းသို့ အာဏာသားများ စုရုံးရောက်ရှိလာခဲ့ကြလေတော
သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထိန်၏မျက်နှာ တည်ကြည်လေးနက်နေ၏။

သေဆုံးနေသော အစ်ကိုကြီးသည် မြို့အနောက်ဘက် အထည်ဆိုင်ပိုင်ရှင် ဝါးကျို ဖြစ်နေပေသည်။

ဝါးကျိုသည် လူယက်မှု ကျူးလွန်သူဟု မည်သူကမျှ ထင် ထားမည် မဟုတ်ချေ။

မုတ်ဆိတ်နှင့် အားယုံတို့သည် နာမည်ပျက်ရှိသော လူမိုက် များပင် ဖြစ်သည်။

ဒေါ်ရာဖြင့် ဖမ်းဆီးရမိသော မုတ်ဆိတ်နှင့် အားယုံတို့အား အပြစ်ပေး အရေးယူနိုင်ရန် မြို့စားကြီးထံ ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

သေဆုံးသွားသော အာဏာသားလေးယောက်အတွက် လည်း သင်္ဂြိုဟ်ရန်နှင့် ထောက်ပံ့ငွေများအား သက်ဆိုင်သူများအား ပေးအပ်ခဲ့ပြီး ဖြစ်သည်။

ဝမ်းထိန် ယခု လုပ်ဆောင်ရမည့် တာဝန်မှာ ဝါးကျိုအား လုပ်ကြံ၍ ကြားဖြတ်လုယူသွားသော ရတနာများ ရှာဖွေစုံစမ်းရေး ရန်ပင် ဖြစ်သည်။

လူဆိုးများသည် မြို့ထဲ၌ ခိုအောင်းတတ်ကြောင်းနှင့် မြို့နေ လူထုအတွင်း မကောင်းမှုများ တိတ်တဆိတ် လုပ်ရှားတတ်ကြောင်း ဝါးကျို၏အဖြစ်က သက်သေခံနေ၏။

ထို့ကြောင့် သူ၏လူများအား ရုပ်ဖျက်စေကာ နေရာအနှံ့ စောင့်ကြည့် အကဲခတ်ရန် ပြင်ဆင်လိုက်လေတော့သည်။

* * *

## ခြေရာခံ

မြို့အဝင်ဘုံကျောင်း...

လူစည်ကားသော ဘုံကျောင်းတစ်ခု ဖြစ်သည်။

ဘုံကျောင်းရှေ့ သစ်ပင်တစ်ပင်အောက်ဝယ် သူဖုန်းစားနှစ် ဦးရှိနေ၏။

ထိုလူနှစ်ဦး၏မျက်လုံးများသည် ပတ်ဝန်းကျင်အား ကျီး ကန်းတောင်းမှောက် အကဲခတ်ကြည့်နေကြသည်။

ငွေကြေးတောင်းရမ်းရန်ထက် ရန်သူအား ရှာဖွေနေသည် ဆိုက ပိုမှန်ပေမည်။

မှန်ပေသည်။

ထိုလူနှစ်ယောက်ကား သူဖုန်းစားအစစ်များ မဟုတ်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဖျက်လှုပ်ရှားကာ ရန်သူ အခြေအနေအား စောင့်ကြည့်နေကြသော ဝမ်းထိန်၏အထူးအဖွဲ့ဝင်များပင် ဖြစ်လေသည်။

ဗေဒါနှစ်ယောက်အဖြစ် ဟန်ဆောင်နေသူနှစ်ဦးမှာ အထူးအဖွဲ့ဝင်များ ဖြစ်သော ကျင်းဟန်နှင့် ယုချန်းတို့ပင် ဖြစ်လေသည်။

အခြားအဖွဲ့ဝင်များသည်လည်း သူ့နေရာနှင့်သူ လှုပ်ရှားစောင့်ကြပ်နေကြပေသည်။

သုံးရက်တိုင်တိုင် လူဆိုးများ ငြိမ်သက်နေသောကြောင့် ခြေရာခံမရနိုင်ဘဲ ဖြစ်နေသည်။

ထို့ကြောင့်...

လေးရက်မြောက်နေ့သို့ ရောက်သောအခါ ကျင်းဟန်မှာ စိတ်မရှည်နိုင်ဘဲ ဖြစ်လာသည်။

“လူဆိုးတွေ ငြိမ်ချက်သားကောင်းနေပါလား၊ ငါတော့ အခုလို လှုပ်ရှားရတာကို စိတ်ပျက်လာပြီ”

ယုချန်းက သက်ပြင်းချလိုက်၏။

“ဆရာဝမ်းထိန်ဆီက ဘာအမိန့်မှ မရသေးဘူး၊ ငါတို့ [illegible] အတိုင်း စောင့်ကြည့်နေတာပဲ ကောင်းပါတယ်ကွာ”

ကျင်းဟန် ဘာမှ မပြောတော့ပါ။

ယုချန်းက ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ် ကြည့်လိုက်၏။

ထိုစဉ် အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်သည် ဘုံကျောင်းထဲမှ လှမ်းထွက်လာသည်။



သူတို့သည် ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်ကာ မြို့ပြင်သို့ ထွက်သွားကြ၏။

သူတို့၏ပုံဟန်မှာ ရေးကြီးသုတ်ပျာ နိုင်လှသောကြောင့် ယုချန်း မျက်မှောင်ကုပ်သွားသည်။

သူက ကျင်းဟန်ဘက်လှည့်ကာ...

“ကျင်းဟန်၊ မင်းတွေ့လိုက်လား၊ စောစောက လူသုံးယောက်ကို”

ဟု မေးလိုက်သည်။

ကျင်းဟန် ခေါင်းညိတ်လာသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ၏ နောက်ကျောကို တစ်ချက်မျှော်ကြည့်ယင်း...

“မျက်နှာစိမ်းတွေပဲ”

ပြောရင်း ထရပ်လိုက်၏။

ယုချန်းက ထရပ်ရင်း...

“မင်း ဘာလုပ်မလို့လဲ”

ဟု မေးလိုက်သည်။

ကျင်းဟန်က...

“ဆရာဝမ်းထိန်က မျက်နှာစိမ်းတွေကို အလွတ်မပေးဘဲ စောင့်ကြည့်ရမယ်လို့ မှာထားတာ၊ မင်းမေ့နေပြီလား”

ယုချန်း ခေါင်းယမ်းလိုက်သည်။

“ငါ မမေ့ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဟန်က...

"ဒါဖြင့် လိုက်ကြည့်တာ မမှားဘူး"

ယုချန်းက...

"အခြားအဖွဲ့ဝင်တွေကို အကြောင်းကြားလိုက်မလား"

ကျောင်းဟန် တွေဝေသွားသည်။

ပြီးမှ ခေါင်းတစ်ချက်ခါယမ်းကာ...

"အခြေအနေက ဘာမှန်း သိသေးတာ မဟုတ်ဘူး၊ ထူးခြားမှုရှိမှ အကြောင်းကြားတာပေါ့"

"ဒါလဲ ကောင်းတာပဲ"

ယုချန်းက ထောက်ခံလိုက်သည်။ ထို့နောက်...

နှစ်ယောက်သား ခပ်ခွာခွာဖြင့် အနက်ရောင်ဝတ်ဆင်ထားသူများ နောက်မှ ခြေရာခံလိုက်ပါသွားကြလေတော့သည်။

* * *

အနက်ရောင်ဝတ်ဆင်ထားကြသူများသည် မြို့ပြင်အတိုင်း ထွက်ခွာနေပြီး လမ်းချိုးတစ်ခုအတွင်း ချိုးကွေ့သွားကြလေသည်။

ကျောင်းဟန်တို့က ခပ်ခွာခွာ လိုက်လာ၏။

ယုချန်းက...

"ကျောင်းဟန်၊ သူတို့လှုပ်ရှားမှုက မသင်္ကာစရာကောင်းနေပြီ"



"ဟုတ်တယ်၊ အတတ်နိုင်ဆုံး အလွတ်ပေးလို့ မဖြစ်ဘူး၊ သူတို့က အဖွဲ့အစည်း ရှိနိုင်တယ်၊ အခန့်မသင့်ရင် သူတို့ စခန်းတောင် တွေ့နိုင်တယ်"

ယုချန်းက...

"လိုက်တာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

ကျောင်းဟန် မျက်မှောင်ကုပ်ကာ...

"ဘာလဲကွ"

ဟု မေးလိုက်သည်။

ယုချန်းက...

"သူတို့နဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ့် ကိစ္စမျိုးကိုတော့ အတတ်နိုင်ဆုံး ရှောင်ရှားရလိမ့်မယ်"

ဟု ပြောလာသည်။ ကျောင်းဟန်က...

"ငါသိပါတယ်ကွာ၊ သူတို့ လှုပ်ရှားမှု သိရအောင်ပဲ ကြိုးစားတာပါ"

"ဒါဖြင့် သွားကြစို့"

သူတို့နှစ်ယောက် ခပ်သွက်သွက် လှမ်းသွားကြသည်။

အတော်ဝေးဝေး လျှောက်သွားပြီးမှ အနက်ရောင်ဝတ်ဆင်ထားသူများ ချိုးကွေ့သွားသည့် လမ်းအတိုင်း ချိုးကွေ့ဝင်ရောက်သွားကြတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံးသွားပြီ ဖြစ်သည်။

လမ်းအရှေ့ဘက်တည့်တည့်တွင် သစ်ပင်ချုံနွယ်များ အုံ့ဆိုင်းဆိုင်း ပေါက်ရောက်နေသည့် တောအုပ်တစ်ခုကို တွေ့မြင်ရ

အနက်ရောင်ဝတ်ဆင်ထားသူအများကား တစ်ယောက်မျှပင် မတွေ့ရပါချေ။

ကျင်းဟန် ခြေလှမ်းရပ်တန့်လိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ယုချန်း သက်ပြင်းချလိုက်သည်။

"တို့က ခြေရာခံလိုက်မယ်ဆိုပေမယ့် သူတို့က လက်ခံလားကွ"

ဟု ပြောလေသည်။

ကျင်းဟန် မခံချိမခံသာ ဖြစ်သွားသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

အရှေ့ဘက်တောအုပ်ထဲသို့ ဝင်သွားကြခြင်းလော၊ သို့တည်းမဟုတ် အခြားဖြတ်လမ်းများမှ ထွက်ခွာသွားကြခြင်းသလော။

မည်သည့် နေရာသို့ ရောက်ရှိသွားကြသည်ကို စဉ်းစားနေချေ။ ထိုစဉ်ယုချန်း စကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏

"ဟိုမှာ ထင်းခွေတဲ့လူတစ်ယောက် နားနေတယ်၊ အဲဒီ



ဆီမှာ စုံစမ်းကြည့်ကြရင် မကောင်းဘူးလား"

ကျင်းဟန် လှည့်ကြည့်လိုက်၏။

ထိုအခါ...

ယုချန်းက လမ်းဘေးတစ်နေရာရှိ သစ်ပင်အောက်ဝယ် ထိုင်နားနေသော ထင်းခွေသမားအား ညွှန်ပြကာ ပြောလိုက်ခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

ကျင်းဟန် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူသိနိုင်တယ်"

ချက်ချင်းပင် တက်တက်ကြွကြွ ဖြစ်လာသည်။

ထင်းခွေသမားထံ ခပ်သွက်သွက် လှမ်းသွားလိုက်ကြ၏။

ထင်းခွေသမားသည် မြက်ခမောက်ဖြင့် ယပ်ခပ်ရင်း သူတို့အား ကြည့်နေ၏။

ကျင်းဟန်က သူ၏အနီးသို့ ရောက်သွားလျှင်...

"ဗျို့ မိတ်ဆွေကြီးခင်ဗျား ဒီမှာထိုင်နားနေတာ ကြာပြီလား"

ဟု မေးလိုက်သည်။

ထင်းခွေသမားက သူတို့အား အကဲခတ်သလိုဖြင့် ကြည့်လာသည်။

ပြီးမှ ခေါင်းညိတ်ရင်း...

"ကြာပါပြီ၊ ဘာဖြစ်လို့လဲ"

ပြန်လည်မေးခွန်းထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဟန်က...

"ဒီဘက်ကို အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက် ... တာ မတွေ့မိဘူးလား"

ဟု မေးလိုက်လေသည်။

သူက ထိုသို့ မေးသည်ကို ယုချန်းက သဘောမကျဘဲ ... သွား၏။

သို့သော်...

ကျင်းဟန်က မေးလိုက်ပြီးဖြစ်၍ ဘာမှ မပြောဘဲ ... လိုက်လေသည်။

ထင်းခွေသမား မျက်မှောင်ကုပ်သွားသည်။

ကျင်းဟန်အား ကြည့်ကာ...

"ဘယ်သူတွေကို မေးတာလဲ"

ပြန်မေးလိုက်သည်။

ကျင်းဟန်က...

"အနက်ရောင်ဝတ်ထားတဲ့ လူသုံးယောက်တိတိ ဒီဘက် ... လာကြတယ်"

"ကျုပ် မတွေ့မိပါလား"

ကျင်းဟန် မကျေမနပ် ဖြစ်သွား၏။

ထင်းခွေသမား လိမ်ပြောနေခြင်း ဖြစ်ကြောင်း ရိပ်... လိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူများအကြောင်း မေးလိုက်...



...ယ် ထင်းခွေသမား လွန်စွာမှ အံ့အားသင့်သွားပုံ တွေ့ရှိခဲ့ရသည် ...တ်ပါလား။

"သူတို့ ဝင်လာတာ မကြာသေးပါဘူးဗျာ"

ကျင်းဟန်က မချင့်မရဲဖြင့် ထပ်ပြောလိုက်၏။

ထင်းခွေသမား ခေါင်းယမ်းလိုက်ပြီး...

"ကျုပ်လဲ တစ်ယောက်မှ မတွေ့မိပါလား"

ဟု ဘူးခံနေလေသည်။

ကျင်းဟန် ခံပြင်းသွားသည်။

"သူတို့က..."

"ကဲပါကွာ၊ တို့သွားကြရအောင်"

ယုချန်းက ကျင်းဟန်၏စကား မဆုံးမီ ကြားဖြတ်ပြောပြီး ...ဆွဲကာ ခေါ်လိုက်လသည်။

ကျင်းဟန် ရုန်းဖို့ ကြိုးစားသည်။

သို့သော်...

ယုချန်းက သူ၏လက်မောင်းကို အားစိုက်ဖျစ်ညှစ်လိုက်ခြင်း ...ဖြင့် အကြောင်းတစ်ခုခု ရှိမည်ဖြစ်ကြောင်း နားလည်သွားသည်။

ထို့ကြောင့်...

ဘာမှ ဆက်မပြောတော့ဘဲ ယုချန်းနှင့်အတူ အပြင်ဘက် ...ထွက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းခွေသမားမှာ အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြ လေသည်။

ဆိုင်ကလေးနှင့် ခပ်လှမ်းလှမ်းသို့ ရောက်လျှင်...

"သူက တမင်သက်သက် လိမ်ပြောနေတာကွ"

ကျင်းဟာန် မကျေမနပ် ပြောလိုက်လေသည်။

ယုချန်း ပြုံးလိုက်သည်။

"လိမ်ပြောနေမှန်း သိလျက်နဲ့ မင်းက ဘာကြောင့် ထပ်ပြီး မေးနေရတာလဲကွ"

"ဟေ"

ကျင်းဟာန် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ယုချန်းကိုလည်း နားမလည်နိုင်စွာ ကြည့်လိုက်မိ၏။

ယုချန်းက...

"သူက လိမ်ပြောနေမှတော့ မင်းသိချင်တာ ဘယ်လို သိနိုင်တော့မလဲ"

ဟု ပြောလိုက်သည်။

ကျင်းဟာန် မျက်မှောင်ကုပ်ကာ...

"သူက ဘာကြောင့် လိမ်ပြောတာလဲ"

ဟု မေးလိုက်သည်။

ယုချန်းက တစ်ချက်စဉ်းစားကာ...

"ဟိုလူတွေကို ကြောက်လို့ နေမှာပေါ့"

ဟု ပြောလိုက်သည်။



ကျင်းဟာန် ပါးစပ်ပိတ်ထားလိုက်ရသည်။

ယုချန်းက ဆက်ပြောလိုက်သည်။

"သူတို့ဟာ လူဆိုးတွေ ဖြစ်နိုင်တယ်"

ကျင်းဟာန်က...

"ဒီလိုဆိုရင် ငါတို့ဟာ ထောင်ချောက်ရှိတဲ့ဘက်ကို ရှောင် ပြေးလာသလို ဖြစ်မနေဘူးလား"

"အခုလို ကြုံရလိမ့်မယ်လို့ ငါလဲ ဘယ်မျှော်လင့်ပါ့မလဲ"

"ငါတို့တွေ ဆရာဝမ်းထိန်ကို ပြန်ပြီး အကြောင်းကြားရင် ကောင်းမယ် ထင်တယ်"

ယုချန်း ခေါင်းညိတ်လိုက်၏။

"ဒါအသင့်တော်ဆုံးပဲ"

နှစ်ယောက်သား နောက်ပြန်လှည့်ကြရန် ပြင်လိုက်စဉ်...

"ရပ်လိုက်စမ်း"

ရုတ်တရက်...

ကျယ်လောင်သော ဟန့်တားသံတစ်ချက် ထွက်ပေါ်လာ ည်ကို ကြားလိုက်ရလေသည်။

ကျင်းဟာန်နှင့် ယုချန်းတို့ ရင်ထိတ်သွားကြ၏။

ခြေလှမ်းတုံ့ခနဲရပ်ကာ ဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ ကြည့်လိုက်ကြ၏။

"ဟင်"

ကျင်းဟာန် လွတ်ခနဲ ရေရွတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်မှာ သူတို့ နောက်ဘက် မလှမ်းမကမ်းတွင် ရောက်ရှိနေသည် မဟုတ်ပါလား

ယုချန်း မျက်နှာပျက်သွား၏။

"တို့တော့ ခုကွပဲ ရှောင်တိမ်းသွားရင် ကောင်းမယ် တယ်"

နှုတ်မှ ပြောလိုက်သော်လည်း လှုပ်ကမူ တုတ်တုတ်မျှ ချေ။

အံ့သြထိတ်လန့်သော အကြည့်ဖြင့် အနက်ရောင်ဝတ် ထားသူများအား လှမ်းကြည့်နေလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်မှာ ခပ်သွ သွက် လှမ်းလာရင်း သူတို့အနီးသို့ ရောက်ရှိလာလေသည်။

ယုချန်း မသိမသာ ခေါင်းငုံ့ထားလိုက်လေသည်။

ကျင်းဟန်ကား ငူငေးပျက်နေ၏။

ယုချန်းက...

"သတိထား အချိန်မကျသေးဘူး"

ဟု တီးတိုးသတိပေးလိုက်လေသည်။

ကျင်းဟန် အသက်ပြင်းပြင်း ရှူရှိုက်လိုက်မိ၏။

အနက်ရောင်ဝတ်ဆင်ထားသူများမှာ သူတို့အနီးသို့ ရောက် ရှိလာပြီ ဖြစ်လေသည်။

ကျင်းဟန်နှင့် ယုချန်းတို့အား အကဲခတ်ကြည့်လိုက်ပြီး

"လက်စသတ်တော့ ဘုံကျောင်းရှေ့ သစ်ပင်အောက်



ကောင်းရမ်းနေတဲ့ ဗေဒါတွေကိုး ပြောစမ်း၊ မင်းတို့နှစ်ယောက် ဘယ် ကို သွားကြမလို့လဲ"

ဟု ခပ်ထန်ထန်မေးလာသည်။

ကျင်းဟန်က ပြန်ဖြေရန် ဟန်ပြင်လိုက်စဉ် ယုချန်းက ကြား ဝင်ဖြေလိုက်လေသည်။

"ကျုပ်တို့ တောအုပ်ထဲကို သွားမလို့ပါ"

"ဘာ"

"ဟို...ဟို... ကျုပ်...ကျုပ်တို့..."

အနက်ရောင်ဝတ်ဆင်ထားသူထဲမှ အမာရွတ်တစ်ခုရှိသူထံ မှ စကားသံ ဟိန်းထွက်လာခြင်းကြောင့် ယုချန်းမှာ စကား အထစ် ထစ်အငေါ့ငေါ့ ဖြစ်သွားရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားတို့နှစ်ယောက် ကျုပ်တို့နောက်ကို လိုက်လာကြ တာ မဟုတ်လား"

ဟု မေးလေသည်။

ယုချန်း မျက်လုံးပြူးသွားသည်။

ပြဿနာတော့ ပေါ်ပြီဟု တွေးလိုက်မိလေသည်။

မည်သို့ အဖြေပေးရမည် ဆိုသည်ကို စဉ်းစားနေစဉ် ထို အမာရွတ်နှင့်လူထံမှ စကားသံ ထွက်ပေါ်လာပြန်သည်ကို ကြား လိုက်ရလေသည်။

"ထင်းခွေသမားက ငါတို့ရှေ့ ပြေးလှုပဲ၊ မင်းတို့ လာပြီး စုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့အကြောင်း ပြောပြလိုက်တယ်၊ မင်းတို့ ဘာပြင်းချင်သေးလဲ"

ယခုတစ်ကြိမ်…

ကျင်းဟန်လည်း မျက်နှာပျက်သွားလေတော့သည်။

ထင်းခွေသမားသည် ရန်သူဘက်တော်သားတစ်ယော[illegible] ဖြစ်နေသည် မဟုတ်ပါလား။

အမာရွတ်နှင့်လူက…

"ဟေ့ မေးနေတာ ဖြေလေကွာ"

ဟု ငေါက်လိုက်သည်။

ကျင်းဟန်လည်း ဖြစ်လိုရာ ဖြစ်စေတော့ဟု သဘော[illegible] ကာ…

"ဟုတ်တယ်၊ ခင်ဗျားတို့နောက် လိုက်လာတာ"

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် ယချန်းမှာ မျက်လုံးအစုံ ပြူးကျယ်[illegible] လေသည်။

ကျင်းဟန်က အန္တရာယ်ကို လက်ယပ်ခေါ်လိုက်ပြီ [illegible] ပါလား။

အမှန်တော့ နောက်ယောင်ခံလိုက်ခြင်း မဟုတ်ပါဟု [illegible] နေလျှင် အနက်ရောင်ဝတ်ဆင်ထားသူ ယုံကြည်မည် မဟုတ်[illegible]

ထို့ကြောင့်…

လှည့်စားရန် ရည်ရွယ်ကာ ထမင ဟုတ်မှန်သည်ဟု [illegible] လိုက်ခြင်း ဖြစ်ပေသည်။



အမာရွတ်နှင့်လူ မျက်မှောင်ကုပ်သွား၏။

အဖော်နှစ်ယောက်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ[illegible]လာသည်။

မျက်နှာပေါ်ဝယ် ရန်လိုဟန်များလည်း ဖြစ်ပေါ်လာလေ[illegible]ည်။

အမာရွတ်နှင့်လူ၏မျက်နှာ ခက်ထန်လာ၏။

ကျင်းဟန်အား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်ပြီး…

"ငါတို့နောက်ကို ဘာကြောင့် လိုက်လာရတယ်ဆိုတာ ပြော[illegible]း"

လေသံမာမာဖြင့် မေးလိုက်လေသည်။

ကျင်းဟန် မဲ့ပြုံးပြုံးကာ…

"ကျုပ်တို့က မနက်ကတည်းက ဘာမှ မစားရသေးဘူး၊ [illegible]ကြောင့် ခင်ဗျားတို့ဆီက တောင်းရမ်းဖို့ လိုက်လာမိတာပါ"

ဟု ပြောလိုက်သည်။

သူ၏စကားကြားလျှင်…

"ဟား…ဟား…ဟား"

အနက်ရောင်ဝတ်ဆင်ထားသူများ သဘောကျစွာ ရယ်မော[illegible]က်သည်။

သူတို့၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေ[illegible]ည်။

ကျင်းဟန်က ထိုလူအား ခပ်တည်တည်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ...

ကျင်းဟန်၏ပရိယာယ်ကို ယုချန်း နားလည်သဘောပေါက်သွားပြီး စိတ်သက်သာရာရသွားလေသည်။

အမာရွတ်နှင့်လူက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

ကျင်းဟန်အား စိုက်ကြည့်ကာ...

"ဒါတို့က ပေးကမ်းစွန့်ကြဲမယ်လို့ ထင်နေသလား"

ဟု မေးလိုက်သည်။

ကျင်းဟန် ခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ နည်းနည်းပါးပါးလောက် ထည့်လှူစေချင်တယ်"

ဟု ပြောလိုက်၏။

အမာရွတ်နှင့်လူ နှာခေါင်းရှုံ့လိုက်၏။

"မင်းတို့ကြောင့် ဘယ်လောက်အလုပ်ရှုပ်သွားရသလဲဆိုတာ သိအောင် ဆုံးမပေးမယ်"

ကျင်းဟန်က...

"မလုပ်ပါနဲ့ဗျာ၊ မကြိုက်ရင် ထွက်သွားပါ့မယ်"

ကပျာကာ ပြောလိုက်သည်။

အမာရွတ်နှင့်လူက...

"ငါတို့ကို အလုပ်ရှုပ် နှောင့်နှေးအောင် လုပ်ပြီးမှ အလွယ်နဲ့ ထွက်သွားလို့ရမလား"

ဟု ဝေါက်လိုက်၏။



ထို့နောက်...

ခြေဆန့်ထုတ်ကာ ကန်ကျောက်လိုက်သည်။

ကျင်းဟန် ရှောင်တိမ်းရန် ကြိုးစားလိုက်ပါသော်လည်း ရှောင်မလွတ်ဘဲ အကန်ခံလိုက်ရသည်။

"ဝုန်း"

"အား"

ကျယ်လောင်သော မြည်သံနှင့်အတူ အနောက်ဘက်သို့ လွင့်စဉ်သွားသည်။

"မလုပ်ပါနဲ့"

ယုချန်း ကပျာကယာ ဟန့်တားလိုက်၏။

အမာရွတ်နှင့်လူက အရေးမစိုက်ဘဲ သူ့ကိုပါ ကန်ကျောက်လိုက်သည်။

"ဝုန်း"

"အား"

ယုချန်းပါ ခြေကားယားလက်ကားယားဖြင့် အနောက်ဘက် လွင့်စဉ်သွားပြီး မြေပေါ်သို့ လဲကျသွားသည်။

"ဟား...ဟား...ဟား"

အမာရွတ်နှင့်လူ သဘောကျစွာ ရယ်မောလိုက်သည်။

အဖော်နှစ်ယောက်လည်း ခွက်ထိုးခွက်လှန် ရယ်မောလိုက်ကြသည်။

ကျင်းဟန် ဒေါပွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ်မှ လူးလိမ့်ထကာ ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ယုချွန်း မျက်လုံးပြူးသွားသည်။

ကမန်းကတန်း ထလာပြီး ကျင်းဟန်အား ဖမ်းဆွဲထားလိုက်လေသည်။

"မလုပ်နဲ့"

"ဒါ့ကို လွှတ်"

ကျင်းဟန်က အတင်းရုန်းလေသည်။

အမာရွတ်နှင့်လူ နှာခေါင်းရှုံ့လိုက်သည်။

ကျင်းဟန်အား စိုက်ကြည့်ကာ...

"မင်းက အသားနာချင်နေတာကိုး"

ပြောပြောဆိုဆို ကျင်းဟန်ထံ လှမ်းလာသည်။

ယုချွန်းက အခြေအနေ မဟန်မှန်း နားလည်သွားသည်။

သူက ကပျာကယာ ရှေ့သို့ ထွက်ကာ တောင်းပန်လိုက်လေသည်။

"မလုပ်ပါနဲ့ဗျာ၊ ကျုပ်ညီလေးက လူငယ်မို့ စိတ်လိုက်မာန်ပါ ဖြစ်သွားမိတာ ခွင့်လွှတ်ပါ၊ ကျုပ်တောင်းပန်..."

"ဝုန်း"

စကားဆုံးအောင် မပြောရသေးမီ အနက်ရောင်ဝတ်ဆင်ထားသော အမာရွတ်နှင့်လူက ခြေဖြင့် ကန်ကျောက်လိုက်သည်။

ယုချွန်းမှာ အနောက်ဘက် လွင့်စဉ်သွားပြန်သည်။



ကျင်းဟန် ရင်ထိတ်သွားသည်။

ယုချွန်းအတွက် စိုးရိမ်ပူပန်သွားသည်။

"ယုချွန်း"

အတိတ်တလန့် အော်ဟစ်ခေါ်ရင်း ပြေး၍ ပွေ့ထူလိုက်၏။ ယုချွန်းက ကျင်းဟန်၏ရင်ခွင်ထဲ၌ ခေါင်းမှီရင်း...

"သူတို့ကို ကြောက်ချင်ဟန်ဆောင်ပြီး တို့ဒီက ထွက်သွားတာ အကောင်းဆုံးပဲ၊ အခုအချိန်မှာ အခြေအနေ ဘာမှန်းမသိရသေးဘူး။ သူတို့မှာ လူဆိုးတွေဆိုတာ သေချာတယ်၊ မပိုင်ဘဲဘာမှ မလုပ်နဲ့၊ တော်ကြာ သူတို့ရဲ့ အဖော်တွေ ရောက်လာရင် မလွယ်ဘူး။ သတင်းပြန်မပေးနိုင်တဲ့အပြင် ငါတို့တောင် ဒုက္ခရောက်သွားနိုင်တယ်"

ဟု တိုးတိုးပြောလိုက်လေသည်။

ထိုစကားကြားမှ ယုချွန်းမှာ ဘာမှမဖြစ်ဘဲ တမင်ဟန်ဆောင်နေခြင်း ဖြစ်ကြောင်း သိလိုက်ရ၏။

"မင်း ဘာမှ မဖြစ်ဘူးနော်"

ယုချွန်းက...

"ငါ ဘာမှ မဖြစ်ပါဘူးကွာ၊ စိတ်ချစမ်းပါ"

ကျင်းဟန်က အမာရွတ်နှင့်လူအား လှမ်းကြည့်လိုက်လေသည်။

အမာရွတ်နှင့်လူသည် သူတို့အား ကန်ကျောက်နိုင်လိုက်ရသည်ကို ကျေနပ်နှစ်သိမ့်နေဟန် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယုချန်း ပြောသလို တောင်းပန်တိုးလျှိုးလိုက်မည်ဆိုလျှ ထိုလူက ဆက်၍ ဒုက္ခပေးမည် မဟုတ်ဘဲ ကြိမ်းမောင်းပြောဆို လွှတ်ပေးလိုက်ဖို့ များပေသည်။

သို့သော်...

ထိုလူအား တောင်းပန်ရမည့်စကား ပြောမထွက်နိုင်အော ရှိနေ၏။

လူဆိုးလူမိုက်တစ်ယောက်အား တောင်းပန်ရမည်ကို လေးနေခြင်း ဖြစ်လေတော့သည်။

ယုချန်းက...

"တောင်းပန်လိုက်လေကွာ"

ကျင်းဟန်မှာ ယုချန်းကိုတစ်လှည့် အမာရွတ်နှင့်လူကို လှည့်ကြည့်ကာ မည်သို့ ပြုလုပ်ရမည်မှန်းမသိ ဆုံးဖြတ်ရခက် လေတော့သည်။

ထိုစဉ်...

အမာရွတ်နှင့်လူက...

"ကဲ ဘယ်လိုလဲ ခင်းတို့ မှတ်သွားပြီလား"

ဟု မေးလာလေသည်။

ကျင်းဟန်အံကြိတ်လိုက်သည်။

"မင်း ဘာလုပ်နေတာလဲ"

ယုချန်း၏စကားသံ ထွက်ပေါ်လာသည်။

ကျင်းဟန် မနေသာတော့ပါ။



ဤနေရာမှ လွတ်မြောက်အောင် တောင်းပန်မည်။

ပြီးလျှင် ဝမ်းထိန်အား သတင်းပေးကာ အမာရွတ်တို့လူစုအား ကောင်းကောင်းဆုံးမပစ်ရန် တေးမှတ်ထားလိုက်၏။

သူက မျက်လုံးစုံမှိတ်ကာ တောင်းပန်ရန် ဆုံးဖြတ်လိုက်လေသည်။

"ကျုပ်..."

သူက စကားမစရသေးမီ...

"ဘာဖြစ်နေတာလဲ"

ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းဟန် လှမ်းကြည့်လိုက်၏။

ယုချန်းလည်း ကပျာကယာ ကြည့်လိုက်သည်။

ထိုအခါ...

မီးခိုးရောင်လက်ရှည်ဝတ်ဆင်ထားသူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူ၏မျက်နှာထားသည် ဖြူဖပ်ဖြူရော်ရှိကာ ရက်စက်ကြမ်းကြုတ်သော ဟန်မူရာ ရှိလေသည်။

ထိုလူ ရောက်လာလျှင် အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သူတို့ မျက်နှာပေါ်ဝယ် ကြောက်ရွံ့ရှိသေသော အရိပ်အရောင်များ ထွက်ပေါ်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အမာရွတ်နှင့်လူကား အဆိုးဆုံးပင်။

သူ၏မျက်နှာထားသာမက အမူအရာပါ ပြောင်းလဲသွားလေသည်။

ကြောင်ကို တွေ့လိုက်သော ကြွက်ပမာ ခပ်ကုပ်ကုပ်လေး ဖြစ်သွားသည်။

မီးခိုးရောင်ဝတ်ဆင်ထားသူအား ဦးညွှတ်ကာ...

"ကျွန်တော်တို့ နောက်ကို ခြေရာခံလိုက်လာလို့ ဆုံးမပြီး စစ်မေးနေတာပါ ဆရာရှောင်"

ဟု ပြောလိုက်လေသည်။

ယုချန်း၏မျက်နှာ ရှုံ့မဲ့သွားသည်။

အမာရွတ်၏စကားကြားလျှင် အခြေအနေမှာ ပို၍ ရှုပ်ထွေးသွားပြီ ဖြစ်ကြောင်း ယုချန်း နားလည်လိုက်၏။

"တို့ ဒီက ထိုးဖောက်ထွက်သွားရင် ကောင်းမယ်"

ဟုလည်း ခပ်လောလောကလေး ပြောလိုက်သည်။

သို့သော်...

မည်သည့်နည်းနှင့်မျှ ထွက်ပြေး၍ မဖြစ်နိုင်တော့မှန်း ကောင်းစွာ နားလည်ထားပေတော့သည်။

ကျင်းဟန်က တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေ၏။

မီးခိုးရောင်ဝတ်ဆင်ထားသူ(ဝါ)ဆရာရှောင်ဆိုသူ၏ စူးသော အကြည့်က သူတို့နှစ်ဦးထံသို့ ကျရောက်လာလေသည်။

ယုချန်းနှင့် ကျင်းဟန်တို့အား အကာန်ကြာအောင်ပင် အေး



တော်ကြည့်ပြီးမှ...

"မင်းတို့နောက်ကို ခြေရာခံလိုက်လာတယ် ဟုတ်လား"

ဟု မေးလာသည်။

သူ၏လေသံမှာ ခြောက်ကပ်ကပ်နိုင်လှပေသည်။

"ဟုတ်ပါတယ် ခင်ဗျာ"

ဆရာရှောင် မဲ့လိုက်၏။

"ဘယ်လဲ သတ္တိကောင်းကြပါလား၊ ဟေ့ မင်းက သူတို့ကို ခေါ်သွားပြီး ဖမ်းချုပ်ထားလိုက်စမ်း၊ ဒီကနေ့ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေတယ်၊ သူတို့ကို နောက်မှ ငါကိုယ်တိုင် စစ်ဆေးမယ်"

အမာရွတ် ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ဆရာရှောင်"

အမာရွတ်က ကျင်းဟန်တို့ဘက် လှည့်လိုက်သည်။

ကျင်းဟန် ရင်ထိတ်သွားသည်။

ယုချန်းအား ကြည့်ကာ...

"ဘယ်လိုလုပ်ကြမလဲ"

ဟု တီးတိုးမေးလိုက်သည်။

ယုချန်း သက်ပြင်းချကာ...

"အစကတည်းက ငါတို့က အချက်ပြခဲ့ရမှာ အခုမှတော့ ဘာမှ မတတ်နိုင်တော့ဘူး၊ သူတို့ခေါ်တဲ့နောက် လိုက်သွားဖို့ပဲ ရှိတော့တာပေါ့"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဟန်က…

"ဖြစ်ပါ့မလား"

ယုချန်း ပခုံးတစ်ချက်တွန့်ကာ…

"တို့ ဇစ်မြစ်ကို မသိမချင်း ဘာမှ မဖြစ်နိုင်ဘူးပေါ့ကွာ သိသွားရင်တော့ အသက်ကို ဖက်နဲ့ ထုပ်ထားဖို့ပဲ ရှိတော့တယ်"

ကျင်းဟန်က…

"အခု တို့ထွက်ပြေးလို့ကော မဖြစ်ဘူးလား"

ဟု မေးလိုက်၏။

ယုချန်းက…

"တို့ အမြန်ဆုံး သေသွားမှာပေါ့"

ကျင်းဟန် မျက်မှောင်ကုပ်သွား၏။

"ဘာဖြစ်လို့လဲ"

ယုချန်းက သူ့အား တစ်ချက်ကြည့်ကာ…

"ဆရာရှောင်ဆိုတဲ့လူဟာ သိုင်းပညာထက်မြက်သူ ဖြစ်နိုင်တယ်၊ ငါတို့ ရင်ဆိုင်နိုင်ဖို့ မသေချာဘူး"

ဟု ပြောလိုက်၏။

ကျင်းဟန် ပါးစပ်ပိတ်ထားလိုက်သည်။

ထိုစဉ်…

အမာရွတ်နှင့်လူထံမှ အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"မင်းတို့နှစ်ယောက် ငါ့နောက် လိုက်ခဲ့ရမယ်"



ဟု ပြောလာသည်။

ယုချန်းနှင့် ကျင်းဟန်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

တစ်ဖန်…

ယုချန်းက အမာရွတ်နှင့်လူအား ဦးညွှတ်ကာ…

"ဆရာလေးရယ်၊ ကျုပ်တို့ကို ခွင့်လွှတ်ပါ၊ ကျုပ်တို့ သွားပါရစေဗျာ၊ တောင်းပန်ပါတယ်ဗျာ"

တောင်းပန်စကားဆိုလိုက်၏။

အမာရွတ်က လက်မခံပါ။

ခေါင်းယမ်းကာ…

"စကားမရှည်နဲ့ လိုက်ခဲ့ရမယ်"

"ကျုပ်တို့သွားပါရစေ"

ယုချန်းက မည်သို့ တောင်းပန်ပါသော်လည်း အကြောင်းထူးမည် မဟုတ်ချေ။

ဆရာရှောင်က သူတို့အား ဖမ်းဆီးခေါ်ဆောင်သွားရ အမိန့်ပေးထားပြီးပြီ မဟုတ်ပါလား။

အမာရွတ်နှင့်လူက…

"ဘာမှ ပြောမနေကြနဲ့ ရှေ့က သွားစမ်း"

ဟု ငေါက်လိုက်သည်။

ယုချန်းက ထပ်မံတောင်းပန်လိုက်၏။

"ဆရာလေးရယ်၊ ကျုပ်တို့က ဆရာလေးတို့ကို ဒုက္ခပေးနိုင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတွေ မဟုတ်ပါဘူး၊ ကျုပ်တို့ကို လွှတ်ပေးပါဗျာ”

သူက မည်သို့ပင် တောင်းပန်ပါသော်လည်း အချည်း…
ဖြစ်သွားရသည်။

အမာရွတ်နှင့်လူမှာ ဆရာရှောင်၏အမိန့်ကို မလွန်…
ပါ။ သူက မျက်နှာထားတင်းတင်းဖြင့် ကြည့်ကာ…

“သွားဆိုသွားစမ်း သေချင်ပြီ ထင်တယ်”

ဟောက်လိုက်၏။

တစ်ဆက်တည်း ရိုက်နှက်ရန် ဟန်ပြင်လိုက်သည်။

ယုချန်းက လက်ကာရင်း…

“အမယ်လေး မလုပ်ပါနဲ့ ကြောက်ပါပြီ၊ သွားဆိုသွား…
ဗျာ”

ကြောက်လန့်နေသူပမာ ဟန်ပါပါဖြင့် ပြောကာ ရှေ့…
သုတ်သုတ် လျှောက်သွားသည်။

ကျင်းဟန်ကိုလည်း မျက်ရိပ်ပြလိုက်၏။

ကျင်းဟန် မတတ်သာတော့ပါ။

သက်ပြင်းတစ်ချက်ချကာ စိတ်လျှော့လိုက်ရ၏။

ထို့နောက် ယုချန်း နောက်မှ လိုက်သွားရသည်။

အမာရွတ်နှင့်လူပင် ဦး ဆောင်ကာ သူတို့နှစ်ယော…
အရှေ့ဘက် တောအုပ်ထဲသို့ ခေါ်ဆောင်သွားတော့သည်။

* * *

## မတူညီသောအန္တရာယ်

သစ်တောအုပ်…

သစ်တောအုပ်အတွင်း၌ဝယ် အဆောက်အဦးပျက်တစ်ခု ရှိ…
နေပါသည်။

ထိုအဆောက်အအုံပျက်အား ဝမ်းထိန်က သုံးကြိမ်ခန့် လာ…
ရောက်စစ်ဆေးကြည့်ရှုခဲ့ဖူးပါသည်။

သို့သော်…

မည်သည့် ထူးခြားချက်မျိုးမှ မတွေ့ခဲ့ရပေ။

ယခုမူ…

အဆောက်အအုံပျက်ရှေ့၌ဝယ် မြင်းဆယ်ကောင်ခန့် ရှိနေ…
သည်ကို တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသူများ၏ လျှို့ဝှက်စခန်းချသည့် နေရာတစ်ခု ဖြစ်ကြောင်း တွေ့မြင်လိုက်ရပြီ ဖြစ်လေသည်။

သို့သော်...

ကျင်းဟာန်နှင့် ယုချန်းတို့အတွက် ဝမ်းသာစရာကောင်းသည့် အဖြစ်မျိုး မရောက်နိုင်တော့ပါ။

သူတို့နှစ်ယောက်အား အမာရွတ်နှင့်လူ အုပ်စုက ဖမ်း သွားပြီ မဟုတ်ပါလား။

အဆောက်အအုံပျက်အတွင်းသို့ သူတို့အား ခေါ်ဆော သွားသည်။

တစ်ဖန်...

ကြိုးများဖြင့် တုပ်နှောင်ကာ ဖမ်းဆီးထားလိုက်သည်။

သူတို့ ထွက်ပြေး၍ မရနိုင်တော့မှန်းသိလျှင် ယုချန်း ဒေါသပွပွဖြင့် ကျင်းဟာန်အား...

"မင်းက ရှေ့မကြည့် နောက်မကြည့် အလောတကြီး မြန်းခဲ့တဲ့အတွက် အခု ဒုက္ခရောက်ပြီကွ"

ဟု ပြစ်တင်ပြောဆိုလိုက်သည်။

ကျင်းဟာန်မှာ ယုချန်း စကားကြောင့် မကျေမနပ် ဖြစ်သွား သည်။

"ငါတို့ မြို့ထဲမှာ ဒုစရိုက်မှုတွေ ကျူးလွန်တာ သူတို့ဆို ထင်ရှားနေပြီ၊ သူတို့လုပ်ချင်ရာ လုပ်နေတာကို ငါတို့က ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား၊ မင်းက အခြေအနေ စောင့်ကြည့်



သို့ အခုလို ဖြစ်ရတာ အစကတည်းက တိုက်ခိုက်ပြီး အလွယ်ရှုန်းလို့ တာပဲ၊ အခုတော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ရမယ့်ကိန်း ဆိုက်နေပြီ"

သူတို့အား စစ်ဆေးလာသည့် အမာရွတ်နှင့်လူအဖွဲ့ တိုက် ကာ ရှောင်တိမ်းသွားနိုင်ကြောင်း စောဒက တက်လိုက်သည်။

ယုချန်း မဲ့ပြုံးပြုံးကာ...

"မင်းက သူတို့ကို တိုက်ခိုက်နိုင်လို့လား"

ဟု မေးလိုက်သည်။

ကျင်းဟာန်က...

"ဘာဖြစ်လို့ မတိုက်ခိုက်နိုင်ရမှာလဲ"

ဟု မကျေမနပ် ပြန်ပြော၏။

ယုချန်းက...

"ဒီနေရာတဝိုက်မှာ သူတို့တွေ ခိုအောင်းနေတယ်ဆိုတာ း မသိလို့ ပြောတာပါ၊ မင်းတိုက်ခိုက်ပြီး ထွက်ပြေးလဲ သူတို့က တင်ဟန့်တားလာမှာပဲ၊ သူတို့မှာ အင်အား ဘယ်လောက်ရှိတယ် တာ ငါတို့မှမသိရတာ"

ကျင်းဟာန်က...

"မင်းက အဲဒီလို စဉ်းစားနေလို့ အခုလို အဖမ်းခံရတာ"

ပြစ်တင်ပြောဆိုလိုက်သည်။

ယုချန်း နှာခေါင်းရှုံ့ကာ...

"ငါစဉ်းစားမိလို့ အခုအချိန်ထိ အသက်ရှင်နေသေးတာ၊

www.burmeseclassic.com



မင်းလုပ်ပုံမျိုးနဲ့သာဆိုရင် အသက်ထွက်နေလောက်ပြီ"

သူ၏စကားမှာ မှန်ကန်နေ၍ ကျင်းဟန် ငြိမ်ကျသွားသေသည်။

ထွက်ပြေးသွားလျှင်လည်း အနက်ရောင်ဝတ်ဆင်ထားသူများ၏ ဝိုင်းရံတိုက်ခိုက်ခြင်း ခံရပေမည်။

သူတို့ လွတ်မြောက်မည်ဟု ကျိန်းသေ မပြောနိုင်ပါချေ

အဖမ်းခံရသည်မှာ သေရသည်ထက် အခွင့်အရေး ရှိနေသေသည်။

ကံကောင်း၍ လွတ်မြောက်ခဲ့လျှင် အနက်ရောင်ဝတ်ဆင်ထားသူများအား ဖော်ထုတ်ဆုံးမနိုင်ပေသေးသည်။

ယုချန်းက သူ့အား ကြည့်ကာ...

"အသက်ရှင်နေသမျှ မျှော်လင့်ချက် ရှိနေသေးတာပဲ နောက်ဆုံး သူသေကိုယ်သေ တိုက်ခိုက်နိုင်သေးတာပေါ့"

ကျင်းဟန် သက်ပြင်းချလိုက်သည်။

"ငါက.."

သူက စကားမစလိုက်ရပါ။

ရုတ်တရက်...

"ဟိုနှစ်ယောက် ဘာတွေ ပြောနေကြတာလဲ တိတ်တိတ်နေစမ်း"

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။



အနက်ရောင်ဝတ်ဆင်ထားသူတစ်ယောက်က အော်ငေါက်ခြင်းပင် ဖြစ်သည်။

တစ်ဆက်တည်းပင်...

အဆောက်အအုံပျက်အတွင်းသို့ အနက်ရောင်ဝတ်ဆင်ထား ား လှမ်းဝင်လာကြသည်ကို ယုချန်းတို့ တွေ့လိုက်ကြရသည်။

ထို့ကြောင့်...

ကျင်းဟန်နှင့် ယုချန်းတို့ ပါးစပ်ပိတ်ထားလိုက်ကြ၏။

ယခုအချိန်၌ ဆိတ်ဆိတ်နေခြင်းသည်သာ အကောင်းဆုံးဟု ယောက်စလုံး နားလည်သဘောပေါက်ထားကြသည် မဟုတ်ပါ

ယုချန်းက တွေ့ရှိသမျှ လေ့လာမှတ်သားနားထောင်ထား အပ်ကြောင်း ဆင်ခြင်မိသည်။

အနက်ရောင်ဝတ်ဆင်ထားသူများအား မသိမသာ အကဲကြည့်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများအား ကျင်းဟန်က ရေကြည့်လိုက်သည်။

ထိုအခါ...

စုစုပေါင်း ဆယ်ယောက်တိတိ ရှိနေသည်ကို တွေ့မြင်ရလေ

သူတို့လူစုတွင် ဆရာရှောင်က ခေါင်းဆောင် ဖြစ်ကြောင်း ဟန် နားလည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသူများက အဆောက်အအုံ အတွင်းသို့ ဝင်လာပြီး ဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။

မကြာပါချေ။

ဆရာရှောင် ရောက်ရှိလာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ ထရပ်ကာ ဂါရဝပြုလိုက် သည်။

ဆရာရှောင်က...

"ထိုင်ကြပါ"

ဟု ပြောလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများ ပြန်လည်ထိုင်ချလိုက်၏။

ဆရာရှောင်က ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်၏။

တစ်ဖန်...

အနက်ရောင်ဝတ်ဆင်ထားသူများအား တစ်ချက်ငေ့ကြည့် လိုက်၏။

သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေ၏။

သူက ချောင်းတစ်ချက်ဟန့်ကာ...

"မင်းတို့အားလုံး သေသေချာချာ နားထောင်ပါ။ မင်းတို့ကို အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိတယ်"

ဟု ပြောလိုက်၏။

ထိုစကားကြောင့် အနက်ရောင်ဝတ်ဆင်ထားသူများအား လုံး ငြိမ်ကျသွားသည်။



ယုချန်းနှင့် ကျင်းဟာန်တို့လည်း စိတ်ဝင်စားသွားကြ၏။

ဆရာရှောင် ပြောလာမည့် စကားကို နားစွင့်နေလိုက်ကြ လေသည်။

ဆရာရှောင်က...

"ငါတို့တွေရဲ့ လှုပ်ရှားမှုတွေကို တိတ်တဆိတ် လိုက်ပြီး စုံစမ်းနေသူတွေ ရှိတယ်လို့ အထက်က ပြောလာတယ်"

ထိုစကားကြောင့် ကျင်းဟာန်နှင့် ယုချန်းတို့ ထိတ်လန့်သွား ကြမိသည်။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

သူတို့အား လိုက်လံစုံစမ်းနေကြသူများဟု သတ်မှတ်လိုက် လျှင် အသက်ရှင်ဖွယ်ရာလမ်း မမြင်နိုင်တော့ပါချေ။

ယုချန်းက...

"ဒုက္ခပဲ"

ဟု လွှတ်ခနဲ ညည်းညူလိုက်လေသည်။

ကျင်းဟာန် အံကြိတ်ကာ...

"သူတို့ ပြုသမျှတော့ ငြိမ်မခံနိုင်ဘူး၊ သူသေကိုယ်သေ ရင် ဆိုင်မှာပဲ"

ဟု ပြောလိုက်၏။

ယုချန်း သက်ပြင်းချလိုက်သည်။

သူက ဘာမျှမပြောဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

ခေါင်းထဲဝယ် လွတ်မြောက်ရန် နည်းလမ်းအား အမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



တွေးတောစဉ်းစားလိုက်သည်။

ကျောင်းဟန်က ပတ်ဝန်းကျင်အား မျက်ခြည်ပြတ်မခံဘဲ အကဲခတ်ကြည့်ရှုနေ၏။

ထိုစဉ်...

ဆရာရှောင်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆရာရှောင်က အားလုံးကို ကြည့်လိုက်ပြီး...

"နောက်ယောင်ခံလိုက်နေတဲ့လူဟာ မြက်ခမောက်ဆောင်းထားသူတစ်ယောက် ဖြစ်တယ်၊ သူ့ရဲ့သိုင်းပညာဟာ အတော်ထက်မြက်တယ်၊ သူ့ကို သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်ဘူးဆိုရင် တို့တတွေ ရှေ့ဆက်လှုပ်ရှားဖို့ မလွယ်တော့ဘူး၊ ဝါးကျိုကို ရှင်းပစ်တာ သူပဲ ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီလူဟာ တို့တွေအတွက် အန္တရာယ်ကောင်ပဲ"

သူ၏စကားအဆုံးတွင် အနက်ရောင်ဝတ်ဆင်ထားကြသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုလာကြ၏။

အတော်လေးကြာလျှင် တစ်ယောက်က...

"ဆရာရှောင်၊ ဒီမြက်ခမောက်နဲ့လူကို ကျုပ်တို့ သုတ်သင်ရှင်းလင်းပစ်လိုက်လို့ မဖြစ်ဘူးလား"

ဟု မေးလိုက်၏။

ကျန်တစ်ယောက်ကလည်း...



"ဟုတ်သားပဲ၊ ကျုပ်တို့ ဆုံးမလိုက်မယ်"

ဟု ပြောလေသည်။

ဆရာရှောင် တစ်ချက်ပြုံးကာ...

"သူက သိုင်းပညာတော်တယ်လို့ ငါပြောခဲ့တယ် မဟုတ်ား ဒါပေမယ့် မပူနဲ့၊ သူနဲ့ ငါတို့ ထိပ်တိုက်ရင်ဆိုင်ကြရမှာပါ"

ဟု ပြောလာသည်။

အမာရွတ်နှင့်လူက...

"အဲဒီ လူ ဘယ်မှာလဲ"

သိချင်စိတ်ဖြင့် မေးလာသည်။

ဆရာရှောင်က...

"သူဟာ တို့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်၊ ငါ င်တာ မမှားဘူးဆိုရင် မကြာခင် အတောအတွင်း သူ ဒီကို က်လာလိမ့်မယ်"

ဟု ပြောလိုက်သည်။

သူ၏စကားကြားလျှင်...

"ခွိမ်း"

"ခွိမ်း"

အနက်ရောင်ဝတ်ဆင်ထားကြသူများ ချက်ချင်းပင် ဓား ယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

"ဟား...ဟား...ဟား"

ဆရာရှောင် သဘောကျစွာ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးအကြောင်းကြုံလျှင် သူ၏လူများသည် အားထား
သည် မဟုတ်ပါလား။

အန္တရာယ်ပြုမည့် မြက်ခမောက်နှင့်လူ ရောက်လာလျှ
ပိုင်းဝန်းတိုက်ခိုက်ကာ သုတ်သင်ရှင်းလင်းပစ်နိုင်သည်ဟု တွေးမိသေ
သည်။

ဆရာရှောင် ရယ်မောရာမှ ရပ်တန့်လိုက်သည်။

သူက လက်တစ်ချက် ဝှေ့ယမ်းကာ...

"အားလုံး နားထောင်ကြပါ"

ဟု ပြောလိုက်၏။

သူ၏စကားကြောင့် အားလုံး ငြိမ်သက်သွား၏။

ဆရာရှောင်က ရင်ကော့လိုက်ပြီး...

"ကျုပ်တို့ဟာ အထက်က အမိန့်ပေးတဲ့ ကိစ္စမှန်သမျှ
အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာချည်းပါပဲ၊ ဒီတစ်ကြိ
အထက်က အန္တရာယ်ပေးလာမယ့် မြက်ခမောက်နဲ့လူကို တားဆီး
ထားပါလို့ အမိန့်ပေးလိုက်တယ်"

အနက်ရောင်ဝတ်ဆင်ထားသူများက စိတ်ဝင်တစား န
ထောင်နေကြ၏။

ဆရာရှောင်က ကျေနပ်စွာ တစ်ချက် ပြုံးလိုက်၏။

ထို့နောက်...

တည်ကြည်သော မျက်နှာထားဖြင့်...

"ကျုပ်ကတော့ အဲဒီ လျှို့ဝှက်စုံစမ်းနေတဲ့ မြက်ခမောက်



ကို သုတ်သင်ရှင်းလင်းပစ်မယ်လို့ စိတ်ကူးထားတယ်၊ မင်းတို့
သဘောတူတယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ထိုသို့ မေးလိုက်သည်နှင့် အနက်ရောင်ဝတ်ဆင်ထားသူ
အားက...

"သဘောတူပါတယ်၊ သဘောတူပါတယ်"

ဟု တစ်ညီတစ်ညွတ်တည်း အော်ပြောလိုက်ကြလေသည်။

ဆရာရှောင် ကျေနပ်သွားသည်။

"ကောင်းပြီ၊ အားလုံး သဘောတူတယ်ဆိုရင် ကျုပ်တို့က
ယ်လိုရင်ဆိုင်ရမယ်ဆိုတာ ပြောပြမယ်"

သူ၏စကားကြောင့် အနက်ရောင်ဝတ်ဆင်ထားသူများ ငြိမ်
သက်သွားကြပြန်သည်။

ဆရာရှောင် ရှေ့ဆက်ပြောလာမည့် စကားကို စိတ်ဝင်စား
နားစွင့်နေလိုက်ကြလေသည်။

ဆရာရှောင်က ချောင်းဟန့်ကာ...

"လျှို့ဝှက်စုံစမ်းတဲ့လူကို ကျုပ်တို့က..."

သူက စကားဆုံးအောင် မပြောလိုက်ရပါချေ။

ရုတ်တရက်...

"ဝုန်း"

"အား"

"အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှ စူးရှသော အော်ဟစ်သံများ ဆက်တိုက်ထွ
ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

"ဟာ"

ရုတ်တရက် ကြားလိုက်ရသည်မို့ အားလုံး ကြောင်
အမ်း ဖြစ်သွားကြလေသည်။

သို့သော်...

ဆရာရှောင်မှာ အတွေ့အကြုံ ရှိသူပီပီ ချက်ချင်းပင်
ဝင်လာသည်။

ချက်ချင်းပင် လက်ခွေယမ်းကာ...

"အပြင်ဘက်က အစောင့်တွေရဲ့ အသံပါလား"

အမာရွတ်နဲ့လူက...

"ဟုတ်တယ်၊ ရန်သူ လာပြီထင်တယ်"

လက်နက်ဆွဲထုတ်ကာ ပြောလိုက်သည်။

ဆရာရှောင် မျက်မှောင်ကုပ်ကာ...

"ထူးခြားမှုတော့ ရှိနေပြီဟေ့၊ အပြင်ထွက်ပြီး အခြေအ
ကြည့်ကြစမ်း"

ကပျာကယာ အော်ဟစ်အမိန့်ပေးလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများ လှုပ်လှုပ်ရှားရှား
သွားကြ၏။

တစ်ယောက်က...



"ကျုပ်သွားကြည့်မယ်"

အော်ပြောလိုက်၏။

တစ်ဆက်တည်းပင်...

လက်ထဲမှ ဓားအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အပြင်ဘက်သို့ ထွက်ပြေးသွားလေသည်။

ထိုလူ အပြင်ဘက် ရောက်သွားသည်နှင့်...

"ဝုန်း"

"အား"

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်။

တစ်ဖန်...

အပြင်ဘက်မှ အသံဗလံ ဟူသမျှ တိတ်ဆိတ်ပျောက်ကွယ် သွားလေသည်။

မည်သည့်ထူးခြားချက်မျှ ထပ်မံပေါ်ထွက်မလာတော့ချေ။

အခြေအနေအား အကဲခတ်ကြည့်ကာ နားစွင့်နေသော ဆရာရှောင် မျက်နှာကွက်ခနဲ ပျက်သွားသည်။

စိတ်ထဲ လှုပ်ရှားသွားပြီး...

"ဘယ်လိုဖြစ်တာလဲ"

ဟု တီးတိုးရေရွတ်လိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူများ ငြိမ်သက်ကာ နားစွင့်နေ ကြ၏။

အပြင်ဘက်ဝယ် တိတ်ဆိတ်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် လှုပ်ရှားသံ အော်ဟစ်သံ ထွက်ပေါ်လာသည်ကို မကြားရပါတော့ချေ။

ဆရာရှောင် စိတ်ထဲ မရိုးမရွ ဖြစ်လာ၏။

အနက်ရောင်ဝတ်ဆင်ထားသူများအား ဝေ့ကြည့်ကာ...

"ဟေ့ သွားကြည့်ကြစမ်း"

ဟု အမိန့်ပေးလိုက်ပြန်သည်။

အနက်ရောင်ဝတ်ဆင်ထားကြသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

တစ်ယောက်မျက်နှာလည်းတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

ဆရာရှောင် ဒေါပွသွားသည်။

သူ၏လူများအား ကြည့်ကာ...

"ဟေ့ ဘာလုပ်နေကြတာလဲ"

ဟု ငေါက်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများ မနေနိုင်ကြပါတော့ချေ။

နှစ်ယောက်က ဓားရိုးကို တင်းကြပ်စွာ ဆုပ်ကိုင်ကာ အပြင်ဘက် ပြေးထွက်သွားကြလေသည်။

မကြာမီ...

ထိုလူနှစ်ယောက်သည် အဆောက်အအုံ အပြင်ဘက်သို့ ရောက်ရှိသွားလေသည်။

ဆရာရှောင်က အခြေအနေ စောင့်ကြည့်လိုက်သည်။



အနက်ရောင်ဝတ်ဆင်ထားသူများကလည်း စိတ်ဝင်စားစွာနှင့် စောင့်ကြည့်နေလိုက်ကြသည်။

စိုးထိတ်မှုများက သူတို့၏မျက်နှာများပေါ်ဝယ် ထင်ရှားစွာပေါ်လွင်နေ၏။

ယုချန်းက...

"ကောင်းတယ်၊ သူတို့ကို ဒုက္ခပေးမယ့်လူတော့ ရောက်လာပြီ"

ဟု ပြောလိုက်သည်။

ကျင်းဟာန် ပြုံးလိုက်သည်။

"သူများကို ဒုက္ခပေးရင် ကိုယ်လဲ ဒုက္ခရောက်ရမယ်ဆိုတဲ့အားက အတော်မှန်ပါလား"

အားရကျေနပ်စွာဖြင့် ပြောလာသည်။

ယုချန်းက...

"ဒါထက် အခု ရောက်လာတဲ့လူ ဘယ်သူလဲဆိုတာ မင်းသိလား"

ဟု မေးလိုက်သည်။

ကျင်းဟာန် ခေါင်းယမ်းလိုက်လေသည်။

"ငါ ဘယ်သိပါ့မလဲ မင်းကော"

ယုချန်းက...

"ငါလဲ မခန့်မှန်းတတ်သေးဘူး"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းဟန်က...

"ဒါဖြင့် မင်းက ဘာကြောင့် မေးတာလဲ"

ဟု မေးလိုက်၏။

ယုချန်း သက်ပြင်းချကာ...

"တော်ကြာ၊ အဲဒီ မြက်ခံမောက်နဲ့လူက ငါတို့ကို ဒုက္ခပေးနေ နိုးရိမ်လို့ မေးနေတာပေါ့ကွ"

ဟု ပြောလိုက်၏။

ကျင်းဟန်မှာ ယုချန်း၏စကားကြောင့် မျက်လုံးပြူးသွား လေသည်။

ယုချန်းအား ကြည့်ကာ...

"ဘယ်လို ငါတို့ကို ဒုက္ခပေးနိုင်တယ် ဟုတ်လား"

စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။

ယုချန်းက စိတ်မသက်သာဟန်ဖြင့်...

"သူက အလွန်လျှို့ဝှက်ပြီး စုံစမ်းတာဟာ အကြောင်းရှိ မယ်၊ ဆရာရှောင်တို့လူစုကို သုတ်သင်ရှင်းလင်းပစ်တာကို ဘယ်သူ မထိစေချင်ဘူးဆိုရင်ကော"

ဟု ပြန်မေးလိုက်သည်။

ယုချန်း၏စကားကြောင့် ကျင်းဟန် မျက်နှာပျက်သွားလေ သည်။

ယုချန်း ပြောသည့်အတိုင်း ဖြစ်လာမည်ဆိုပါက ဆရာ ရှောင်တို့လူစုထက် ပို၍ ဆိုးဝါးသူနှင့် တွေ့ရမည် ဖြစ်သည်။



"ဒီလို ဖြစ်နိုင်ပါ့မလား"

မချွင့်မရဲ မေးလိုက်လေသည်။

ယုချန်းက...

"သိုင်းသမားတွေ ကြားထဲမှာ ဘယ်ကိစ္စမဆို ဖြစ်လာနိုင် တယ်ဆိုတာ သိထားစမ်းပါ"

ဟု ပြောလိုက်၏။

ကျင်းဟန် ပါးစပ်ပိတ်ထားလိုက်၏။

ယုချန်းသည် သူ့ထက်စာလျှင် သိုင်းလောကအကြောင်း၊ သိုင်းသမားများအကြောင်း တီးခေါက်မိဖူးသူ ဖြစ်သည် မဟုတ်ပါ လား။

ထို့ကြောင့်...

သူက စောဒကမတက်ဘဲ နှုတ်ဆိတ်လိုက်သည်။

ထိုစဉ်...

"အား"

"အွန့်"

အပြင်ဘက်မှ စူးရှသော အော်ဟစ်သံများ ထပ်မံထွက်ပေါ် လာသည်ကို ကြားလိုက်ရလေသည်။

အပြင်ဘက်သို့ ထွက်လာသည့် အနက်ရောင်ဝတ်ဆင်ထား သူနှစ်ယောက် ခံလိုက်ရပြီ ဖြစ်ကြောင်း သိနိုင်လေသည်။

အခြေအနေ နားစွင့်နေသော ဆရာရှောင် ဒေါသထွက်သွား လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး…

“ဟေ့ ဘယ်သူတွေလဲကွ၊ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်နေတာ၊ သတ္တိရှိရင် အထဲကို ဝင်လာခဲ့စမ်း”

ဟု ပြောလိုက်၏။

သူ၏စကားသံ အဆောက်အအုံပျက်ထဲမှတစ်ဆင့် အပြင်ဘက်သို့တိုင် ကျယ်လောင်စွာ ဟိန်းထွက်သွားလေသည်။

မရှေးမနှောင်းမှာပင်…

“ဟား…ဟား…ဟား”

ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင်…

“စိတ်ချ၊ ကျုပ်ဝင်လာခဲ့မှာပါ”

ကြည်လင်ပြတ်သားသော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မရှေးမနှောင်းမှာပင်…

“ဟူး”

လေတိုးသံတစ်ချက်နှင့်အတူ ပြတင်းပေါက်မှတစ်ဆင့် လူရိပ်တစ်ခု ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

## လှို့ဝှက်သိုင်းသမား

အခန်းထဲသို့ လူတစ်ယောက် ရောက်ရှိလာပြီ ဖြစ်သည်။

ထိုလူ ရောက်ရှိလာသည်နှင့် အခန်းတစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွား၏။

ထိုလူထံမှ အေးစိမ့်သော အငွေ့အသက်များ ထွက်ပေါ်နေသည်ဟု ဆရာရှောင် ထင်လိုက်မိသည်။

သူက သက်ပြင်းမသိမသာ ချလိုက်သည်။

အခန်းထဲ ဝင်လာသူကိုလည်း အကဲခတ်ကြည့်လိုက်သည်။

ထိုလူသည် အပြာရောင်အဝတ်အစား ဝတ်ဆင်ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းပေါ်ဝယ် ကြီးမားသော မြက်ခမောက်တစ်လုံးအား ခပ်ငိုက်ငိုက်ဆောင်းထားလေသည်။

ထို့ကြောင့်...

သူ၏မျက်နှာသွင်ပြင်အား ခန့်မှန်း၍ မရပါချေ။

ထူးခြားချက်မှာ သူ၏ကိုယ်ပေါ်ဝယ် မည်သည့်လက်နက်မှ မတွေ့ရခြင်းပင်။

ဆရာရှောင်က...

"မင်း ဘယ်သူလဲ"

ဟု အေးတိအေးစက် လေသံဖြင့် မေးလိုက်၏။

ထိုလူက ရယ်မောကာ...

"ကျုပ်က ခင်ဗျားတို့အဖွဲ့အကြောင်း ဖော်ထုတ်မယ့်လူ နာမည်သိလဲ ဘာအရေးလဲ"

ဟု ပြောလာသည်။

သူ၏ပမာမခန့် အပြုအမူကြောင့် ဆရာရှောင် ဒေါသထွက်သွားသည်။

"မင်းကများ ငါတို့ကို အန်တုမယ် ဟုတ်လား၊ ရယ်စရာကောင်းလိုက်တာ"

မြက်ခမောက်နှင့်လူက...

"ကျုပ်က ရယ်စရာ မပြောတတ်ဘူးဆိုတာ ခင်ဗျား မကြာခင် သိမှာပါ"

ပကတိ လေသံဖြင့် ပြောလိုက်၏။



ဆရာရှောင် မဲ့လိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းကို ရင်ဆိုင်ဖို့ ငါတို့ ဆုံးဖြတ်ထားပြီးပြီ၊ မင်းပြေးပေါက် မရှိတော့ဘူး"

မြက်ခမောက်နှင့်လူ တစ်ချက်ရယ်လိုက်သည်။

"စိတ်ချ၊ ကျုပ်က ခင်ဗျားတို့ မောင်းထုတ်တာတောင် ထွက်မပြေးဘူး"

ဆရာရှောင် အံကြိတ်လိုက်သည်။

သူ၏လူများအား လက်ဝှေ့ယမ်းပြကာ...

"တိုက်ကြစမ်း"

ဟု အမိန့်ပေးလိုက်၏။

ထိုအခါ...

"ယား"

"သေပေတော့"

အနက်ရောင်ဝတ်ဆင်ထားသူများက ဓားကိုယ်ဆီ ဆွဲကိုင်ကာ ညာသံပေး အော်ဟောက်ရင်း ပြေးဝင်တိုက်ခိုက်လာကြ၏။

မြက်ခမောက်နှင့်လူက အမှုမထားပါချေ။

"သွားစမ်း"

အော်ဟောက်ကာ လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

ပြင်းထန်သော လေလှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး ပြေးဝင်လာသော အနက်ရောင်ဝတ်ဆင်ထားသူများထံ ကိုးဝင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

"အမယ်လေး"

ကျယ်လောင်သော အသံများ ထွက်ပေါ်လာ၏။

အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက်မှာ လူတစ်ခြား ဓားတစ်ခြား လွင့်စဉ်သွား၏။

ဆရာရောင် မျက်နှာပျက်သွားသည်။

မြက်ခမောက်ဆောင်းထားသူ၏ သိုင်းပညာ မခေကြောင်း သဘောပေါက်လိုက်၏။

ထိုအချိန်တွင်...

"ယား"

ညာသံပေးသံနှင့်အတူ အမာရွတ်နှင့်အတူ အနက်ရောင် ဝတ်ဆင်ထားသူသုံးဦးက ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

မြက်ခမောက်နှင့်လူက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ဝုန်း"

"အား"

ဦးစွာ ဝင်ရောက်လာသော အနက်ရောင်ဝတ်ဆင်ထားသူ နှစ်ယောက်မှာ အဝေးသို့ လွင့်စဉ်သွားသည်။

"သေပေတော့"

အမာရွတ်နှင့်လူထံမှ အော်ငေါက်သံ ထွက်ပေါ်လာသည်။

သူက လက်ထဲမှ ဓားဖြင့် ခမောက်နှင့်လူ၏နောက်ကျော



အား လျှပ်တပြက် ခုတ်ချလိုက်သည်။

ထိုအချိန်တွင် မျက်နှာချင်းဆိုင်မှ အနက်ရောင်ဝတ်ဆင်ထားသူကလည်း ခုန်ဝင်တိုက်ခိုက်လာပြီ ဖြစ်သည်။

သူတို့သည် ရှေ့နောက်ညှပ်၍ မြက်ခမောက်ဆောင်းထားသူအား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မြက်ခမောက်ဆောင်းထားသူ မဲ့လိုက်၏။

"ဒီလိုရမလား"

နှုတ်မှ ရေရွတ်ရင်း ကြမ်းပေါ် ခြေတစ်ချက်ဆောင့်ကာ နောက်ကျွမ်းပစ် ခုန်ထွက်သွားသည်။

သူ၏ခန္ဓာကိုယ်သည် ရုတ်ခြည်းထိုးထွက်သွားပြီး အမာရွတ်နှင့်လူ၏ နောက်ကျောသို့ ပေါ့ပါးစွာဖြင့် ကျရောက်သွားလေသည်။

"ဟင်"

အမာရွတ်နှင့်လူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ချက်ချင်း နောက်လှည့်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ယင်းအခိုက်မှာပင်...

ရှေ့မှ အရှိန်မသတ်နိုင်ဘဲ တိုးဝင်လာသော အနက်ရောင်ဝတ်ဆင်ထားသူ၏ဓားဦးက အမာရွတ်နှင့်လူ၏ နံကြားသို့ ထိုးစိုက်ဝင်သွားတော့သည်။

"ဝုန်း"

"အား"

www.burmeseclassic.com

www.burmeseclassic.com



အမာရွတ်နှင့်လူ နာကျင်စွာ အော်ဟစ်ရင်း ကြမ်းပြင်ပေါ် ပြိုလဲကျသွား၏။

"ဟာ"

မိမိ၏ဓားဖြင့် အဖော်အား ထိုးစိုက်မိ၍ အနက်ရောင်ဝတ် ဆင်ထားသူ အတိတ်တလန့် အော်ဟစ်လိုက်မိသည်။

ကြမ်းပြင်ပေါ် လဲကျသွားသော အမာရွတ်နှင့်လူ ကြည့်ကာ ကြက်သေသေ၍ ရပ်နေမိ၏။

ထိုစဉ်...

ခမောက်နှင့်လူ၏ ခြေတစ်ဖက်က ဆန့်ထွက်လာ၏။

သူ၏ခြေထောက်သည် ကြောင်အမ်းအမ်းဖြင့် ရပ်နေ အနက်ရောင်ဝတ်ဆင်ထားသူ၏ ဝမ်းဗိုက်သို့ တည့်မတ်စွာ ထိ သွားလေသည်။

"အွန့်"

အနက်ရောင်ဝတ်ဆင်ထားသူထံမှ ညည်းညူသံတစ်ချ ထွက်ပေါ်လာသည်။

ရှေ့သို့ ငိုက်ကျကာ ကြမ်းပြင်ပေါ် တအိအိ လဲပြိုကျ လေတော့သည်။

* * *



အနက်ရောင်ဝတ်ဆင်ထားသူများ အော်ဟစ်ညည်းညူကာ ထနိုင်ဘဲ ရှိနေကြသည်။

ဆရာရှောင်သည် မြက်ခမောက်နှင့်လူအား မျက်လုံးပြူး ာ ကြည့်နေမိ၏။

သူ၏လူများအား မြက်ခမောက်ဆောင်းထားသူက အချိန် လေးအတွင်း ချေမှုန်းခဲ့သည် မဟုတ်ပါလား။

ဆရာရှောင်မှာ အာခေါင်များ ခြောက်ကပ်လာသလို ခံစား ိုက်မိသည်။

မြက်ခမောက်ဆောင်းထားသူက သူနှင့် မျက်နှာချင်းဆိုင် ာလေသည်။

"မင်း..."

ဆရာရှောင် ယောင်ယမ်း၍ နောက်သို့ တစ်လှမ်းဆုတ် ိုက်မိသည်။

မြက်ခမောက်နှင့်လူက အေးတိအေးစက် လေသံဖြင့်...

"ခင်ဗျား နောက်ကွယ်က လူက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ဆရာရှောင်၏ခန္ဓာကိုယ် မသိမသာ တုန်ခါသွားလေသည်။

မြက်ခမောက်နှင့်လူအား ကြည့်ကာ...

"မင်း...မင်း ဘာတွေ ပြောနေတာလဲ"

တုန်ယင်သော လေသံဖြင့် ပြန်မေးလိုက်သည်။

မြက်ခမောက်နှင့်လူက...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘာကို ဆိုလိုတယ်ဆိုတာ ခင်ဗျားသိပါတယ်"

ဟု အေးတိအေးစက် ပြောလိုက်၏။

ဆရာရှောင် ခေါင်းယမ်းလိုက်သည်။

"မင်းပြောတာ ငါနားမလည်ဘူး၊ သိလဲ မသိဘူး၊ ငါသိ... ငါ့လူတွေကို တိုက်ခိုက်တဲ့အတွက် မင်းကို ဆုံးမရမယ် ဆိုတာ..."

မြက်ခမောက်နှင့်လူထံမှ သက်ပြင်းချသံ ထွက်ပေါ်... သည်။

"ခင်ဗျားဟာ အသားမနာဘဲနဲ့ ပြောမှာ မဟုတ်ဘူးဆို... ကျုပ်နားလည်ထားပါတယ်"

စကားဆုံးလျှင် တစ်လှမ်းချင်း တိုးကပ်လာသည်။

ဆရာရှောင် အံတင်းတင်း ကြိတ်လိုက်၏။

သူက နှစ်ပေခန့်သာ ရှိသော ဓားတစ်လက် ဆွဲထုတ်...

"သေပေတော့"

အော်ဟစ်ကာ ဆီးကြိုတိုက်ခိုက်လိုက်လေတော့သည်...

* * *

မြေခွေးကြီးကို...

ဓားရောင် ဝင်းလက်သွားသည်။

ဆရာရှောင် လက်ထဲမှ ဓားသည် မြက်ခမောက်နှင့်လူထံ... ...င်လာ၏။

သူ၏ဓားချက်သည် မြန်ဆန်ကာ လျင်မြန်တိကျလှပေ... ...သည်။

ကြည့်နေကြသော ယုချန်းနှင့် ကျင်းဟန်တို့ မျက်လုံးပြူး... ...ကြသည်။

သူတို့သာ ဆရာရှောင်နှင့် ရင်ဆိုင်မိပါက လွယ်မည်... ...ဟု နားလည်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာရှောင်၏နောက်ကွယ်တွင် ကြိုးကိုင်သူတစ်ယော ထက်မနည်း ရှိနေကြောင်းလည်း ဆင်ခြင်လိုက်မိ၏။

သူတို့က မြက်ခမောက်နှင့်လူသည် ဆရာရှောင်တို့ ကြောင်း ဖော်ထုတ်နေသူဟု နားလည်သွားသည်။

ထို့ကြောင့်...

မြက်ခမောက်နှင့်လူ အနိုင်ရပါစေဟုလည်း စိတ်ထဲဝယ် ဆောင်းလိုက်မိကြသည်။

ထို့အပြင်...

တိုက်ပွဲကိုလည်း ရင်တထိတ်ထိတ်ဖြင့် ကြည့်နေလိုက်

ဆရာရှောင်၏ဓားချက်သည် မြက်ခမောက်နှင့်လူထံ ရောက်လုဆဲဆဲမှာပင် မြက်ခမောက်နှင့်လူက လျှပ်တပြက် လှုပ် လိုက်သည်။

သူက ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် ဘက်သို့ ရောက်ရှိသွားသည်။

ထိုအခါ...

"ဝှီး"

ဆရာရှောင်၏ဓားချက်မှာ လေကိုသာ ထိုးခွဲမိသွား၏

တိုက်ခိုက်မှု လွဲချော်သွားသည်နှင့် ဆရာရှောင်က ဓား လက်အား ဘေးဘက်သို့ ရုတ်ခြည်း ဆွဲချလိုက်သည်။

သူ၏လွဲချော်သွားသော ဓားချက်သည် မြက်ခမောက် လူ ရှောင်တိမ်းရာဘက်သို့ ချက်ချင်းပင် ရောက်ရှိလာသည်။



မြက်ခမောက်နှင့်လူက ကြမ်းပြင်ပေါ် ခြေဆောင့်ကာ လေ ခုန်တက်သွား၏။

သူ၏ခြေထောက်များသည် ဆရာရှောင် ဦးခေါင်းပေါ်သို့ ရစပ် တိုက်ခိုက်လာသည်။

"ဟင်"

ဆရာရှောင် ရင်ထိတ်သွားသည်။

ကြမ်းပြင်ပေါ် လိမ့်ချကာ ကပျာကယာ ရှောင်တိမ်းပေး က်ရသည်။

ထိုစဉ်...

ကြမ်းပြင်ပေါ် ခြေချမိသွားပြီ ဖြစ်သော မြက်ခမောက်နှင့် ာ ဆရာရှောင် မထနိုင်မီ လျှပ်တပြက် တိုက်ခိုက်လာသည်။

ဆရာရှောင် မျက်လုံးပြူးသွားသည်။

သူက လိမ့်ရင်း ရုပ်ပျက်ဆင်းပျက် ရှောင်တိမ်းပေးလိုက် န်သည်။

သို့တိုင် ခြေတစ်ချက်က တည့်မတ်စွာ ကန်ကျောက်မိသွား ည်။

"ဝုန်း"

ကျယ်လောင်သော အသံနှင့်အတူ ဆရာရှောင်မှာ အရှိန် န်းနိုင်ဘဲ လိမ့်ထွက်သွားကာ အခန်းထောင့် ရောက်ရှိသွားရေ ည်။

သူက ကမန်းကတန်း ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်…

မြက်ခမောက်နှင့်လူက ရုတ်ခြည်းပင် ရောက်ရှိလာသည်။

ဆရာရှောင် ရင်ထိတ်သွားသည်။

လက်ထဲမှ ဓားဖြင့် ဆီးကြိုတိုက်ခိုက်လိုက်သည်။

မြက်ခမောက်နှင့်လူ၏လက်က ဓားချက် ရောက်မလာမီ သူ၏လက်ကောက်ဝတ်အား ဖမ်းချုပ်ကိုင်မိသွားသည်။

ဆရာရှောင်က လက်ကို ပြန်ရုတ်ရန် ဟန်ပြင်သော်လည်း နောက်ကျသွားချေပြီ။

မြက်ခမောက်နှင့်လူက တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း

“ခင်ဗျား ခေါင်းမမာသင့်တော့ဘူး”

အေးတိအေးစက် ပြောလာသည်။

ဆရာရှောင် ဘာမှ မပြောပါ။

အံတစ်ချက်ကြိတ်ရင်း ကျန်လက်တစ်ဘက်ဖြင့် ရိုက်ချ လိုက်သည်။

မြက်ခမောက်နှင့်လူ မဲ့လိုက်၏။

“ခင်ဗျားက အသားနာချင်တာကိုး”

ပြောရင်း ဆုပ်ကိုင်ထားသော လက်အား ဆတ်ခနဲ လိမ် ချိုးလိုက်သည်။

“ဖျောက်”

“အား”

အရိုးကျိုးသံနှင့်အတူ ဆရာရှောင်၏အော်သံ ထွက်ပေါ်



လာလေသည်။

လက်ထဲမှ ဓားလည်း လွတ်ကျသွား၏။

သူ၏တိုက်ခိုက်မှုမှာလည်း အရာမထင် ဖြစ်သွားရလေသည်။

မြက်ခမောက်နှင့်လူက…

“ခင်ဗျားပြောတော့မလား”

ဟု မေးလိုက်သည်။

ဆရာရှောင်က ခြေဖြင့် ကန်ကျောက်တိုက်ခိုက်လိုက်ပြန်သည်။

မြက်ခမောက်နှင့်လူ ဒေါသထွက်သွားသည်။

ချက်ချင်းပင် လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်၏။

ဆရာရှောင်၏ခြေကန်ချက် မကျလာမီ မြက်ခမောက်နှင့်လူ၏ လက်ဝါးစောင်းက ပြင်းထန်သော အရှိန်ဖြင့် ခြေဆစ်ပေါ် ကျရောက်သွားသည်။

“ဖျောက်”

“အား”

ခြေထောက်အရိုးကျိုးသံနှင့်အတူ ဆရာရှောင်၏နာကျင်စွာ အော်ဟစ်သံ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းပင်…

ရပ်တည်နိုင်စွမ်း မရှိတော့ဘဲ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြိုကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြက်ခမောက်နှင့်လူက ဒူးထောက်ထိုင်ချရင်း...

"ခင်ဗျားခေါင်းမာနေမယ်ဆိုယင်တော့ ကျုပ်က စိ[…]
လက်ရှိ နှိပ်စက်မှာပဲ"

ဟု ခပ်ပြတ်ပြတ် ပြောလိုက်၏။

ဆရာရှောင် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

မြက်ခမောက်နှင့်လူသည် ပြောသည့်အတိုင်း လုပ်[…]
မည် ဖြစ်ကြောင်း သူက နားလည်ထားပေသည်။

သူက လေပူတစ်ချက် မှုတ်ထုတ်ရင်း...

"မင်း ဘာသိချင်လဲ"

ဟု မေးလိုက်သည်။

မြက်ခမောက်နှင့်လူက...

"ခင်ဗျားတို့ကို ကြိုးကိုင်တဲ့လူက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ဆရာရှောင်က...

"ဒါတော့ ကျုပ် မသိဘူး"

"ဘာဗျ၊ ခင်ဗျားအသားနာချင်ပြီ ထင်တယ်"

ဆရာရှောင်က ပျာပျာသလဲဖြင့်...

"ကျုပ်လိမ်ပြောတာ မဟုတ်ဘူး၊ အမှန်အတိုင်း ပြော[…]
တာပါ၊ ကျုပ်တို့က တစ်ဆင့်ခံ အမိန့်နဲ့ လှုပ်ရှားနေရတာပါ"

ဟု ပြောလာသည်။

ဆရာရှောင်သည် လိမ်ပြောနေသည် မဟုတ်မှန်း […]



[…]ိပ်စားမိသွားသည်။

မြက်ခမောက်နှင့်လူ သက်ပြင်းချလိုက်သည်။

သူက တစ်ချက်စဉ်းစားပြီးမှ...

"ခင်ဗျားတို့ကို တစ်ဆင့်ခံခိုင်းတာ ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ဆရာရှောင်က ပင့်သက်ရှိုက်ရင်း...

"မြေခွေးကြီးကျို့ပါ"

ဟု ဖြေလိုက်၏။

မြက်ခမောက်နှင့်လူက အံ့သြသော လေသံဖြင့်...

"မြေခွေးဓားပြအဖွဲ့ခေါင်းဆောင် မြေခွေးကြီးကျို့ ဟုတ်
[…]လား"

သေချာစေရန် မေးလိုက်၏။

ဆရာရှောင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

မြက်ခမောက်နှင့်လူက...

"မြေခွေးဓားပြအဖွဲ့က ဖြိုကွဲသွားပြီ မဟုတ်လား၊ ဘယ်
[…]ယ်ကြောင့် သူက လှုပ်ရှားနေရတာလဲ"

တစ်ကိုယ်တည်း ရေရွတ်သလို ပြောလာ၏။

မြက်ခမောက်နှင့်လူ၏စကားကြောင့် ဆရာရှောင်က သက်
[…]ပြင်းတစ်ချက်ချရင်း...

"မြေခွေးကြီးကျို့ဟာ မြေခွေးဓားပြအဖွဲ့ကို ပြန်လည်ထူ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ဖို့ လှုပ်ရှားနေတာ မဟုတ်ဘူး”

“ဒါဖြင့် ဘာအတွက်ကြောင့်လဲ”

ဆရာရှောင်တစ်ချက် စဉ်းစားကာ...

“လူတစ်ယောက်အတွက် လှုပ်ရှားပေးနေတာ”

ဟု ဖြေလိုက်၏။

မြက်ခမောက်နှင့်လူက...

“လူတစ်ယောက်အတွက် ဟုတ်လား”

“ဟုတ်တယ်”

“ဘယ်သူလဲ”

ဆရာရှောင် ခေါင်းယမ်းလိုက်သည်။

“ဒါတော့ မသိဘူး”

သူက ပင့်သက်ရှိုက်ရင်း ဆက်ပြောလိုက်သည်။

“မြေခွေးကြီးကျို့ကို ကျုပ်တို့က ကြောက်ရတယ်၊ ဒါ ကြောင့် သူခိုင်းတာ လုပ်ပေးနေရတာပါ၊ သူတို့မှာ ဘာအကြံအစည် ရှိလဲ၊ ကျုပ်တို့ မသိရဘူး၊ ကျုပ်တို့တာဝန်က မြို့ထဲမှာ ဒုစရိုက် ကျူးလွန်ပေးရတာပဲ၊ ဒီအတွက် သူက စီစဉ်ညွှန်ကြားပေးတယ် အခုလဲ ခင်ဗျားလိုက်စုံစမ်းနေတာ သတင်းရလို့ ဒီမှာလူစုပြီး တား ဆီးဖို့ သူက ညွှန်ကြားပေးတာပဲ”

မြက်ခမောက်ဆောင်းထားသူ သက်ပြင်းချလိုက်၏။

“သူက တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်ဆောင်လိုက်တာ ပဲ”



ဆရာရှောင် အံကြိတ်လိုက်၏။

“ကျုပ်လဲ မကြာခင်ကမှ တွေးမိတယ်၊ သူတို့ အလိုမရှိတော့တဲ့ ကျုပ်တို့အဖွဲ့နဲ့ သူတို့ကို စုံစမ်းနေတဲ့ ခင်ဗျားကို လမ်းလွှဲသွားအောင် ထိပ်တိုက်တွေ့ပေးလိုက်တာပဲ၊ သူ ဒီလို အကောက်ကြံသိမ့်မယ်လို့ ကျုပ် မထင်ထားဘူး”

ခံပြင်းသော လေသံဖြင့် ပြောလာသည်။

မြက်ခမောက်နှင့်လူက...

“မြေခွေးကြီးကျို့ကို ဘယ်မှာ တွေ့နိုင်သလဲ”

ဟု မေးလိုက်သည်။

ဆရာရှောင် သက်ပြင်းချကာ...

“သူဟာ ဟောဒီ အဆောက်အအုံပျက်ထဲမှာ လျှို့ဝှက်စာတစ်ခု ရေးသားပြီး အချိန်းအဆက် ပြုလုပ်တာပဲ”

မြက်ခမောက်နှင့်လူက...

“သူဟာ ခင်ဗျားကို အချိန်းအချက် လုပ်တော့မှာ မဟုတ်ဘူး”

ဆရာရှောင် ခေါင်းညိတ်လိုက်၏။

“ကျုပ်နားလည်ပါတယ်”

မြက်ခမောက်ဆောင်းထားသူက...

“ဒါဖြင့် သူ့ကို ဘယ်မှာ ရှာနိုင်မလဲ”

ဟု မေးလိုက်သည်။

ဆရာရှောင်က...

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ မြို့ထဲမှာ ရုပ်ဖျက်လှုပ်ရှားနေပုံရတယ်"

"ခင်ဗျား ဘာကြောင့် ပြောနိုင်သလဲ"

"သူဟာ မြို့ထဲမှာ အဆက်အသွယ် ရှိတယ်လို့ တစ်ခါ
ဖူးတယ်"

မြက်ခမောက်ဆောင်းထားသူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ ဒါကြောင့် သူဟာ အာဏာသားတွေရဲ့ အစီအစဉ်
ကို ကြိုသိနေတာ ဖြစ်ရမယ်"

ဆရာရှောင်က...

"ကျိုဝါးလိုလူစားမျိုးကတော့ သူ့လူ ဖြစ်နေတာ၊ မြို့ထဲ
လူအချို့ဟာလည်း မြေခွေးကြီးကျို့နဲ့ အဆက်အသွယ် ရှိနိုင်တ

မြက်ခမောက်နှင့်လူ သက်ပြင်းချလိုက်၏။

"အင်း ဒီကိစ္စဟာ မြေခွေးကြီးကျို့နဲ့ တွေ့ရမှပဲ ဖြစ်
မယ်"

ပြောရင်း ဆရာရှောင်အား သွေးကြောထိုးပိတ်ရင်း—

"ခင်ဗျားကတော့ အဖမ်းခံလိုက်ဦးပေါ့"

ဟု ပြောလိုက်၏။

ဆရာရှောင်မှာ မကျေနပ်သော်လည်း လှုပ်ရှား၍ မရ

မြက်ခမောက်နှင့်လူက ထရပ်ကာ ယုချန်းတို့ထံ လျှော
သွားသည်။

ယုချန်းက ရင်တထိတ်ထိတ်ဖြင့် ကြည့်နေ၏။

မြက်ခမောက်နှင့်လူက ချည်နှောင်ထားသော ကြိုး



အား ဖြည်ပေးလိုက်သည်။

မြက်ခမောက်နှင့်လူက...

"ခင်ဗျားတို့ အနေနဲ့ အရမ်းမစွန့်စားသင့်ဘူး၊ ဝမ်းထိန်ကို
ကြောင်းကြားပြီးမှ လှုပ်ရှားသင့်တယ်"

ထိုစကားကြောင့် ယုချန်းနှင့် ကျင်းဟန်တို့ မျက်လုံးပြူးသွား
ကြ၏။

မြက်ခမောက်နှင့်လူက...

"ကဲ သူတို့ကို ခင်ဗျားတို့ပဲ တာဝန်ယူလိုက်တော့၊ ကျုပ်သွား
လိုက်ပါဦးမယ်"

စကားဆုံးလျှင် လှစ်ခနဲ ပြေးထွက်သွား၏။

ယုချန်းက...

"သူက တို့တွေ အာဏာသားမှန်း သိနေတယ်"

ကျင်းဟန်က...

"သူဟာ လူဆိုးလား၊ လူကောင်းလား"

နှစ်ယောက်သား ဝေခွဲမရဘဲ ကျန်ရစ်ခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လျှို့ဝှက်အကူအညီ

သီးသန့်ခန်း...

မြို့စားကြီး၏ အထူးသီးသန့်ခန်း ဖြစ်သည်။

မြို့စားကြီး၏အမိန့်မရဘဲ မည်သူမျှ ဝင်ခွင့်မရှိပါချေ။

ယခု...

မြက်ခမောက်ဆောင်းထားသူသည် သီးသန့်ခန်းအတွင်း ရောက်ရှိနေသည်။

အံ့သြဖွယ်ကောင်းသည်မှာ မြို့စားကြီးကိုယ်တိုင်က ဖျော် ဖွာဖြင့် ဧည့်ခံနေခြင်းပင် ဖြစ်သည်။

မြက်ခမောက်နှင့်လူသည် မည်သူ ဖြစ်နေသနည်း။

* * *



မြို့စားကြီးက အရက်တစ်ခွက်ငှဲ့ကာ မြက်ခမောက်နှင့်လူ အား လှမ်းပေးလိုက်သည်။

မြက်ခမောက်နှင့်လူက လှမ်းယူယင်း မော့ချလိုက်၏။

ပြီးမှ အရက်ခွက်ကို စားပွဲပေါ်တင်ကာ...

"ဝမ်းထိန်၊ အခြေအနေ ဘယ်လိုရှိလဲ"

ဟု မေးလိုက်သည်။

မြို့စားကြီးက အားပါးတရ ပြုံးရင်း...

"သူက ပြုံးပြုံးပျော်ပျော် ဖြစ်သွားတာပဲ၊ ခင်ဗျားကိုတောင် လူဆိုးလို့ သံသယ ဖြစ်နေသေးတယ်"

မြက်ခမောက်နှင့်လူက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ ကျုပ် ဘယ်သူဘယ်ဝါမှန်း မသိတော့ လှုပ်ရှားရတာ အဆင်ပြေတာပေါ့"

မြို့စားကြီး သက်ပြင်းချကာ...

"ခင်ဗျားလဲ အပန်းကြီးသွားပြီ ထင်တယ်"

မြက်ခမောက်နှင့်လူ ခေါင်းယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ခင်ဗျားအကူအညီ မတောင်းလဲ ကျုပ်က မတရားမှုတွေ့ရင် တိုက်ဖျက်မှာပဲ"

မြို့စားကြီး ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ဒါကြောင့်လဲ ခင်ဗျားဟာ သိုင်းလောကရဲ့ သူရဲကောင်း တစ်ယောက် ဖြစ်နေတာပေါ့၊ အင်း အခု ပြဿနာကို ရွှေလက်မျှောင်း သိုင်းသမား ဖန်ချီလင်းကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းမယ်ဆိုမှတော့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်စိတ်အေးရပါပြီလေ”

ဟု လှိုက်လှဲစွာဖြင့် ပြောလိုက်၏။

* * *

လောင်ဖူးကျက် သေဆုံးသွားပြီး နောက်ပိုင်း ဖူးရင်မြို့ အခြေအနေမှာ ရှုပ်ထွေးလာ၏။

ဝမ်းထိန်က အားမကိုးရသလို ချူးတာဖုံးမှာလည်း တကယ် အားမထုတ်ခဲ့ပါချေ။

ထိုသို့သော အခြေအနေမျိုး၌ ချွေလက်ချောင်းသိုင်းသမား ဖန်ချီလင်းသည် ဤနယ်ထဲ ရောက်ရှိလာသည်ဟု သတင်းကြားခဲ့သောကြောင့် ဖူးရင်မြို့စား အလွန်ဝမ်းသာသွားခဲ့၏။

ဖန်ချီလင်းသည် သူနှင့် သိက္ခမ်းခင်မင်သူ ဖြစ်သည့် အလျှောက် ကိုယ်ရံတော်တစ်ဦးအား လျှို့ဝှက်အကူအညီတောင်းစာ သွားရောက်ပို့ဆောင်စေခဲ့သည်။

ဤအကြောင်းကို မည်သူမျှ မသိအောင် လျှို့ဝှက်ထားခဲ့၏။

တစ်ဘက်မှ ဖန်ချီလင်းသည်လည်း ဘီလူးမည်းရကွေ့ ဤနယ်ထဲ ရောက်နေသည်ဟု သတင်းကြား၍ ခြေရာခံ လိုက်လာခြင်း ဖြစ်သည်။

သို့သော် ဖူးရင်မြို့ အနီးပတ်ဝန်းကျင်သို့ ရောက်သောအခါ



ခြေရာခံမရအောင်ပင် သဲလွန်စ ပျောက်သွားခဲ့၏။

ထိုအချိန်မျိုး၌ ဖူးရင်မြို့မှ ဒုစရိုက်သမားများအား ဖော်ထုတ်ပေးပါရန် မြို့စားကြီးထံမှ လျှို့ဝှက်အကူအညီတောင်းစာ ရရှိခဲ့လေသည်။

ဤနယ်တဝိုက် ဒုစရိုက်မှုများသည် ရကွေ့နှင့် ပတ်သက်နေသလောဟု သံသယ ဖြစ်ကာ ဖန်ချီလင်းက လျှို့ဝှက်စွာ စုံစမ်းခဲ့ခြင်း ဖြစ်သည်။

သူသည် အနက်ရောင်သိုင်းသမားအချို့ ကျက်စားနေသည်ကို စောင့်ကြည့်လေ့လာရင်း ဆရာရှောင်တို့လူစုအား ခြေရာခံမိကာ ဖော်ထုတ်ခဲ့ခြင်းပင် ဖြစ်ပေသည်။

မြက်ခမောက်နှင့် လျှို့ဝှက်လူသည် ဖန်ချီလင်းပင် ဖြစ်ပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဖန်ချီလင်းသည် ခမောက်အား ချွတ်ကာ အရက်တစ်ခွ
ငှဲ့သောက်လိုက်သည်။

မြို့စားကြီးက သူ့အား တစ်ချက်ကြည့်ရင်း...

"ဆရာရှောင်တို့လူစုဟာ ဒုစရိုက်မှုတွေ လုပ်နေတာ မှန်
မယ့် အခြားကြိုးကိုင်သူ ရှိနေသေးတယ်နော်"

"ဟုတ်တယ်၊ ဒါ့အပြင် နောက်ထပ်တစ်ဖွဲ့ ရှိနိုင်သေးတာ
လို့ သံသယ ဖြစ်မိတယ်"

"ဘယ်လို နောက်တစ်ဖွဲ့ ရှိနိုင်သေးတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ် သင်္ကာမကင်းဖြစ်တဲ့ အနက်ရောင်သူ
သမားအချို့ဟာ ခြေရာဖျောက်ထားတယ်"

"ဆရာရှောင်တို့အဖွဲ့ မဖြစ်နိုင်ဘူးလား"

ဖန်ချီလင်း တစ်ချက်စဉ်းစားကာ...

"သူတို့ဟာ ဒုစရိုက်အဖွဲ့တော့ မဖြစ်နိုင်ဘူး၊ အကြံအစည်
လုပ်ရှားကြတဲ့ပုံပဲ၊ ဒါကြောင့် လျှို့ဝှက်တဲ့အဖွဲ့လို့ သတ်မှတ်ရမယ
"အင်း ကျုပ်ပိုင်နက်ထဲမှာ အခုဆို ရှုပ်ရှုပ်ထွေးထွေး ဖြ
လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားမိခဲ့ဘူး၊ လောင်ဖူးကျ
သေသွားတာနဲ့ ပြဿနာတွေ ပေါ်လာတော့တာပဲ"

"လောင်ဖူးကျက်မှာ လူသိမခံနိုင်တဲ့ ပြဿနာတွေ ရှိ
သလား"

မြို့စားကြီး ခေါင်းယမ်းလိုက်၏။

"မရှိဘူး၊ သူဟာ သမာသမတ်ကျပြီး တာဝန်သိတတ်



တစ်ဦးပါပဲ၊ သူ့ကို ဆုံးရှုံးရတာ အင်မတန် နှမြောဖို့ ကောင်းတယ်"

"ဒါဆို ဒီနယ်ထဲမှာ ပြဿနာ ကြီးကြီးမားမား ပေါ်ပေါက်ခဲ့
လား"

မြို့စားကြီး တွေဝေသွားသည်။

အတန်ကြာ တွေဝေကာ စဉ်းစားပြီးမှ...

"အင်း လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတော့ လုယက်မှုကြီးသုံး
ဖြစ်ပွားခဲ့တယ်၊ ဒါပေမယ့် ဘယ်လိုမှ စုံစမ်းလို့ မရတဲ့ နောက်ဆုံး
မှုပိတ်လိုက်ရတယ်"

ဖန်ချီလင်း မျက်မှောင်ကုပ်သွားသည်။

"သေသေချာချာ မစုံစမ်းဘူးလား"

"စုံစမ်းတာပေါ့၊ သိုင်းသမားဆိုးတွေရဲ့ လက်ချက်လို့ အ
ဖြမ်းဖျင်းသိခဲ့ရပေမယ့် တကယ်တော့ ဘာမှ ရေရေရာရာ သဲလွန်စ
ရခဲ့ဘူးလေ၊ ဒါကြောင့် ဒီနယ်မှာ အထူးဆန်းဆုံးနဲ့ တရားခံ မရှိတဲ့
အမှုတစ်ခု ဖြစ်ခဲ့တာပေါ့"

ဖန်ချီလင်းက...

"ဒါထက် မြို့ထဲမှာ ဩဇာကြီးတဲ့လူတွေ ဘယ်နှစ်ဦး
လောက်များ ရှိနေသလဲ"

မြို့စားကြီးက...

"ချူးမိသားစုခြံဝင်းနဲ့ မေ့ဂေဟာပဲ ရှိတယ်၊ သူတို့ဟာ ငွေ
ကြေးချမ်းသာကြွယ်ဝသလို လူအင်အားလဲ တောင့်တင်းတယ်၊ ချူး
သားစုခြံဝင်းဟာ ပေါင်းသင်းဆက်ဆံရေးကောင်းတယ်၊ သူများကို

www.burmeseclassic.com

www.burmeseclassic.com



လဲ ကူညီတတ်တယ်၊ ဒါကြောင့် ချူးတာဖုံးကို မြို့သူမြို့သားတွေ
ချစ်ခင်ကြတယ်၊ ရပ်ရွာအကျိုးလဲ ဆောင်ရွက်တယ်၊ ဒါကြောင့်
ဟာ အပြင်လူဖြစ်ပေမယ့် အုပ်ချုပ်ရေးမှူးနေရာ လျာထားခံရ
ပေါ့"

ဖန်ချီလင်းက...

"ပေ့ဂေဟာကကော"

မြို့စားကြီးက...

"ပေ့ဂေဟာပိုင်ရှင် ပေ့ချွမ်းဟာ ချမ်းသာကြွယ်
လောက် ကပ်စေးနဲ့တယ်၊ ကိုယ့်ကျိုးပဲ ကြည့်တယ်၊ ဒါကြောင့် မြို့
မြို့သားတွေနဲ့ သိပ်အစေးမကပ်ဘူး၊ ပေ့ချွမ်းကလဲ အဖက်မ
ဘူး၊ သူဟာ သိုင်းပညာမတတ်ပေမယ့် ဒွားရမ်းထားတဲ့ သိုင်းသ
တွေကတော့ ခြံဝင်းအနှံ့ပဲ၊ ဒါကြောင့် သူ့ကို တော်ရုံ မစော်ကား
ဘူး"

ဖန်ချီလင်း တစ်ချက်စဉ်းစားကာ...

"ပေ့ဂေဟာနဲ့ ချူးမိသားစု ခြံဝင်းကြားမှာ ပြဿနာ ရှိ
သလား"

မြို့စားကြီး ခေါင်းယမ်းလိုက်သည်။

"ကြီးကြီးမားမား ပြဿနာတော့ မရှိဘူး၊ ပေ့ချွမ်းဟာ
ပွားရေးသမားပီပီ အချက်အချာကျတဲ့ နေရာအချို့ ချူးမိသား
ဝင်းက လက်ဝါးကြီးအုပ်ထားတဲ့အတွက် မကျေမနပ် ဖြစ်ခဲ့ရတ
တော့ သတင်းကြားမိတယ်၊ အဲဒီ နောက်ပိုင်း ပေ့ချွမ်းဟာ ဘယ်



မှ မရောဘဲ သီးခြားနေခဲ့တာပဲ"

ဖန်ချီလင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ချူးမိသားစု ခြံဝင်းနှင့် ပေ့ဂေဟာအား စောင့်ကြည့်ဖို့ လို
ကြောင်း ဆင်ခြင်လိုက်မိသည်။

သူက မြို့စားကြီးအား တစ်ချက်ကြည့်ကာ...

"ကျုပ်က အရေးကြုံတဲ့အခါ မြို့စားကြီးရဲ့ အထူးကိုယ်ရံ
တော်အချို့ကို အသုံးပြုရလိမ့်မယ်၊ ဒါဖြစ်မလား"

မြို့စားကြီး ခေါင်းညိတ်လိုက်၏။

"ဖြစ်ပါတယ်"

"ကောင်းပြီ၊ အရေးအကြောင်းကြုံရင် အဆက်အသွယ်
ပြုနိုင်အောင် မြို့စားကြီးက လျှို့ဝှက်ပြင်ဆင်ထားပေးပါ"

"ကောင်းပါပြီ"

ဖန်ချီလင်းနှင့် မြို့စားကြီးတို့သည် ရှေ့ဆက်လုပ်ဆောင်ရ
မည့် ကိစ္စများအား တိုင်ပင်ပြောဆိုလိုက်ကြသည်။

ထို့နောက်...

ဖန်ချီလင်းသည် မြို့စားကြီးအား နှုတ်ဆက်ကာ လျှို့ဝှက်
စွာဖြင့် ထွက်ခွာလာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မြွေ့မြွေ့ချင်း

အခန်းထဲ၌ မီးအိမ်တစ်လုံး ချိတ်ဆွဲထားသည်။

ဝါကျင့်ကျင့် မီးရောင်သည် အခန်းထဲ ဖြန့်ကျက်နေ၏။

အခန်းထဲ၌ လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေသည်။

တစ်ယောက်သည် အနက်ရောင်ဝတ်ဆင်ထားပြီး မျက်နှာတွင် ဒဏ်ရာအမာရွတ်များ ရှိကာ အကျည်းတန်နေ၏။

ထိုလူကား မြေခွေးကြီးကျို့ပင် ဖြစ်သည်။

သူ၏ဝဲဘက်၌ ထိုင်နေသူကား ကြက်သွေးရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

သူ၏ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားသည်။



သူ၏ဓားရိုးတစ်ခုလုံး ငွေဖြင့် ပြုလုပ်ထားသောကြောင့် အခြားဓားများထက် အရောင်တောက်ပနေပေသည်။

သူ့အား သိုင်းလောကသားများက 'ငွေဓား'ဟု ခေါ်ကြသည်။

ဓားရိုးတွင် ငွေဖြင့် ပြုလုပ်ထားသောကြောင့် ခေါ်ဝေါ်ကြခြင်း မဟုတ်ပါ။

သူသည် ငွေရမှ ဓားထုတ်တတ်သော ကြေးစားမျိုး ဖြစ်၍ ငွေဓားဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

ငွေဓားသည် ရက်စက်ကြမ်းကြုတ်ကာ ထူးချွန်သော ပထမတန်းစား ကြေးစားတစ်ဦးပင် ဖြစ်သည်။

ငွေဓားနှင့် ဘေးချင်းကပ် ထိုင်နေသူမှာ အဖိုးတန်အဝတ်အစားများ ဝတ်ဆင်ထားသော သူဌေးကြီးတစ်ဦး ဖြစ်သည်။

မြေခွေးကြီးကျို့က သက်ပြင်းတစ်ချက်ချကာ စကားစလာသည်။

"ကျုပ် ဘာဆက်လုပ်ရမလဲ၊ ရန်သူ နောက်တစ်ယောက်က ပေါ်လာပြန်ပြီ"

ငွေဓားက သူဌေးကြီးအား တစ်ချက်ကြည့်လိုက်သည်။

သူဌေးကြီးက မေးစေ့အား လက်ဖြင့် တစ်ချက်ပွတ်ကာ...

"သူ ဘယ်သူလဲဆိုတာ ငါစုံစမ်းထားနိုင်းလိုက်မယ်၊ ပထမ အစီအစဉ်အနေနဲ့ ဒုစရိုက်မှုတွေ လုပ်ပြီး ချူးမိသားစုနွယ်ဝင်းကို အာရုံထွေပြားအောင် လုပ်ဆောင်တာ အောင်မြင်ခဲ့တယ်၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လဲဆိုယင် သူတို့နောက်ကွယ်မှာ လူအချို့ ရှိတယ်ဆိုတာ ငါသိ ခဲ့ရတယ်”

မြေခွေးကြီးကျို့ မျက်မှောင်ကုပ်သွားသည်။

“ဒါကြောင့် ဆရာရှောင်အဖွဲ့ကို ခါထုတ်ပစ်လိုက်တာပေါ့ ဟုတ်လား”

သူဌေးကြီး ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ နောက်တစ်ချက်က မြက်ခမောက်နဲ့လူကို မျှားခေါ်လိုက်တာပဲ၊ အခုဆိုရင် သူဟာ မင်းကို မရမက ရှာတော့မယ်”

မြေခွေးကျို့က...

“အဲဒီတော့ ဘာဖြစ်သလဲ”

“ချူးမိသားစုခြံဝင်းက ငါ့ရန်သူပဲ၊ ဒီတော့ မင်းက ချူးမိသားစုခြံဝင်းအတွက် အလုပ်လုပ်ပေးရတဲ့လူအဖြစ် ဟန်ဆောင်လိုက်ရင်..”

သူက စကားရပ်ကာ ရယ်လိုက်၏။

မြေခွေးကျို့ မျက်နှာပျက်သွားသည်။

သူဌေးကြီးအား ကြည့်ကာ...

“မြက်ခမောက်နဲ့လူက ချူးမိသားစု ခြံဝင်းကဆိုရင် ဘယ်လိုလုပ်မလဲ”

သူဌေးကြီးက...

“မင်းက အတော်စိုးရိမ်တတ်တာကိုး၊ ဒီလူဟာ ချူးမိသား



းက မဖြစ်နိုင်ဘူး၊ ဒါကြောင့်လဲ ချူးတာဖုံးက လူလွှတ်ပြီး စောင့်ကြည့်နိုင်းနေတာပေါ့၊ မင်းသာ ပိပိရိရိ ဆောင်ရွက်နိုင်ရင် မြက်ခမောက်နဲ့လူရဲ့ မြားဦးဟာ ချူးတာဖုံးဘက် လှည့်သွားမှာပဲ၊ ဒီတစ်ခါ ထိုင်ကြည့်ပြီး ကျုပ်တို့က အမြတ်ထုတ်ဖို့ ကြိုးစားရမှာပဲ”

မြေခွေးကျို့ သက်ပြင်းချကာ...

“ကျုပ်အတွက် အန္တရာယ်များလွန်းတယ်လို့ ထင်မိတယ်”

သူဌေးကြီး ရယ်မောလိုက်သည်။

“ဝါးကျိုကို အသုံးမလိုလို့ ရှင်းနိုင်းခဲ့တယ်၊ သူ့ဆီက ပစ္စည်း ငါကမယူဘဲ မင်းကိုပေးခဲ့တာပဲ မဟုတ်လား၊ အစီအစဉ် အောင်င် ငါက မင်းကိုပစ်မထားပါဘူး၊ ဒါကြောင့် မင်းအနေနဲ့ တစ်ခါလ စွန့်စားသင့်တယ် မဟုတ်လား”

မြေခွေးကျို့ ငြိမ်ကျသွားသည်။

သူဌေးကြီးသည် သူ့အား နိုင်းစေရန်အတွက် ငွေကြေးတ်များစွာ ပေးခဲ့သည်။

ဒုစရိုက်မှုအချို့ ကျူးလွန်ခဲ့ရာတွင် ရရှိသော ငွေများကို ပေးခဲ့သည်။

သူဌေးကြီး၏ရည်ရွယ်ချက်မှာ ချူးတာဖုံးအား အလဲထိုးရန်သက်သာ ဖြစ်ကြောင်း သူက သိရှိထားသည်။

မြေခွေးကျို့ ခေါင်းညိတ်လိုက်၏။

“ကောင်းပါပြီ၊ ကျုပ်အတတ်နိုင်ဆုံး လုပ်ဆောင်ပါ့မယ်”

သူဌေးကြီးက...

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လဲ စိတ်မပူပါနဲ့၊ မင်းနောက်ကွယ်မှာ အကူအညီ နိုင်မယ့် လူအချို့ ငါလွှတ်ထားပါ့မယ်"

"ကျေးဇူးပဲ"

မြေခွေးကျို့က ပြောရင်း ထရပ်လိုက်သည်။

သူဌေးကြီးက...

"မင်းသွားတော့ မလို့လား"

မြေခွေးကျို့ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ပြောရင်း နှုတ်ပင်မဆက်ဘဲ အခန်းထဲမှ ထွက်ခွာသွား

သူဌေးကြီးက တားမြစ်ခြင်း မပြုပါ။

ထို့ကြောင့်...

မြေခွေးကျို့မှာ အခန်းအပြင်ဘက်သို့ ရောက်ရှိသွား တော့သည်။

* * *



သူဌေးကြီး သက်ပြင်းချလိုက်သည်။

ငွေမားအား ကြည့်ကာ...

"မြေခွေးကျို့ကို ဘယ်လိုမြင်သလဲ"

ငွေမားက ပြန်လည်ကြည့်ရင်း...

"မဆိုးပါဘူး၊ တာဝန်သိတတ်တယ်"

သူဌေးကြီး ပြုံးလိုက်သည်။

"သူဟာ လောဘကြီးတယ်လို့ မထင်မိဘူးလား"

ငွေမား မည်သည့် မှတ်ချက်မျှ မပေးချေ။

သူဌေးကြီးက ဆက်ပြောလာသည်။

"သူ့ကို ငွေရက်ရက်ရောရောပေးတာ သူအံ့ဩနေတယ်၊ းတာဖိုးကို ဘာကြောင့် ချေမှုန်းချင်သလဲဆိုတာ သူစိတ်ဝင်စားနေ ယ်၊ ကျုပ်ရဲ့အကြံကိုသာ သိသွားရင် သူက စောဒကတက်လာမှာ ချာတယ်၊ ဘာကြောင့်လဲဆိုရင် ကျုပ်က ချူးတာဖိုးရဲ့ စည်းစိမ် တွေကို သိမ်းယူမလို့ပါ"

ငွေမား ဘာမျှမပြောပါ။

"အခုဆိုရင် ကျုပ်တို့ကြားထဲမှာ အပြင်ရန်သူတစ်ယောက် လာပြီ၊ မြေခွေးကျို့ ဘယ်လောက်စွမ်းဆောင်နိုင်သလဲဆိုတာ ုပ်စမ်းသပ်ကြည့်လိုက်တာပါ၊ အောင်မြင်သည်ဖြစ်စေ၊ ကျဆုံး ည်ဖြစ်စေ၊ ကျုပ်အတွက် အကျိုးမယုတ်ဘူးလေ၊ မြေခွေးကျို့ သေ ားလဲ ကျုပ်ခေါင်းမရှုပ်တော့ဘူးပေါ့"

သူ၏စကားကြောင့် ငွေမား ကျောချမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးသည် ဘယ်သူသေသေ ငေမာ်လျှင် ပြီး
ဆိုသည့် လူစားမျိုးပင်။

မိမိအကျိုးစီးပွားအတွက် လုံးဝအထိအခိုက် မခံတ

သူဌေးကြီးအား သတိထားဆက်ဆံမှ တော်ကာကျ
ဘထမဆုံးအကြိမ် နားလည်လာမိလေတော့သည်။

သူက လေပူတစ်ချက် မှုတ်ထုတ်ကာ...

"ကျုပ်ကတော့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ
လုပ်ရမယ့်အလုပ် ကိုယ်လုပ်နေမှာပဲ"

သူဌေးကြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ငါ မင်းကို ယုံပါတယ်၊ တကယ်တမ်း မင်းလို လူ
ငါများများလိုအပ်နေတယ်"

ငွေခေါ်က...

"ကျုပ်ကကော ဘယ်လိုလှုပ်ရှားရမှာလဲ"

သူဌေးကြီးက...

"အခြေအနေ စမ်းသပ်ပေးပါ"

ငွေခေါ် ခေါင်းညိတ်လိုက်၏။

"ကျုပ်သဘောပေါက်ပြီ၊ စိတ်ချ၊ ကျုပ်ပြန်လာရင် အ
အကြောင်း တစ်ခုတော့ သိရမှာပဲ"

စကားဆုံးလျှင် ထွက်ခွာသွားသည်။

သူဌေးကြီး သက်ပြင်းချလိုက်သည်။

"အင်း ငွေခေါ်ဟာ အရိပ်ပြရင် အကောင်းမြင်တယ်



လက်လွှတ်လို့ မရသေးဘူး"

တီးတိုးရေရွတ်လိုက်သည်။

တစ်ဆက်တည်းပင် လက်ခုပ်သုံးချက် တီးလိုက်သည်။

မကြာမီ အနက်ရောင်ဝတ်ဆင်ထားသူငါးဦး ဝင်ရောက်လာသည်။

ထိုလူငါးယောက်စလုံး မြက်ခမောက်များ ဆောင်းထားကြ၏။

ယင်းလူများမှာ သူဌေးကြီး၏လက်ရွေးစင်တပ်ဖွဲ့မှ အဖွဲ့သားများပင် ဖြစ်လေသည်။

သူဌေးကြီးက ခေါင်းဆောင်ဖြစ်သူအား တီးတိုးပြောလိုက်ကာ လက်ဝှေ့ယမ်းပြလိုက်သည်။

ထိုလူငါးယောက်သည် လျှင်မြန်စွာပင် ပြန်လည်ထွက်ခွာသွားကြသည်။

သူဌေးကြီးသည် ယခု ညွှန်ကြားထားသော အစီအစဉ်များအား တစ်ခုချင်းပင် ပြန်လည်စီစစ်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ၆

လေတစ်ချက် ဝှေ့ယမ်းလိုက်ခြင်းကြောင့် ဝါးရုံပင်များ လှုပ်ယမ်းသွားသည်။

ဤဝါးရုံပင်သည် ချုံးမိသားစု ခြံဝင်းထောင့်တစ်နေရာဝယ် ရှိနေပါသည်။

ချုံးတာဖုံးသည် လက်နှစ်ဘက် နောက်ပစ်ကာ လျှောက်လာသည်။

သူ၏မျက်နှာပေါ်ဝယ် စိတ်ရှုပ်ထွေးဟန်များ အထင်းသားပေါ်လွင်နေပေသည်။

ချုံးတာဖုံးသည် ဝါးရုံပင်အောက်ဝယ် ခြေလှမ်းရပ်လိုက်သည်။

ရုတ်တရက်...

ဝါးရုံပင်သည် သိမ့်ခနဲတစ်ချက် လှုပ်ယမ်းသွားပြီး အဖြူရောင်လူရိပ်တစ်ခု ကျရောက်လာသည်။



ထိုလူသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသလို မျက်နှာသည်လည်း လူသေအလောင်းကဲ့သို့ ဖြူဖွေးနေ၏။

ထိုလူက ချုံးတာဖုံးအား တစ်ချက်ကြည့်ကာ...

"အခြေအနေတွေ ရှုပ်ထွေးနေတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ချုံးတာဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဘယ်ကမှန်း မသိတဲ့ လျှို့ဝှက်လူတစ်ယောက် ပေါ်လာတယ်"

ထိုလူက သက်ပြင်းချရင်း...

"ဘယ်လိုစီစဉ်ထားလဲ"

ချုံးတာဖုံးက...

"ကျုပ်လူတွေ လွှတ်ထားပြီး သတင်းယူခိုင်းထားတယ်၊ မကြာခင် သိရမှာပဲ"

"ဒါထက် ကျုပ်တို့ အလုပ်ရှုပ်အောင် လုပ်သွားတဲ့ အဖွဲ့ကို ခြေရာခံမိပြီလား"

ချုံးတာဖုံး၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"အုပ်ချုပ်ရေးမှူး နေရာအတွက် ဝမ်းထိန်နဲ့ အပြိုင် ဖြစ်နေချိန်မှာ ဒုစရိုက်သမားတွေ ပေါ်ထွက်လာတာ အံ့သြစရာပဲ၊ ဝမ်းထိန်ကတော့ ကျုပ်ကို မယုံသင်္ကာ ဖြစ်နေတယ်၊ ကျုပ်လူတွေ စုံစမ်းမိသလောက် ဒုစရိုက်အဖွဲ့ဟာ ပေ့ဂေဟာနဲ့ အဆက်အသွယ် ရှိနေတဲ့ပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ မျက်မှောင်ကုပ်သွားသည်။

"ပေ့ဂေဟာက တို့အကြောင်းကို သိလို့ တမင် အကွက်ဆင်

နေတာများလား"

ချူးတာဖုံး ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ လောင်ဖူးကျက် ကိစ္စကို ဘယ်သူမှ မသိ

ဘူး"

ထိုလူက...

"ဒါဆိုယင် ပေ့ဂေဟာ လက်ချက် ဟုတ်မဟုတ်နဲ့ ဟုတ်ခဲ့

ဘာအတွက်ကြောင့်လဲဆိုတာ သေသေချာချာ စုံစမ်းရမယ်"

ချူးတာဖုံးက...

"ကျုပ်အပြင်ထွက် လှုပ်ရှားလို့ မဖြစ်ဘူး"

ထိုလူ ပြုံးရင်း...

"ငါသိပါတယ်"

"ဒါဖြင့်..."

"အခု ကိစ္စကို ငါကိုယ်တိုင် စုံစမ်းမယ်"

ချူးတာဖုံး သဘောကျသွားသည်။

"ဒါကောင်းတယ်၊ ဒါပေမယ့် ဝမ်းထိန်ကို သတိထားပါ

ကျုပ်ကို ထိုးနှက်ဖို့ ချောင်းနေတာ"

"ငါသိပါတယ်ကွာ"

"ဒါ့ထက် အစ်ကိုကြီးရှကော"

"သူအနားယူနေတယ်၊ မကြာခင် သူကိုယ်တိုင် စီစဉ်ပေး



ရှက်ပေးလာလိမ့်မယ်"

ချူးတာဖုံးက...

"ကောင်းတာပေါ့"

ထိုလူက...

"ကဲ မင်းလဲ အနားယူဦး၊ ငါလဲ ကြည့်လှုပ်ရှားလိုက်မယ်"

ချူးတာဖုံး ခေါင်းညိတ်လိုက်၏။

ထို့နောက်...

နှစ်ယောက်သား ကျောခိုင်းလိုက်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက နှုတ်ခမ်းတွန့်ရုံမျှ ပြုံးလိုက်၏။

ထိုလူကား ဖန်ချီလင်းပင် ဖြစ်လေသည်။

ဖန်ချီလင်းသည် သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ကူးကာ ထွက်ခွာသွားသော လူရိပ်များ နောက်သို့ လိုက်ပါသွားလေတော့သည်။

* * *

# အပြောင်းအလဲ

ကောင်းကင်တွင် လခြမ်းပဲ့လေး ထွက်ပေါ်နေ၏။

မြေပြင်တစ်ခုလုံး မှုန်တိမှုန်ဝါးသာ ရှိလေသည်။

ညအမှောင်ထုအား အကာအကွယ်ယူကာ လူရိပ်တစ်ခု သည် ချုံးမိသားစု ခြံဝင်းအတွင်းမှ ခုန်ထွက်လာပြီး အရှေ့ဘက်သို့ ပြေးလွှားသွားသည်။

မရှေးမနှောင်းမှာပင် နောက်ထပ် လူရိပ်တစ်ခု ထပ်မံ ခုန် ထွက်လာပြီး ပထမလူရိပ်နောက်သို့ ပြေးလိုက်သွားလေသည်။

ဤသည်ကို သစ်ပင်ပေါ်မှ လူတစ်ယောက်က သေချာစွာ တွေ့မြင်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လခြမ်း အလင်းရောင် မှုန်ပျပျသည် မြို့အရှေ့ဘက် တောင်ကုန်းလေးတစ်ခုပေါ်သို့ ဖြာကျနေသည်။

လူရိပ်သည် တောင်ကုန်းပေါ်ဝယ် ရပ်တန့်လိုက်သည်။

နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသော လူရိပ်လည်း ရပ်တန့်သွားပြီ ဖြစ်သည်။

ပထမလူရိပ်ကား မြခွေးကျို့ပင် ဖြစ်သည်။

သူက မြက်ခမောက်နှင့်လူအား မှားခေါ်ရန် ချုံးမိသားစု ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

သို့သော် ခြံထဲမှ လူတစ်ယောက်၏ ဆီးကြိုတိုက်ခိုက်မှုအား ခံခဲ့ရသောကြောင့် ထွက်ပြေးလာခြင်း ဖြစ်သည်။

သူ့အား တိုက်ခိုက်လာသော ရန်သူသည် သူ့နောက် ထပ်ကြပ်မကွာ လိုက်ပါလာခဲ့၏။

ပြေး၍ မလွတ်သည့်အဆုံး ရပ်တန့်ကာ ထိပ်တိုက်ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

* * *



မြခွေးကျို့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာသူသည် သဘောကျစွာ ရယ်မောကာ...

"ဘယ်လိုလဲ မင်းပြေးမလွတ်တော့ဘူးမဟုတ်လား"

မြခွေးကျို့ နှာခေါင်းရှုံ့လိုက်သည်။

"မင်းက သေချင်လို့ လိုက်လာတာကိုး"

ထိုလူက...

"အင်း မင်းဟာ ဘာကြောင့် သူများခြံဝင်းထဲကို ကျူးကျော်သလဲဆိုတာ ကျုပ်စဉ်းစားလို့ မရဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ မင်းကို ဖမ်းပြီး စစ်မေးလိုက်ရင် သိရမှာပဲ"

ထိုလူ၏ကြီးကျယ်မှုကြောင့် မြခွေးကျို့ ဒေါသထွက်သွားသည်။

သူက မဲ့ပြုံးပြုံးကာ...

"မင်း ဘယ်လောက်ကြီးကျယ်နိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့"

စကားဆုံးလျှင် လျှပ်တပြက် တိုက်ခိုက်လိုက်သည်။

ထိုလူက အလွယ်တကူ ရှောင်တိမ်းကာ ထွက်ခွာသွားသည်။

မြခွေးကျို့ ခံပြင်းသွားသည်။

"ခွမ်း"

ခါးမှ ဓားအား ဆွဲထုတ်ကာ တရကြမ်း တိုက်ခိုက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဓားချက်များသည် ပြင်းထန်ကာ ကြမ်းတမ်းလှ၏

ခံပြင်းဒေါသစိတ်ကြောင့် ရက်စက်ကြမ်းကြုတ်သော ဓားကွက်များအား အသုံးပြုလိုက်ခြင်း ဖြစ်သည်။

ထိုလူ မဲ့လိုက်သည်။

"မင်း ဘာတတ်နိုင်မှာမို့လဲ"

ပြောရင်း ဓားဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူ၏ဓားကွက်များသည် မြေခွေးကျို့ထက်ပင် ပို၍ ပြင်းထန်ရက်စက်နေသည်။

သိုင်းကွက်နှစ်ဆယ်ခန့် ယှဉ်လိုက်ပြီးလျှင်...

"အား"

မြေခွေးကျို့ နာကျင်စွာ အော်ဟစ်ရင်း နောက်ဆုတ်သွား၏။

သူ၏ရင်ဘတ်၌ ဒဏ်ရာတစ်ချက် ရရှိသွားပြီ ဖြစ်သည်။

သူက ထိုလူအား အံ့ဩထိတ်လန့်ဟန်ဖြင့် ကြည့်ကာ—

"မင်း...မင်းက ဝံပုလွေဖြူ ဟုတ်လား"

ဟု မေးလိုက်သည်။

ထိုလူက အံ့ဩဟန်ဖြင့်...

"မင်းက ကျုပ်ကို သိနေပါလား မဆိုးဘူး"

ချုံးမိသားစု ခြံဝင်းမှ ထွက်လာသူသည် ဝံပုလွေဖြူ သိလျှင် မြေခွေးကျို့ ထိတ်လန့်တုန်လှုပ်သွားသည်။

အကြောင်းမှာ...



ဝံပုလွေဖြူသည် သူ့ထက်ပင် ရက်စက်ဆိုးသွမ်းသူ ဖြစ်ကာ တစ္ဆေနက်ဂိုဏ်းနှင့် ဆက်နွယ်နေသူတစ်ဦးဟု သူက ကြားမိခဲ့သည် မဟုတ်ပါလား။

ဝံပုလွေဖြူက...

"ပြောစမ်း၊ မင်း ဘာလာလုပ်တာလဲ၊ မင်းကို ဘယ်သူလွှတ်လိုက်တာလဲ"

ဟု ခက်ထန်သော လေသံဖြင့် မေးလိုက်သည်။

မြေခွေးကျို့ အခြေအနေ မဟန်မှန်း နားလည်သွားသည်။

ချက်ချင်းပင် ဓားဝှေ့ယမ်းကာ တိုက်ခိုက်ရင်း ခုန်ထွက်သွားလိုက်သည်။

ဝံပုလွေဖြူက ရှောင်တိမ်းရင်း တိုက်ခိုက်လိုက်လျှင် သူ၏ဓားမှာ မြေခွေးကျို့၏ ကျောပြင်အား ခုတ်ချမိသွားလေသည်။

"အား"

မြေခွေးကျို့ လဲကျသွားသည်။

ယခုတစ်ကြိမ်...

သူက တော်တော်နှင့် ပြန်မထနိုင်တော့ဘဲ ဒဏ်ရာပြင်းစွာ ရသွားပြီ ဖြစ်သည်။

ဝံပုလွေဖြူက တစ်လှမ်းချင်း ချဉ်းကပ်လာသည်။

"ပြောစမ်း၊ မင်းကို ဘယ်သူလွှတ်လိုက်တာလဲ"

မြေခွေးကျို့ လူးလဲထရပ်လာသည်။

သူ၏ခန္ဓာကိုယ် ဒယီးဒယိုင် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက အဖြေမပေးဘဲ ထွက်ပြေးရန် ကြိုးစားလိုက်သည်။

ဝံပုလွေဖြူ ဒေါပွသွားသည်။

"မင်းက သေချင်နေတာကိုး"

ပြောရင်း တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

ထိုစဉ်မှာပင်...

လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာပြီး ဟန့်တားတိုက်ခိုက်လာသည်။

မမျှော်လင့်သော အဖြစ်ကြောင့် ဝံပုလွေဖြူမှာ ကမန်းကတန်းပင် နောက်ဆုတ်သွားရတော့သည်။

တိုက်ခိုက်လာသူမှာ မြက်ခမောက်နှင့်လူ ဖြစ်နေလျှင် ဝံပုလွေဖြူသာမက ဒဏ်ရာပြင်းထန်စွာ ရရှိထားသော မြေခွေးကျို့သည်ပင် အံ့ဩထိတ်လန့်သွားမိလေတော့သည်။

* * *



ဖန်ချီလင်းသည် မြေခွေးကျို့၏အသက်ကို အချိန်မီ ကယ်
င်လိုက်နိုင်သည်။

သူ့အနေဖြင့် ယခု တရားခံနှစ်ယောက်စလုံးအား မည်နည်း
ဖြ အလွတ်မပေးနိုင်ပါချေ။

ဝံပုလွေဖြူက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ တိုက်ခိုက်
တ်၏။

ဖန်ချီလင်းက ခပ်သွက်သွက်ပင် ပြန်လည်တိုက်ခိုက်လိုက်
သည်။

ဝံပုလွေဖြူသည် ဖန်ချီလင်း၏သိုင်းကွက်များအား တွေ့မြင်
းသောအခါ အံ့ဩထိတ်လန့်သွားမိလေသည်။

မြက်ခမောက်နှင့်လူ မည်သူမည်ဝါ ဖြစ်ကြောင်း သူက ရိပ်
းမိသွားပြီ ဖြစ်သည်။

ယင်းခဏမှာပင် သူက နောက်သို့ ခုန်ဆုတ်ကာ ထွက်ပြေး
ားတော့သည်။

"မပြေးနဲ့"

ဖန်ချီလင်းက အလွတ်မပေးဘဲ ပြေးလိုက်သွားသည်။

တောင်ကုန်းပေါ်ဝယ် ဒဏ်ရာရထားသော မြေခွေးကျို့
ယောက်သာ ကျန်ရစ်ခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးကျို့သည် ဒယီးဒယိုင်ဖြင့် တောင်ကုန်းပေါ်မှ ဆင်းလာခဲ့သည်။

ထိုစဉ်...

ချုံဖုတ်တစ်ခုအတွင်းမှ လူတစ်ယောက် ခုန်ထွက်လာသည်။

ထိုလူကား ငွေဓားပင် ဖြစ်သည်။

မြေခွေးကျို့ ဝမ်းသာသွားသည်။

သို့သော်...

ငွေဓား၏မျက်နှာ အေးစက်တင်းမာနေသည်ကို တွေ့၍ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ယင်းခဏမှာပင် ငွေဓား လက်ထဲ၌ ဓားတစ်လက် ရောက်ရှိလာပြီး လျှင်မြန်စွာ ထိုးသွင်းလာ၏။

မြေခွေးကျို့မှာ အသံပင် မထွက်နိုင်ပါ။

ငွေဓားအား မယုံကြည်နိုင်ဟန်ဖြင့် ကြည့်ကာ လဲကျသေဆုံးသွားလေသည်။ ငွေဓားက ဓားကို ဓားအိမ်ထဲ ပြန်ထည့်ကာ...

"ချူးမိသားစု ခြံဝင်းမှာ ဝံပုလွေဖြူလို လူစားမျိုး ရှိနေတာ အံ့သြစရာပဲ၊ မြက်ခမောက်နဲ့လူဟာ ဖန်ချီလင်း ဖြစ်နေတာ တကယ့်ပြဿနာပဲ၊ မင်းအနေနဲ့ သေသွားမှ ငါစိတ်ချနိုင်မယ်"

ဟု ရေရွတ်လိုက်သည်။

ထို့နောက် လျှင်မြန်စွာပင် ပြေးလွှားထွက်ခွာသွားလေတော့သည်။

* * *



ဝံပုလွေဖြူသည် ရှေ့မှ ပြေးလွှားသွားနေသည်။

ဖန်ချီလင်းသည် နောက်မှ ပြေးလိုက်လာသည်။

ဝံပုလွေဖြူသည် ပြေး၍ မလွတ်သည့်အဆုံး အချက်ပြမီးကျည်တစ်ခု ပစ်လွှင့်ကာ ရပ်တန့်လိုက်သည်။

ဖန်ချီလင်းက...

"ခင်ဗျားအကူအညီတောင်းလဲ အပိုပဲ"

ဟု ပြောလိုက်သည်။

ဝံပုလွေဖြူက ဘာမျှ မပြောပါ။

ဖန်ချီလင်းက...

"ခင်ဗျားဟာ ချူးမိသားစု ခြံဝင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဝံပုလွေဖြူ မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကို ပြောဖို့ စောပါသေးတယ်"

စကားဆုံးလျှင် တရကြမ်း တိုက်ခိုက်လာသည်။

ဖန်ချီလင်းက ချက်ချင်းပင် တုန့်ပြန်တိုက်ခိုက်လိုက်သည်။

သူ၏လက်ချောင်းကလေးများသည် မိုးသီးမိုးပေါက်ကလေး ကျရောက်လာသည်။

ဝံပုလွေဖြူ၏တိုက်ခိုက်မှုကို ထိုးဖောက်ကာ တစ်ကိုယ်လုံးလွှမ်းခြုံသွားသည်။

ဝံပုလွေဖြူ ကြိုးစားရှောင်တိမ်းနေသည့်ကြားမှပင်...

"ဗြဲ"

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီရင်ဘတ်မှာ ပြဲထွက်သွား၏။

ဝံပုလွေဖြူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

ဖန်ချီလင်းက စွေစွေကြည့်ကာ...

"ဒီတစ်ခါမဖြေရင် ကျုပ်မညှာနိုင်တော့ဘူး"

ပြောရင်း ရှေ့တိုးလာသည်။ ထိုစဉ်မှာပင်...

"ဘာဖြစ်နေကြတာလဲ"

မေးမြန်းသံနှင့်အတူ ဝမ်းထိန်ဦးဆောင်သော အာဏာသားအဖွဲ့ ရောက်ရှိလာလေသည်။

ဝံပုလွေဖြူ မျက်နှာပျက်သွားသည်။

အာဏာသားများက ပြေးပေါက်မရှိအောင် ဝိုင်းရံလိုက်သည်။ ဖန်ချီလင်းက ဝံပုလွေဖြူအား ညွှန်ပြကာ...

"သူ့ကို မလွှတ်စေနဲ့"

ဝမ်းထိန် မျက်မှောင်ကုပ်ကာ...

"မင်းက ဘယ်သူလဲ"

"ခင်ဗျားရဲ့မိတ်ဆွေပါ"

ဝမ်းထိန် ခေါင်းယမ်းလိုက်သည်။

"မလိုချင်ဘူး၊ မင်းကိုလဲ ဖမ်းရမယ်"

ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

"ခင်ဗျား အထင်မှားနေပြီ၊ ကျုပ်က မြို့စားကြီးကို အ အညီပေးနေတာပါ၊ ကျုပ်ကို ဖန်ချီလင်းဆိုရင် လူတိုင်း သိပါတ

ဝမ်းထိန် မျက်နှာပျက်သွားသည်။



"မြို့စားကြီးက အကူအညီတောင်းထားတယ် ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်လဲ မသိပါလား"

"ဒါက လျှို့ဝှက်ထားလို့ပါ"

ဝမ်းထိန်၏ခန္ဓာကိုယ် မသိမသာ တုန်ခါသွားလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်...

"အား"

"အွန့်"

စူးရှစွာ အော်ဟစ်ရင်း အာဏာသားနှစ်ယောက် လဲကျသွားသည်။ တစ်ဆက်တည်းပင်...

လူရိပ်တစ်ခု ရောက်ရှိလာပြီး ဝမ်းထိန်အား တိုက်ခိုက်လာလေသည်။

ထိုလူ၏ဓားချက်မှာ ကြောက်မက်ဖွယ်ရာကောင်းအောင်ပင် ပြင်းထန်လှပေသည်။

ဝမ်းထိန် ကြိုးစားခုခံသော်လည်း လျင်မြန်လှသော ဓားချက်အား မရှောင်တိမ်းနိုင်ပါတော့ချေ။

"အား"

နာကျင်စွာ အော်ဟစ်ရင်း လဲကျသွားသည်။

"ဟာ"

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဖန်ချီလင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေဖြူကား ဝမ်းသာသွားသည်။

ဝင်ရောက်တိုက်ခိုက်လာသူသည် ချူးတာဖုံး၏ လျှို့ဝှက်ကိုယ်ရံတော် ဓားကာဝေဆိုသူ ဖြစ်ကြောင်း သူက သိရှိထား၏။

သူက ချက်ချင်းပင် လက်နက်ပုန်းများဖြင့် ပစ်ခတ်ကာ ထွက်ပြေးသွားသည်။

ဖန်ချီလင်း မြေပေါ် လိမ့်ချကာ ရှောင်တိမ်းလိုက်ရသည်။

သူပြန်ထလာသော အချိန်တွင် ဝံပုလွေဖြူသာမက ဓားကာဝေကိုပါ မတွေ့ရတော့ချေ။

ဝမ်းထိန်ကား ပြင်းထန်သော ဓားချက်ကြောင့် သေဆုံးသွားရချေပြီ။

"တောက်"

ဖန်ချီလင်း ဒေါသတကြီး တက်ခေါက်လိုက်၏။

သူက ဝမ်းထိန် အလောင်းနှင့် အာဏာသားများအား ခေါ်ဆောင်ကာ မြို့စားဂေဟာသို့ အမြန်ဆုံး ထွက်ခွာသွားကြလေသည်။

သူတို့ ထွက်သွားပြီး မကြာမီ ဝတ်စုံနက်ဝတ်ဆင်ထားပြီး မြက်ခမောက်ကိုယ်စီဆောင်းထားသော လူငါးယောက်သည် မိန်းကလေးတစ်ယောက်အား ပခုံးပေါ်ထမ်းကာ ပေ့ဂေဟာအိမ်သို့ ဦးတည်ပြေးလွှားသွားကြလေတော့သည်။

မဆိုသလောက် အချိန်လေးအတွင်းမှာပင် အပြောင်းအလဲများသည် ဆက်တိုက်ပင် ဖြစ်ပေါ်ခဲ့ရလေတော့သည်။

* * *

## အကြံတူရန်သူ

ချူးတာဖုံး၏မျက်နှာ တင်းမာခက်ထန်နေ၏။

သူ၏နံဘေးတွင် အနက်ရောင်ဝတ်ရုံ လွှမ်းခြုံထားသူတစ်ဦး ရှိနေ၏။

သူတို့ရှေ့တွင် ထွက်ပြေးလွတ်မြောက်လာသော ဝံပုလွေဖြူနှင့် ဓားကာဝေတို့ ရှိနေ၏။

ချူးတာဖုံးက အနက်ရောင်ဝတ်ရုံလွှမ်းခြုံထားသူအား ကြည့်ကာ...

"အစ်ကိုကြီးရှ ဘယ်လိုလုပ်မလဲ အားလုံး ရှုပ်ထွေးကုန်ပြီ" ဟု စိတ်ရှုပ်ထွေးသော လေသံဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးရှဆိုသူကား တခွေနက်ဂိုဏ်းမှ ထွက်ပြေးလာ မြောက်လာသော ဘီလူးမည်းရှကွေပင် ဖြစ်နေတော့သည်။

ချူးတာဖုံးသည် တခွေနက်ဂိုဏ်းနှင့် ပတ်သက်နေသူ ယောက် ဖြစ်နေချေပြီတကား။

အစ်ကိုကြီးရှ(ဝါ)ရှကွေ၏မျက်နှာ သုန်သုန်မှုန်မှုန် ဖြစ် ၏။

သူက လက်ထဲမှ စာကို တစ်ခေါက်ပြန်၍ ဖတ်လိုက်သည်

"ချူးတာဖုံး၊ မင်းဟာ တခွေနက်ဂိုဏ်းနဲ့ ပတ်သက်နေ အပြင် လွှန်ခဲ့တဲ့သုံးနှစ်က လုယက်ထားတဲ့ ရတနာတွေ လျှို့ဝှ သိမ်းဆည်းထားတယ်ဆိုတဲ့ အချက်ရယ်၊ လောင်ဖူးကျက်ကို လုပ် ခဲ့တဲ့ အချက်ရယ်၊ ငါအကုန်သိထားတယ်၊ အခု မင်းညီမလေ ငါ့လ ထဲ ရောက်လာပြန်ပြီ၊ ဒီတော့ အားလုံးပြေလည်သွားစေချင် ရတနာတွေကို သုံးရက်အတွင်း ပေ့ဂေဟာအရောက် လာပို့ပါ

ပေ့ချွမ်း"

ရှကွေ ခေါင်းယမ်းလိုက်သည်။

"ပေ့ချွမ်းဟာ တကယ့် မီးခဲ ဖြစ်လာလိမ့်မယ်လို့ ထင်မ မိဘူး၊ လျှို့ဝှက်ချက်တွေ အားလုံး သိရှိနေတာ အတော်ထူး တယ်"

ချူးတာဖုံးက...

"သူဟာ အစကတည်းက ကျုပ်လုပ်ငန်းတွေကို မျက်စိ နေတာ၊ ဒါကြောင့် သူ့ကို အတတ်နိုင်ဆုံး သတိထားပြီး သူနဲ့



သက်တဲ့ သတင်းတွေကိုတောင် ဝယ်ယူစုဆောင်းထားခဲ့တယ်၊ ဒါပေ မယ့် သူဟာ ဒီလောက်အထိ ဒုက္ခပေးနိုင်မယ်လို့ မထင်မိခဲ့ဘူး"

သူတို့သည် စံပုလွေဖြူ၏ အချက်ပြမီးကျည်ကြောင့် ရုတ် ရုတ်သဲသဲ ဖြစ်သွားရသည့် အချိန်အတောအတွင်း၌ ပေ့ချွမ်း၏လူငါး ယောက်သည် ချူးတာဖုံး၏ တစ်ဦးတည်းသော ညီမ ချူးယင်အား ဖမ်းဆီးခေါ်ဆောင်သွားကြခြင်းပင် ဖြစ်သည်။

ရှကွေ သက်ပြင်းတစ်ချက်ချကာ...

"တစ်ဘက်ကလည်း ဖန်ချီလင်း ပေါ်လာခဲ့တယ်၊ ဒါ ကြောင့် အတတ်နိုင်ဆုံး မလှုပ်ရှားဘဲ ခြေရာဖျောက်ထားကြတော့"

ချူးတာဖုံးက...

"ကျုပ်ညီမကို ကယ်ဖို့ ဘယ်လိုလုပ်မလဲ"

ပျာပျာသလဲ မေးလာသည်။

ရှကွေ တစ်ချက်စဉ်းစားကာ...

"အချိန်သုံးရက်အတွင်း နည်းလမ်း ရှိလာမှာပါ၊ ချူးယင် အဖမ်းခံရတဲ့ သတင်းလွှင့်လိုက်ပါ"

"ဘာဖြစ်လို့လဲ"

"ပေ့ချွမ်း ခေါင်းရှုပ်သွားအောင်နဲ့ ဖန်ချီလင်းကို မျှားဖို့ပဲ ပေါ့"

"ကျုပ်တော့ နားမလည်ဘူး"

ရှကွေက ပြုံးရင်း...

"ဖန်ချီလင်း အကြောင်း ငါသိတယ်၊ သူက မင်းကို မသက်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် လက်ဆုပ်လက်ကိုင် မပြနိုင်သေးဘူး၊ ပွေ့ဂေဟာကတော့ ချူးယင် ဖမ်းထားမှုနဲ့ ကင်ပွန်းတပ်လို့ရတယ်၊ သူက ပွေ့ဂေဟာ ဦးတည်လှုပ်ရှားလိမ့်မယ်၊ ငါတို့က သုံးရက်အတွင်း အစစအရာရာ ပြင်ဆင်ထားရမယ်”

ချူးတာဖုံးမှာ စိတ်ထွေပြားနေပြီး စောဒကတတ်တော့ချေ။

ရှကြွေ စီစဉ်ထားသည့်အတိုင်း လိုက်နာရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *



နောက်တစ်နေ့ ချူးယင်အား ပွေ့ချမ်းက ဖမ်းဆီးထားသော သတင်းသည် တစ်မြို့လုံး ပျံ့နှံ့သွားသည်။

အဘယ်ကြောင့် ဖမ်းဆီးရသည်ကို လူတိုင်းက စိတ်ဝင်စားနေကြတော့သည်။

ညနေစောင်း၌ လူတစ်ယောက်သည် ပွေ့ဂေဟာထဲ ယောင်မလည်ဖြင့် ဝင်ရောက်ခဲ့သည်။

ညဘက် ရောက်သောအခါ တိုက်ခိုက်သံအချို့ ထွက်ပေါ်လာပြီး ထိုလူသည် ချူးယင်အား ကယ်ထုတ်သွားခဲ့လေတော့သည်။

ထိုလူကား ဖန်ချီလင်းပင် ဖြစ်နေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မေ့ချွမ်း၏မျက်နှာ မည်းမှောင်နေသည်။

ယခု ပြဿနာထဲ ဖန်ချီလင်း ပါဝင်နေပြီဟု ငွေဓားထဲ

သတင်းရကတည်းက သူက စိတ်တထင့်ထင့် ဖြစ်နေခဲ့၏။

ထိုစဉ် အတောအတွင်း ချူးတာဖုံးက ညီမဖြစ်သူအား ဖမ်

ဆီးထားပါသည်ဟု တရားဝင် သတင်းလွှင့်လာသဖြင့် ပြူးပြူးပျာ

ပျာ ဖြစ်ခဲ့ရသည်။

ချူးတာဖုံးဘက်မှ မည်သည့် ထောင်ချောက်များ ဆင်လာ

ပြီလဲဟု စိုးရိမ်စိတ်ဝင်ကာ အလုပ်ရှုပ်သွားခဲ့ရသည်။

ထိုအခြေနေ ရှုပ်ထွေးမှုကို ဖန်ချီလင်းက အခွင့်ကောင်းယူ

ပြီး ချူးယင်အား ကယ်ထုတ်သွားခဲ့ခြင်းပင်။

ချူးယင် မရှိတော့သည့်နောက် မေ့ချွမ်းသည် လုံခြုံရေးကို

ချက်ချင်းပင် တိုးမြှင့်ကာ တိုက်ပွဲဝင်ရန် အသင့်ပြင်ခဲ့၏။

ချူးယင် မရှိသည့်နောက် ချူးတာဖုံးက ကျိန်းသေတိုက်

ခိုက်လာမည်ဟု သူက ထွေးထားမိ၍ ဖြစ်သည်။

မေ့ချွမ်း တွေးထားသည့်အတိုင်း မနက်မိုးမသောက်မီ

အချိန်၌ ချူးတာဖုံးတို့ဘက်မှ လာရောက်တိုက်ခိုက်ခဲ့ကြသည်။

တကယ်တမ်း တိုက်ခိုက်မှ ချူးတာဖုံးဘက်တွင် ကျော

ထောက်နောက်ခံ အင်အားကောင်းပြီး လျှို့ဝှက်ဦးဆောင်သူတစ်ဦး

ပါဝင်ကြောင်း သိခဲ့ရသည်။

သူက ကြိုးစားခုခံခဲ့သော်လည်း အရာမထင်ခဲ့ပါ။

ထို့ကြောင့်...



အခြေအနေ မဟန်သည့်အဆုံး ကိုယ်ရံတော်အချို့နှင့်အတူ

လျှို့ဝှက်လမ်းမှ အလွတ်ရုန်းကာ ထွက်ပြေးခဲ့ရတော့သည်။

* * *

မြို့စားကြီးနှင့် ဖန်ချီလင်းတို့ မျက်နှာချင်းဆိုင် ထိုင်နေကြ

သူတို့သည် တစ်ယောက်ကိုတစ်ယောက် စကားမဆို ဖြစ်

တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေကြဟန် ရှိ

သည်။

အတန်ကြာမှ...

ဖန်ချီလင်းက သက်ပြင်းတစ်ချက်ချရင်း...

"ချူးယင် လွတ်မြောက်သွားတာနဲ့ ချူးတာဖုံးက မေ့ဂေ

ကို တိုက်ခိုက်နိုင်တယ်လို့ ကျုပ်တွက်မိတယ်၊ ဒါပေမယ့် ဒီ

လောက် မြန်မြန်ဆန်ဆန်ကြီး ချေမှုန်းနိုင်လိမ့်မယ်လို့ မထင်မိခဲ့ဘူး"

ဟု ပြောလိုက်သည်။

မြို့စားကြီးက သူ့အား တစ်ချက်ကြည့်ရင်း...

"ဒီစရိုက်မှုတွေကို မေ့ချွမ်းက ကြိုးကိုင်တာလား၊ ချူးတာ

ဖုံးပဲ ကြိုးကိုင်ထားတာလားဆိုတာ ကျုပ်တော့ နားမလည်တော့

ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လာသည်။

ဖန်ချီလင်းက တစ်ချက်စဉ်းစားရင်း…

"နှစ်ဘက်စလုံးက မသက်ာစရာကောင်းတယ်၊ အခုအချိန်မှာ ပေ့ဂေဟာ ပြိုကွဲသွားပြီ၊ ပေ့ချွမ်းလဲ ရှောင်ပုန်းနေတယ်၊ ကျုပ်တို့က ချူးတာဖုံးကို စစ်မေးရင် သူက ဘူးကွယ်မှာပဲ၊ ပြီးတော့ သူ့နောက်ကွယ်က လူတွေကို မဖော်ထုတ်နိုင်ဘဲ သွားရောက်စစ်ဆေးရင် အားလုံးဟာ သဲထဲရေသွန် ဖြစ်သွားလိမ့်မယ်"

ဟု ပြောလိုက်သည်။

မြို့စားကြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ပေ့ချွမ်းဟာ သူ့ညီမကို ဖမ်းလို့ တိုက်ခိုက်တာလို့ပဲ ပြောမှာပဲ၊ ပေ့ချွမ်း မရှိတဲ့နောက် သူက စိတ်ကြိုက်လိမ်နိုင်တာပဲ"

သူက ဖန်ချီလင်းအား ကြည့်ကာ…

"ဝမ်းထိန် သေဆုံးတဲ့ ကိစ္စကျတော့ကော"

ဟု တဆက်တည်း မေးလိုက်သည်။

ဖန်ချီလင်း ပြုံးရင်း…

"ချူးတာဖုံး ကိုယ်တိုင်ကိုယ်ကျ ပါဝင်တာမှ မဟုတ်ဘဲ နေက်ပြီး ဝမ်းထိန်ကို သုတ်သင်သွားတဲ့ တရားခံဟာ သူ့ရဲ့လူပါလို့ အထောက်အထား ပြစရာ မရှိဘူး၊ အခုလောက်ဆို ချူးတာဖုံးကလည်း သူ့လူတွေကို ခြေရာဖျောက်ထားလောက်ပြီ၊ ချူးတာဖုံးက အပြစ်က လွတ်အောင် အဘက်ဘက်က ပြင်ဆင်ထားလိမ့်မယ်"



မြို့စားကြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ပြီးမှ…

တွေးမိသည်ကို ပြောလာသည်။

"ပေ့ချွမ်းက ချူးတာဖုံး ညီမကို ဖမ်းထားရတာ အကြွပ်ကိုင်ဖို့ဆိုတာ သေချာတယ်၊ ပေ့ချွမ်းက ဘာကိုတောင်းဆိုမလဲ၊ ချူးတာဖုံးမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိရမယ်"

တစ်ဆက်တည်းပင်…

သူက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ပြောလာသည်။

"ခက်တာက ခင်ဗျားပြောသလိုပဲ ချူးတာဖုံးက အားလုံးပြင်ဆင်ပြီးနေလောက်ပြီ၊ သူ့ရဲ့အကြံ ဖော်ထုတ်ဖို့ ခက်နေတယ်"

ဖန်ချီလင်း ခေါင်းယမ်းကာ…

"မခက်ပါဘူး"

ဟု ပြောလိုက်၏။

သူ၏စကားကြောင့် ဖူးရင်မြို့စား၏ မျက်နှာပေါ်ဝယ် အံ့သြဖွယ်ကောင်းသင့်သော အရိပ်အယောင်များ ထွက်ပေါ်လာလေသည်။

ဖန်ချီလင်းအား ကြည့်ကာ…

"ခင်ဗျားဆိုလိုတာက ချူးတာဖုံးရဲ့ အကြံအစည်တွေကို ဖော်ထုတ်နိုင်မယ်ပေါ့ ဟုတ်လား"

ဟု မေးလိုက်သည်။

ဖန်ချီလင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးက မယုံမရဲဖြင့်…

"ဘယ်လိုဖော်ထုတ်မှာလဲ"

ဟု မေးလိုက်သည်။

ဖန်ချီလင်း ပြုံးကာ…

"ကျုပ်မှာ နည်းလမ်းတစ်ခု ရှိလို့ပါ"

မြို့စားကြီး၏မျက်ခုံးမွေးအစုံ နဖူးပေါ် မြင့်တက်သွား၏

ဖန်ချီလင်းအား ကြည့်၍…

"နည်းလမ်းရှိတယ် ဟုတ်လား"

ဖန်ချီလင်း…

"ဟုတ်တယ်"

မြို့စားကြီး၏မျက်လုံးများ ဝင်းလက်လာသည်။

မျှော်လင့်ချက် ရှိလာပြီ ဖြစ်၍ အားတက်လာကာ…

"ဘယ်လိုနည်းလမ်းများလဲ"

ဟု မေးလိုက်သည်။

ဖန်ချီလင်း ပြုံးလိုက်သည်။

မြို့စားကြီးအား ကြည့်ကာ…

"ခင်ဗျားက ပေ့ချွမ်းကို မေ့နေလို့ပါ"

မြို့စားကြီးက မျက်မှောင်ကုပ်၍…

"ပေ့ချွမ်း"

ဖန်ချီလင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ပေ့ချွမ်းမှ မသေသေးဘဲ"



ယခုမှ မြို့စားကြီးက သဘောပေါက်ဟန်ဖြင့်…

"ဟုတ်သားပဲ၊ ပေ့ချွမ်း ရှိနေသေးတာပဲ"

သို့သော် ချက်ချင်းပင် လေသံပျော့၍…

"ခက်တာက ပေ့ချွမ်းက ရှောင်တိမ်းသွားပြီ မဟုတ်လား"

ဖန်ချီလင်းက ရယ်မောကာ…

"သူ့အတွက်မပူနဲ့ ကျုပ်တာဝန်ယူတယ်၊ သူ ဒီမြို့ထဲက [illegible]က်ခွာနိုင်မှာ မဟုတ်သေးဘူး"

မြို့စားကြီး သက်ပြင်းချလိုက်သည်။

"ပေ့ချွမ်းကို ရရင်တော့ အဖြစ်မှန် ပေါ်လာမှာပဲ"

"ဒါကြောင့်လဲ ကျုပ်က ပေ့ချွမ်းကို ရှာဖွေမှာပေါ့၊ အခု [illegible]ချိန်မှာ ခင်ဗျားကိုယ်ရံတော်တွေကို အသုံးချသင့်ပြီ"

"ပြောပါ"

ဖန်ချီလင်းက ချူးမိသားစုခြံဝင်းအား ရုပ်ဖျက်ကာ အလွတ် [illegible]ပေးဘဲ စောင့်ကြည့်ရန်နှင့် မိမိနှင့် ဆက်သွယ်နိုင်မည့် လျှို့ဝှက် [illegible]နည်းလမ်းများအား ပြောပြလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## တစ်ကွက်အသာ

ပေ့ဂေဟာ...

ပေ့ဂေဟာကား ပျက်စီးသွားပြီ ဖြစ်သည်။

ပေ့ဂေဟာ အနောက်ဘက်ဝယ် ရေကန်တစ်ခု ရှိသည်။

ထိုရေကန်သည် မြို့တောင်ဘက် စမ်းချောင်းနှင့် ဆက် နေကြောင်း မည်သူကမျှ မသိပါ။

ထိုစမ်းချောင်းကလေးနှင့် ပေ့ဂေဟာရှိ ရေကန်ကို သို့ ရေအောက် ရေလွှဲတစ်ခုကို ပေ့ချွမ်းသည် ဖောက်ထားခဲ့သည်။

ဤသည်ကို ပေ့ဂေဟာ လက်ရွေးစင်အချို့သာ သိရှိ အချို့ကား သေဆုံးသွားခဲ့ချေပြီ။



ထို့ကြောင့် ထိုရေလွှဲပေါက်အကြောင်းကို မည်သူမျှ မသိကြပေ။

ထိုနည်းတူ...

သေဆုံးသွားပြီ ဖြစ်သော လက်ရွေးစင်ဝါးကျိုသည် ထိုသတင်းအား ကုန်သည်တစ်ဦးထံ ရောင်းစားခဲ့ခြင်းကိုလည်း ပေ့ချွမ်းတို့ မသိခဲ့ချေ။

* * *

စမ်းချောင်းကလေးသည် တသွင်သွင် စီးဆင်းနေ၏။

ထိုစမ်းချောင်းကလေးသည် တောင်မှ မြောက်သို့ ကွေ့ဘက်၍ စီးဆင်းသွား၏။

တစ်ချို့က ပြောကြသည်။

ထိုစမ်းချောင်းကလေးသည် မြောက်ပိုင်းသို့ စီးဝင်သော ...တစ်ခုနှင့် ဆက်သွယ်သည်ဟူ၍...

ထိုစကား မှန်မမှန် မည်သူမျှ မစစ်ဆေးပါ။

ထိုစကား မှန်မမှန် စစ်ဆေးခြင်းထက် ထိုစမ်းချောင်း၌ ငါး...ခြင်းကိုသာ လူတွေက စိတ်ဝင်စားကြ၏။

ယခု...

ထိုချောင်းကလေး၌ လူတစ်ယောက် ပေါ်လာ၏။

တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံဝတ်ထားသူ ဖြစ်လေ

www.burmeseclassic.com



သည်။ ထိုလူသည် ရေမျက်နှာပြင်ပေါ်သို့ မျက်လုံးပေါ်ရုံ ဦးခေါ ဖော်၍ ပတ်ဝန်းကျင်ကို ကြည့်၏။

ပြီးမှ...

ချောင်းကမ်းပါးပေါ်သို့ တက်၏။

သူ၏အသွင်သဏ္ဌာန်မှာ အလွန်မောဟိုက်နေသည့် အသ ပေါ်လွင်နေ၏။

ထိုကဲ့သို့ အနက်ရောင်ဝတ်စုံနှင့်လူဆယ့်လေးငါးယော သည် ရေထဲမှ ပေါ်လာပြီး ချောင်းကမ်းစပ်ပေါ်သို့ တက်လာကြ

သူတို့သည် တစ်မိုင်ခန့် ရေငုပ်၍ လာရသဖြင့် မောဟိုက် သည် မှန်သော်လည်း အနားမယူနိုင်ဘဲ စမ်းချောင်းအထက်ရှိ သ တောအုပ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

* * *



ချုံးတာဖုံး၏လူများ ဆုတ်ခွာသွားကြောင်း သိသော်လည်း ပေ့ချွမ်း၏ လက်ရွေးစင်များသည် စဉ်ဆက်မပြတ် သတိထား၍ သစ်တောအုပ်အတွင်း၌ လျှို့ဝှက်စွာ လှုပ်ရှားနေကြ၏။

သူတို့သည် သစ်ပင်များကို အကာအကွယ်ယူ၍ ဘေးအန္တရာယ်ကင်းရှင်းကြောင်း သေချာမှ သစ်ပင်တစ်ပင်နှင့် တစ်ပင် ကူးသည်။ ဤသို့ဖြင့်...

သူတို့သည် နောက်ထပ် ထမင်းနှစ်အိုးကျက်ခန့် ကြာသော အခါ သစ်တောအစပ်သို့ ရောက်လာ၏။

သစ်တောကို လွန်သော် လူနေအိမ်ခြေ လေးငါးခြောက်အိမ် တွေ့ရသည်။

ထိုအိမ်များသည် ယခင်က သိုးမွေးသူများ နေထိုင်ခဲ့သော အိမ်ဖြစ်သော်လည်း ယခုအခါ ထိုအိမ်များသည် ယိုယွင်းပျက်စီးနေသည်။ နှစ်ပေါင်းများစွာ မပြုပြင်ဘဲ ထားရှိ၍ ရာသီဥတုဒဏ်ခံရသည့်အသွင် ပေါ်နေ၏။

ပေ့ချွမ်း၏လက်ရွေးစင်များထဲမှ နှစ်ယောက်သည် သစ်တောအုပ်ကို ဖြတ်ကျော်၍ အိမ်ပျက်များ ရှိရာသို့ ကင်းထောက်ရန် ပြေးသွားလေသည်။

တအောင့်ကြာသောအခါ ရှေ့ပြေးနှစ်ယောက်ထံမှ အချက်ပြသဖြင့် ကျန်လူများသည် လူနေအိမ်ပျက်များ ရှိရာသို့ ပြေးသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လူတို့ စွန့်ပစ်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာပြီ ဖြစ်၍ အိမ်များသည် ယိုယွင်းပျက်စီးနေ၏။

အိမ်တိုင်း၏ ပြတင်းတံခါးများသည် အစုံအလင် မရှိခြင်း ရွဲ့စောင်းနေခြင်း၊ တစ်ချို့ပြတင်းတံခါးများ ပြုတ်၍ တွဲလျောင်း နေ၏။

တံခါးမကြီးများ ပြုတ်ထွက်နေ၏။

အိမ်နံရံများ ဆွေးမြေ့ပျက်စီးလျက် ရှိပြီး ပင့်ကူပိုးမျှင်များက အိမ်တိုင်ကို နယ်ချဲ့ထား၏။

ပေ့ချွမ်း၏လူများသည် ထိုတဲအိမ်ပျက်များထဲ၌ ခေတ္တနားနား လိုက်ပြီး တစ်ဘက်လွင်ပြင်ကို ဖြတ်ကျော်ရန် တာစူနေကြတော့ သည်။

သူတို့သည် ထိုလွင်ပြင်၏ တစ်ဘက် တောင်ကုန်းကို ကျော်ဖြတ်မြေးပါက သစ်တောအုပ်တစ်အုပ်သို့ ရောက်ရှိမည် ဖြစ်သည်

ထိုသစ်တောအုပ်သို့ ရောက်လျှင် သူတို့သည် အသီးသီး လူစုခွဲ၍ သစ်တောအုပ်၏တစ်ဘက်ရှိ ကျေးရွာသို့ ဝင်ရောက်ရန် ရည်ရွယ်ထားသည်။

ထိုကျေးရွာမှ စတင်၍ ခြေရာဖျောက်ရန် စီစဉ်ထားပြီး ဖြ သည်။

ထို့ကြောင့်...

ယခု လွင်ပြင်ကို အန္တရာယ်ကင်းစွာ ဖြတ်ကျော်နိုင်ရန် အ ရေးကြီးပေလိမ့်မည်။



**သို့သော်...**

**သူတို့သည် ထိုလွင်ပြင်ကို ဖြတ်ကျော်ရန် ကြောက်ရွံ့နေကြ၏။**

**အကြောင်းမှာ...**

**ထိုလွင်ပြင်ပေါ်မှဖြတ်၍ တိုက်ခတ်လာသော လေထဲ၌ အန္တရာယ်၏ အငွေ့အသက်များ ပါဝင်နေသောကြောင့်ပင် မဟုတ်ပါလား။**

* * *

ပေ့ချွမ်း၏လက်ရွေးစင်များသည် အုပ်စုသုံးစု ခွဲလိုက်လေသည်။

ပထမအုပ်စုသည် လွင်ပြင်ကို ဖြတ်ကျော်၍ သုံးဆစ်ချိုး ရောက်မှ ဒုတိယအုပ်စုက ချီတက်လာမည်။

ပထမအုပ်စုနှင့် ဒုတိယအုပ်စုတို့ ဆုံမှ တတိယအုပ်စု စတင် လှုပ်ရှားရန်နှင့် ပထမအုပ်စု ရှေ့သို့ ဆက်လက်လှုပ်ရှားရန် အချင်းချင်း တိုင်ပင်ကြလေသည်။

ပြီးမှ...

သူတို့သည် လွင်ပြင်ကို စတင်ကျော်ဖြတ်လိုက်လေတော့သည်။

ပထမအုပ်စုသည် လွင်ပြင်၏ သုံးချိုးတစ်ချိုးသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဝန်းကျင်ကို အကဲခတ်ကြည့်၏။

မည်သည့်အန္တရာယ်၏ အရိပ်အယောင်ကိုမျှ မတွေ့ရသေ

အခါ ဒုတိယအုပ်စုကို လက်ဝှေ့ယမ်းပြလိုက်လေသည်။

ဒုတိယအုပ်စုသည် အချင်းချင်း အချက်ပြ၍ လွင်ပြင်

စတင် ဖြတ်ကျော်သည်။

ဤတွင်...

မထင်မှတ်သော အဖြစ်အပျက်တစ်ခု ပေါ်ပေါက်လာ

တော့သည်။

ထိုအဖြစ်အပျက်မှာ...

ဒုတိယအုပ်စုထဲမှ လူတစ်ယောက်သည် ခြေခေါက်၍ ခြေ

ပေါ်သို့ လဲကျသွား၏။

ထိုလူသည် မိမိ၏ခန္ဓာကိုယ်ကို ပြန်လည်ထိန်းသိမ်းနိုင်

လက်ထဲမှ လှံတံဖြင့် မြေသို့ ထောက်လိုက်သည်။

ဤတွင်...

လှံတံသည် မြေထဲသို့ ကျွံဝင်သွားပြီး...

"အား"

ဟူသော အော်သံကို ကြားလိုက်ရလေတော့သည်။

ထိုလူသည် ရုတ်တရက် အံ့အားသင့်ကာ ကြက်သေ

သွား၏။

ပြီးမှ လှံတံကို ပြန်လည်ဆွဲနှုတ်ကာ ကြည့်လိုက်၏။

ထိုအခါ...



လှံဖျားၣ သွေးစွန်းနေသည်ကို တွေ့ရ၏။

ထိုစဉ်...

မြေကြီးထဲမှ လူတစ်ယောက် ခုန်၍ ထွက်လာတော့၏။

တစ်ဆက်တည်းမှာပင်...

"ရှူး"

ဟူသော လေသံတစ်ချက် ထွက်ပေါ်လာပြီး မြေကြီးထဲမှ လူများ အလျှိုလျှို ပေါ်လာ၏။

ထိုလူများသည် ချူးတာဖုံး၏ လက်ရွေးစင်သိုင်းသမားများပင် ဖြစ်သည်။

သူတို့သည် ဤလွင်ပြင်ၣ ကျင်းတူးထားကာ ပူးသတ္တဝါများ မြေကျင်းအောင်းသကဲ့သို့ ပုန်းအောင်းနေကြခြင်းပင် ဖြစ်၏။

တခဏအတွင်းမှာပင် တိတ်ဆိတ်နေသော လွင်ပြင် အတွင်းၣ ဆူညံသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ချူးတာဖုံး၏လက်ရွေးစင် သိုင်းသမားများသည် မြေပေါ် ရောက်သည်နှင့် အသင့်ကိုင်ဆောင်ထားသော လက်နက်ကိုယ်စီဖြင့် တိုက်ခိုက်လာကြသည်။

ပွေချွမ်း၏လူများ အငိုက်မိသွားကာ တစ်ယောက်ပြီးတစ် ယောက် လဲကျသွား၏။

သတိဝင်လာသူများက ပြန်လည်တိုက်ခိုက်ကြသည်။

သို့သော်...

အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားသော ချူးတာဖုံး၏ လူများအား မယှဉ်သာပါချေ။

နောက်ဆုံး၌...

ရုတ်တရက် ဖြစ်ပေါ်လာသော အခြေအနေကြောင့်လည်း ကောင်း၊ ပင်ပန်းနွမ်းနယ်နေ၍လည်းကောင်း၊ အင်အားခြင်း မမျှ သောကြောင့်လည်းကောင်း၊ ပွေချွမ်း၏လက်ရွေးစင်များသည် တို တောင်းသော အချိန်ကာလ အပိုင်းအခြားတစ်ခုအတွင်း၌ လက်နက် ချ အညံ့ခံလိုက်ရတော့၏။

ချူးတာဖုံး၏လူများသည် လက်နက်ချ အညံ့ခံသော ပွေ ချွမ်း၏လက်ရွေးစင်များကို သနားကြင်နာမှု ကင်းမဲ့စွာ သတ်ဖြတ် လိုက်လေသည်။



ထိုသို့ သတ်ဖြတ်ခြင်းမှာ ချူးတာဖုံး၏အမိန့်ကြောင့် ဖြစ် လေသည်။

ချူးတာဖုံးသည် ပွေချွမ်းနှင့် ပတ်သက်သည့် သတင်းများ ကို ဝယ်ယူခဲ့၏။

ထိုသတင်းများထဲ၌ ပွေချွမ်း၏ လျှို့ဝှက်ရေလွှဲပေါက် အကြောင်းလည်း ပါဝင်၏။

သို့ဖြစ်၍ ကုန်သည်ထံမှတစ်ဆင့် သတင်းစကား ရရှိခဲ့သော ချူးတာဖုံးသည် ပွေချွမ်း၏ဂေဟာကို အဘက်ဘက်မှ ပိတ်ဆို့ရာ၌ ထိုရေလွှဲပေါက်ကိုလည်း စဉ်းစားခဲ့၏။

ထိုရေလွှဲပေါက်မှ ထွက်ပြေးလွတ်မြောက်သူများသည် ဤ လွင်ပြင်ကို ကျော်ဖြတ်ထွက်ပြေးရမည်ကို ကြိုတင်ခန့်မှန်းထားခဲ့။

ယခု...

ချူးတာဖုံး၏ တွက်ကိန်းအတိုင်း ပွေချွမ်း၏ လက်ရွေးစင် များသည် ဤလွင်ပြင်ကို ဖြတ်ကျော်ထွက်ပြေးရမည်ကို ကြိုတင်ခန့် မှန်းထားသည့်အတိုင်း ဖြတ်ကျော်ခဲ့သည် မဟုတ်ပါလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



တတိယအုပ်စုသည် အံ့အားသင့်နေ၏။

မထင်မှတ်သော အဖြစ်အပျက်များကြောင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိ၏။

လွှင်ပြင်၌ ပထမအုပ်စုနှင့် ဒုတိယအုပ်စုမှ လူများသည် ချူးတာဖုံး၏လူများနှင့် တိုက်ခိုက်နေ၏။

ထိုတိုက်ပွဲသည် မကြာမီပင် နိဂုံးချုပ်ခဲ့၏။

မိမိတို့ဘက်မှ အရေးနိမ့်ပြီး ချူးတာဖုံးဘက်မှ အနိုင်ရခဲ့သည်။

တတိယအုပ်စု၏ခေါင်းဆောင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကဲ ငါတို့ ဒီမှာပဲ ပုန်းခိုပြီး ညမှောင်မှ လှုပ်ရှားကြမယ်"

ဟု ပြောလိုက်သည်။

သူတို့အားလုံးသည် ရှုံးနိမ့်သွားသော မိမိလူများအတွက် ကြိတ်မနိုင် ခဲမရ ဖြစ်သော်လည်း ဝင်ရောက်ကူညီရန် မလှုပ်ရှားရဲချေ။

ထိုသို့ မလှုပ်ရှားခြင်းမှာ သတ္တိမရှိ၍ မဟုတ်ပါ။

နောက်ထပ် ပွေဂေဟာ ပြန်လည်တည်ထောင်နိုင်ရန်အတွက် ၎င်းတို့သည် အသက်ရှင်နေရဦးမည် မဟုတ်ပါလား။

ထိုစဉ်...

မမျှော်လင့်သော အဖြစ်တစ်ခု ဖြစ်ပေါ်လာ၏။

ရုတ်တရက်...



"ဝုန်း"

ဟူသော အသံနှင့်အတူ အိမ်နံရံသည် ကျိုးပဲ့လွင့်စဉ်သွားလေတော့သည်။

* * *

အိမ်နံရံသည် 'ဝုန်း' ဟူသော အသံနှင့်အတူ ကျိုးပဲ့လွင့်စဉ်သွား၏။

တဆက်တည်းမှာပင်...

ထိုကျိုးပဲ့နေသော အိမ်နံရံအပေါက်၌ လူတစ်ယောက် ပေါ်လာ၏။

အဖြူရောင်အမွေးပွအင်္ကျီ ဝတ်ဆင်ထားသူတစ်ဦး ဖြစ်ပါသည်။

ထိုလူ၏ခန္ဓာကိုယ်သည် သန်မာထွားကျိုင်းလှ၏။

သူ၏မျက်နှာသည် လူသေအလောင်းကဲ့သို့ ဟန်မူရာကင်းမဲ့ကာ ဝတ်ဆင်ထားသော အင်္ကျီကဲ့သို့ ဖြူဖွေးနေပါသည်။

ထိုလူကား ဝံပုလွေဖြူပင် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင်...

အိမ်ပျက်၏ ယိုယွင်းနေသော တံခါးပေါက်မှ လူတစ်ဦး ဝင်ရောက်လာ၏။

ထိုလူသည် ချူးတာဖုံး၏ လျှို့ဝှက်သက်တော်စောင့် ဓား

www.burmeseclassic.com

www.burmeseclassic.com



ကဝေပင် ဖြစ်ပါသည်။

သူတို့သည် ဝင်ရောက်လာသည်နှင့် တပြိုင်နက် တရကြမ်း ပင် တိုက်ခိုက်လာကြသည်။

ထို့နောက်...

မကြာမီ အချိန်အတွင်း၌ ပေ့ချွမ်း၏လက်ရွေးစင်အဖွဲ့ ကံ ကြမ္မာသည် ဆိုးရွားသော အခြေအနေသို့ ဆိုက်ရောက်သွားရလေ တော့သည်။

* * *



"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်။

ဓားကဝေသည် သဘောကျစွာ ရယ်မောကာ ဓားမှ သွေး များကို သုတ်လိုက်၏။

ပြီးမှ အလောင်းများကို မေးငေါ့ပြရင်း...

"ဒီအထဲမှာ ပေ့ချွမ်းနဲ့ ငွေဓား မပါ့ပါလား"

ဟု ဝံပုလွေဖြူကို မေးလိုက်၏။

ဝံပုလွေဖြူ ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ်၊ ဒါပေမယ့် ဟိုလွင်ပြင်က အလောင်းထဲမှာ တော့ ပါမလား မသိဘူး"

ဟု ပြောလိုက်သည်။

ဓားကဝေက အေးစက်စွာ ပြုံးယင်း...

"မပါနိုင်ဘူး"

ဟု ပြောလိုက်၏။

ဝံပုလွေဖြူက တစ်စုံတစ်ရာ ပြန်လည် ပြောရန် ဟန်ပြင် လိုက်သော်လည်း ဓားကဝေက လက်ကာပြလိုက်၏။

သူက ဝံပုလွေဖြူကို ကို ပြုံးပြရင်း...

"ပေ့ချွမ်းနဲ့ ငွေဓားကိုတော့ လွင်ပြင်က လူတွေ ထိန်းမထား နိုင်ဘူး"

ဟု ပြောလိုက်သည်။

ဝံပုလွေဖြူ သဘောပေါက်ဟန်ဖြင့် ခေါင်းညိတ်လိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက မျက်မှောင်တစ်ချက်ကြုတ်ကာ…

“ဟုတ်တယ်၊ အခု လွတ်လာတဲ့ လူတွေထဲမှာတော့ သူတို့နှစ်ယောက် ပါမလာဘူး”

မားကဝေက…

“ဒါဖြင့် ကျုပ်တို့ ဘာလုပ်မလဲ”

ဟု မေးလိုက်သည်။

ဝိပုလ္လေဖြူ သက်ပြင်းချလိုက်၏။

သူက မားကဝေအား စေ့စေ့ကြည့်ကာ…

“စောင့်ကြည့်ကြသေးတာပေါ့”

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။

* * *

## ခေါင်းမာသူ

ပေ့ချွမ်း…

ပေ့ချွမ်းသည် တိုက်ပွဲ၏အစကို မမြင်တွေ့ခဲ့ပါ။

သို့ရာတွင်…

တိုက်ပွဲ၏ အဆုံးသတ်ကိုတော့ တွေ့မြင်လိုက်ပါသည်။

ကွင်းပြင်ပေါ်၌ ချူးတာဖုံး၏လူများ စတင်တိုက်ခိုက်ချိန် ပေ့ချွမ်းနှင့် ငွေမားတို့သည် ချောင်းထဲမှ တိတ်တဆိတ် တက်ခဲ့ပြီး သစ်ပင်တစ်ပင်ပေါ်၌ ပုန်းအောင်းနေခဲ့၏။

သူတို့သည် တိုက်ပွဲ၏ အခြေအနေကို အပေါ်စီးမှ ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍...

ဝံပုလွေဖြူနှင့် ဓားကဝေတို့သည် အိမ်ပျက်ထဲသို့ ဝင်ရောက်သွားပုံကို လည်းကောင်း...

ထို့နောက်...

၎င်းတို့နှစ်ဦး ပြန်ထွက်လာပုံတို့ကိုလည်းကောင်း ပေချွမ်းသည် လက်ဗိုက်ကြည့်နေရုံမျှအပ ဘာမျှ မတတ်နိုင်ခဲ့ချေ။

ငွေဓားက သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း...

"တကယ်လို့ ခင်ဗျားက ဦးဆောင်ပြီး သူတို့ကို တိုက်နိုင်မယ်ဆိုရင်ကော"

ဟု မေးလိုက်သည်။

ပေချွမ်း တွေဝေသွား၏။

ပြီးမှ...

ဦးခေါင်းခါယမ်းလိုက်ပြီး...

"ငါတို့ပါ သေသွားနိုင်တယ်"

ဟုပြောလာ၏။

ငွေဓား မျက်မှောင်ကုပ်သွားသည်။

ပေချွမ်းအား ကြည့်ကာ...

"သူတို့က ခင်ဗျားထက် သိုင်းပညာသာနေလို့လား"

ဟု မေးလိုက်သည်။

ပေချွမ်းက...

"သူတို့က ကျုပ်လွတ်မသွားအောင် တိုက်ခိုက်လိမ့်မယ် ဘာပါ"



လေပူတစ်ချက် မှုတ်ထုတ်ရင်း ပြောလာသည်။

ငွေဓားက....

"ခင်ဗျားက ထိုးဖောက်မထွက်နိုင်ဘူးလား"

ပေချွမ်းက...

"ဒီကြိုးပမ်းချက်ဟာ ဘာအဓိပ္ပါယ်မှ ရှိမှာမဟုတ်ဘူး"

သူ၏လေသံသည် လေးတွဲ့နေသည်။

ငွေဓား ဦးခေါင်းတစ်ချက် ညိတ်လိုက်သည်။

သူက မေးစေ့အား လက်ဖြင့်တစ်ချက်ပွတ်ရင်း..

"ဒါနဲ့ ချူတာဖုံးက ဒီနေရာက ပိတ်ပြီးစောင့်ဆိုင်းထား အုံ့ညဖို့ကောင်းတယ်"

ဟုရေရွတ်လိုက်၏။

ပေချွမ်း ပြုံးလိုက်သည်။ ပြီးမှ ခေါင်းယမ်းကာ...

"အုံ့ညဖို့ မကောင်းပါဘူး"

ဟုပြောလိုက်၏။

သူ၏စကားကြောင့် ငွေဓား ကြောင်အမ်းအမ်းဖြစ်သွား၏။

ပေချွမ်းအား ကြည့်ကာ...

"ဘယ်လို အုံ့ညဖို့မကောင်းဘူး ဟုတ်လား"

ဟု နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

ပေချွမ်းက...

"ကျုပ်တို့က ရန်သူကို တစ်ချက်လေးအထင်သေးမိလို့ ခံရ

www.burmeseclassic.com

www.burmeseclassic.com



ငွေဓားက နှာခေါင်းအား တစ်ချက်ပွတ်ရင်း...

"ဘာပဲဖြစ်ဖြစ် အခုလိုဖြစ်လာလိမ့်မယ်ဆိုတာ ခင်ဗျား မထင်ထားဘူး မဟုတ်လား"

ဟု မေးလိုက်သည်။

ပေ့ချွမ်းက...

"ဒါပေါ့ ကျုပ်က ချူးတာဖုံးကို လွှေ့တွက်မိခဲ့တာကိုး"

ဟု ဝန်ခံလိုက်သည်။

ငွေဓား သက်ပြင်းတစ်ချက် ချလိုက်သည်။

သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်လာပြီး...

"ကဲ..အခု ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ"

ဟု မေးလိုက်သည်။

ပေ့ချွမ်းက...

"စဉ်းစားရခက်နေတယ်"

"အခုလူစုထဲမှာ ချူးတာဖုံးကို မတွေ့ရဘူး"

ငွေဓားက...

"ဒါနဲ့ ဆိုင်လို့လား"

ဟု မေးလိုက်သည်။

ပေ့ချွမ်း ခေါင်းညိတ်လိုက်သည်။

"ဆိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ချူးတာဖုံးက ဘာတွေ ထောင်ချောက်ဆင်ထားမှန်း မသိလို့ပဲ"

ငွေဓားက...



"ချူးတာဖုံးက ထောင်ချောက်ဆင်ထားဦးမယ်လို့ ထင်သလား"

ပေ့ချွမ်းက ငွေဓားကို စူးစိုက်ကြည့်လိုက်ပြီး...

"မင်းသာ ချူးတာဖုံးဖြစ်ရင် ငါ့ကိုဖမ်းဖို့ ဘယ်လိုစဉ်းစားမလဲ"

ဟု မေးလိုက်သည်။

ငွေဓားက ဦးခေါင်းညိတ်ကာ...

"အင်း ဒါလည်းဟုတ်တယ်"

ဟုရေရွတ်လိုက်သည်။

ပေ့ချွမ်းက ပြုံးလျက်...

"ကဲ...အခြေအနေကတော့ မင်းမြင်တဲ့အတိုင်းပါပဲ"

ငွေဓား ပခုံးတွန့်ကာ...

"မထူးပါဘူး၊ ကံတရားအတိုင်းပဲပေါ့"

ပေ့ချွမ်း၏မျက်နှာပေါ်တွင် ထူးခြားသော အရိပ်အယောင်များပေါ်ထွက်လာသည်။

ငွေဓားအား စူးစိုက်ကြည့်ကာ...

"မင်းစဉ်းစားပါ၊ အခုနေရာမှာ မင်းဟာ လွတ်လွတ်ကျွတ်ကျွတ်ထွက်ပြေးပြီး မင်းရဲ့နာမည်ကို ပြောင်းလိုက်ရင် ဒီအန္တရာယ်ကလွတ်မြောက်မယ်လို့ ကျုပ်ထင်တယ်"

ငွေဓားမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဤကဲ့သို့ဆည်လိုက်ကာ...

"နာမည်ပြောင်းတယ်ဆိုတာ ကိုယ့်ကိုကိုယ် မယုံကြည်သူတွေရဲ့အလုပ်ပါ"

ဟု ဆိုလိုက်သည်။

ပေ့ချွမ်းက ပြုံးလျှက်...

"ဒါဖြင့် မင်းကကျုပ်နဲ့ တိုက်ပွဲဆက်ဝင်မယ်ပေါ့"

ဟု မေးလိုက်သည်။

ငွေဓားက သူ့အားကြည့်ကာ...

"ခင်ဗျားကလည်း ပေ့ဂေဟာကို ပြန်လည်ထူထောင်မယ်ဆိုရင်ပေါ့"

ထို့နောက်...

ပေ့ချွမ်းနှင့်ငွေဓားတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အားပါးတရ ပြုံးလိုက်ကြလေတော့သည်။

* * *

## အာကျယ်

မြို့ထဲ၌ နာမည်အကြီးဆုံး စားသောက်ဆိုင်ပေါင်း ဆယ်ဆိုင်တိတိ ရှိသည်။

ထိုနာမည်ကြီး စားသောက်ဆိုင် ဆယ်ဆိုင်အနက် မိတ်ဆုံစားသောက်ဆိုင်သည် တစ်ခုအပါအဝင် ဖြစ်၏။

မိတ်ဆုံစားသောက်ဆိုင်၏ ဘဲကင်နှင့် ခုနစ်မျိုးအသားပေါင်းသည် စားသုံးသူများကို ဖမ်းစားနိုင်သော နာမည်ကျော်ဟင်းလျာဖြစ်၏။

သို့ဖြစ်၍လည်း...

မိတ်ဆုံစားသောက်ဆိုင်သည် နာမည်ကြီးစားသောက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ဆိုင်အနက်မှ အကောင်းဆုံး၊ အသန့်ရှင်းဆုံးစားသောက်ဆိုင် ဟုနာမည်ကျော်ခဲ့ခြင်းဖြစ်၏။

ထိုသို့ မှတ်ကျောက်အတင်ခံရခြင်းသည် လွန်ခဲ့သော အတိတ်ကဖြစ်သည်။

ယခု…

မိတ်ဆုံစားသောက်ဆိုင်သည် အစားအသောက် ညံ့ဖျင်းလာ၏။

သန့်ရှင်းသပ်ရပ်မှု နည်းပါးလာသည်။

လူမျိုးပေါင်းစုံတွေ့ရတတ်သော အညံ့စား စားသောက်ဆိုင် တစ်ခု ဖြစ်နေ၏။

မြို့ထဲ၌…

အညံ့ဖျင်းဆုံး စားသောက်ဆိုင်ပေါင်း နှစ်ဆယ်ကျော်မျှ ရှိ၏။

မိတ်ဆုံစားသောက်ဆိုင်သည်လည်း တစ်ခုအပါအဝင်ဖြစ်နေလေတော့သည်။

* * *



ညနေဆည်းဆာ အချိန်ဖြစ်သည်။

ကုန်သည်နှစ်ဦးသည် မြို့ထဲ လမ်းမအတိုင်း လျှောက်လာကြသည်။

သူတို့သည် ခမောက်ကိုယ်စီ ဆောင်းထားကြ၏။

သူတို့သည် မိတ်ဆုံစားသောက်ဆိုင်ရှေ့၌ ခေတ္တရပ်တန့်ကာ ဆေးဘီဝဲယာသို့ တစ်ချက်မျှ ကြည့်လိုက်ကြလေသည်။

ပြီးမှ…

ဆူညံသောစကားသံများ၊ အပေါစားအရက်နှင့် လူပေါင်းစုံတို့၏ချွေးနံ့များ ဖုံးလွှမ်းနေသော မိတ်ဆုံစားသောက်ဆိုင်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

သူတို့သည် ဆူညံနေသော စားသောက်ဆိုင်ခန်းထဲမှ ထောင့်စားပွဲတစ်နေရာ၌ တိတ်ဆိတ်စွာ နေရာယူလိုက်ကြ၏။

ထို့နောက်…

ဆက်ဆံရေးပြေပြစ်မှုမရှိသော ဆိုင်လုလင်အား ညံ့ဖျင်းသော ဟင်းလျာများနှင့်ထမင်းကို မှာကြားလိုက်၏။

သူတို့စားပွဲနှင့် မလှမ်းမကမ်း၌ အာကျယ်ရှိနေပေသည်။

အာကျယ်ကို လူများက အမျိုးမျိုးခေါ်ကြ၏။

ထိုနာမည်များစွာအနက် အာကျယ်ဟူသောနာမည်မှာ လူသိများ၏။

အာကျယ်သည် ထိုနာမည်ပြောင်နှင့် လိုက်ဖက်၏။

သူသည် သိုင်းလောက၏သတင်းနှင့် အခြားထူးခြားသော

www.burmeseclassic.com

www.burmeseclassic.com



သတင်းများကို အာဘောင်အာရင်းသန်သန်နှင့် ပြောတတ်သော ကြောင့်ဖြစ်၏။

သို့ဖြစ်၍...

လူကြီးလူကောင်းများ အပန်းဖြေအနားယူသော စားသောက်ဆိုင်များက အာကျယ်ကို လက်မခံကြချေ။

အာကျယ်၏ အကြောင်းမသိသော မိတ်ဆုံစားသောက်ဆိုင်သည် အာကျယ်ကြောင့် အညံ့ဖျင်းဆုံးသော စားသောက်ဆိုင်နှစ်ဆယ်ကျော်စာရင်း၌ အပါအဝင်ဖြစ်သွားခဲ့ရသည် မဟုတ်ပါလား။

* * *

အာကျယ်သည် သတင်းအနံ့ခံကောင်း၏။

သို့ဖြစ်၍...

သတင်းဦး သတင်းထူးရတတ်၏။

သို့ရာတွင်...

သူသည် သတင်းကို စီစစ်ခြင်းမရှိပါ။

သတင်းတစ်ပုဒ်သည် မည်မျှမှန်သည်။

ကောလဟာလ သတင်းဟုတ်မဟုတ် မစီစစ်ပါ။

ရရှိသည့်သတင်းဘိုင်းကို မိမိကိုယ်တိုင် တွေ့ကြုံသကဲ့သို့ အာဘောင်အာရင်းသန်သန်ဖြင့် ပြောတတ်သူဖြစ်ပါသည်။

မည်သို့ပင် ဖြစ်ပါစေ..



အာဝဇ္ဇန်းရွှင်သူကို လူတိုင်းက အရက်တိုက်၍ ဟုတ်ဟုတ် မဟုတ်ဟုတ် သူပြောသမျှကို နားထောင်တတ်ကြသည် မဟုတ်ပါလား။

ယခုလည်း..

သူသည် ရရှိသောသတင်းဦး၊ သတင်းထူးများကို လျှောက်ပြောနေသည်မှာ စားသောက်ဆိုင်သုံးဆိုင် ပြောင်းခဲ့ပြီ ဖြစ်၏။

မိတ်ဆုံစားသောက်ဆိုင်သည် သူ၏စတုတ္ထမြောက် သတင်းဖြန့်ချိရာနေရာဖြစ်သည်။

လူတိုင်းသည် ပေ့ဂေဟာပျက်စီးသည့်သတင်းကို ကြားပြီးကတည်းက အာကျယ်ကို မျှော်နေခဲ့ကြ၏။

အာကျယ်ရောက်လာသည်နှင့် အရက်တိုက်သူကတိုက်ကြသည်။

ကျွေးမွေးသူက ကျွေးမွေးပြီး သတင်းပေးကြ၏။

သို့ဖြစ်၍...

မိတ်ဆုံစားသောက်ဆိုင်ထဲ၌ အာကျယ်၏အသံသည် ဆူညံနေတော့သည်။

"ဟေ့..အဲဒါ ချူးတာဖုံးရဲ့လက်ချက်ဆိုတာ ဟုတ်ရဲ့လား"

တစ်ယောက်က ဝင်မေး၏။

အာကျယ်က...

"သူကလွဲလို့ ဘယ်သူရှိဦးမှာလဲ"

"နေပါဦး၊ မင်း သေသေချာချာ သိခဲ့လို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟုတစ်ယောက်က ဝင်မေးပြန်သည်။

အာကျယ်က...

"ငါက မဟုတ်ဘဲနဲ့ ပြောပဲ့မလား"

"ဒါဖြင့် မင်းရဲ့သတင်း မိုင်မာတယ်လို့ ဆိုလိုချင်တာလား"

အာကျယ် ခေါင်းညိတ်ကာ...

"ဟုတ်တယ်၊ ချူးတာဖုံးက ပေ့ဂေဟာကို ဘာလို့ဖျက်ဆီးခဲ့ရတယ်ဆိုတာ သိရဲ့လား"

"ပြောစမ်းပါဦး"

အာကျယ်က...

"ချူးတာဖုံးရဲ့ညီမကို ပေ့ကျွမ်းက ဖမ်းဆီးထားတာကို မင်းတို့ မသိဘူးလား"

ဟုအာကျယ်က မိမိပတ်ဝန်းကျင်မှ လူများကိုမေးလိုက်ပြီးမှဆက်၍...

"မသိတဲ့လူလည်း သိအောင်၊ သိပြီးတဲ့လူလည်း ပိုသိအောင်ပြောပြမယ်"

ဟု ပြောလိုက်၏။

စကားဝိုင်းမှ လူတစ်ယောက်က...

"ကဲပါ..ပေ့ချွမ်းက ချူးတာဖုံးရဲ့ညီမကို ဘာလို့ဖမ်းထားရတာလဲ"

ဟု မေးလိုက်သည်။

အာကျယ်က မိမိကိုယ်ကို အင်မတန်တော်သော ပုဂ္ဂိုလ်



တစ်ယောက်အသွင်ဖြင့် ရင်ကော့ကာ...

"မှတ်ထား၊ ပေ့ချွမ်းက မိန်းကလေးငယ်ငယ်ရွယ်ရွယ်ကို သိပ်သဘောကျတာ ချူးတာဖုံးရဲ့ညီမက လှလည်းလှ၊ ငယ်လည်းငယ်တယ် မဟုတ်လား"

အာကျယ်၏စကားကို နားထောင်နေသူတစ်ယောက်က နှာခေါင်းရှုံ့လိုက်၏။

"ဟေ့...အာကျယ် မင်းဟာ ဟုတ်မှလည်းပြောပါကွာ၊ သူများသားပျို သမီးပျိုကို မဦးမချွတ် မပြောပါနဲ့"

ဟု ဝင်ရောက်ပြောလိုက်၏။

အာကျယ်က မျက်နှာကို ရှုံ့မဲ့လိုက်ပြီး..

"ငါက မင်းတို့ မျက်စိပွင့်၊ နားပွင့်ပါစေတော့ဆိုပြီး သတင်းဦး သတင်းထူးရအောင် ဘယ်လောက်ကြိုးစားခဲ့ရသလဲဆိုတာ မင်းတို့မသိဘဲ ငါ့စကားကို ပျက်ရယ်မပြုနဲ့ နားမထောင်ချင်နေ"

ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြောလိုက်၏။

"ဟာ ဒီလို မလုပ်ပါနဲ့"

"ငါတို့ ယုံပါတယ် ဆက်ပြောပါ"

နားထောင်နေသူများက ဝိုင်းဝန်းချော့လိုက်သဖြင့် အာကျယ်သည် ကျေနပ်သွားဟန်ဖြင့် သူ၏သတင်းဦး သတင်းထူးကို ဆက်ပြော၏။

"အင်း ချူးတာဖုံးက ညီဇာအာဏာလဲရှိတယ်၊ လူအင်အားလဲရှိတယ်၊ ဒါကြောင့် ပေ့ချွမ်းဟာ ချူးတာဖုံးရဲ့ညီမကို အတင်း

www.burmeseclassic.com

www.burmeseclassic.com



ရမ်းယူဖို့ စိတ်မကူးဘဲ အတင်းခိုးယူတာပေါ့"

ဟု အာကျယ်က ပြောလိုက်၏။

လူတစ်ယောက်က...

"ဒါဆို ချူးတာဖုံးက ဘာကြောင့် ရက်အနည်းငယ်ကြာမှ မေ့ဂေဟာကို တိုက်ခိုက်ရတာလဲ၊ ဒီကြားထဲ သူ့ညီမ ဒုက္ခမရောက်ဘူးလား"

ဟု အထွန့်တက်၍ မေးလိုက်၏။

အာကျယ်က...

"ဒါကတော့ သူက အစီအစဉ် ရေးဆွဲခဲ့ရလို့ပဲ မေ့ဂေဟာကို တိုက်ခိုက်ခဲ့ပေမယ့် သူ့ညီမကို ငဲ့ရဦးမယ် မဟုတ်လား"

"ဒါဖြင့် ဘာဖြစ်လို့ အခုမှ ဝင်စီးရတာလဲ"

ဟု တစ်ယောက်က ဝင်ရောက်စပ်စုပြန်သည်။

အာကျယ်က...

"အဲဒါကြောင့် ငါပြောတာပေါ့၊ ချူးတာဖုံးဟာ သူ့ညီမ လွတ်မြောက်ရေးအတွက် အစီအစဉ် ရေးဆွဲရသေးတယ်၊ အစီအစဉ်အတိုင်း သူ့ညီမ လွတ်မြောက်ပြီးမှ သူက မေ့ဂေဟာကို ဝင်တိုက်ခိုက်တာ"

"ဟာ ဒါဆိုယင် မေ့ဂေဟာ ပြာပုံဖြစ်ပြီပေါ့"

ဟု တစ်ယောက်က မေး၏။

အာကျယ်က...

"ဟုတ်တယ်"



စောစောက လူက ထပ်မံ၍...

"အင်း မေ့ဂေဟာ ပတ်ဝန်းကျင်က သာယာလှပတယ်ဆိုလို့ ကျူပ်သွားကြည့်မလို့ စဉ်းစားနေတာ"

ဟု ပြောလိုက်သည်။

အာကျယ်က လက်ကာပြရင်း...

"မသွားနဲ့ ကိုယ့်လူ၊ ချူးတာဖုံးက အဲဒီ အနီးတစ်ဝိုက်မှာ မသက်ာတဲ့ လူတွေ့ရင် ဖမ်းခိုင်းထားတယ်"

ဟု ပြောလိုက်သည်။

ထို့နောက်...

သူသည် အရက်အိုးကိုမော့၍ သောက်လိုက်ပြီး သူ၏ ဦးခေါင်းကို ရှေ့သို့ တိုးလိုက်၏။

သူ၏စကားကို ဝိုင်း၍ နားထောင်နေသော လူများ၏ ဦးခေါင်းများလည်း အာကျယ်၏ဦးခေါင်းနှင့် နီးကပ်အောင် ရှေ့သို့ တိုးလာ၏။

အာကျယ်က လေသံဖြင့်...

"ဒီမှာ ချူးတာဖုံးရဲ့ညီမကို ဘယ်သူက ကယ်သွားတယ်ဆိုတာ သိလား"

ဟု မေးလိုက်၏။

ဦးခေါင်းကို ခါးယမ်းသွားသည်။

အာကျယ်က ကျေနပ်ဟန်ဖြင့် ပြုံးလိုက်သည်။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြွားသော လေသံဖြင့်…

"မှတ်ထားကြ၊ ချူးတာဖုံးရဲ့ညီမကို ကယ်တင်သွားတဲ့လူဟာ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဖန်ချီလင်းဆိုတဲ့လူပဲ"

ဟု ပြောလိုက်၏။

ထို့နောက်…

အာကျယ်သည် ဖန်ချီလင်းက ချူးတာဖုံး၏ညီမ ချူးယင်ကို မည်သို့မည်ပုံ ကယ်တင်သွားကြောင်း ဟန်နှင့်ပန်နှင့် ပြောပြနေ၏။

သူ၏စကားပြောပုံ လေယူလေသိမ်းဟန်ပန် အမူအရာတို့ကြောင့် နားထောင်သူများသည် သူ့ကို ငေးကြည့်နေရလေ၏။

သူသည် ဖန်ချီလင်းက ပေ့ချွမ်းတို့လူစုကြားမှ ချူးယင်ကို ကယ်တင်ခဲ့ပုံအား မိမိကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသကဲ့သို့ ပြောနေ၏။

ဟုတ်စွအဆုံး ဖန်ချီလင်းသည် ထိုစဉ်က မည်သည့်အဝတ်အစားများ ဝတ်ဆင်ထားသည်ကအစ အသေးစိတ် ပြောပြနေခြင်း ဖြစ်၏။

အာကျယ်၏စကားကို ဝိုင်း၍ နားထောင်သူများသည် ဖန်ချီလင်းကို မမြင်ဖူးကြချေ။

ထို့ကြောင့်…

အာကျယ်၏စကားကို ယုံကြည်နေကြ၏။

အာကျယ်နှင့် မျက်နှာချင်းဆိုင် စားပွဲမှ လူသည် ဖန်ချီလင်းကိုယ်တိုင် ဖြစ်ကြောင်း အာကျယ် သိမည်ဆိုပါက မည်သို့ ရှိမည်နည်း။

* * *

ဖန်ချီလင်းသည် ညစာကို တည်ငြိမ်အေးဆေးစွာ စားသောက်နေ၏။

မိမိနှင့် မျက်နှာချင်းဆိုင် စားပွဲမှ အာကျယ်တို့၏ ဆူညံသော စကားသံသည် မိမိအတွက် လုံးဝအနှောင့်အယှက် မဖြစ်ဟန်ဖြင့် ညစာကို စားသောက်နေ၏။

သူသည် ညစာကို တည်ငြိမ်စွာ စားသောက်နေသကဲ့သို့ ထောင့်စားပွဲမှ ခမောက်ဆောင်းထားသော ကုန်သည်နှစ်ယောက်သည်လည်း ညစာကို တိတ်ဆိတ်စွာ စားသောက်နေ၏။

ဖန်ချီလင်းသည် အာကျယ်၏စကားများကို စိတ်မဝင်စားသော်လည်း ခမောက်ဆောင်းထားသော ကုန်သည်နှစ်ဦးကိုတော့ စိတ်ဝင်စားနေ၏။

ထိုကုန်သည်နှစ်ဦးသည် အာကျယ်၏စကားကို စိတ်မဝင်စားပါ။

သူတို့သည် ညစာကို မြန်မြန်ယှက်ယှက် စားသောက်ရန်သာ စိတ်ဝင်စားနေ၏။

ဤသို့ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ အာကျယ်၏ပါးစပ်သည် ပိတ်သွားလေသည်။

အကြောင်းမှာ...

သူသည် ထပ်မံပြောဆိုရန် သတင်းစကားများ ကုန်ဆုံးသည့်အပြင် ဝေဖန်ချက်၊ ထင်မြင်ယူဆချက်လည်း ကုန်ဆုံး၍ ဖြစ်၏။

ထိုထက်ပို၍သော အကြောင်းအရာမှာ အရက်အိုး၌ အရည်ကုန်သွားသောကြောင့် ဖြစ်၏။

နောက်ထပ် အရက်ဒကာလည်း မရှိတော့ချေ။

သူ၏စကားကို နားထောင်မည့် လူဦးရေလည်း လျော့နည်းသွားပြီ ဖြစ်၏။

ထိုအချိန် ရောက်လာလျှင် လုပ်နေကျ အလုပ်ဖြစ်သော အလုပ်ကို အာကျယ် ပြုလုပ်လိုက်၏။

ထိုအလုပ်မှာ ထိုင်ရာမှ ထ၍ ညှိနေရာမှ ထွက်ခွာသွားခြင်း ဖြစ်သည် မဟုတ်ပါလား။

* * *

အာကျယ်သည် ယိမ်းယိုင်သော ခြေလှမ်းများဖြင့် မိတ်ဆုံစားသောက်ဆိုင်မှ ထွက်လာခဲ့၏။

ယနေ့အတွက် အာကျယ်သည် ရေချိန်လွန်နေပြီ ဖြစ်၏။



သို့သော်...

အရက်သမားများ၏ ထုံးစံအတိုင်း အိမ်ရောက်အောင် ပြန်ရဦးမည် ဖြစ်၏။

မိတ်ဆုံစားသောက်ဆိုင်မှ အာကျယ် ထွက်လာပြီး မကြာမီမှာပင် ခမောက်ဆောင်းထားသော ကုန်သည်နှစ်ယောက် ထွက်လာ၏။

ထို့နောက်...

မကြာမီ အချိန်၌ မိတ်ဆုံစားသောက်ဆိုင်၏ တံခါးဝ၌ ဖန်ရှီလင်း ထွက်ပေါ်လာလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## လုပ်ကြံခြင်း

ညဈေးတန်းရှိ၍ လမ်းမကြီး၏ ဝဲယာတစ်ဘက်တစ်ချက်
လူစည်ကားနေ၏။

မည်သည့်ပစ္စည်းမျှ မဝယ်ဘဲ ဈေးတန်းလျှောက်၍ ဈေး
သူများ၊ ညစာစားပြီး၍ လမ်းထွက်လျှောက်သူများ၊ ယခုမှ ညစာ
ရန် ညဈေးတန်းသို့ လာသူများက ဈေးဝယ်ဈေးသည်များ
လမ်းမကြီးတစ်လျှောက်လုံး စည်ကားနေ၏။

အာကျယ်သည် လမ်းမကြီးအတိုင်း လျှောက်လာ၏။

သူသည် လမ်းကိုဖြောင့်ဖြောင့်တန်းတန်း မလျှော
မလျှောက် ဟိုယိုင်သည်ထိုးဖြင့် လျှောက်၏။

လမ်းပေါ်မှ လူများက အာကျယ်ကို လမ်းဖယ်ပေးကြ



အာကျယ်သည် လမ်းမကြီးအတိုင်း အတန်ကြာ လျှောက်သွားပြီးနောက် လမ်းကြားတစ်ခုသို့ ချိုးကွေ့ဝင်ရောက်လိုက်၏။

ခမောက်ဆောင်းထားသော ကုန်သည်နှစ်ဦးသည်လည်း ထိုလမ်းကြားလေးထဲသို့ ချိုးကွေ့လိုက်လေတော့သည်။

* * *

လမ်းကြားကလေးသည် လူသုံးဦး သွားနိုင်၏။

ထိုလမ်းကြားကလေး၏ ဘေးတစ်ဘက်တစ်ချက်၌ ကြီးမားသော အုတ်နံရံ ကာရံထား၏။

အာကျယ်သည် ထိုလမ်းကြားထဲသို့ အတန်ငယ် လျှောက်မိသောအခါ မိမိနောက်မှ လူနှစ်ယောက် လိုက်နေကြောင်း သတိထားမိ၏။

ထို့နောက်...

ခြေလှမ်းကို ရုတ်တရက် ရပ်တန့်လိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်၏။

သူ၏နောက်ဘက်၌ မည်သူမျှ မရှိပါ။

လမ်းကြားတစ်ခုလုံး လူရှင်းနေ၏။

အာကျယ်သည် မိမိ အရက်အလွန်မူးနေပြီ ဟူသော အဓိပ္ပါယ်ဖြင့် တစ်ကိုယ်တည်း ဦးခေါင်းခါယမ်းလိုက်လေသည်။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှေ့သို့ ပြန်လှည့်လိုက်၏။

ဤတွင်...

သူသည် အရက်မူးပြေသွား၏။

အကြောင်းမှာ...

သူ၏ရှေ့၌ ခမောက်ဆောင်းထားသူနှစ်ယောက်သည် လမ်းပိတ်၍ ရပ်နေသောကြောင့် မဟုတ်ပါလား။

ထိုလူနှစ်ယောက်သည် ပထမ၌ မိမိ၏နောက်မှ လိုက်ခဲ့ပြီး ယခု အဘယ်ကြောင့် မိမိ၏ရှေ့သို့ ရောက်ရှိနေကြောင်း အာကျယ် စဉ်းစားမရချေ။

သို့သော်...

အာကျယ် စဉ်းစား၍ ရသော အဖြေတစ်ခု ရှိနေ၏။

ထိုအဖြေသည် မိမိ၌ အန္တရာယ် ကျရောက်နေပြီ ဟူသော အဖြေပင် ဖြစ်သည် မဟုတ်ပါလား။

* * *



အာကျယ်သည် မိမိသွားလမ်းကို ပိတ်၍ ရပ်နေသူနှစ်ဦး အား မှင်သေသေဖြင့် တစ်ချက်ကြည့်လိုက်ပြီး...

"ဟေ့ လူတွေ ကျုပ်မူးနေပြီ၊ သတင်းနားထောင်ချင်ရင် မနက်မှလာခဲ့"

ဟု အရက်မူးသံဖြင့် ပြောလိုက်သည်။

ခမောက်ဆောင်းထားသော ကုန်သည်နှစ်ယောက်အနက် တစ်ယောက်က ခမောက်ကို ချွတ်လိုက်ပြီး...

"မင်း ငါ့ကို သိသလား"

ဟုမေးလိုက်၏။

အာကျယ်က ထိုလူကို တစ်ချက်စိုက်ကြည့်ပြီး...

"မင်းက ဘယ်သူလဲ"

ထိုလူက...

"ငါ့ကို မသိဘူးလား"

"မင်းကို ဘာလို့ သိရမှာလဲ"

ထိုလူ တစ်ချက်ပြုံးကာ...

"မင်းက ငါ့ကိုသိရင် စောစောကဆိုင်မှာ မင်းပြောခဲ့တဲ့ စကားတွေကို ပိုပြီး စိတ်ဝင်စားသွားမယ်"

ဟု ပြောလိုက်၏။

အာကျယ် ရင်ထဲ၌ ထိတ်လန့်သွား၏။

သို့သော်...

မှင်သေသေဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ..ဟဲ၊ နောင်ကြီးက ဘယ်သူတုန်း မမှတ်မိတာ စိတ်မရှိပါနဲ့"

ဟု ပြောလိုက်၏။

ထိုလူက...

"မင်းပဲ ငါ့မကောင်းကြောင်း ပြောခဲ့တယ်၊ အခုပဲ ငါ့ကို မသိတော့ဘူးလား"

ဟု မေးလိုက်သည်။

အာကျယ် ခေါင်းယမ်းကာ...

"ကျုပ် ဘယ်သူ့ မကောင်းကြောင်းမှ မပြောဘူး"

ဟု ပြောလိုက်၏။

ထိုလူ၏မျက်နှာ တည်သွား၏။

အာကျယ်အား စိုက်ကြည့်ကာ...

"ဒါဖြင့် မင်းကို ငါတစ်ခု မေးမယ်"

ဟု ပြောလာသည်။

အာကျယ်က...

"မေး"

ထိုလူက...

"မင်း ပေ့ချွမ်းကို တွေ့ဖူးလား"

ဟု မေးလိုက်သည်။

အာကျယ် ခေါင်းယမ်းလိုက်သည်။

ပြီးမှ...



ရှတ်တရက် ထိတ်လန့်ဟန်ဖြင့် ထိုလူ့ကို လက်ညှိုးထိုးလိုက်ပြီး...

"ခင်..ခင်ဗျားက.."

ထိုလူက အာကျယ်၏စကားမဆုံးမီ ဖြတ်၍...

"ဟုတ်တယ်၊ ပေ့ချွမ်းဆိုတာ ကျုပ်ပဲ"

အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

"ဟာ"

အာကျယ် လိပ်ပြာလွင့်သွားမတတ် ကြောက်ရွံ့သွား၏။

"မင်းကို ဆုံးမရမယ်"

ပေ့ချွမ်း၏ခက်ထန်သော လေသံ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင်...

သူ၏လက်ထဲမှ ခမောက်ကို ပစ်လွှင့်လိုက်၏။

တပြိုင်တည်း ပေ့ချွမ်းသည် အာကျယ်ထံသို့ ခုန်ဝင်လိုက်သည်။

"အမယ်လေး"

အာကျယ် ထိတ်လန့်တကြား အော်ကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။

ထိုစဉ်...

"ဟူး"

လေတိုးသံတစချက် ထွက်ပေါ်လာပြီး အာကျယ်နံရံပေါ်မှ လူရိပ်တစ်ရိပ် ခုန်ဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရိုပ်သည် ခုန်ဆင်းလာသောအခါ ပွေ့ချွမ်း ပစ်လွှင့်လိုက်သော ခမောက်နှင့် ရင်ဆိုင်တိုးမိသွားသည်။

ထိုလူရိုပ်သည် ခမောက်အား ရှောင်တိမ်းလိုက်စဉ် ခဏမှာပင်...

"အား"

အာကျယ်သည် စူးရှစွာ အော်ဟစ်ရင်း လဲကျသွားသည်။

ဓားသည် ပွေ့ချွမ်းလက်ထဲသို့ ပြန်လည်ရောက်ရှိသွားသည်။

ဓားရိုးပေါ်၌ ကြိုးတစ်ချောင်းချည်နှောင်ထားသည်။

အလွန်ခိုင်မြဲသော သံကြိုးလေးဖြစ်သည်။

သူသည် ဓားကို ပြန်လည်ရုပ်သိမ်းပြီးနောက် သူကခန္ဓာကိုယ်ကို နောက်သို့ဆုတ်ခွာပြီး ရပ်တန့်လိုက်သည်။

ဓားကို ပါးစပ်အနီးသို့ကပ်၍ လေမှုတ်လိုက်ရာ ဓားပေါ်မှ သွေးစက်များသည် လွင့်စဉ်သွားလေသည်။

လူရိုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျားရဲ့ဓားချက်က အတော့်ကို ရက်စက်ပါလား"

ဟုလည်း ပြောလိုက်သည်။

ပွေ့ချွမ်း ပြုံးလိုက်သည်။

"ကျုပ်ရဲ့ဓားက ကြိုးကလေးညိနေလို့ပါ နို့မဟုတ်ရင် မင်းက အချိန်မီတားမိမှာပဲ"

လူရိုပ်က...

"ကျုပ်ထင်ထားတာကတော့ ခင်ဗျားက ကျုပ်ကို ခမောက်နဲ့ဟန့်တားမယ်လို့ ထင်မိတာ"



ဟု ပြောလာသည်။

ပွေ့ချွမ်းက...

"ဒါကတော့ မင်းက ကိုယ့်ကိုကိုယ် အထင်သေးတာကိုး"

ထိုလူ မျက်မှောင်ကုပ်သွားသည်။

"ကျုပ်ကိုယ်ကျုပ် အထင်သေးတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ပွေ့ချွမ်း ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားလို လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက်ကို ခမောက်တစ်လုံးနဲ့ တားလို့ရမလား"

ပွေ့ချွမ်းအနီး၌ရပ်နေသော ကုန်သည်က...

"ကိုယ့်ကိုကိုယ် နှိမ့်ချပြောတာက မှန်မြတ်တဲ့အကျင့်တစ်ခုပါ၊ ဒါပေမယ့် ကိုယ့်ကိုကိုယ် နှိမ့်ချလွန်းတော့လည်း သူများအထင်သေးတတ်ပါတယ်"

ဟု ပြောလာသည်။

ပွေ့ချွမ်း ပြုံးလိုက်သည်။

"သိုင်းလောကတစ်ခုလုံးက ဖန်ချီလင်းကို ရွှေလက်ချောင်းသိုင်းသမားလို့ အသိအမှတ်ပြုထားပါတယ်၊ သူက ကိုယ့်ကိုကိုယ် နှိမ့်ချပြောပေမယ့် တကယ်တော့ ကိုယ့်ကိုကိုယ် အထင်မသေးပါဘူး"

"ဟား..ဟား..ဟား"

ထိုကုန်သည်က ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ နှာခေါင်းအား တစ်ချက်ပွတ်ကာ...

"အင်း...ထိပ်တန်းဓားသမားတစ်ယောက်က စကားပြောတတ်ဖို့လည်း လေ့ကျင့်ဖို့လိုလိမ့်မယ် ထင်တယ်"

ဟုပြောလာသည်။

ပေ့ချွမ်းက...

"ခင်ဗျားက ငွေနဲ့ပညာကို ယှဉ်တွဲထားတဲ့လူတစ်ယောက်ဆိုတာ လူတိုင်းသိထားတယ်၊ ဒါကြောင့် စကားမပြောတတ်လည်း အရေးမကြီးပါဘူး"

ထိုကုန်သည် ခေါင်းညိတ်လိုက်သည်။

"ကျုပ်ဟာ ကြေးစားလုပ်ဖို့ပဲ ကောင်းပါတယ်လေ"

သူကပြောပြီး ခမောက်အား ချွတ်လိုက်သည်။

ထိုကုန်သည်သည်ကား ကြေးစားငွေဓားပင် ဖြစ်ပါသည်။

သူက ခမောက်အား ဆွဲချွတ်လိုက်သည့် တဒင်္ဂအချိန်အတွင်းမှာပင် ဝင်းလက်သောဓားရောင်တစ်ချက် ထွက်ပေါ်လာသည်။

ပေ့ချွမ်းက လက်ထဲမှဓားဖြင့် ရုတ်တရက် ရှေ့သို့ထိုးသွင်းလိုက်ခြင်းပင်ဖြစ်သည်

ယခုတစ်ကြိမ်....

သူက ဓားဖြင့်ပစ်လွှတ်ကာ တိုက်ခိုက်လိုက်ခြင်း မဟုတ်ပါချေ။

သူ၏တိုက်ကွက်များသည် အလွန်လျင်မြန်ပြီး အားမာန်ပြင်းထန်လှပေသည်။



သူလုပ်ရှားမှုမှာ ဓားကိုကောင်းစွာ သုံးတတ်သော လို့ဖွက်ဓားသမားတစ်ယောက် ဖြစ်နေ၏။

"ထောက်"

ဓားသည် ခမောက်သို့ ထိုးဖောက်ဝင်ရောက်ပြီး ငွေဓား၏ ရင်ဝတည့်တည့်သို့ စိုက်ဝင်သွားလေသည်။

"အင့်"

ငွေဓားထံမှ မသဲမကွဲညည်းညူသံ တစ်ချက်ထွက်ပေါ်လာလေသည်။

ပေ့ချွမ်းက ဓားကို ပြန်လည်ဆွဲထုတ်လိုက်၏။

ငွေဓား၏ဒဏ်ရာမှ သွေးများပန်းထွက်လာသည်။

သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် အုတ်နံရံသို့ဆုတ်သွားသည်။

အမှန်မှာ...

ငွေဓား၏တုန့်ပြန်မှု နှေးသည်ဟု မဆိုနိုင်ပါချေ။

သူသည် ဓားအိမ်ထဲမှဓားကို ဆွဲထုတ်လိုက်ပြီးဖြစ်၏။

သို့သော်...

ပေ့ချွမ်း၏တိုက်ခိုက်မှုကို ဟန့်တားနိုင်ရန် လက်မဝင်ခန့် ကွာသွားခြင်းသာဖြစ်သည်။

ပေ့ချွမ်း၏ တိုက်ခိုက်မှုမှာ မည်သူကမျှ မမျှော်လင့်သော တိုက်ခိုက်မှုဖြစ်သည်။

ငွေဓားသည် ပေ့ချွမ်းက မိမိအားလုပ်ကြံလာလိမ့်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



လုံးဝမမျှော်လင့်ခဲ့ပါ။

သူသည် ဒဏ်ရာကို လက်ဝါးဖြင့် အုပ်ထားပြီးမှေ့ချွမ်းအား အံ့သြစွာကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

မှေ့ချွမ်းက ပြန်မေးလိုက်သည်။

"မင်းက ငါ့ဆီကခွဲထွက်သွားတော့မယ် မဟုတ်လား"

ငွေဓားက...

"ဟုတ်တယ်၊ မျှော်လင့်ချက်မရှိတဲ့လူနဲ့ နေဖို့မသင့်ဘူး မဟုတ်လား"

မှေ့ချွမ်းက....

"အမှန်ပြောရမယ်ဆိုရင် ကျုပ်က အာကျယ်ကို မသတ်သင့်ဘူး"

ဟုပြောလာသည်။ ငွေဓား မချိပြုံးပြုံးလိုက်သည်။

"ကျုပ်က တစ်ချက်သတိလစ်သွားတယ်"

မှေ့ချွမ်းက...

"ဘာများလဲ"

ဟုမေးလိုက်သည်။

ငွေဓားက...

"ခင်ဗျားလို ပုဂ္ဂိုလ်မျိုးက ဘာကြောင့် အာကျယ်လိုလူစားမျိုးကို ဘာမဟုတ်တဲ့ကိစ္စနဲ့ ရှင်းပစ်တယ်ဆိုတာ ကျုပ်စဉ်းစားလို့မရဘူး"



မှေ့ချွမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ရဲ့ အဓိကရည်ရွယ်ချက်က မင်းကိုရှင်းပစ်ဖို့ပါပဲ"

ငွေဓားက ပင့်သက်ရှိုက်ကာ...

"ခင်ဗျားက ကျုပ်ကို ဘာကြောင့်ရှင်းပစ်ချင်ရတာလဲ"

ဟုမေးလိုက်သည်။ မှေ့ချွမ်းက...

"မင်းက ဉာဏ်ကောင်းတဲ့သူ တစ်ယောက်ပါ။ အခုလို ဒုက္ခရောက်တဲ့အခါမှာ ကျုပ်ဆီကထွက်ခွာသွားမယ့်စကား မပြောသင့်ဘူး"

ငွေဓား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က မေ့သွားလို့ပေါ့၊ နို့မဟုတ်ရင် စောစောကတည်းက ထွက်သွားဖို့ကောင်းတယ်"

သူသည် စကားဆုံးသည်နှင့်လက်တစ်ချက် လှုပ်ရှားလိုက်လေသည်။

"ဝှစ်"

လေတိုးသံသွဲ့သွဲ့ ထွက်ပေါ်လာသည်။

သူ၏လက်ထဲမှဓားသည် မှေ့ချွမ်းထံသို့ ပြေးဝင်သွား၏။

မှေ့ချွမ်း၏ခန္ဓာကိုယ်သည် ဘေးဘက်သို့ ရှောင်တိမ်းလိုက်၍ လက်ထဲမှဓားဖြင့် ရိုက်ချလိုက်ရာ...

"ချွမ်း"

ငွေဓား၏ဓားသည် လွင့်စဉ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင်....

ငွေဓား၏လက်နှစ်ဘက်က အပေါ်သို့မြှောက်လိုက်သည်။

သူ့အင်္ကျီလက်နှစ်ဘက်မှ မြားငယ်နှစ်စင်းသည် ပေ့ချွမ်းထံသို့ ပစ်လွှင့်သွားလေသည်။

သူသည် ခေါင်းငုံ့လိုက်၍ လည်ကုတ်နေရာမှ မြားတစ်စင်းက ထပ်မံပစ်လွှင့်လိုက်ပြန်သည်။

တစ်ဆက်တည်းပင် သူ့ခန္ဓာကိုယ်ကို လေထဲသို့ ခုန်တက်သွားပြီး ခြေထောက်နှစ်ဘက်ဖြင့် ပေ့ချွမ်းအား တိုက်ခိုက်လိုက်လေသည်။

"ထောက်..ထောက်..ထောက်"

သူ့ဖိနပ်ထိပ်မှ ချွန်ထက်သော ဓားငယ်နှစ်လက် ခုန်ထွက်လာလေသည်။ ပေ့ချွမ်းက ဓားဖြင့် မြားသုံးစင်းကို ရိုက်ချလိုက်သည်။

ငွေဓား၏ခြေထောက်နှစ်ဘက်ကိုလည်း အောက်သို့ငုံ့၍ ရှောင်လိုက်လေသည်။

ထိုအချိန် သူ၏လက်ထဲမှဓားသည် ထပ်မံပစ်လွှင့်လိုက်၏။

သူ၏ဓားသည် ငွေဓား၏ရင်ဝသို့ စိုက်ဝင်သွားတော့၏။

ဤတစ်ကြိမ်တွင်...

"ဝုန်း"

ငွေဓားသည် လုံးဝမလှုပ်ရှားနိုင်တော့ဘဲ မြေပေါ်သို့လဲကျသွားလေတော့သည်။

* * *

## နှစ်မျက်နှာ

ပေ့ချွမ်းသည် ဓားကို ဓားအိမ်ထဲသို့ ပြန်လည်ထည့်သွင်းလိုက်၏။

သူ၏မျက်လုံးအစုံသည် ဖန်ချီလင်းထံသို့ ရောက်ရှိသွား၏။

"မင်းက ဘာဖြစ်လို့ မတားတာလဲ"

ဖန်ချီလင်း ပြုံးလိုက်သည်။

"သူက ဘယ်လိုလူစားမျိုးဆိုတာ ကျုပ်မမေ့ပါဘူး"

"ဟုတ်တယ်"

ပေ့ချွမ်းက တစ်ချက်ရယ်မောရင်း...

"သူက အလွန်ရက်စက်တဲ့ ကြေးစားတစ်ယောက်ပဲ၊ သူ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သေဆုံးခဲ့တဲ့လူ မနည်းတော့ဘူး၊ ဒါကြောင့် သူဟာ သေသင့်သေထိုက်တဲ့လူ တစ်ယောက်ပဲ"

ဖန်ချီလင်း ပြုံးလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် အခုလို အချင်းချင်းတိုက်ခိုက်ကြတော့ ကျုပ်အတွက် အကျိုးမယုတ်ပါဘူးလေ"

ပေ့ချွမ်းက....

"မင်းက ကျုပ်ကို အလစ်တိုက်ခိုက်လို့ရပါတယ်"

ဖန်ချီလင်းက....

"ခင်ဗျားလိုလူမျိုးကို အလစ်တိုက်ခိုက်ဖို့ လွယ်ပါ့မလား"

ပေ့ချွမ်းက...

"မင်းဟာ သူများကို အလစ်ချောင်းပြီး တိုက်ခိုက်တတ်တဲ့လူမျိုးမဟုတ်ဘူးလို့ ပြောတာလား"

ဖန်ချီလင်းက...

"ကျုပ်က ခင်ဗျားကို အထင်မသေးရဲပါဘူး"

"ဒါနဲ့ မင်းက ဘယ်အချိန်ကစပြီး ကျုပ်အပေါ် စိတ်ဝင်စားလာတာလဲဗျ"

ဖန်ချီလင်းက...

"ခင်ဗျား စားသောက်ဆိုင်ထဲ စတင်ဝင်ရောက်လာကတည်းက ကျုပ် စိတ်ဝင်စားနေပါတယ်၊ ခင်ဗျားက အာကျယ်ကို ဒေါသဖြစ်နေလို့ မသိလိုက်တာ ဖြစ်ရမယ်"

ပေ့ချွမ်း ခေါင်းညိတ်လိုက်သည်။



"ကျုပ်လိုလူမျိုးက ကိုယ်နဲ့အဆင့်အတန်းအများကြီးကွာတဲ့ အာကျယ်လိုလူမျိုးကို စိတ်ဆိုးရမလားဗျာ"

သူသည် ပြောရင်း အားရပါးရ ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား"

ဖန်ချီလင်းက သူ့အား အေးတိအေးစက် ကြည့်နေ၏။

ပေ့ချွမ်းက ရယ်မောပြီးမှ ရပ်တန့်လိုက်သည်။

"မင်းလည်း ရယ်လိမ့်မယ်လို့ ငါထင်မိတာ"

ဖန်ချီလင်းက...

"ခင်ဗျားပြောတဲ့စကား တစ်ခွန်းမှ ရယ်စရာမပါ ပါဘူး"

သူက ခေါင်းယမ်းကာ...

"ကျုပ်က ငွေခားလို ဘုမသိဘမသိနဲ့ မသေချင်ဘူး"

ပေ့ချွမ်းက သက်ပြင်းချလိုက်သည်။

"အင်း..ကြည့်ရတာ ကျုပ်ကတ ခြားနည်းလမ်းကို စဉ်းစားရဦးမယ်နဲ့တူတယ်"

ဖန်ချီလင်းက...

"ခင်ဗျားနည်းလမ်း မစဉ်းစားမီခင် ကျုပ်မေးတဲ့မေးခွန်းဖြေပါလား"

ပေ့ချွမ်းက...

"မင်းက ဒီလောက် တောင်းတောင်းပန်ပန် ပြောနေမှတော့ ကျုပ်က အဖြေမပေးဘူးလို့ ပြောရင် အားနာစရာဖြစ်နေမှာပေါ့"

သူက ပခုံးတစ်ချက်တွန့်ကာ...

www.burmeseclassic.com



"ဒါပေမယ့် ဒီနေရာမှာ စကားပြောလို့ မကောင်းပါဘူး"

ဖန်ချီလင်း ခေါင်းညိတ်ရင်း..

"ရပါတယ်၊ ခင်ဗျား ကြိုက်တဲ့နေရာ သွားနိုင်ပါတယ်"

ပေ့ချွမ်းက ပြုံးလိုက်ပြီး ခြေလှမ်းလှမ်းလိုက်လေသည်။

ဖန်ချီလင်းက နောက်မှ လိုက်သွားလေတော့သည်။

* * *



သူတို့နှစ်ယောက် ခြေသံသည် ပျောက်ကွယ်သွားပြီးနောက် လမ်းကြားကလေးထဲ၌ ပြန်လည်တိတ်ဆိတ်သွားလေသည်။

လူတစ်ယောက်သည် ကျားသစ်တစ်ကောင်ပမာခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်သည်။

သူသည် ငွေစားထံသို့ လှမ်းသွားပြီး လက်ဝါးဖြင့် ငွေစား၏နှာခေါင်းဝသို့ စမ်းကြည့်လိုက်သည်။

ထို့နောက်...

ပေ့ချွမ်းနှင့် ဖန်ချီလင်းတို့ ထွက်သွားရာဘက်သို့ ပြေးလိုက်သွားလေသည်။

ထိုလူသည် ချူးတာဖုံး၏ လျှို့ဝှက်ကိုယ်ရံတော်စားကဝေပင်ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် မှေးမှိန်နေ၏။

ဖန်ချီလင်းနှင့်ပေ့ချွမ်းတို့သည် အရှေ့ဘက်သို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

သူတို့သည် မြို့ပြင်သို့ရောက်လာ၍ ရေကန်ဘောင်အတိုင်း လျှောက်သွားပြန်လေသည်။

သူတို့သည် ခဏတာမျှ ဆက်၍လျှောက်ပြီး ခြေလှမ်းရပ်တန့်သွားသည်။

ကန်ဘောင်တစ်ဘက်၌ အပင်များ အစီအရီစိုက်ထား၏။ ရှေ့သို့မျှော်ကြည့်လိုက်လျှင် ကန်ဘောင်ဘက်မှ ဖြောင့်တန်းပြီး အဆုံးအစမရှိဟု ထင်ရလေသည်။

လရောင်ပက်ဖျန်းထားသောကြောင့် ကဗျာဆန်သော ပန်းချီကား တစ်ချပ်သဖွယ် တူလှပေသည်။

ပေ့ချွမ်းက တည့်မတ်စွာ လျှောက်သွားသည်။

သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။



"ဒီနေရာက တော်တော့်ကို ကောင်းတဲ့နေရာပဲ"

ဖန်ချီလင်းက...

"အင်း"

"ပေ့ချွမ်းက...

"ဒီနေရာဟာ အတော်ကလေး သာယာတယ် မဟုတ်လား"

ဖန်ချီလင်းက...

"ဟုတ်တယ်"

ပေ့ချွမ်းက...

"အရင်တုန်းကဆိုရင် ကျုပ် ဒီနေရာကို သဘောကျလို့ ခဏခဏလာတတ်ပါတယ်"

ဖန်ချီလင်းက...

"ဘယ်လောက် ကြာပြီလဲ"

ပေ့ချွမ်းက...

"အတော်လေး ကြာပါပြီ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အချိန်တွေ ဘယ်လိုကုန်ဆုံးသွားပါစေ၊ ပြောင်းလဲမှုတော့ မရှိပါဘူး"

ဖန်ချီလင်းက...

"အရင်တုန်းက ဒီလိုအချိန်မျိုးပဲလား"

ပေ့ချွမ်း ခေါင်းယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ မနက် ဝေလီဝေလင်းအချိန်က ကဗျာအ

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဆိုးပါပဲ"

ဖန်ချီလင်းက...

"ခင်ဗျားက ကဗျာစပ်တတ်တယ်လို့ ကျုပ်ကြားမိတယ်၊ ခင်ဗျားဟာ ကဗျာစပ်ဖို့ မေ့နေလို့ပါ"

ပေ့ချွမ်းက...

"ကျုပ်က ဘာကြောင့် ဒီလိုအချိန် ဒီနေရာကိုရွေးချယ်လိုက်တယ်ဆိုတာ မင်းသိလား"

ဖန်ချီလင်းက....

"ခင်ဗျားစပ်တဲ့ကဗျာ ကျုပ်မှ မဖတ်ဖူးဘဲကိုး"

ဟုပြောလိုက်၏။

ပေ့ချွမ်းက...

"ကျုပ်ရဲ့ကဗျာကို ဖတ်မိသည့်တိုင်အောင် သူ့ရဲ့အနှစ်သာရကို ခင်ဗျားနားလည်မှာ မဟုတ်ပါဘူး"

ဖန်ချီလင်း သက်ပြင်းချကာ...

"ကျုပ်က သိုင်းသမားတစ်ယောက်ပဲ၊ ဒါကြောင့်.."

သူ၏စကားမဆုံးမီ ပေ့ချွမ်းက မေးလာသည်။

"မင်းဆိုလိုတာက သိုင်းပညာဘက်မှာ အနှစ်သာရ ရှိပြီလို့ ဆိုလိုတာလား"

ဖန်ချီလင်း ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်ပြောပြီးပြီပဲ၊ ကျုပ်ဟာ သိုင်းသမားတစ်ဦးပါ"

ပေ့ချွမ်း မချိပြုံးပြုံးလိုက်သည်။



"အခုမှ ကျုပ် နောင်တရပြီဗျ"

ဖန်ချီလင်းက...

"ဘာကိုလဲ"

ဟုမေးလိုက်သည်။

ပေ့ချွမ်းက...

"ချူးတာဖုံးက ငွေကုန်ကြေးကျခံပြီး မိတ်ဆွေများများ ပေါင်းထားတယ်၊ ဒါဟာ လူတိုင်းဆီက အကြိုဉာဏ်ရယူဖို့လေ"

ဖန်ချီလင်းက...

"ချူးတာဖုံးက ဘယ်လိုလူစားမျိုးလဲ"

ပေ့ချွမ်းက အဖြေမပေးဘဲ ပြန်မေးလိုက်သည်။

"ကျုပ်နဲ့ချူးတာဖုံး ဘာကြောင့် ရန်သူအသွင်ဖြစ်နေတယ်ဆိုတာ ခင်ဗျားသိသလား"

"သူနဲ့ရန်ငြိုးရှိလို့ ဒုက္ခပေးချင်တာမဟုတ်လား"

ပေ့ချွမ်း ခေါင်းယမ်းလိုက်၏။

"မဟုတ်ဘူး"

"ဒါဖြင့်"

"သူ့ဆီက ပစ္စည်းဥစ္စာလိုချင်လို့ပေါ့"

ဖန်ချီလင်း အံ့သြသွားသည်။

"ပေ့ဂေဟာက ချူးတာမိသားစုခြံဝင်းထက် မနိမ့်ကျပါဘူး"

"ဒီအနီးတဝိုက်နယ်မြေမှာ ဆိုင်ဆယ်ဆိုင်ရှိတယ်ဆိုရင် အချက်အချာကျတဲ့ စီးပွားရေးလုပ်ငန်းလေးခုလောက်က သူပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တယ်ဆိုတာ ခင်ဗျားသိမှာပေါ့"

ဖန်ချီလင်း ခေါင်းညိတ်လိုက်၏။

"သိပါတယ်"

ပေ့ချွမ်းက...

"ကောင်းပြီ၊ ဒီလို စီးပွားရေး အချက်အချာကျတဲ့ လုပ်ငန်းစုတွေကို ဝယ်ယူနိုင်အောင် သူငွေတွေ ဘယ်ကရသလဲဆိုတာရော သိသလား"

ဟု မေးလိုက်ပြန်သည်။

ဖန်ချီလင်းက...

"ဒါတော့ ခင်ဗျားပြောမှပဲ သေသေချာချာ သိနိုင်မှာပါ"

ပေ့ချွမ်းက...

"မင်းက တချွေနက်ဂိုဏ်းကို ဖြိုခွဲတိုက်ခိုက်ဖူးခဲ့တယ် မဟုတ်လား"

ဖန်ချီလင်း မျက်မှောင်ကုပ်ကာ...

"ဒါနဲ့ဆိုင်လို့လား"

"ဆိုင်တာပေါ့"

ဖန်ချီလင်း စိတ်ဝင်စားသွားသည်။

"ဆိုစမ်းပါဦး"

ပေ့ချွမ်းက ချောင်းတစ်ချက်ဟန့်ရင်း...

"တချွေနက်ဂိုဏ်း မပြိုကွဲခင် လွန်ခဲ့တဲ့ သုံးနှစ်ဝန်းကျင်လောက်က ဒီနယ်မှာ လုယက်မှုသုံးခု ဖြစ်ပွားခဲ့တယ်၊ သဲလွန်စ မရပေမယ့် တချွေနက်ဂိုဏ်း လက်ချက် ဖြစ်တယ်ဆိုတာ မကြာသေးခင်ကမှ အထောက်အထားတွေ တွေ့ရှိလာတယ်၊ ဒါပေမယ့် တချွေနက်ဂိုဏ်း ပြိုကွဲသွားတော့ ဘာမှ ဆက်လုပ်လို့ မရခဲ့ဘူး၊ ဒါပေမယ့် ထူးခြားတဲ့ သဲလွန်စတစ်ခုကို လောင်ဖူးကျက်က တွေ့ရှိခဲ့ရတယ်"



"လောင်ဖူးကျက်က သေသွားပြီ မဟုတ်လား"

ပေ့ချွမ်းက...

"ဟုတ်တယ်၊ သူ လုပ်ကြံခံလိုက်ရတာ"

"ဗျာ"

ထိုစကားကြောင့် ဖန်ချီလင်း အံ့သြသွားလေသည်။

ပေ့ချွမ်းအား ကြည့်ကာ...

"ဘယ်လို သေဆုံးသွားတဲ့ အုပ်ချုပ်ရေးမှူး လောင်ဖူးကျက်ဟာ လုပ်ကြံခံလိုက်ရတာ ဟုတ်လား"

ဟု မေးလိုက်သည်။ ပေ့ချွမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဖန်ချီလင်း သက်ပြင်းချလိုက်သည်။

"ကျုပ်တော့ နားရှုပ်သွားပြီ"

ပေ့ချွမ်းက...

"ကျုပ်ရှင်းပြပါ့မယ်"

ဖန်ချီလင်းက နားစွင့်လိုက်၏။

ပေ့ချွမ်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"လောင်ဖူးကျက်ဟာ မမျှော်လင့်ဘဲ ချူးမိသားစု ခြံဝင်းနဲ့ တစ္ဆေနက်ဂိုဏ်း အဆက်အသွယ် ရှိတဲ့အပြင် လုယက်ထားသမျှ ရတနာပစ္စည်းတွေကို ချူးခြံဝင်းမှာ လျှို့ဝှက်ထားရှိတဲ့ အချက်အလက်တွေကို လောင်ဖူးကျက်က ရှာဖွေစုံစမ်းမိခဲ့တယ်၊ ဒါကို ရိပ်မိသွားတဲ့ ချူးမိသားစု ခြံဝင်းက သတင်းမပို့နိုင်မီ ပိပိရိရိ လုပ်ကြံသွားပြီး လောင်ဖူးကျက် ရယူထားတဲ့ အချက်လက်တွေကို ရယူဖျက်ဆီးပစ်ခဲ့ကြတယ်"

ဖန်ချီလင်း မျက်မှောင်ကုပ်ကာ...

"ခင်ဗျား ဒီအကြောင်းတွေ ဘယ်လိုလုပ်သိသလဲ"

ဟု မေးလိုက်သည်။

ပေ့ချွမ်း တစ်ချက်ပြုံးကာ...

"အဲဒီအချိန်မှာ ဝမ်းထိန်က တိုက်တဆိတ် ရောက်ရှိနေတယ်ဆိုတာ သူတို့သိမသွားဘူးလေ"

သူက ဖန်ချီလင်းအား ကြည့်ကာ ဆက်ပြောလိုက်၏။

"ခင်ဗျားကို တစ်ခုပြောရဦးမယ်၊ ဝမ်းထိန်ဟာ ကျုပ်ရဲ့ တစ်ဝမ်းကွဲညီပဲ၊ ဒီအကြောင်းကို သိတဲ့လူ မရှိတော့ သလောက်ပဲ"

ဖန်ချီလင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"လက်စသတ်တော့ ဒီလိုကိုး"

ပေ့ချွမ်းက...

"မင်းဆက်စပ်စဉ်းစားလို့ရပြီ ထင်တယ်"

ဖန်ချီလင်း ခေါင်းညိတ်လိုက်သည်။



"ကျုပ်သဘောပေါက်ပြီ၊ ဝမ်းထိန် မသိဟန်ဆောင်ခဲ့တာဟာ ချူးမိသားစုခြံဝင်းက ရတနာတွေ ဆုံးရှုံးသွားရမှာ မို့မဟုတ်လား"

ပေ့ချွမ်းက...

"ဟုတ်တယ်၊ သက်ဆိုင်ရာကို တိုင်ကြားယင် ရတနာတွေ ဆုံးရှုံးသွားရလိမ့်မယ်လေ၊ ဒီတော့ ကျုပ်က ရေငုံနှုတ်ပိတ်နေဖို့ ဟန့်တားခဲ့တယ်၊ ချူးမိသားစု ခြံဝင်းက ရတနာတွေ ရယူဖို့နဲ့ ဖျက်ဆီးဖို့ ကျုပ်နည်းကျုပ်ဟန်နဲ့ ကြံခဲ့တယ်၊ ချူးတာဖုံး သေသွားရင် ဝမ်းထိန်ဟာ အုပ်ချုပ်ရေးမှူးနေရာကို အလိုလို ရလာမယ်၊ တစ်ချက်ခုတ်နှစ်ချက်ပြတ် အစီအစဉ်လေ၊ ဒါပေမယ့်..."

ဖန်ချီလင်း ပြုံးကာ...

"ဒါပေမယ့် ခင်ဗျားတွက်ကိန်းတွေ လွဲချော်သွားခဲ့ရတယ် မဟုတ်လား"

ပေ့ချွမ်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်ဟာ အချက်နှစ်ချက်ကြောင့် အစီအစဉ်တွေ လွဲချော်သွားခဲ့ရတယ်"

ဖန်ချီလင်းက သူ့အား ကြည့်နေသည်။

ပေ့ချွမ်းက ဆက်ပြောလာသည်။

"ပထမအချက်က ချူးတာဖုံးမှာ လျှို့ဝှက်အင်အား ရှိနေတယ်ဆိုတာ မတွက်မိခဲ့ဘူး"

ဖန်ချီလင်းက...

www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယအချက်က ကျုပ်ပါလာလို့ ဟုတ်လား"

ပေ့ချွမ်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်ရဲ့ အစီအစဉ်တွေ မအောင်မြင်တာကြောင့် ဝမ်းထိန် သေဆုံးသွားသလို ပေ့ဂေဟာလည်း ပျက်စီးခဲ့ရပါပြီ"

ဖန်ချီလင်းက…

"နေပါဦး၊ ခင်ဗျားက ဒီအကြောင်းတွေ ဘာကြောင့် ပြောပြရတာလဲ"

ပေ့ချွမ်းက…

"ကျုပ်မှာ ပြေးပေါက်မရှိတော့ဘူးလေ၊ မင်းက ထပ်ကြပ်မကွာ လိုက်နေသလို ချူးတာဖုံးကလဲ အလွတ်ပေးမှာ မဟုတ်ဘူး၊ အခုအချိန်မှာ ကျုပ်ဘက်မှာ ဘယ်သူမှ မရှိတော့ဘူး၊ ကျုပ်အခြေအနေ အလွန်ဆိုးဝါးနေမှန်း နားလည်ထားလို့ပါ"

သူ၏လေသံမှာ စိတ်ပျက်အားလျော့ခြင်းများ ပါဝင်နေ၏။

ဖန်ချီလင်း သက်ပြင်းတစ်ချက်ချကာ…

"အမှန်တော့ ကျုပ်က ဒီပြဿနာတွေထဲ ပါဝင်လာမိမှာ မဟုတ်ပါဘူး၊ တချွေနက်ဂိုဏ်း ပြိုကွဲပြီး ဘီလူးမည်းရှကွေ လွတ်မြောက်သွားခဲ့တယ်၊ ကျုပ်က ခြေရာခံ သတင်းစုံစမ်းခဲ့တော့ သူဟာ ဒီနယ်ဘက် ပြေးလာတဲ့ သတင်းကြားမိတယ်၊ ပြီးတော့ ဖူးရင်မြို့စားကလဲ လှို့ဝှက်အကူအညီ တောင်းခံလာတော့ ဘီလူးမည်းရှကွေကို ခြေရာခံရင်း တစ်ဘက်နဲ့ ခင်ဗျားတို့ ပြဿနာထဲ ဝင်ပါလာမိခဲ့တာပဲ၊ အခုတော့ ကွင်းဆက်တွေ အားလုံးပြည့်စုံသွားပါပြီ"

"ချူးမိသားစု ခြံဝင်းရဲ့ နောက်ကွယ်က လှို့ဝှက်လူဟာ ဒီနယ်ထဲ ခြေရာပျောက်သွားခဲ့တဲ့ ရှကွေဆိုတာ သေချာနေပါပြီ"

ပေ့ချွမ်းက…

"ကျုပ်အတွက် လွတ်မြောက်ဖို့လမ်း မရှိတော့ပေမယ့် ကျုပ်က ကြိုးစားဦးမှာပါ၊ ဒါကြောင့် မင်းက လုပ်ရမယ့် အလုပ်မလုပ်ခင် ကျုပ်ကို အလဲထိုးဖို့ ကြိုးစားရပါဦးမယ်"

ဖန်ချီလင်းက…

"ရှုံးတဲ့လူက ကျုပ်ဖြစ်ခဲ့ရင် ဘာမှ ဆက်လုပ်လို့ မရတော့ဘူးလေ၊ ခင်ဗျားအတွက် ရန်သူတစ်ယောက် လျော့သွားသလို နောက်ထပ် မျှော်လင့်ချက်တွေ ဖြစ်လာနိုင်သေးတယ် မဟုတ်လား"

ပေ့ချွမ်း ပြုံးလိုက်သည်။

"ဒါပေါ့ လူဆိုတာ မသေဆုံးမီ မျှော်လင့်ချက်များစွာ ရှိနေသေးတာပဲ မဟုတ်လား၊ ကျုပ်အသက်ဆက်ရှင်နေသမျှ ကာလပတ်လုံး ပေ့ဂေဟာကို ပြန်လည်ထူထောင်နိုင်လို့ ရသေးတယ် မဟုတ်လား၊ နောက်ပြီး မင်းက ကျုပ်အစီအစဉ်တွေ ကမောက်ကမ ဖြစ်အောင် ဖျက်ဆီးခဲ့သေးတယ် မဟုတ်လား"

ဖန်ချီလင်းက…

"ချူးတာဖုံးက မကောင်းမှု ပြုလုပ်နေတယ်ဆိုတာ သိသွားရင်တောင် အပြစ်မရှိတဲ့ သူ့ရဲ့ညီမကို ကယ်ဖြစ်အောင် ကယ်ရမှာပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ပေ့ချွမ်းက...

"မင်းဟာ မတရားမှု ရှုံ့မုန်းတဲ့ သူရဲကောင်းတစ်ဦးပဲ မဟုတ်လား"

သူက သက်ပြင်းရှည်တစ်ချက်ချရင်း ဆက်ပြောလိုက်၏။

"အခုလို မင်းနဲ့ ရင်ဆိုင်ရမှာ ကျုပ် မလုပ်ချင်ဆုံးဘဲ ဖြစ်နိုင်ရင် ချူးတာဖုံးနဲ့ သူသေကိုယ်သေ ရင်ဆိုင်ပစ်လိုက်ချင်တယ်၊ ခက်တာက မင်းကလဲလွှတ်ပေးမှာ မဟုတ်တော့ ရင်ဆိုင်ဖို့ကလွဲပြီး အခြားနည်းလမ်း မရှိတော့ဘူး"

သူက စကားဆုံးသွားသည်နှင့် ဓားကို ဆွဲထုတ်လိုက်လေသည်။

"ချွမ်း"

သူသည် အေးဆေးစွာ ရပ်နေသည်။

ဖန်ချီလင်း မျက်မှောင်ကြုတ်လိုက်လေသည်။

ပေ့ချွမ်းသည် ဖြစ်သလို ရပ်လိုက်သော်လည်း သူ့အနေအထားမှာ ခံစစ်၊ တိုက်စစ်၊ ဟာကွက်၊ ပျော့ကွက် မရှိအောင် အဆင်သင့် ပြင်ထားသည်ကို တွေ့ရလေသည်။

"ခင်ဗျားဟာ ထိုက်ကျိဂိုဏ်းက မဟုတ်လား"

ပေ့ချွမ်းက...

"ကျုပ်ရဲ့သိုင်းကွက်က ထိုက်ကျိဂိုဏ်းရဲ့ သံမဏိတံတိုင်းဓားကွက် ဖြစ်တယ်၊ ဒါပေမယ့် ကျုပ်ဟာ ထိုက်ကျိဂိုဏ်းဝင်တော့ မဟုတ်ဘူး"



ဖန်ချီလင်းက...

"ခင်ဗျား အခု ရပ်နေတဲ့ပုံဟာ ထိုက်ကျိဂိုဏ်းဝင် မဟုတ်ယင် ဒီလောက် ပီပြင်မှာ မဟုတ်ဘူး"

ပေ့ချွမ်း ပြုံးလိုက်သည်။

"ကျုပ်က နာမည်ကြီးသိုင်းကွက်တွေကို စုဆောင်းလေ့လာတတ်လို့ပါ"

ဖန်ချီလင်းက...

"ခင်ဗျားဟာ တကယ် ထူးချွန်တဲ့ သိုင်းသမားပဲ"

ပေ့ချွမ်းက ပြုံး၍...

"ကျုပ်ဟာ သိုင်းပညာထက်မြက်မှုန်း သိတဲ့လူ နည်းပါးတယ်၊ ဘာကြောင့်လဲဆိုရင် ကျုပ်ဟာ သိုင်းသမား မဟုတ်လို့ပဲ"

ဖန်ချီလင်း ပခုံးတွန့်ကာ...

"ကျုပ်လဲ အခုမှ သိရတော့တာပဲ"

ပေ့ချွမ်းက...

"ခင်ဗျားဟာ ရှေလက်ချောင်းဘွဲ့နဲ့ နာမည်အတော်ကြီးတဲ့ ဂိုလ်တစ်ယောက်ပါ၊ ကျုပ်က မင်းရဲ့ပညာကို လေ့လာခွင့်ရတာ ဂဏ်ယူပါတယ်"

သူက စကားဆုံးသည်နှင့် သူ၏ခန္ဓာကိုယ်သည် နောက်သို့ တစ်လံခန့် ဆုတ်သွားသည်။

သူ့လက်ထဲမှ ဓားသည် ရုတ်တရက် လှုပ်ရှားလိုက်သည်။ ပထမ စတင်တိုက်ခိုက်လိုက်သောအခါ သုံးဆယ့်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ကွက် ဖြစ်သည်။

ယင်းဓားချက်များသည် လေမုန်တိုင်းပမာ အဆက်မပြတ် မာန်အပြည့်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ဖန်ချီလင်း၏မျက်လုံးများ စူးရဲတောက်ပနေ၏။

သူက ရှောင်တိမ်းရင်း ပေ့ချွမ်း၏သိုင်းကွက်များအား မလွှတ်တမ်း အကဲခတ်ကြည့်နေသည်။

ပေ့ချွမ်းက သုံးဆယ့်ခုနစ်ကွက် စတင် တိုက်ခိုက်လိုက်တော့မှ သူသည် စတင်တုန့်ပြန်လိုက်လေသည်။

သူတို့သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်ရင်းမှ သူတို့၏ ခန္ဓာကိုယ်များသည် တဖြည်းဖြည်း ပူးကပ်လာသည်။

BURMESE CLASSIC .com

ပေ့ချွမ်းသည် အပူးမခံပါ။

တရကြမ်း တိုက်ခိုက်ရင်း နောက်သို့ ခုန်ဆုတ်သွား၏။

တစ်ဖန်...

ဖန်ချီလင်း ခုန်ဝင်မလာမီ ဓားဖြင့် တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်...

သူက ဓားရိုးမှ ချည်နှောင်ထားသော ကြိုးအား အသုံးပြုကာ ပစ်လွှင့်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဖန်ချီလင်း၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပသွားသည်။

သူသည် ဤအခွင့်အရေးကို စောင့်မျှော်နေခဲ့ရသည်



မဟုတ်ပါလား။

သူ၏ခန္ဓာကိုယ်သည် ရုတ်တရက် လှုပ်ရှားသွား၏။

သူ၏ခန္ဓာကိုယ်သည် တိုးဝင်လာသော ဓားအား ပွတ်ကာသီကာ ရှောင်တိမ်းသွားနိုင်ရုံမျှမက သူ၏လက်ချောင်းများသည် ဓားရိုးအား ဆုပ်ကိုင်မိသွားလေသည်။

"ဟင်"

ထိုအချင်းအရာကို တွေ့မြင်လျှင် ပေ့ချွမ်း ရင်ထိတ်သွားလေသည်။

ယင်းခဏလေးမှာပင် ဖန်ချီလင်းသည် လက်ထဲမှ ဓားအား ပစ်လွှတ်ရင်း တစ်ရှိန်ထိုး ခုန်ထွက်သွားသည်။

ပေ့ချွမ်းသည် မြွားတစ်စင်းအလား တိုးဝင်လာသော ဓားအား မဖမ်းဝံ့သောကြောင့် ဘေးဘက်သို့ ဖျတ်ခနဲ ရှောင်တိမ်းပေးလိုက်သည်။

ယင်းအခိုက်မှာပင် ဖန်ချီလင်း တိုးဝင်လာပြီး သူ၏လက်ချောင်းကလေးများသည် ရင်ဘတ်တစ်ဝိုက် ထိုးဖောက်သွားတော့သည်။

"အား"

ပေ့ချွမ်း စူးရှစွာ အော်ဟစ်လိုက်၏။

ဒယီးဒယိုင်ဖြင့်လည်း နောက်ဆုတ်သွားသည်။

သူ၏ရင်ဘတ်၌ အပေါက်ကလေးများ ဖြစ်ကာ သွေးများ ကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ရှိ အမိကသွေးကြောများ ပျက်စီးသွားကာ အသက်ရှင်ရန်လမ်း မရှိတော့ပါ။

ဖန်ချီလင်းက တိတ်ဆိတ်စွာဖြင့် ရပ်ကာ ကြည့်နေ၏။

ပေ့ချွမ်းက သူ့အား ကြည့်ကာ...

"ရှေ့လက်ချောင်းလို့ ဘာကြောင့် တင်စားခေါ်ကြတယ်ဆိုတာ ကျုပ်ကောင်းကောင်းကြီး နားလည်သွားပါပြီလေ"

စကားဆုံးလျှင် သူ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး...

"ဝုန်း"

အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

* * *



## အပြုံးအဆိုင်

ပေ့ချွမ်း လဲကျသွားပြီ ဖြစ်သည်။

ဖန်ချီလင်းက တိတ်ဆိတ်စွာ ရပ်နေဆဲပင်။

ယင်းအချိန်မှာပင်...

"ဟား..ဟား..ဟား"

ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မဝေးမနှောင်းမှာပင်...

သစ်ပင်များကြားမှ လူတစ်ဦး လှမ်းထွက်လာသည်ကို တွေ့ရ၏။

ဖန်ချီလင်း၏မျက်နှာပေါ်ဝယ် အပြုံးရိပ်တစ်ခု ဖြစ်ပေါ်လာလေသည်။

သူ၏အပြုံးကား အလွန်ထူးခြားနေပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လှူတစ်စု လှမ်းထွက်လာသည်။

ဦးဆောင်လာသူကား ဘီလူးမည်းရှကွေပင် ဖြစ်ပါသည်။

ရှကွေနှင့်အတူ ဝံပုလွေဖြူ ဦးဆောင်သော လက်ရွေးစင် ဆယ်ယောက်ခန့် ပါရှိနေ၏။

ချူးမိသားစုခြံဝင်းမှ လက်ရွေးစင်သိုင်းသမားများသည် ဖန်ချီလင်းအား ချက်ချင်းပင် ဝိုင်းရံထားလိုက်ကြသည်။

ဘီလူးမည်းရှကွေက ပြုံးစေ့စေ့ဖြင့်...

"ငါတို့ ပြန်တွေ့ကြပြီနော်"

ဟု ပြောလာသည်။

ဖန်ချီလင်းက ပြန်လည်ပြုံးပြရင်း...

"ဒီတစ်ခါ တွေ့ဆုံမှုဟာ ခင်ဗျားအတွက် ကံမကောင်းနိုင်တော့ဘူး"

ဟု ပြောလိုက်သည်။

ရှကွေ၏မျက်နှာ ရှုံ့မဲ့သွားသည်။

"မကြာခင် မင်းသေရတော့မယ်ဆိုတာ မသိဘူးလား"

ဖန်ချီလင်း ပခုံးတွန့်လိုက်၏။

"ခင်ဗျားဟာ ကျုပ်ကို အနိုင်ရမယ်လို့ ယုံကြည်ထားသလား"

ရှကွေက ဝံပုလွေဖြူအား တစ်ချက်ကြည့်ရင်း...

"ဝံပုလွေဖြူအပြင် ချူးတာဖုံးနဲ့ ဓားကဝေတို့လဲ ရှိသေးတယ်၊ မင်းတစ်ယောက်တည်း တတ်နိုင်ပါ့မလား"

BURMESE CLASSIC .com



ဖန်ချီလင်း ရယ်မောကာ...

"ကျုပ်တစ်ယောက်တည်းလို့ ဘယ်သူက ပြောသလဲ"

သူ၏စကားကြောင့် ရှကွေ မျက်နှာကွက်ခနဲ ပျက်သွား၏။

ပြီးမှ တစ်ချက်မဲ့ရင်း...

"ကျုပ်ကို ခြိမ်းခြောက်လို့ မရဘူး၊ အခု မင်းတစ်ယောက်တည်း ရှိနေတာပဲ မဟုတ်လား"

ဖန်ချီလင်းက စိုက်ကြည့်ကာ...

"ကျုပ်ကလဲ ဝံပုလွေဖြူတစ်ယောက်ပဲ တွေ့တယ်"

"ဩော် ဒီလိုကိုး"

ရှကွေက တစ်ချက်ပြုံးရင်း...

"ဓားကဝေက မင်းတို့နောက် ခြေရာခံလိုက်ခဲ့တယ်၊ မင်းနဲ့ ပေ့ချွမ်း တိုက်ခိုက်နေတာတွေ့တော့ ကျုပ်တို့ကို လာပြီး အကြောင်းကြားတယ်လေ၊ မင်းက ပေ့ချွမ်းနဲ့ တွေ့ပြီး လုယက်ထားတဲ့ ရတနာကိစ္စ ပေါ်တော့မှာကို တွက်မိလို့ ချူးတာဖုံးနဲ့ ဓားကဝေတို့က ရတနာတွေကို လုံခြုံတဲ့ တစ်နေရာမှာ သွားဝှက်ဖို့ စီစဉ်နေကြတယ်၊ အာဏာသားတွေ လာစစ်ဆေးရင် ဘာမှတွေ့တော့မှာ မဟုတ်ဘူး"

"ခင်ဗျားတို့က သဲလွန်စဖျောက်ဖို့ ပြင်ဆင်ထားတာကိုး"

"ဟုတ်တယ်၊ ငါ့ရဲ့အကြံ ထောင့်မစေ့ဘူးလား၊ ချူးမိသားစု ခြံဝင်းလဲ ဒုက္ခမရောက်ဘူးလေ၊ ဟဲ..ဟဲ၊ ကိစ္စပြီးတာနဲ့ မကြာခင် ချူးတာဖုံးနဲ့ ဓားကဝေ ရောက်လာမှာပဲ၊ အဲဒီအခါ မင်း ဘာလုပ်နိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်နိုင်သော လေသံဖြင့် ပြောလိုက်သည်။

ဖန်ချီလင်း အသာပြုံးလိုက်သည်။

"ကျုပ်ကလဲ ပြောပြချင်ပါသေးတယ်"

ရှကွေက...

"ပြောပါ၊ မင်း မသေခင် ပြောချင်တာပြော"

သရော်သလိုဖြင့် ပြောလာသည်။

ဖန်ချီလင်းက...

"ချူးမိသားစုခြံဝင်း အနီးပတ်ဝန်းကျင်မှာ မြို့စားကြီးရဲ့ လက်ရွေးစင်အဖွဲ့ ရုပ်ဖျက်ပြီး စောင့်ကြပ်နေကြတယ်၊ ချူးတာဖုံးတို့ လှုပ်ရှားတာနဲ့ ကျိန်းသေချေမှုန်းခံရမှာပဲ"

သူ၏စကားကြောင့် ရှကွေ မျက်နှာပျက်သွားသည်။

ဖန်ချီလင်းက ဆက်ပြောလိုက်သည်။

"ပြီးတော့၊ ဓားကဝေ ခြေရာခံလိုက်လာတာကို ကျုပ်ရိပ်စားမိထားတယ်၊ ဒါကြောင့် လမ်းတစ်လျှောက်မှာ မြို့စားအဖွဲ့နဲ့ အချိန်းအချက် ပြုလုပ်ထားတဲ့ လျှို့ဝှက်အမှတ်အသားအချို့ ထားရှိခဲ့တယ်၊ ဒီတော့ မကြာခင် မြို့စားအဖွဲ့က ဒီကို ရောက်လာကြတော့မှာ"

ထိုစကားကြားလျှင် ရှကွေ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

မျက်နှာတစ်ခုလုံးလည်း မည်းမှောင်သွားလေသည်။

ထိုအချိန်မှာပင် မြို့တွင်းတစ်နေရာမှ မီးရောင်များ ဝင်းခနဲ



လက်ခနဲ ထွက်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

အဆောက်အအုံတစ်ခုခု မီးလောင်နေသည်မှာ သေချာလှ၏။

ရှကွေ၏မျက်နှာ သွေးဆုတ်ဖြူရော်သွားသည်။

အကြောင်းမှာ...

မီးရောင်ထွက်ပေါ်လာရာ နေရာသည် ချူးမိသားစု ခြံဝင်းတည်ရှိရာဘက်မှ ဖြစ်ကြောင်း သိလိုက်ရ၍ ဖြစ်သည်။

ဖန်ချီလင်းက...

"ဟော ကျုပ်ပြောတာ ယုံပြီမဟုတ်လား၊ ချူးတာဖုံးတို့တော့ တိုက်ခိုက်ခံနေရပြီ၊ ဒီနေရာကိုလည်း မြို့စားကိုယ်ရံတော်အဖွဲ့ မကြာခင် ရောက်လာကြတော့မယ်၊ ဒါကြောင့် အကောင်းဆုံး အကြံပေးချင်တာ အဖမ်းခံလိုက်ဖို့ပါပဲ"

ရှကွေ၏မျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် တင်းမာခက်ထန်နေ၏။

မမျှော်လင့်ဘဲ မုဆိုးမှ သားကောင်ဘဝ ကျရောက်သွားခဲ့ရပြီ မဟုတ်ပါလား။

ဖန်ချီလင်းအား စူးရဲစွာ စိုက်ကြည့်ရင်း...

"မင်းကို သတ်ရမှ ကျေနပ်မယ်"

ဝမ်းခေါင်းသံကြီးဖြင့် ကြုံးဝါးလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချူးမိသားစု ခြံဝင်းမှ လက်ရွေးစင်သိုင်းသမားများသည် ဖန်ချီလင်းအား စတင်တိုက်ခိုက်လာကြပြီ ဖြစ်သည်။

ဖန်ချီလင်း၏လက်ချက်ဖြင့် သုံးယောက် လဲကျသွားသော အချိန်၌ ဝံပုလွေဖြူနှင့် ရှကွေ့တို့ ဝင်ရောက်လာကြသည်။

သူတို့သည် ဖန်ချီလင်းအား သဲကြီးမဲကြီး တိုက်ခိုက်လာကြလေသည်။

ဖန်ချီလင်းမှာ ပြင်းထန်စွာပင် ပြန်လည်ခုခံ တိုက်ခိုက်လိုက်ရတော့သည်။

* * *

ဝံပုလွေဖြူ၏သိုင်းပညာ မခေပါ။

ရှကွေ့၏သိုင်းပညာမှာလည်း ထက်မြက်လှသည်။

ထို့အတူ…

ချူးမိသားစု လက်ရွေးစင်သိုင်းသမားများ၏ စုပေါင်းတိုက်ခိုက်မှုမှာလည်း အန္တရာယ် များလှပေသည်။

ထို့ကြောင့်…

ဖန်ချီလင်းအဖို့ ဘေးကြပ်နံကြပ် ကြုံနေရတော့သည်။

သို့သော် သူက အားမလျှော့ပါ။

မကြာခင် မြို့စားကြီး၏ ကိုယ်ရံတော်တပ်ဖွဲ့ ရောက်လာမည်ဟု ကျိန်းသေယုံကြည်ထားပေသည်။



"အား"

"အွန့်"

လက်ရွေးစင်သိုင်းသမားနှစ်ယောက် လဲကျသွားသည်။

ထို့အတူ ဝံပုလွေဖြူ၏ဓားချက်မှာ ဖန်ချီလင်းအား ရှပ်၍ထိသွားလေသည်။

ဖန်ချီလင်းမှာ ရှကွေ့နှင့် ဝံပုလွေဖြူတို့အား အဓိက တိုက်ခိုက်ရမည် ဖြစ်ကြောင်း နားလည်သွားသည်။

ထို့ကြောင့် ရှကွေ့နှင့် ဝံပုလွေဖြူတို့အား အဓိကထားကာ တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုမှာ အလွန်ကြောက်မက်ဖွယ်ရာကောင်းသောကြောင့် ရှကွေ့နှင့် ဝံပုလွေဖြူတို့ ထိတ်လန့်သွားသည်။

ထို့ကြောင့် နောက်သို့ ဆုတ်လိုက်ကြသည်။

ဤတွင် ဝံပုလွေဖြူသည် လဲကျသေဆုံးနေသော ပေ့ချွမ်း၏အလောင်းအား ခလုတ်တိုက်ကာ ဟန်ချက်ပျက်သွားလေသည်။

ယင်းခဏမှာပင် ဖန်ချီလင်း၏လက်ဝါးရိုက်ချက်သည် ဝံပုလွေဖြူ၏ရင်ဝတည့်တည့်သို့ ကျရောက်သွားလေသည်။

"ဝုန်း"

"အား"

ဝံပုလွေဖြူမှာ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားလေသည်။

ထို့အတူ လက်ရွေးစင်တစ်ဦး၏ဓားချက်သည် ဖန်ချီလင်း၏

www.burmeseclassic.com



နောက်ကျောအား ရှပ်၍ ပွတ်ဆွဲသွားသည်။

ဖန်ချီလင်း ဒေါသထွက်သွားသည်။

ချက်ချင်းပင် လက်ကို နောက်ပြန်ဝှေ့ယမ်းလိုက်သည်။

"ဝုန်း"

လက်ရွေးစင်သိုင်းသမားမှာ ကြိုးပြတ်သွားသော စွန်တစ်ကောင်အလား လွင့်ထွက်သွားသည်။

ယခု ရှကွေနှင့် လက်ရွေးစင်သိုင်းသမားလေးယောက်သာ ကျန်ရစ်တော့သည်။

ထို့အတူ ဖန်ချီလင်းသည်လည်း ဒဏ်ရာသုံးလေးချက်မျှ ရရှိနေပြီ ဖြစ်သည်။

ရှကွေ၏မျက်နှာပေါ်ဝယ် ရက်စက်ကြမ်းကြုတ်သော ဟန်မူရာများ ပေါ်ထွက်လာသည်။

သူတို့က အလွတ်မပေးဘဲ တိုက်ခိုက်လျှင် ကျိန်းသေ အနိုင်ရမည်ဟုလည်း တွက်ဆလိုက်မိသည်။

ထို့ကြောင့် အချက်ပြကာ ပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

ယင်းအခိုက်မှာပင် လက်ရွေးစင်နှစ်ယောက် တုန်းခနဲ လဲကျသွား၏။

သူတို့၏ရင်ဝ၌ မြားတံများ စိုက်ဝင်နေ၏။

တစ်ချိန်တည်းမှာပင် မြို့စားကိုယ်ရံတော်တပ်ဖွဲ့ လျင်မြန်သော အရှိန်ဖြင့် ရောက်ရှိလာကြသည်။

ရှကွေမှာ အခြေအနေ မဟန်မှန်း သိလျှင် ခြေဆောင့်ကာ



ခုန်ထွက်သွား၏။

ဖန်ချီလင်း ယခုတစ်ကြိမ် အလွတ်မပေးနိုင်တော့ပါ။

အနီး၌ ရှိသော ဓားအား ကောက်ယူကာ အားကုန်ပစ်လွှင့်လိုက်သည်။

ထွက်ပြေးရန် စိတ်အားသန်နေသော ရှကွေ မရှောင်တိမ်းနိုင်တော့ပါ။

ဖန်ချီလင်း ပစ်လွှင့်လိုက်သော ဓားသည် နောက်ကျောအား စိုက်ဝင်သွားတော့သည်။

"အား"

ရှကွေ စူးရှစွာ အော်ဟစ်ယင်း ဒလိမ့်ကောက်ကွေး လဲကျသွားလေသည်။

ကျန်ရစ်သော လက်ရွေးစင်နှစ်ယောက် အညှံ့ခံလိုက်ကြတော့သည်။

ဖန်ချီလင်းက ယခုမှပင် စိတ်လျှော့ကာ မြေပေါ် ထိုင်ချလိုက်လေတော့သည်။

* * *

မြင်းတစ်စီးသည် ဖူးရှင်မြို့အား ကျောခိုင်းကာ ထွက်ခဲ့၏။ မြင်းပေါ်ဝယ် ပတ်တီးများစည်းနှောင်ထားသော မြင်းစီးသမား တစ်ဦး လိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကား ဖန်ချီလင်းပင် ဖြစ်သည်။

ဖူးရှင်မြို့ ပြဿနာကား ပြီးဆုံးသွားချေပြီ။

ချူးမိသားစု ခြံဝင်း ပြိုကွဲသွားပြီး ချူးတာဖုံးနှင့် စားကဝေတို့ လက်နက်ချ အညံ့ခံလိုက်ကြရသည်။

တစ္ဆေနက်ဂိုဏ်း လျှို့ဝှက်ထားရှိခဲ့သော ရတနာများအား ပြန်လည်သိမ်းယူရရှိခဲ့သည်။

ရှကွေ သေဆုံးသွားပြီးနောက် တစ္ဆေနက်ဂိုဏ်းကား လုံးဝ အမြစ်ပြတ် ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ဖန်ချီလင်းသည် မကောင်းမှု ဖြေရှင်းနိုင်သော်လည်း ပျော်သင့်သလောက် မပျော်မိပါချေ။

သူ၏မိတ်ဆွေအပေါင်းအသင်းအချို့သည် အများအကျိုးဆောင်ရွက်ရင်း တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ရ၏။

မိမိသည် အသက်ရှင်နေသမျှ ကာလပတ်လုံး အများအကျိုး ဆောင်ရွက်ပေဦးမည်။

မည်သည့်အခါဝယ် သေဆုံးသွားရမည်ကို မပြောတတ်ပါ။

တကယ်တော့ ဖန်ချီလင်း ဘဝသည် အထီးကျန်ဆန်သော သူ့ရဲကောင်းတစ်ဦးနှယ်ပင် ဖြစ်နေလေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com